www.burmeseclassic.com

ခင်ခင်ထူး

# ကြာဆစ်ကြိုး

ပဂ္ဂင်း - ဝတ္ထုရှည်များ

BURMESE CLASSIC .com

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**
၅၀၀၅၇၆၀၅၀၉

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၁၀၉၅၀၈၀၉

**ပုံနှိပ်ခြင်း**
ဒုတိယအကြိမ် (၁၀၀၀) အုပ်၊ စက်တင်ဘာ၊ ၂၀၀၉

**မျက်နှာဖုံးနှင့် အတွင်းပန်းချီ**
ကိုကိုနိုင်

**အတွင်းဖလင်**
A Seven Group

**အဖုံးဖလင်**
Star

**ဖြန့်ချိရေး**
Dream City

**တန်ဖိုး**
၂၀၀၀ ကျပ်

**ဦးဝင်းရှိန် (မှုဝံစာအုပ်တိုက်)** ၂၁၂၊ ၃၁ လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍ **ဒေါ်ရှိုရှိုအေး (မှုဝံပုံနှိပ်တိုက်)** အမှတ် (၈၈)၊ ၅၁ လမ်း၊ ရန်ကုန်မြို့က အတွင်းစာသားများနှင့် မျက်နှာဖုံးကို ပုံနှိပ်ပါသည်။

၀၀၈.၈၃

ခင်ခင်ထူး
ကြာဆစ်ကြိုးမဂ္ဂဇင်းဝတ္ထုရှည်များ / ခင်ခင်ထူး။ - ရန်ကုန်၊
မှုဝံစာပေ၊ ၂-ကြိမ်၊ ၂၀၀၉။
၂၇၃ - စာ၊ ၁၈.၅ x ၁၂.၅ စင်တီ။
(၁) ကြာဆစ်ကြိုးမဂ္ဂဇင်းဝတ္ထုရှည်များ။

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းရေး။
- ပြဋ္ဌာန်းလာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

## ရှုဝံ့ ရှုဝံစာအုပ်တိုက်က ထုတ်ဝေပြီးစာအုပ်များ

| | | |
|---|---|---|
| ၁၀၆။ | သင့်ဘဝအတွက် အရေးအကြီးဆုံးအရာ | မြတ်ငြိမ်း |
| ၁၀၇။ | ပိမိုးနင်းဝတ္ထုတိုများ (၅) | ပိမိုးနင်း |
| ၁၀၈။ | ပညာခေတ်၏နောက်ဆုံးပေါ် ဝေါဟာရအသစ်အဆန်းများ | လူအောင် |
| ၁၀၉။ | Stylistic Transformation for High School Student | ဒေါ်ခင်သီတာ |
| ၁၁၀။ | တောကျိုးကန်းဝတ္ထုတိုများ | နေဝင်းမြင့် |
| ၁၁၁။ | အလယ်တန်းကျောင်းသားများအတွက် အင်္ဂလိပ်အက်ဆေးနှင့် ပေးစာများ | ဦးကျော်ဆန်းလင်း |
| ၁၁၂။ | ပဲသင်းကောက်ဝတ္ထုတိုများ | ခင်ခင်ထူး |
| ၁၁၃။ | အိမ်ကလေး (၁၆) လုံး (ဒုတိယအကြိမ်) | နေဝင်းမြင့် |
| ၁၁၄။ | အင်္ဂလိပ်စကားပြော အီဒီယမ် | ဆန်းလင်းထွ |
| ၁၁၅။ | သင်သိပါရဲ့လား ကျန်းမာရေး | ဒေါက်တာ ခင်ပန်နှ |
| ၁၁၆။ | ရသစာပေ၏ သဘော | ဇော် |
| ၁၁၇။ | ချေးခြင်းတောင်းဝတ္ထုတိုများ | ခင်ခင်ထ |
| ၁၁၈။ | ဆရာကောင်းတစ်ယောက် ဖြစ်ရလေအောင် | လူအောင် |
| ၁၁၉။ | ကဲ့ကော်လက်ဆောင် စာစီစာကုံးများ | ဖြိုးသာရ |
| ၁၂၀။ | အနန္တစွမ်းအားရှင် သင် | မြတ်ငြိမ်း |
| ၁၂၁။ | ဆယ့်နှစ်ကြိုးဝတ္ထုတိုများ | နေဝင်းမြင့် |
| ၁၂၂။ | ဟိုးရှေးရှေးတုန်းက ဂျပန်ပုံပြင်များ | နွန်းချိုဆွေရည် |
| ၁၂၃။ | ကလေးတွေသုံး အင်္ဂလိပ်စကားလုံး | ညွန့်ဝေမိုး |
| ၁၂၄။ | ကမ္ဘာတလွှားမှ ထူးဆန်းအံ့ဖွယ်ပုံပြင်များ | နွန်းလဲ့ဆွေရည် |
| ၁၂၅။ | ကြခတ်တောနှင့် စိမ့်စမ်းရေကဗျာများ | မောင်တင်ပိုင် |

**ယခု**

| | | |
|---|---|---|
| ၁၂၆။ | ကြာဆစ်ကြိုးမဂ္ဂဇင်းဝတ္ထုရှည်များ | ခင်ခင်ထူး |

**ဆက်လက်၍**

| | | |
|---|---|---|
| ၁၂၇။ | သည်ခရီး သည်ထီးဆောင်း | မသက်ဆွေ |

# ကြာဆစ်ကြိုး

## မဂ္ဂဇင်းဝတ္ထုရှည်များ

ခင်ခင်ထူး

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| - | အမှာစာ | က |
| ၁။ | ကျေးရှူးတော်မြစ်တစ်စင်း | ၁ |
| ၂။ | စကားလှေ | ၃၉ |
| ၃။ | အင်ဒိုးသစ်ပင် | ၆၉ |
| ၄။ | သန္တာပုတီး | ၉၉ |
| ၅။ | မြို့ကလေးသူ | ၁၁၉ |
| ၆။ | သင်းကွဲနှင်းဆီ | ၁၅၃ |
| ၇။ | ပတ္တမြားတစ်ဖက် မြတစ်ဖက် | ၁၇၇ |
| ၈။ | ငှက်ခတ်သမား | ၁၉၇ |
| ၉။ | မိုင်ခို့ | ၂၂၅ |




# အမှာစာ

များသောအားဖြင့် ဝတ္ထုတိုရေးခြင်းကို အားသန်သော ကျွန်မအနေဖြင့် ရေးဖြစ်ခဲ့သမျှသော ဝတ္ထုတိုများကို စုစည်းကာ ဝတ္ထုတိုပေါင်းချုပ် စာအုပ်များအဖြစ် ကြိုကြားကြိုကြား ထုတ်ဝေဖြစ်ခဲ့သော်လည်း မဂ္ဂဇင်းဝတ္ထုရှည်များ ပေါင်းစည်းမှုအဖြစ် တစ်ကြိမ်မျှ မထုတ်ဝေဖြစ်ခဲ့သေးကြောင်း ဖော်ပြလိုပါသည်။ မဂ္ဂဇင်းဝတ္ထုရှည်များကို ဇာတ်အိမ်နှင့် ခံစားမှုအပေါ် တည်ကာ မကြာခဏ ရေးဖြစ်သော်လည်း စာအုပ်တစ်အုပ်အဖြစ် သီးခြား မထုတ်ဖြစ်ခဲ့ဘဲ ဝတ္ထုတိုပေါင်းချုပ်များထဲတွင် တစ်ပုဒ်စ၊ နှစ်ပုဒ်စခို့သလို ပါဝင်ခဲ့ခြင်းသာ များပါသည်။ ရေ့ဖြစ်သမျှ မဂ္ဂဇင်းဝတ္ထုရှည်များ များလာ သည့်အခါမှာတော့ တစ်စုတစ်ဝေးတည်း သီးသီးသန့်သန့် ရှိစေချင်ကြောင်း စာဖတ်ပရိသတ်များ ထံမှ စာအချို့ ကျွန်မ ရရှိခဲ့ပါသည်။ သည့်အတွက် ကျွန်မ အလွန်ဝမ်းသာခဲ့ရပါသည်။ သည်ဆန္ဒကို ကျွန်မ ယခု ဖြည့်ခွင့်ရ လိုက်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



သည်စာအုပ်ကို 'ကြာဆစ်ကြိုး' မဂ္ဂဇင်းဝတ္ထုရှည်များဟု ကျွန်မ အမည်ပေးထားပါသည်။ ကျွန်မငယ်ငယ် အညာကျေးလက်မှာနေစဉ်က ကျွန်မတို့ရွာ၏ မြောက်ဘက် ခပ်လှမ်းလှမ်းမှာရှိသည့် ကြာပင်အင်းကြီးဆီကို ကျွန်မ မကြာခဏ ရောက်တတ်ပါသည်။ ရွာထဲမှာ ပြေးလွှားဆော့ကစားရတာ အားမရနိုင်ဘဲ ကြာပင်အင်းကြီးရှိရာသို့ သက်တူရွယ်တူ သူငယ်ချင်းများဖြင့် အုပ်လိုက်သင်းလိုက် သွား၍ ကြာပန်းချိုးကြရတာ အလွန် ပျော်စရာကောင်းသည်။ အင်းလုံးလျှံနေသော မိုးရေပြည့် ကြာပင်အင်းကြီးထဲတွင် ကြာဖြူ၊ ကြာပြာ၊ ကြာနီတွေက အင်းလုံးမောက်အောင် ပွင့်နေတတ်ကြကာ တစ်အင်းလုံး ကြာဖက်ခင်းထားသလို လှပနေတာကိုလည်း ကျွန်မ မှတ်မိနေပါသည်။ ကြာဖူးတွေ ကြာပန်းတွေကို အင်းရေထဲအထိ ဆင်းကာ လောဘတကြီး ချိုးယူကြရတာကိုလည်း ကျွန်မ မမေ့နိုင်ခဲ့။ ကြာဖက်ကြာရွက်၊ ရေညှိရေမှော်တွေကို ဖယ်ရှားပြီး နူးခဲ့ရသော ကြာပွင့်တွေကို အဆစ်ကလေးတွေဖြစ်အောင် အရိုးတစ်တုံး၊ အမျှင်တစ်ကန့် ဆစ်ကြရင်း ကြာပုတီးကုံးလုပ်၍ လည်မှာဆွဲကြရတာကိုပဲ ဒေါင်းဘယက် ဆွဲရသလို ကြည်နူးကြရသည်။ ကြာဆစ် ကြိုးကုံးထိပ်မှာတော့ ကားကား စွင့်စွင့် လှပနေသော ကြာပွင့်ကလေးတစ်ပွင့် ရှိသည်။ ချိုးယူလာခဲ့သမျှ ကြာပန်းတွေကို နွယ်ပင်ကလေးများဖြင့် စည်းနှောင်ကာ ရွာကို သယ်ယူခဲ့ကြသည်။ ဘုန်းကြီးကျောင်းက ဘုရားပန်းအိုးတွေမှာ ဝေနေအောင် ကြာပန်းကပ်လှူကြ၊ ရွာမှာ ရှိသမျှ ဘုရားစေတီတွေမှာ ကြာပန်းတွေ ပူဇော်ကြ၊ ကျွန်မတို့ လည်တိုင်တွေမှာလည်း ကြာဆစ်ကြိုးကလေးတွေ ကိုယ်စီ။

သည်ကျေးလက်စရိုက် ခံစားမှုကလေးကို အခုအချိန်ထိ ကျွန်မ စွဲမက်နေဆဲပဲ ဖြစ်သည်။ ကြာရိုးတံကလေးကို တစ်ဆစ်စီချိုးပြီး ကြာဆစ်



ကြိုးကုံးကလေးဖြစ်အောင် ပုံဖော်ယူရခြင်းသည်ပင် ချစ်စရာကောင်းလှသော အနုပညာ ဖန်တီးမှုဟု ကျွန်မထင်ပါသည်။ ကျွန်မ၏ မဂ္ဂဇင်းဝတ္ထုရှည်များသည်လည်း ကျွန်မနှင့် ကျွန်မပတ်ဝန်းကျင်မှာ ထိစပ်ရသမျှ ဘဝအတွေ့တွေကို ရိုးတံသဖွယ်ထား၍ ထိုဘဝများထဲမှာ အမှတ်ထင်ထင် ရှိရသော အဖြစ်အပျက်များကို ကြာဆစ်ကလေးတွေလို ချိုးရင်း ရေးဖြစ်ရသော ဝတ္ထုများဟု ဆိုချင်ပါသည်။ ဘဝ တစ်ဆစ် ကြာတစ်ဆစ်။

ဝတ္ထုရှည်များကို ဖော်ပြပေးခဲ့ကြသော မဂ္ဂဇင်းအသီးသီးမှ လေးစားရပါသော အယ်ဒီတာများ၊ ဝတ္ထုသရုပ်ဖော် ပန်းချီဆရာများနှင့် တကွ ကျွန်မ၏ ချစ်သော စာဖတ်ပရိသတ်အားလုံးကို ကျေးဇူးအနန္တ တင်ရပါကြောင်း ဖော်ပြချင်ပါသည်။

ကောက်စိုက်အပြန် ရေကန်ကြီးက ကြာတစ်စည်းချိုးခဲ့ပါပြီ။

ကြာရိုးကြာစွယ် ဘယ်ညာဆစ်လို့ ရွှေကြာဆစ်ကြိုး ဆွဲနိုင်ကြပါစေ။


လေးစားစွာဖြင့်
ခင်ခင်ထူး

www.burmeseclassic.com

www.burmeseclassic.com

ခင်ခင်ထူး

ကျူးရုံးသော မြစ်တစ်စင်း



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ကျေးဇူးတော်မြစ်တစ်စင်း

(၁)

အဖေ့ကို ကျွန်မငယ်ငယ်က အစောဆုံးမှတ်မိနေသည်မှာ ကျွန်မတို့ပိုင် လှေကြီး ရွာဆိပ်ကမ်းကို ရောက်လာတတ်သည့်အခါတွေမှာပဲ ဖြစ်သည်။ ကျွန်မတို့ ရွာကလေးက ဧရာဝတီမြစ်ကမ်းဘေးမှာ ရှိသည်။ ရေကြီးခါ (မြစ်ရေကြီးချိန်)ဆိုလျှင် မြစ်ရေတွေ ရွာထဲကို တရဟော စီးဝင်လာတတ် သည်။ သည်လိုအခါမျိုးဆိုလျှင် ဧရာဝတီမြစ်ကြီးသည် ကျွန်မတို့ ကလေး တွေအတွက် ရေပင်လယ် ကစားကွင်းကြီးလိုတောင် ဖြစ်နေတော့သည်။ တစ်အိမ့်တစ်အိမ် ကူးလူးကြတော့လည်း မြစ်ကြီးထဲမှာလို ပိန်းကော လှေကလေးတွေနှင့်။ ကစားစရာ မြေပြင်မရှိတော့ ခါးစောင်းလောက်နက် သော မြစ်ရေကွင်းပြင်ထဲမှာပဲ ရေကူးရင်း စိန်ပြေးတမ်း ကစားကြသည်။ လှေလှော်ပြိုင်ကြသည်။ ထင်းမျောတွေ လုဆယ်ရင်း အချင်းချင်း သတ်ကြ ပုတ်ကြသည်။ ဧရာဝတီသည် ကျွန်မနှင့် ငယ်စဉ်ကတည်းက ရင်းနှီး ကျွမ်းဝင်ခဲ့ရသော ငယ်ပေါင်းကြီးလို့ပင် ဆိုနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေသည် ဧရာဝတီမြစ်ပြင်ကျယ်ကြီးထဲတွင် စုန်ချည်ဆန်ချည် လူးလားခေါက်တုံ့ ကူးချည်သန်းချည်လုပ်နေရသော ရှေးခေတ် အညာ ဆန်လှေကြီးပေါ်က လှေသမားကြီးတစ်ယောက် ဖြစ်၏။ အဖေ့ကို ကျွန်မ စပြီး မှတ်မိနေသည်မှာလည်း လှေကြီးပေါ်မှ ဖျိုးဖျိုးဖျပ်ဖျပ် ဆင်းဆင်း လာတတ်သည့် လှေသမားကြီးတစ်ယောက်၏ ပုံရိပ်တွေပဲ ဖြစ်သည်။ အဖေသည် အဘိုးအဘွားများလက်ထက်က အမွေရထားသော ကိုယ်ပိုင် လှေကြီး စီးနိုင်သူဖြစ်သော်လည်း လှေသူကြီးတစ်ယောက်လို မနေခဲ့ပါ။ ကျောပြင်ပြောင်ပြောင်ကြီးနှင့် ဖျင်တဘက်ကြီး ခေါင်းပေါင်းကာ ပခုံးမှာ ထိုးဝါးထောက်၍ လှေကိုတွန်းရင်း လှေထိုးသား ခေါ် ကောက်တစ်ယောက် လိုသာ နေခဲ့သည်။ အဖေသည် ကိုယ်ယာယ လုပ်အားဖြင့် ကျွန်မတို့ မိသားစုကို လုပ်ကိုင် ရှာဖွေကျွေးမွေးခဲ့ရှာသူသာ ဖြစ်၏။ ကျွန်မ မှတ်မိ သလောက် အဖေ့ကို ဘိုကေပါးပါးလျှားလျှားနှင့် တစ်ခါမျှ မမြင်ဖူးခဲ့ပါ။ ကရိကထနည်းအောင် တုံးထားတတ်သော ခေါင်းတုံးပြောင်ပြောင်မှာ ဖျင်တဘက်ကြီး ပတ်ပေါင်းထားပုံက အဖေ့၏ သင်္ကေတဖြစ်သည်။ ဇာမ ဏီငှက်မြီးရှည် ဖွပ်ကျယ် ဝါကျင်ကျင်၊ ရှာရက်ကန်းထည် ဖျင်ကြမ်းနှစ် နံစပ် ခပ်တိုတိုနှင့် နေလောင်ထားသော ကြေးနီရောင် မျက်နှာကြီးက အဖေ့၏ သရုပ်။ ပြီးတော့ ပခုံးနှစ်ဖက်ပေါ်က လှေထိုးဝါးထောက်ပါများလို့ သားရေချပ်လို မာခဲနေသော အသားမာရွတ်ကြီးတွေက အဖေ၏ လှေ သမားဘဝ အမှတ်အသားပဲ ဖြစ်သည်။ ထိုသားရေချပ်လို အသားမာရွတ် ကြီးများပေါ်တွင် အမွေးကြမ်းကြမ်းကြီးတွေ ပေါက်နေတတ်တာကိုလည်း ကျွန်မ မှတ်မိနေမိပါသည်။

အဖေသည် မြစ်ပြင်တွင် လှေနှင့် တက်နင့်သာ လုပ်ကိုင် စား သောက်ရသူမို့ ရွာမှာ အမြဲ မနေနိုင်ခဲ့ပါ။ ကုန်လေးဘာလေး နဝလီရ



သည့်အခါ ရွာဆိပ်ကမ်းက ခွာသွားလိုက်၊ ပြန်လာလိုက်နှင့် ကျွန်မတို့ မိသားစုနှင့် အတူနေရချိန် အလွန်နည်းလှပါသည်။ အဖေ့လှေကြီး တစ် ခေါက်ထွက်သွားလျှင် တစ်လတန်သည်၊ နှစ်လတန်သည် ကြာတတ် ၏။ တစ်ခါတလေ လေးငါးခြောက်လလောက်အထိ ကြာတတ်သလို တစ်နေရာရာမှာ အလုပ်ဖြစ်နေလျှင် နှစ်လုံးပေါက်နီးပါး ကြာတတ်တာ မျိုးလည်း ရှိသည်။ ကျွန်မ ကလေးဘဝတုန်းက အဖေ့လှေကြီးမလာတာ ကြာလျှင် အဖေ့ကို ကျွန်မ မေ့သွားတတ်ပါသည်။ ရွာပြန်လာသော အဖေ့ကို ရေဆိပ်မှာဆင်းကြိုတိုင်း လှေကုန်းပေါင်ပေါ်က ဆင်းလာသော အဖေ့ကို ကျွန်မ မမှတ်မိ။ ခပ်စိမ်းစိမ်းဖြစ်နေသော ကျွန်မကို အဖေက 'သမီး' လို့ တုန်တုန်ယင်ယင်ခေါ်ရင်း ပွေ့ဖက်လိုက်တော့မှပဲ အဖေ့ ရင်ငွေ့မှ မေတ္တာတွေကြောင့် ကျွန်မ 'အဖေ' ရယ်လို့ ကျွန်မ မှတ်မိသွား တတ်ပါသည်။ တစ်ခါတလေ ကလေးတွေက သူ့ကို မမှတ်မိဖြစ်နေလျှင် အဖေ့မျက်ဝန်းမှာ မျက်ရည်ငွေ့တွေ သိုင်းလာပြီး "ငါ့သားသမီးတွေ ငါ့ကို မမှတ်မိကြတော့ဘူး" ဟု ကြေကြေကွဲကွဲကြီး ပြောတတ်သည်။

အဖေ ပြန်လာတိုင်း လှေကြီးပေါ်တွင် အိမ်အတွက် ဆန်၊ ငါးပိ၊ ငါးခြောက်စသဖြင့် ပါလာတတ်သည်။ ကျွန်မတို့ မောင်နှမတစ်တွေ အတွက်လည်း အင်္ကျီ၊ ဘောင်းဘီကလေးတွေ၊ ကစားစရာကလေးတွေ အမြဲပါလာတတ်ပါသည်။ ခုံဖိနပ်တွေ ကြိုးနှင့်သီဆွဲပြီး အဖေ ရွာကို ပြန်လာသည့်တစ်ခေါက်ကို ကျွန်မ မှတ်မိနေပါသေးသည်။ ဖိနပ်တွေ အတွဲလိုက်ကြီး ဝယ်လာတော့ အဘ (အမေ့၏အဖေ) က ဆီးမေးပါသည်။

"ဟ… မောင်ညိုရ၊ ခုံဖိနပ်တွေ တင်းကြမ်းကြီး ဝယ်လာတာ ဘာလုပ်ဖို့တုန်း"

www.burmeseclassic.com



"ကျုပ်ကလေးတွေအတွက်ပါ အဖေရာ။ ကလေးတွေ ဘယ်အရွယ်ရောက်နေသလဲလို့ မမှန်းတတ်လို့ ဆိုက်စုံဝယ်လာတာ။ ကိုင်းဗျာ တော်တဲ့ဖိနပ် ကောက်စီးကြပေရော့"

သားသမီးတွေကများတော့ တစ်ခါတစ်ခါ အဖေဝယ်လာခဲ့ရသည့် ပစ္စည်းတွေကလည်း မနည်းမနောပင်။ စွပ်ကျယ်ဆိုလည်း ဆိုက်စုံ၊ ဘောင်းဘီဆိုလည်း ဆိုက်စုံ။ ကျွန်မတို့ မောင်နှမခြောက်ယောက်ထဲတွင် ကျွန်မက တစ်ယောက်တည်းသော မိန်းကလေးဖြစ်သည်။ သည်တော့ အစ်ကိုနှစ်ယောက်နှင့် မောင်ငယ် သုံးယောက်လိုပင် ကျွန်မ ငယ်ငယ်ကတည်းက ယောကျ်ားကလေးလို နေခဲ့ ဝတ်ခဲ့ရတာကလည်း အဖေ့ကြောင့်ပဲ ဖြစ်သည်။

"ကလေးပဲကွာ ယောကျ်ားဝတ်၊ မိန်းမဝတ် ခွဲမနေပါနဲ့။ တစ်ယောက်အကျ တစ်ယောက်က ဝတ်လို့ရတာပေါ့"

အဖေသည် လှေသမားပီပီ ဈေးဝယ်တာကအစ စနစ်ဖယားချ ဝယ်တတ်သူ ဖြစ်သည်။ ပစ္စည်းတစ်ခုကို အကြီးနှင့်အသေး ဈေးချင်းတူလျှင် ကြီးတာကိုမှ ယူသည်။ အဝတ်အစားလည်း သည်လိုပင်။ ဖိနပ်ဆိုလည်း သည်လိုပဲဖြစ်သည်။ ကျွန်မတို့ မောင်နှမတစ်တွေမှာ ငယ်ငယ်ကတည်းက အကျႌ၊ ဘောင်းဘီ ချောင်ချောင်ပွပွကြီးတွေနှင့် ဖြစ်သည်။ အဖေက သူကိုယ်တိုင်ပင်လျှင် ဦးထုပ် အကြီးနှင့်အသေး ဈေးချင်းတူသဖြင့် အကြီးကို ဝယ်ဆောင်းသူဖြစ်၏။ အဖေ့ ခေါင်းပေါ်မှာ ဦးထုပ်ကြီး ချာလပတ်လည်နေတတ်တာကိုပဲ မြင်ရသူတိုင်းအဖို့ ရယ်စရာ ဖြစ်နေတော့သည်။ ကျွန်မ ခြောက်တန်းကျောင်းသူဘဝက အဖေ ဝယ်ပေးခဲ့ဖူးသော သိုးမွေးဆွယ်တာကလေးသည် ကျွန်မ တက္ကသိုလ်ရောက်သည်အထိ ဝတ်လို့ရတာ်ဆိုပါလျှင် ယုံကြပါမည်လားမသိ။

"ဟိုတုန်းက ကြီးတာဝယ်တော့ အခုထိ ဝတ်လို့ရတာပေါ့။



သေးတာများဝယ်မိရင် ပစ်လိုက်ရတာ ကြာပြီပေါ့။ ပစ္စည်းတစ်ခုကို အဖေတို့က ရေရှည်သုံးရမှ တန်တယ်ထင်တာ သမီးရဲ့"

ဒါကလည်း အဖေတို့ လှေသမားများ၏တွက်ကိန်း ထင်ပါသည်။ ဓရေပေါ်မှာပဲ လှေနှင့် တက်နှင့် လုပ်ကိုင်စားသောက် နေထိုင်ကြရသူတွေမို့ ကုန်းပေါ်တက် ဈေးမဝယ်ဖြစ်နိုင်တာပါသလို ကိုယ့်ချွေးနဲ့စာကလေးကို နမြောကြတာလည်း ပါပါလိမ့်မည်။ ဘာပစ္စည်းကိုမဆို ခဏကလေးသုံးပြီး ပစ်လိုက်ရလျှင် အဖေ့မှာ နမြော၍ မဆုံးတော့။ အခုခေတ်မှာ သုံးနေကြသော Snow Towel ကလေးတွေကို ကြည့်ပြီး အဖေ့မှာ စုတ်တသပ်သပ်။

"ခုခေတ်လူတွေများ လော်မာလိုက်ကြတာဗျာ။ ငါတို့တုန်းကများ ဖျင်တဘက်တစ်ထည်ရှိရင် ခေါင်းပေါင်းတယ်။ အဲသည်ကမှ ကျလာရင် မျက်နှာသုတ်ပဝါ၊ အဲသည်ကမှ စုတ်လွန်းမက စုတ်လာရင် လက်သုတ်တယ်၊ လက်နှီးစုတ်လုပ်တယ်။ အဲသည်နောက်တောင် လွှင့်မပစ်ရက်သေးဘူး။ လှေများလွန်းတင်ရင် မွှန်းညက် (ပွဲလျက်) ထေးတဲ့နေရာ သုံးသေးတာဗျာ"

အဖေ့ဆီမှ မုန့်ဖိုးတောင်းလျှင်လည်း လွယ်လွယ်နှင့်မရတတ်ပါ။ အဖေသည် ငွေကို စည်းမဲ့ကမ်းမဲ့ သုံးတတ်၊ ထားတတ်သူ မဟုတ်။ အဖေ့အိတ်ထောင်ထဲက ပလတ်စတစ်အိတ်ကလေး ထုတ်ပြီးသည့်နောက် စောင့်ပေဦးရော့။ ပလတ်စတစ်အိတ်ကို ဖြေ၍ စက္ကူအိတ်ညိုကလေးကို ထုတ်သည်။ စက္ကူအိတ်ခေါက်ကလေးကို စည်းနှောင်ထားသော သားရေကွင်းကလေးတွေကို ဖြုတ်ပြီး ဖွင့်လိုက်တော့မှ ကျွန်မတို့ ပိုက်ဆံဆိုတာကို မြင်ကြရသည်။ ပိုက်ဆံစက္ကူကလေးတွေထဲကမှ အနွမ်းဆုံး ကျပ်တန်ကို ရွေး၍ပေးသည်။ တစ်ခါတလေ ကျွန်မအစ်ကိုတွေက အဖေ့ကို ပြောကြတယ်။

www.burmeseclassic.com



"အမေ့ကိုကြည့်ရတာ ကျွန်တော် သနားတယ်ဗျာ။ နေပါစေတော့"

"အေးကွာ ငါ့သားရာ၊ မင်းသနားတော့ အမေ အကုန်သက်သာတာပေါ့"

အမေ့ကို နှမြောတတ်တယ်ရယ်လို့ အစ်ကိုတွေက အမေ့အိပ်ရာနေရာတွေမှာ အင်္ဂလိပ်စာတွေနှင့် ဦးကပ်စီး၊ အီးကပ်စူး စသဖြင့် ရေးထားတတ်ကြသည်။ ကျွန်မက ဖတ်ပြတော့ အမေက ပြုံးပြုံးကြီးလုပ်ရာမှ တည်ကြည်သော အသံဖြင့် ဆိုပါသည်။

"အမေက နှမြောတတ်တာ မဟုတ်ပါဘူးကွယ်။ ငွေဆိုတာမျိုးကို လွယ်လွယ်နဲ့မရဘူးဆိုတာ မင်းတို့ သိစေချင်လို့ပါ။ အမေ့မှာရှိတဲ့ ဥစ္စာမှန်သမျှ ဘာတစ်ခုမှ အချောင်ရထားတာ မရှိဘူးကွ။ ကိုယ့်ချွေးနဲ့ ကိုယ့်လုပ်အားနဲ့ တပင်တပန်း ရင်းနှီးထားရတာတွေချည်းပဲ။ ဒါတွေကို အမေ လွယ်လွယ်နဲ့ မဖြုန်းရက်တာပါကွယ်"

အမေသည် သားများနှင့်လည်း သူငယ်ချင်းပေါင်း ပေါင်းတတ်သူဖြစ်သည်။ သားများ၏ စကားကျကိုလည်း အကျကောက်ပြီး ပြန်ပြောတတ်သည်။ အမေက အလုပ်ခိုင်းပြီဆိုလျှင် သားတွေက ညည်းသလိုလိုဖြင့် အမေ့ကို စတတ်နောက်တတ်ကြသည်။ ထိုစဉ်က ကျွန်မတို့ အရပ်ထဲတွင် အရက်သမားတော်တော်များများ ရွှေပေါ်ကျွန်းဆရာတော်ထံသွားပြီး အရက်ဖြတ်ကြသည့်အလေ့ ရှိပါသည်။

"အမေရာ ကျွန်တော်လည်း ရွှေပေါ်ကျွန်းသွားပြီး အလုပ်ဖြတ်ချင်တယ်ဗျာ"

အစ်ကိုကစတော့ အမေက ကောက်ကာင်ကာပင် ပြန်ပြောသည်။

"အေး... အေး၊ ကောင်းတာပေါ့ ငါ့သားရာ။ အစားပါ တစ်ခါတည်း ဖြတ်ခဲ့ကွ"

BURMESE CLASSIC .com



တစ်ခါတစ်ခါ အမေ့စည်းကမ်းကို ကျွန်မတို့ သားသမီးများက မီအောင် မလိုက်နိုင်ကြတာတွေရှိသည်။ အထူးသဖြင့် စာရင်းဇယားမှတ်သည့်နေရာ အမေ့ခြေရာကို ကျွန်မတို့ မမီ။ ကျွန်မ မှတ်မိသလောက် အမေသည် ကျွန်မတို့ မမွေးခင် လေ့ကြီးစစီးစဉ်ကတည်းက စာရင်းနှင့်အင်းနှင့် စာအုပ်ထဲမှာ မှတ်သည့်အလေ့အကျင့် ရှိခဲ့ပုံရသည်။ အမေ့စာရင်းစာအုပ် ဟောင်းကလေးတွေထဲတွင် လေ့ထိုးသား ယူသုံးသည့် ငွေတစ်မူး တစ်ပဲကအစ မှတ်သားထားတာ အခုထိ ရှိသည်။ အမေသည် အမေ့ကိုပေးသည့် ဈေးဖိုးငွေကိုပင် စာရင်းတို့မှတ်ထားသူ ဖြစ်၏။

"သည်မှာတွေ့လား၊ ညည်းအမေတို့များ မြတင် ယူငွေသုံးကျပ်တဲ့။ အမေ့တောင် စာရင်းနဲ့မှတ်တာ။ အဲဒါ အမေ့ကို စားစရိတ်ပေးခဲ့တဲ့ ငွေပေါ့။ သည်တုန်းက သူ့လေ့ကြီးနဲ့ ဘယ်နှစ်လကြာကြာ ငွေသုံးကျပ်နဲ့ လောက်ငအောင် သုံးရတာလေ"

အခုအချိန်မှာတော့ အမေ့လက်ရေးနှင့် စာရင်းအင်းတွေကို ကြည့်ပြီး တို့မိသားစုကို သည်စည်းစနစ်တွေနဲ့ အမေ လုပ်ကိုင်ကျွေးမွေးခဲ့တာပဲရယ်လို့ ကျွန်မ အောက်မေ့နေမိပါသည်။

(၂)

ရွာကျောင်းမှာ ကျွန်မ ကျောင်းစနေသည့်နှစ်က အမေ့၏ အညာဆန်လေ့ကြီးကို ရောင်းပစ်လိုက်ရသည်။ မြစ်ရိုးတစ်လျှောက်တွင် စက်တပ်မော်တော်တွေ တွင်ကျယ်လာတော့ အမေ့လေ့ကြီး အလုပ်သိပ် မတွင်ကျယ်တော့၍ ဖြစ်သည်။ သားသမီးတွေ ဘုစုခရုနှင့် ဆိုတော့ အမေ့မှာ စီးပွားရေး ကြပ်တည်းလာခဲ့သည်။ လေ့ကြီးကိုရောင်းပြီး ကျွန်မတို့မိသားစု မြင်းခြံမြို့ကို ပြောင်းရွှေ့ခဲ့ကြသည်။ ထိုနေတ်က ရွာမှာ သူခိုးဓားပြရန်က

www.burmeseclassic.com

www.burmeseclassic.com



ပူသည်က တစ်ကြောင်း၊ ရွာမှာ အဖေ လုပ်ကိုင်စားတတ်သည်က တစ်ကြောင်းနှင့်မို့ မြင်းခြံမြို့သို့ပြောင်းကာ စဉ့်အိုးကုန်သည် လုပ်ခဲ့ပါသေးသည်။ ကျောက်မြောင်း၊ နွယ်ငြိမ်းဘက်က စဉ့်အိုး စဉ့်ခွက်တွေကို ကိုယ်တိုင်ဖောင်တွဲပြီး ဧရာဝတီမြစ်ကြောအတိုင်း စုန်ဆင်းရင်း စဉ့်အိုးကုန်ကူးသည်။ မြင်းခြံ မြောက်ဈေးကြီးထဲမှာလည်း အိုးဆိုင်ကြီးဖွင့်ပြီး ရောင်းသည်။ နောက်တော့ အညာတစ်ခွင်က ဇေဇက်ရာဘုရားပွဲတော်ကြီးများသို့ လှည့်လည်ရောင်းချရင်း အပင်ပန်းခံ စီးပွားရှာခဲ့သည်။ သည်တုန်းက ကျွန်မတို့ မောင်နှမတစ်တွေသည်လည်း ဆယ့်နှစ်ပွဲဈေးသည်ကလေးတွေ ဖြစ်ခဲ့ကြရပါသေးသည်။ ဆိုင်ရှေ့တွင် ဝါးကပ်ကြမ်းကလေးခင်းပြီး မြေအိုးပုတ် ချိုးရုပ်ကလေးတွေ၊ ဆီမီးခွက်ကလေးတွေပုံပြီး ဆိုင်းသံဗုံသံ လော်စပီကာသံများကြားတွင် ငိုက်ငိုက်မျဉ်းမျဉ်း ဈေးရောင်းခဲ့ဖူးခြင်းသည်လည်း ကျွန်မ၏ ကလေးဘဝ အမှတ်တရနေ့စွဲများ ဖြစ်ခဲ့သည်။

ကျွန်မ မှတ်မိနေပါသေးသည်။ ကျောက်ပန်းတောင်း ဘုရားပွဲတုန်းက ကျွန်မတို့ စဉ့်အိုးဆိုင်ရောင်းကောင်းလိုက်ပုံများ အဖေတို့ အမေတို့မှာ ခေါင်းတောင် မဖော်နိုင်အားကြရှာပါ။ မနက်မိုးလင်း ဆိုင်ဖွင့်ကတည်းက ရောင်းလိုက်ချလိုက်ရသည်မှာ ညနေစောင်းလေ ဘုရားပွဲတော်လာတွေနှင့် ကြိတ်ကြိတ်တိုးလေ။ ကျွန်မမှာက ထမင်းဆာလှပြီ။ သည်တုန်းက ကျွန်မတို့ အိုးဆိုင်နှင့် ကျောချင်းကပ်လျက်က 'မြို့တော်သိန်းအောင်' ဇာတ်ရုံကြီး ဟီးဟီးထနေတာ ကျွန်မမျက်စိထဲ မြင်ယောင်နေမိပါသေး၏။ ဇာတ်ရုံဘက်ဆီက ညနေစာ ထမင်းဝေဖို့ မောင်းထုသံ တဒူဒူကြားတော့ ဆိုင်ကနေ ကျွန်မ အသာကလေး လစ်ထွက်လာခဲ့သည်။ ဇာတ်ရုံထဲက ထမင်းဇလုံတစ်လုံးယူကာ ဇာတ်သူဇာတ်သားများနှင့် ရောနှော ဝင်တန်းစီပြီး ဇာတ်ထမင်းဟင်း ဝေပုံကျကို ကျွန်မ စားခဲ့သည်။



ဇာတ်ရုံနောက်ဖေး ထင်းပုံကြီးပေါ်မှာပဲ ကျွန်မ ထမင်းတွေ မထတမ်းစားခဲ့သည်။ အဖေတို့ကတော့ ကျွန်မ ပျောက်လို့ ပွဲခင်းအနှံ့ ခေါင်းတောက်အောင် ရှာနေကြပြီ။ ကျွန်မ ဗိုက်တင်းပြီး ဆိုင်ကိုပြန်လာတော့ အဖေဆိုင်မှာ မရှိပါ။ ကျွန်မကို ပွဲတော်လူအုပ်ကြား သွားရှာနေခြင်းပင်။ လူလိုက်ခေါ်၍ အဖေပြန်လာတော့ ကျွန်မကို တင်းတင်းရင်းရင်း ဖျစ်ညှစ်ပြီး မျက်ရည်ကျရှာသည်။

"ငါ့မှာ ညီအစ်ကိုမောင်နှမရယ်လို့ တစ်ယောက်မှ မရှိခဲ့ဘူး။ ငါ့သား သမီးကလေးတွေ ပေါ်ပေါက်လာတော့ ငါ့မှာ ငါ့ညီ ငါ့နှမကလေးတွေရယ်လို့ အောက်မေ့နေမိတာ တစ်ယောက်မှ ငါ့မိသားစုကို အပုံမခံနိုင်ဘူး။ ငါ ပင်ပန်းလို့ လဲသေပေရော့၊ ငါ ရှာကျွေးမယ်။ ကလေးတွေကို ဂရုစိုက်ပါကွာ။ ကဲ... ကဲ လာကြ လာကြ၊ အဖေ မင်းတို့ကို ခေါက်ဆွဲလိုက်ကျွေးမယ်"

သားသမီးခြောက်ယောက်ထဲတွင် သမီးမိန်းကလေး တစ်ယောက်တည်းရယ်လို့ အဖေက ကျွန်မကို အချစ်ပိုရှာပါသည်။ ကျွန်မ ဆယ်တန်းတက်သည့်နှစ်က သွားကိုက်သဖြင့် သွားပြရာ ဆရာဝန်က သွားနုတ်ပစ်ရမည်ဟု ပြောသောအခါ ကျွန်မ ကြောက်လွန်းသဖြင့် မနုတ်ရဲခဲ့ပါ။ သွားကိုက်သည့်ဝေဒနာကို ပေခံနေသော ကျွန်မအား အဖေက ချော့မော့ဖျောင်းဖျပြီး သူ့သွားကို အရင်နုတ်ပြသည်။

"သွားနုတ်တာ ခံလို့ကောင်းရုံကလေးပါဗျာ။ မနာပါဘူး"

ကျွန်မ သတ္တိရှိလာအောင် သူ့သွားကို အနာခံ၍ နုတ်ပစ်လိုက်သော အဖေ၏ ချစ်ခြင်းမေတ္တာတရားကို ပြန်တွေးမိလေတိုင်း ကျွန်မ ခံစား၍ မဆုံးဖြစ်ရသည်။ အဖေသည် သားသမီးများကို ချစ်ရုံပင် မကပါ၊ အသားအသောက်နှင့် ပတ်သက်လာလျှင်လည်း လက်နုတ်ပေးသော ဖခင်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ မွေးကတည်းက ကနေ့အချိန်အထိ ကျွန်မတို့မှာ လူချမ်းသာစာရင်း မဝင်သည့်တိုင် အစားအသောက်နှင့် ပတ်သက်ပြီး တစ်ကြိမ်တစ်ခါမျှ မချို့ငဲ့ခဲ့ဖူးပါ။ အဖေ ခရီးထွက်ရာကပြန်လာတိုင်း ဆိတ်နို့၊ ဘီစကစ်မုန့် ဆယ်ဝင်ပုံးကြီးတွေ၊ အဖေ ရောက်လေရာဒေသထွက် စားစရာတွေ တစ်မွေ့ တစ်ပိုက်ကြီး ပါလာတတ်မြဲ ဖြစ်ပါသည်။

"ငါ့နှယ် ကိုယ့်သားသမီးတွေ ကိုယ်ကျွေးရတာ သဒ္ဓါလိုက်တာ ကွာ"

အဖေ့စကားကို အခုအချိန်အထိ ကျွန်မတို့ ဆွေမျိုးအသိုင်းအဝိုင်းများကြားမှာ ပုံနိုင်းပြောဆိုနေကြတုန်းပင်။ သည်လို ကျွေးနိုင်မွေးနိုင်သည် ရယ်လို့ အဖေ့မှာ စီးပွားကို အလွယ်တကူရှာ၍ဖွေ၍ ရခဲ့သည် မဟုတ်ပါ။ ပြေးဟယ်လွှားဟယ် ထမ်းဟယ်ပိုးဟယ်။ အဖေ့စကားနှင့်ပြောရလျှင် ဘဝကို ဝက်သိုးချုပ် ချုပ်နေရခြင်းဖြစ်သည်။

စဉ်အိုး အရောင်းအဝယ်လုပ်ရင်းဖြင့် ဧရာဝတီမြစ်ကြီးကို သံယောဇဉ် မကုန်သော အဖေသည် စက်တပ်မော်တော်တစ်စင်းဝယ်ဖို့ အပြင်းအထန် ကြိုးစားခဲ့သည်။ မော်တော်တစ်စင်းလုံး မဝယ်နိုင်သဖြင့် မိတ်ဆွေတစ်ယောက်နှင့် နှစ်ဦးစပ်ပြီး ဖောင်ဆွဲမော်တော်တစ်စင်း ဝယ်ခဲ့ကြသည်။ သည့်အတွက် အဖေသည် သူတစ်ပါးဆီက ငွေကို ငွေတိုးကြီး ယူပြီး မော်တော်သမားဘဝကို စခဲ့ရသည်။ ငွေတိုးဆိုသည့်စကားလုံးကို ကျွန်မ ငယ်ငယ်ကတည်းက စပြီး သိကျွမ်းခဲ့ရသည်။ နောင်တွင် အဖေ့ တစ်သက်လုံး ကျုံးရုန်းဆပ်ရင်း ကျွန်မတို့ မောင်နှမတစ်တွေအတွက် တစ်သက်စာသင်ခန်းစာတွေ ပေးသွားခဲ့တော့သည်။



(၃)

ကျွန်မတို့ သားအမိတစ်တွေကို မြင်းခြံမှာ ထားရစ်ခဲ့ပြီး အဖေသည် ဧရာဝတီမြစ်ကြီးဆီ ပြန်ရောက်သွားခဲ့ရပြန်ပြီ။ အမေ့မှာ အိုးဆိုင်ကတစ်ဖက်၊ သားသမီးခြောက်ယောက် တာဝန်က တစ်ဖက်နှင့် အတော့်ကို ကသီလင်တ နိုင်ခဲ့ရသည်။ အဖေပြန်မလာတာ လချီကြာသွားလျှင် ကျွန်မတို့မှာ အကြွေးတွေ တော်တော်များများ ပိုင်ဆိုင်လာတော့သည်။ သည်ကြားထဲ ငွေတိုးရှင်က ပူတာတစ်မျောင့်။ ကျွန်မသည် သမီးမိန်းကလေးမို့ မိဘတွေ၏အပူကို ငယ်ကတည်းက ကူးယူခံစားတတ်သူ ဖြစ်ခဲ့ရသည်။ အမေ မျက်ရည်ကျတိုင်း ကျွန်မ မျက်ရည်ကျခဲ့ရသည်။ အမေ ကသီလင်တနိုင်သလို ကျွန်မမှာလည်း အမေ့အိမ်မှုကိစ္စတွေ ကူရင်း၊ ကလေးထိန်းရင်း ကျောင်းတက်ခဲ့ရသည်။ ကျွန်မ ကျောင်းပျက်သည့်ရက်များတွင် ဆရာကိုယ်တိုင် အိမ်သို့ လိုက်လာတတ်လေသည်။ ဆရာလာတိုင်း ကျွန်မ ပုန်းရသည်မှာ အမော။ အဖေ ပြန်လာတော့ ဆရာက ပညာရေးနှင့် ပတ်သက်၍ သူ့ထင်မြင်ချက်ကို ပြောပြပါသည်။

"ဦးညိုရဲ့သမီးက စာတော်တဲ့ကလေးပါဗျာ။ လက်ရေးလည်း လှတယ်။ ဉာဏ်ကလည်းကောင်းတော့ ကျွန်တော်က သည်နှစ် လူရည်ချွန်စာမေးပွဲ ဖြေနိုင်းဖို့ လျာထားကာ။ ဒါပေမယ့် ကလေးက ကျောင်းပျက်တာတွေများတော့ စာမလိုက်နိုင်ဘူးဗျ။ ဒါနဲ့ပဲ သူ့ကို မရွေးဖြစ်တော့ဘူး။ ကျွန်တော်ပြောချင်တာက မိန်းကလေးဆိုပြီး ရေးတတ် ဖတ်တတ်ရုံပဲလို့ သဘောမထားစေချင်ဘူး။ ကလေးအတွက် ပြောတာပါဗျာ"

ဆရာ့စကားကြောင့် အဖေ အတော်ကလေး စိတ်မကောင်းဖြစ်သွားပုံရပါသည်။ စုတ်ပြဲညစ်နွမ်းနေသော ကျွန်မတို့ ကျောင်းလွယ်အိတ်ကလေးတွေကို ကိုင်ကြည့်ရင်း သူ တာဝန်မကျေခဲ့လို့များ ပေလားလို့

www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်နေပုံလည်း ရပါသည်။ အဲသည့်နေ့က ညစာထမင်းဝိုင်း ရေနံဆီ မီးခွက်ရောင် မှိန်မှိန်အောက်တွင် ထမင်းစားနေကြသော သားသမီး ခြောက်ယောက်ကိုကြည့်ရင်း အဖေ မျက်ရည်ဝိုင်းနေသည်။

“အင်း… ငါ့မှာလည်း သားပစ် မယားပစ်ဆိုသလို ဖြစ်နေပြီ။ ကလေးတွေကလည်း ကိုယ်ရင့်တတ္တွေ ဖြစ်လာကုန်ကြပြီဆိုတော့ နောင်မှ ဖအေ အုပ်မကြီးရတဲ့ကလေးတွေမို့ အမိုက်ဘက်သန်သွားကြမှာ စိုးတယ်။ ငါ့အလုပ်ကလည်း မန္တလေးဆိပ်ကမ်း ပင်တိုင်လိုဖြစ်နေတော့ မြင်းခြံကို တကန်တက မလာနိုင်ဖြစ်နေရတာကလည်း မဟုတ်သေးဘူး။ အခုနေ ပြောင်းရင်ရွှေ့ရင် ငါ့သားသမီးကလေးတွေ ချွေးမြုံကလေး ကောက်မ၊ လာရသလို အကုန်ပါလာမှာပဲ။ အရွယ်ရောက်လို့ အိမ်ထောင်ရက်သား ကျကုန်ကြမှဖြင့် ငါခေါ်ချင်လည်း သူတို့ ပါလာနိုင်မှာ မဟုတ်တော့ဘူး။ သည်က ကြွေးမြီကလေးတွေ ရှင်းသွားရင် မန္တလေးပြောင်းကြရအောင် ကွာ”

အဖေယူထားသည့် ငွေရှင်က ဆီကုန်သည် အမေကြီးတင့် ဖြစ်သည်။ အဖေ ပြန်လာတိုင်း ငွေတိုး ကြေးတိုးဆပ်နေကျပေမယ့် ကျွန်မ တို့ကို ကြည်သည်မရှိ။ သည်ကြားထဲ ကျွန်မတို့မောင်နှမတွေက အမေကြီး တင့်တို့၏ ခိုင်းဖတ် ဖြစ်မှန်းမသိ ဖြစ်လာခဲ့ရသည်။ ကျွန်မဆိုလျှင် ညနေ ကျောင်းပြန်လာတာနှင့် ခေါ်ခိုင်းတော့၏။ ရေခပ်ပေးရတာ၊ အမှိုက် ကျုံးပေးရတာထား၊ ညတိုင်း အမေကြီးတင့်ကို နင်းနှိပ်ပေးရသည်။ တစ်ခါ တော့ အမေကြီးတင့်ကို နင်းပေးရင်း ငိုက်လိုက်မိသဖြင့် ခုတင်ပေါ်မှ ကျွန်မ ထိုးကျသွားဖူးသည်။ မျက်နှာမှာရော၊ တံတောင်ဆစ်တွေ၊ ဒူး တွေမှာပါ ဒဏ်ရာဒဏ်ချက်တွေနှင့် ပြန်လာသည့် ကျွန်မကို မြင်တော့ အဖေ အတော်စိတ်ထိခိုက်သွားသည်။



“အေးဟာ တို့လင်မယားတင်မကဘူး ငါ့သားသမီးကလေးတွေ ကပါ အဆစ်ဒဏ်ခံကြရရှာတယ်။ အင်း… သူတို့အကြွေးတော့ ကြေ အောင်ဆပ်မှပါ”

နောင်တွင် အဖေသည် မော်တော်ခေါက်စာရသမျှငွေကို အမေ့အိုး ဆိုင်ကလေးထဲ အရင်းမထည့်ဘဲ အကြွေးကိုပဲ တွန်းဆပ်တော့သည်။ အမေ့အိုးဆိုင်ကလေးလည်း ပြုတ်သွားခဲ့ပြီ။ အကြွေးကြေသည့်နောက် တောင် အဖေက ပြန်လာတိုင်း ငှက်ပျောတစ်ခိုင်၊ ငါးခြောက်တစ်ပြား ဆိုသလို အမေကြီးတင့်တို့ကို ကန်တော့မြဲ ကန်တော့ပါသည်။

“သူတစ်ပါးကျေးဇူးဆိုတာ မကန်းကောင်းဘူး သမီးရဲ့။ သူတို့ ငွေထုတ်ပေးလို့ အဖေတို့ မော်တော်ဝယ်နိုင်တာ။ ငွေတိုးပေးတယ် ဆိုပေမယ့် ကိုယ့်ကို ယုံကြည်လို့ပေးတာ။ အဖေကတော့ အဖေ့ကို ငွေတိုးပေးတာအတွက် ဂုဏ်ယူတယ်”

အဖေသည် သိက္ခာ သမာဓိနှင့် ပတ်သက်လျှင် အစွန်းအထင်းခံသူ မဟုတ်။ ရိုးသားခြင်းသည် အဖေ့လက်ကိုင်တရားဖြစ်တော့၏။ ဒါကြောင့်ပဲ ထင်သည်။ နောင်အဖေ အလုပ်မလုပ်နိုင်တော့ဘဲ အိပ်ရာထဲ ဗုန်းဗုန်းလဲနေ တာတောင် အဖေ့လက်ရေးဖြင့် စာကလေးတစ်ကြောင်း ရေးပေးလိုက်ရုံနှင့် ကျွန်မတို့ကို ငွေကြေးအကူအညီပေးကြတာ အဖေ့သမိုင်းပဲ ဖြစ်သည်။

အမေကြီးတင့်တို့ အကြွေးကြေလို့မှ အမောမပြေသေး၊ နှစ်ဦး စပ်တူဝယ်ထားသော မော်တော်ကို တစ်ဦးတည်းအမ်းယူဖို့ အဖေ့မိတ်ဆွေက ပြောလာတော့သည်။ အမှန်မှာ အဖေ့ဘက်က လုံးဝ အမ်းမယူနိုင်မှန်းသိ၍ တစ်ဖက်က အမ်းယူချင်သည့်သဘောဖြစ်သည်။ အဖေ ဘယ်လောက်များ ခေါင်းမီးတောက်ခဲ့ ရှာလေမလဲ။

“သည်တစ်ဝက်မှ ငါ အမ်းမယူနိုင်ရင် ငါ့တစ်သက် မော်တော်ပိုင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



မလွယ်တော့ဘူး။ ငါ့သားသမီးတွေအတွက် ငါ လက်ချည်းထားခဲ့လို့ မဖြစ်ဘူး။ ငါကလည်း ကုန်းပေါ်အလုပ် လုပ်မစားတတ်၊ ဘယ်နှယ့်လုပ်ရပါ့"

ရှန်းခဲ့ကန်ခဲ့ ဘဝတွေ ရှည်လျားလွန်းလှသော လှေသမားကြီးကတော့ ဧရာဝတီမြစ်ကြီးကိုပဲ အားကိုးအားထားပြုရင်း ဘဝဝမ်းစာ ရှာချင်သည်။ နောက်ဆုံးတော့ အဖေသည် သူ့သမိုင်းကို ယုံကြည်ရူးနှစ်လွန်းစွာဖြင့် များပြားလှသော ငွေကို အတိုးအညွန့်ထား၍ မော်တော်ကို အမ်းယူလိုက်ခဲ့သည်။ ကျွန်မတို့ မော်တော်တစ်စင်းလုံး ပိုင်လိုက်နိုင်သော်လည်း အဲသည် အချိန်ကာလတွေကတော့ ကျွန်မတို့မိသားစု၏ ရင်စည်းခံရက်တွေပဲ ဖြစ်ခဲ့သည်။ အဖေရော အမေပါ ဥမမယ် စာမမြောက် ကျွန်မတို့ မောင်နှမတစ်တွေကို ထားရစ်ကာ ဧရာဝတီမြစ်ကြီးထဲမှာ လူးလားခေါက်တုံ့ ကူးသန်းရှာဖွေနေကြတော့သည်။

သည်လိုနှင့် ကျွန်မတို့တစ်တွေ မန္တလေးကိုပြောင်းဖို့ကိစ္စ ခပ်ဝါးဝါး ဖြစ်သွားခဲ့ရသည်။ ကျွန်မချက်သော ပျော့တစ်ခါ မာတစ်လှည့်၊ မနပ်တချို့ တူးတချို့ ထမင်း၊ ဟင်းကို စားကြရင်း မိဘမဲ့ဘဝမျိုး နေခဲ့ကြရသည်။ ကိုယ့်ဘဝ ကိုယ်သာထိန်းကျောင်းရင်း ကိုယ့်အသိဖြင့် ကိုယ်သာ စိတ်အားငယ်စွာဖြင့် ဘဝတစ်ကန့်ကို ဖြတ်သန်းခဲ့ရသည်။ ရွာက ဘကြီး အိမ်ကို ရောက်လာတော့ ကျွန်မတို့အဖြစ်ကိုမြင်ပြီး မျက်ရည်ကျရှာသည်။ အမေ့ကို တွေ့တော့ ဘကြီးက ငိုသံပါကြီးနှင့် ကရုဏာဒေါသောစကား ဆိုပါသည်။

"မင်းတို့ကွာ ကလေးတွေကို ပစ်ထားလိုက်ကြတာ။ မျက်စိနှစ်လုံး ပွင့်လာလို့မှ ကိုယ့်မိဘ ကိုယ် မတွေ့ရရှာဘူး။ ရှိတာလေးနဲ့ စားလိုသောက်လို့၊ လွယ်အိတ်ကလေးတွေလွယ်ပြီး ကျောင်းထွက်သွားကြလို့ ပြန်လာတော့လည်း မိဘရင်ခွင် ဝင်နွေ့စရာမရှိဘူး။ အရေးထဲ ဟိုအလတ်



ကောင်က ငါ့ကို မုန့်ဖိုးတောင်းတာ ရိုးရိုးမတောင်းဘူး။ ကျွန်တော့်အဖေ ပြန်လာရင် အတိုးနဲ့ဆပ်ပါ့မတဲ့ကွာ။ ငါ မျက်ရည်မဆည်နိုင်ဘူး။ ကလေးတွေ သနားချက်တော့"

ဘကြီးပြောပြီးသည့်နောက်ပိုင်းမှာတော့ အဖေသည် ကျွန်မတို့ကို မန္တလေးသို့ ပြောင်းခေါ်ခဲ့ပါတော့သည်။ သည်တုန်းက ကျွန်မ ခုနစ်တန်းစာမေးပွဲ ဖြေပြီးခဲ့ပြီ။ မန္တလေးကို ပြောင်းခဲ့ကြသည့်နေ့ကို ကျွန်မ ဘယ်သောအခါမှ မမေ့နိုင်ပါ။ တပေါင်းနေပူပူကြီးအောက်တွင် ချက်ပလက်ကားအိုအိုကြီးနှင့် ကျွန်မတို့ လိုက်လာခဲ့ကြသည်။ ကျွန်မ မျက်စိထဲတွင် မြင်းခြံအိမ်ဝိုင်းကလေးထဲက အရွက်တွေ၊ ပြောင်းရှင်းနေသော ပင်စည်ဖွေးဖွေး မာလကာပင်ကြီးတွေ၊ ကျွန်မ စိုက်ထားခဲ့သော ခြံထောင့်က ဧကရာဇ်ပင်ကလေးနှင့် ကျွန်မတို့မောင်နှမတစ်တွေ ဖန်တူလုံးပစ်တမ်းကစားခဲ့ကြသည့် ရေမြောင်းသမံတလင်းကလေး၊ ပြီးတော့ ကျွန်မကို ငိုယိုနှုတ်ဆက်ကြသည့် ငယ်ဖော်များနှင့် မြင်းခြံမြို့အထွက် လမ်းက ထနောင်းပင်တန်း။ တစ်လမ်းလုံး ငိုချင်ရက်လက်တို့ ဖြစ်လာခဲ့သော ကျွန်မသည် မန္တလေးအိမ်ဆိုတာကိုရောက်လို့ ကားကြီးထိုးဆိုက်လိုက်တော့မှ ဝမ်းနည်းကြေကွဲသွားရတော့၏။

"ဟင်… အိမ်က ဘယ်မှာလဲ"

သပြေခက်တစ်ခက်သာ ချည်ထားသော အိမ်ဦးတိုင်တစ်တိုင်သာ စိုက်ထားသော မြေပြင်ကွက်လပ်ကြီးက ကျွန်မတို့နေရမည့် အိမ်တဲ့လား။ အံ့အားတသင့် ဝမ်းပန်းတနည်းဖြစ်နေသော ကျွန်မကို အဖေက ပခုံးလာဖက်ပါသည်။

"အိမ်က ဆောက်မှာပေါ့ သမီးရဲ့၊ လောလောဆယ် အဖေတို့ သည်ဘက်နားမှာ မိုးကာတဲကြီး ထိုးနေရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မျက်ရည်တွေ စီးကျလာတာမြင်တော့ အဖေ စိတ်မကောင်းဖြစ်သွားမှာ သေချာပါသည်။ အိမ်တစ်လုံးတောင် မဆောက်နိုင်သေးဘဲ ကျွန်မတို့တစ်တွေ အတူနေရဖို့ အဖေ့၏ ဖွန့်စားကြိုးပမ်းချက်ကို သည်တုန်းက ကျွန်မ နားမလည်တတ်ခဲ့ပါ။ ဘဝကို တစ်ရစ်ချင်း စဉ်းစားလျှောက်လှမ်းရသော အဖေ့မှာ ကိုယ်ကာယအားသာရှိ၍ ငွေအား မရှိရှာခဲ့။ အိမ်ထောင်တစ်ခု၏ ဦးစီးဦးဆောင်နောက်မှ ကျွန်မတို့တစ်တွေကတော့ အပ်သွားဘောပါရသည့် အပ်ချည်ကြိုးမျှင်လို တတန်းလန်းလန်း။

ကားပေါ်မှ ပစ္စည်းတွေ ချနေစဉ်မှာပဲ အဖေသည် ကျွန်မတို့မောင်နှမ အားလုံးကို မြစ်ဆိပ်သို့ ခေါ်သွားခဲ့သည်။ ဧရာဝတီမြစ်ကြီးက ကျွန်မတို့ရှေ့မှာ စီးဆင်းနေသည်။

"အဖေက သည်မြစ်ကြီးထဲမှာ လုပ်ကိုင်စားရသောက်ရတဲ့သူလေ။ အခု မင်းတို့ နေထိုင်စားသောက်နေရ၊ ဝတ်နေရတာတွေအားလုံး ဧရာဝတီရဲ့ ကျေးဇူးတွေပေါ့။ အဖေ့တစ်သက်တော့ သည်မြစ်ကြီးနဲ့ ခွဲလို့ရတော့မယ် မထင်ဘူး"

လှိုင်းခေါင်းဖြူကြီးတွေ ထနေသော ဧရာဝတီ၏ လှိုင်းပုတ်သံနှင့်အတူ ရောထွေးနေသည့် အဖေ့အသံတွေကလည်း လှိုင်းထလို့နေသည်။ အနောက်ဘက်ကမ်း မင်းဝံတောင်တန်းကြီးဆီက တောင်ခိုးရနံ့တွေကိုတောင် ကျွန်မ ရနေမိသလိုပါပဲ။ အဲသည်ညနေက ကျွန်မတို့မောင်နှမတွေ အဖေနှင့်အတူ ဧရာဝတီမြစ်ကြီး၏ ရင်ခွင်ထဲ တိုးဝင်ပြီး ဆော့ကစားခဲ့ကြပါသေးသည်။ အေးမြသည့် မြစ်ရေက ကျွန်မတို့ မိသားစုကို ချော့သိပ်ပေးခဲ့ရှာပါသေးသည်။



## (၄)

နောက်တစ်နေ့ မနက်စောစောမှာတော့ အဖေသည် အလုပ်တွေများသည့်ကြားက ကျွန်မတို့မောင်နှမခြောက်ယောက် လက်ကိုဆွဲပြီး အမှတ် (၃) ကားပြာကြီးကို စီးပြီးလိုက်ခဲ့ကြသည်။ မန္တလေးမြို့ပြ မြင်ကွင်းတွေကို လျှောက်ပြတာပဲဟု ကျွန်မ ထင်ခဲ့မိသည်။ ကားဂိတ်ဆုံးကို ရောက်သည်အထိ ကျွန်မတို့ လိုက်ခဲ့ကြသည်။

"ကဲ...း ဆင်းကြ ဆင်းကြ၊ အဖေ မင်းတို့ကို တက္ကသိုလ်ကြီး ပြချင်လို့"

'မန္တလေး ဝိဇ္ဇာသိပ္ပံတက္ကသိုလ်' ဆိုသည့် ဆိုင်းဘုတ်ကြီးကို လက်ညှိုးထိုးပြရင်း အဲသည့်နေ့က ပြောခဲ့သည့် အဖေ့စကားတွေကို ကျွန်မတစ်သက် မမေ့ရက်နိုင်တော့ပါ။

"ဟောဒါ မင်းတို့ကြီးလာရင် တက်ရမယ့်ကျောင်းကြီးကွ သိလား။ တက္ကသိုလ်ဆိုတာ ဟိုတုန်းက မင်းညီမင်းသားတွေ၊ သူဌေးသူကြွယ်သားသမီးတွေမှ ပညာသင်နိုင်တဲ့ကျောင်းကြီးပေါ့။ အခုတော့ လှေသမားရဲ့သားသမီးလည်း တက္ကသိုလ်ကျောင်းတိုက်ကြီး တက်နိုင်ရမှာပေါ့ကွယ်"

နွေရာသီမို့ တက္ကသိုလ်ပင်မ အဆောက်အဦကြီးရှေ့မှ စိန်ပန်းပင်တွေက ရဲရဲတောက် နီလို့နေသည်။ အဲသည် စိန်ပန်းနီတာထက် အဖေ့သွေးတွေက ပိုနီနေမလား ကျွန်မ တွေးမိသည်။ လှေနှင့်တက်နှင့် မြစ်ကြီးထဲမှာပဲ အချိန်ကုန်ခဲ့ရသော လှေသမားကြီးတစ်ယောက်က သည်တက္ကသိုလ်ကြီးဆီ သားသမီးတွေကို ပညာသင်ပို့ရမည်ဆိုသည့် အတွေးအခေါ် ဘယ်က ရောက်နေပါလိမ့်။ ကျွန်မ စဉ်းစားတွေးတော အဖြေရှာခဲ့မိသေးသည်။ အဖေက ကျွန်မတို့ကို တက္ကသိုလ်ဝင်းကြီးအနှံ့ လိုက်ပြပါသည်။

"ပညာရှေ့အိုး လူမနိုးဆိုတာ အမှန်ပဲကွ။ ကိုယ်တတ်တားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပညာကို ဘယ်သူကမှ ပြန်နုတ်ယူလို့မရဘူး။ ပစ္စည်းဥစ္စာဆိုတာကမှ ကံပေါ်မူတည်သေးတယ်။ ပညာက ကံပေါ်မူမတည်ဘူး။ ပါရမီနဲ့ဆိုင်တယ်။ အဖေကတော့ တက္ကသိုလ်ကြီးရှိနေလို့ကို မန္တလေးမရောက်ရောက်အောင် ပြောင်းခဲ့တာ။ မင်းတို့ စာကြိုးစားကြ။ သည်တက္ကသိုလ် ကျောင်းကြီးကိုရောက်အောင် တက်ကြမယ်ဆိုတဲ့စိတ်မွေး၊ ကြားလား"

ရာဇတ်ခန်းမဆောင်ကြီးကတော့ ကျွန်မတို့ လေ့သမား သားအဖတစ်တွေ၏ စကားသံကို နားစွင့်နေပုံမျိုးနှင့် ငြိမ်သက်လို့နေသည်။ နောင် ကျွန်မ မန္တလေးတက္ကသိုလ်ရောက်တော့ ရာဇဝင်ခန်းမဆောင်ရှေ့က စက္ကူပြန်းရုံအောက်မှာထိုင်ရင်း အဖေ့ကို သတိရနေမိတတ်သည်။

အဖေသည် ပညာနှင့် ပတ်သက်လာလျှင် အလွန်ဇွဲခတ်ရှာသည်။ သားသမီးတွေကို ပညာဆုံးခန်းတိုင်စေဖို့က အဖေ့ အဓိကရည်ရွယ်ချက်ကြီးဖြစ်လာသည်။ ကျွန်မတို့က အိမ်မှာ အလုပ်နိုင်းမှာစိုးလျှင် စာကျက်ချင်ဟန် ဆောင်နေတတ်ကြသည်။ ကလေးတွေ စာကျက်နေသည်ဆိုကာ အဖေက အလုပ်မနိုင်းတော့ဘဲ သူကိုယ်တိုင်လုပ်သည်။ ညတိုင်လျှင် ကျွန်မတို့ စာကျက်ဝိုင်းနားထိုင်ပြီး နားထောင်နေတတ်သည်။ ကျွန်မတို့ စာမေးပွဲဖြေပြန်လာလျှင် အဖေက မေးခွန်းကို ဆီးဖတ်တော့သည်။ သူ့နားနှင့် ကြားဖူးနားဝစာကို မေးခွန်းစာရွက်ထဲတွေ့လျှင် "ငါ့သမီးတော့ သည်အပုဒ် ကောင်းကောင်းဖြေနိုင်မှာပဲ" ဟု ပြောတတ်ပါသည်။

ကျွန်မ ဆယ်တန်းအောင်တော့ ဒေသကောလိပ်တက်ဖို့ စက်ဘီးမရှိ။ မနက်ဆိုလျှင် Class မီဖို့ လိုင်းကားပြေးစီးရသည်။ လိုင်းကားသွားနှုန်းပေါ်မူတည်ပြီး ကျွန်မ အတန်းမမီဖြစ်ရသည့်အခါတွေလည်း ရှိသည်။ အထူးသဖြင့် လက်တွေ့ Practical မမီလိုက်သည့်နေ့မျိုးတွင် အိမ်အပြန် ကျွန်မ ငိုမိသည်ချည်း။ အဖေက စိတ်မကောင်းဖြစ်ပြီး ပန်းမြို့တော်



ဟုခေါ်သည့် Pheasant စက်ဘီး အပြာကလေးတစ်စီး ဝယ်ပေးခဲ့သည်။ သည်လောက် အဖိုးတန်သည့်ပစ္စည်းကို ဝယ်ပေးဖို့ အဖေ့မှာ အင်အားမရှိခဲ့ပါ။ သည်တုန်းက စက်ဘီးအသစ် စက်စက်ကလေးရလို့ ပျော်နေမိတာကလွဲလျှင် အဖေ ရင်ဆိုင်ခဲ့ရသည့် ဒုက္ခကို ကျွန်မ မသိရိုးအမှန်ပင်။ ကျွန်မ ဘွဲ့ရသည့်နေ့ကျမှ အဖေက ဖွင့်ပြောပါသည်။

"ငါ့သမီး ပညာရေးအတွက်ပဲလေဆိုပြီး အဖေ ငွေသုံးထောင်ချေးပြီး ဝယ်ပေးခဲ့တာပေါ့။ ငွေသုံးထောင်ကို ခြောက်ထောင်ဆပ်လိုက်ရတာပဲ။ ဒါပေမယ့် တန်ပါတယ်ကွယ်၊ ငါ့သမီးက အဖေ့ရည်မှန်းချက်ရောက်အောင် ကြိုးစားပေးခဲ့ပြီပဲ"

ငွေသုံးထောင်ယူပြီး ခြောက်ထောင်ဆပ်လိုက်ရသတဲ့လား။ ငွေရင်းနှင့် ဆတူ အတိုးငွေတွေ အဖေရှာပေးလိုက်ရသည်ပေါ့။ မှည့်နက်များပြည့်နေသော အဖေ့မျက်နှာညိုညိုကြီးကို ကျွန်မ လှမ်းကြည့်ရင်း နင့်ခနဲခံစားလိုက်ရပါသည်။ အဖေကတော့ သူသည်လို ရှာဖွေပြီး ကျောင်းထားလိုက်နိုင်လို့ ကျွန်မ ဘွဲ့ရသွားတာလို့ ယုံကြည်နေပုံလည်း ရသည်။ အဖေသည် သားသမီးများ ပညာတတ်ခြင်းအပေါ် အလွန်ဂုဏ်ယူသူလည်းဖြစ်သည်။ လူထုထူရှိလျှင် သည်အကြောင်းကိုပဲ ပြောပြောနေတတ်တော့၏။

"ကျုပ်ကသာ လှေထိုးလှေခတ်နဲ့ ပြီးရတာဗျ။ ကျုပ်သားသမီးတွေများတော့ အားလုံး ဆယ်တန်းရောက်တဲ့သူချည်းပဲ။ အင်္ဂလိပ်လိုများ မှတ်လို့၊ ကျုပ်တောင် နားရည်ဝလှပေါ့"

အဖေ အဲသလိုကြွားတော့ အဖေ့မိတ်ဆွေ လှေသူကြီး ဦးဘရှိန်းက အဖေ့ကိုနှော့ပြီး မေးသည်။

"ကိုင်း... သဟာဖြင့်ရင် ခင်ဗျားကို ကျုပ်မေးပါဦးမည်။ ကျုပ်နာမည် ဘရှိန်းကို အင်္ဂလိပ်လို ဘယ်လိုပေါင်းတုန်း"

www.burmeseclassic.com

www.burmeseclassic.com



"ခက်လွန်လွန်းလို့ဗျာ။ ဘီအေ ဘ၊ ရှအိန်း ရှိန်းပေါ့"

အမေက ပြန်လှောင်တော့ ကျွန်မတို့ ဝိုင်းရယ်ကြရပါသေးသည်။

မန္တလေးရောက်လာတော့ ကျွန်မတို့ အမေနှင့်အတူ နေရချိန်တွေ ပိုရလာသည်။ မန္တလေးသားဖြစ်လာတော့ အမေက လှေသမားကြီးတုန်းကလို ဖျင်တဘက် ခေါင်းပေါင်းကြီးနှင့်၊ နှစ်နံ့စပ် ပုဆိုးတိုတိုနှင့် မဟုတ်တော့ပါ။ ခေါင်းပေါ်မှာ ချာလပတ်လည်နေတတ်သော ဖော့ဦးထုပ်စိမ်းကြီးက အမေ့၏ သင်္ကေတဖြစ်လာသည်။ ရှပ်အင်္ကျီဖြူ လည်ကတုံးနှင့် ပလေကတ်ပုဆိုး အပြာနုနုကလေးနှင့် အမေ ရှိုးတွေ ထုတ်တတ်လာပြီ။ ကျွန်မ လူမှန်းသိတတ်သည့် အရွယ်ကစလို့ အမေ အရက်သောက်တာ၊ ဆေးလိပ်သောက်တာ တစ်ခါမှ မမြင်ဖူးခဲ့ပါ။ အရက်ကို ကျွန်မ ငါးလသမီးလောက်က ဖြတ်ခဲ့တာလို့ အမေက ပြောပြသည်။

"ညည်းအမေက လှေသမားဆိုတော့ အသောက်အစား မကင်းခဲ့ဘူးပေါ့အေ။ ဒါပေမယ့် သူ့သမီး ငါးလသားလောက်ကျတော့ ကလေးက နိုးနိုးခစ်ခစ် ရယ်တာပေါ့။ ကလေးရယ်သံကြားပြီး ငါ့သမီးကလေး အရွယ်ရောက်လာရင် အမေက အရက်သမားလို့ အပြောခံရလိမ့်မယ်။ အရက်ဖြတ်မယ့်အတူတူ ခုကတည်းက ဖြတ်တာ ကောင်းပါတယ်လေ ဆိုပြီး တကတည်း ယတိပြတ် ဖြတ်ချလိုက်တာ၊ သမီးသည်းချက်ပေါ့"

ငါးလသမီး၏ ရယ်သံကြားရုံဖြင့် အရက်ပြတ်သော ဖအေမျိုးကတော့ အမေတစ်ယောက်ပဲရှိမည် ထင်ပါ၏။ အမေက ပန်းနာရင်ကျပ်သမားမို့ ဆရာဝန်က ဆေးလိပ်ဖြတ်ဖို့ အမြဲတိုက်တွန်းခဲ့သည်။ ဆေးလိပ်ကိုတော့ အမေ တော်တော်နှင့် ဖြတ်မရခဲ့ပါ။ နောက်ဆုံး ကျန်းမာရေးအတော်ထိခိုက်လာတော့မှ ကွမ်းစားခြင်းဖြင့် အစားထိုးဖြတ်ခဲ့သည်။ ပုဂံညောင်ဦးဆိပ်က ဝယ်လာသော အမေ့ ယွန်းကွမ်းအစ်နီနီကလေးသည်



ကျွန်မတို့ အိမ်ဦးခန်းမှာ ရောက်လာသည်။ အမေ ကွမ်းစားတော့ တဖြည်းဖြည်းနှင့် ကျွန်မတို့အိမ်က လူတွေအကုန် ကွမ်းစားတွေ ဖြစ်ကုန်ကြသည်။ ကွမ်းသီး၊ ကွမ်းရွက်ဝယ်လို့ မလောက်နိုင်ခဲ့။ ကြာတော့ အမေက ညည်းညူစ ပြုလာတော့သည်။

"ငါတော့ ဆေးလိပ်ပြန်သောက်မှနဲ့ တူတယ်။ ကတည်းဗျာ ကွမ်းအစ်ကလေးတစ်လုံး ထောင်လိုက်ပါတယ် အလှူအိမ်က ကွမ်းအစ်ကျလို့ ထည့်မလောက်ဘူး။ သူတို့ကွမ်းစားတာ လွန်တယ်။ တို့ကတော့ ကွမ်းရွက်ကလေး လက်မတစ်နှိပ်ယာပြီး ပါးစောင်ခဲထားလိုက်ရင် နေရော့ တစ်နေကုန်"

ကျွန်မအစ်ကိုတွေ မောင်တွေက ကွမ်းယာကို ဝါးလိုက် ထွေးလိုက် အဆက်မပြတ် ဝါးနေခြင်းကို အမေက ပြောခြင်းဖြစ်သည်။ ကျွန်မကို အမေက ထမင်းစားပြီးတိုင်း ကွမ်းတစ်ယာစားဖို့ အမြဲ တိုက်တွန်းတတ်ပါသည်။

"ကွမ်းယာဝါးလိုက်တော့ ပါးစပ် ဖန်ဆေးပြီးသား ဖြစ်သွားတာပေါ့။ ကွမ်းဟာ အပိုပ်အစပ် အညှီ အကုန်နိုင်တယ်။ ဆေးဖက်လည်း ဝင်တယ်။ သွားလည်း ခိုင်တယ်"

အမေ့ အယူအဆ ဖြစ်ပါသည်။ အမေ့ အယူအဆ မှန်တာ၊ မမှန်တာ ကျွန်မ မပြောတတ်သော်လည်း အမေသည် အသက်ခုနစ်ဆယ်အထိ သွားတစ်ချောင်း မကျိုးခဲ့၊ (ကျွန်မ သွားနုတ်စဉ်က နုတ်ခဲ့သည့် သွားတစ်ချောင်းက လွဲလျှင်) မျက်စိမမှုန်ခဲ့။ အမေသည် ညဘက်မှာပင် တရားစာအုပ်တွေ ဖတ်နိုင်နေတုန်းပဲ ဖြစ်သည်။ အသက်ခြောက်ဆယ်ကျော်အထိ စက်ဘီးဟာစ်စီးနှင့် မြို့ပတ်နိုင်တုန်း။ ဧရာဝတီမြစ်ကြီးထဲ မော်တော်စီးနိုင်တုန်း။ ကျွန်မတို့ မိသားစုကို စီမံခန့်ခွဲ လုပ်ကိုင်ကျွေးမွေးနိုင်တုန်း။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အသက်ခြောက်ဆယ်ကျော်လာသည်နှင့် အဖေ၏ ပန်းနာရင်ကျပ်ရောဂါက အဖေ့ကို ဒုက္ခပေးစပြုလာခဲ့ပြီ။ မြစ်လေ တသွေးသွေးကြားမှာ အဖေ့အဆုတ်အား တင်းမခံနိုင်တော့။ မော်တော်တစ်ခေါက်ပြန်လာတိုင်း ဆေးဆီးကုရတာမျိုး၊ တစ်ခါတလေ အမောဖောက်လို့ မော်တော်ပေါ်ကနေ ပွေ့ချရတာမျိုးတွေ ဖြစ်လာသည်။ အဖေ့ကို အနားယူဖို့ ကျွန်မတို့က တိုက်တွန်းသော်လည်း အဖေ လက်မခံပါ။

"ငါ့သား အငယ်ကောင် ဆယ်တန်းအောင်မှ နားမယ်"

သို့သော် အဖေ့ကျန်းမာရေးက အဖေ့စိတ်ဓာတ်တွေကို ခွင့်မပြုတော့ပါ။ တစ်သက်လုံး မိုးဒဏ် လေဒဏ် ရေဒဏ်ကို မတွန့်မဆုတ် ရဲရဲဝံ့ဝံ့ခံခဲ့သော ဧရာဝတီမြစ်ကြီးထဲက လှေသမားကြီးသည် မော်တော်တစ်ခေါက် ပြန်အလာမှာတော့ အိပ်ရာထဲ ဗုန်းဗုန်းလဲတော့သည်။

(၅)

ကျန်းမာရေးမကောင်းလို့ အိမ်မှာ အနားယူတော့မှ အဖေ့ကို ကျွန်မတို့ အနီးကပ် ပြုစုခွင့်ရတော့သည်။ နှစ်ပေါင်းခြောက်ဆယ်ကျော် ဧရာဝတီမြစ်ကြီးထဲမှာ ဘဝကို ကူးခပ်ခဲ့သော လှေသမားကြီးကတော့ အိပ်ရာထဲလဲနေတာတောင် ငယ်ကအကြောင်းတွေ စားမြုံ့ပြန်ရင်း ဧရာဝတီကို လွမ်းဆွတ်နေပုံ ရပါသည်။

"ဟိုတုန်းက လှေတွေက အလုပ်ဖြစ်တော့ အောက်ပြည်အောက်ရွာဆိုလည်း ဘိုကလေး ကျိုက်လတ်အထိ၊ အထက်အညာဆိုလည်း ဗန်းမော်၊ ကသာ အထက် ဆင်ဘိုမြစ်ကျဉ်းအထိ ကုန်ရောင်းကုန်ဝယ် လုပ်ခဲ့ရတာ မပျင်းပေါင်ဗျာ။ နွယ်ငြိမ်းက ကိုမြသိန်းတို့ စဉ့်အိုးဖောင်တွေ ဆွဲတုန်းကလည်း ပျော်လိုက်တဲ့ဖြစ်ခြင်း။ မြစ်ရိုးတစ်တန်း အဖေမသိတဲ့ရွာ မရှိဘူး။



ဘယ်မြို့ ဘယ်ဆိပ်ကမ်းက စထွက်လို့ ဘယ်နှစ်ကြိုးဆွဲရင် ဘယ်ဆိပ်ကမ်းရောက်သဟဲ့ အဖေ တွက်လို့ရတယ်။ သည်တုန်းက သန်တုန်း မြန်တုန်းကိုး"

"အဖေက မြစ်ငါးဆို ချိုလွန်းလို့ သိပ်ကြိုက်တာ။ တစ်ခါက တံငါလှေကလေး မော်တော်ဆောင်းလာကပ်တာ လှေဝမ်းထဲမယ် ငါးဘတ်ကြီး နှစ်ပိဿာခွဲ သုံးပိဿာလောက် ရှိမယ်ထင်ပါရဲ့။ စားချင်လိုက်တာ မပြောပါနဲ့တော့။ အဖေကဝယ်တော့ သူက မရောင်းဘူး။ အိမ်စားဖို့တဲ့။ ကျန်တဲ့ငါးတော့ ကြိုက်တာယူပါပေါ့လေ။ အဖေကလည်း နေစမ်းပါဟဲ့ ဆိုတဲ့ပြီး ခင်ဗျားနှယ် ဟောဒီ ငါးဘတ်ကို ငရုတ်သီးစပ်စပ်နဲ့ နန်းလုံးကြိုင်ရွက်ကလေး ခပ်အုပ်လိုက်ရင် စားကောင်းလိုက်မယ့်ဖြစ်ခြင်းလို့ ပြောလိုက်တယ်။ အဲသည် ကိုတံငါက ကုန်းပေါ်တက်ပြီး နန်းလုံးကြိုင်ရွက်တွေ ခူးသွားလေရဲ့၊ ငါးဟင်းကို နန်းလုံးကြိုင်ရွက် အုပ်ချက်တော့ ခါးအန်သွားတော့တာပေါ့။ အဲဒါ အဖေတို့မှာ ပြုံးလို့ ရယ်လို့ မဆုံးခဲ့ဘူး။ အင်း... လှေသမား၊ မော်တော်သမားတွေဆိုတာကလည်း အကျိုးစားက ခပ်သန်သန်တွေရယ်"

"အဖေတို့တစ်တွေက မြစ်ကြီးထဲမှာ အချိန်ကုန်ရတဲ့ လူတွေဆိုတော့ ကုန်းပေါ်မှာတော့ လူအတွေပေါ့အေ။ ဒါနဲ့ လည်အောင်ဆိုပြီး ရန်ကုန်ဆိပ်ကမ်းရောက်တော့ တစ်ယောက်တစ်ရာစုထည့်ပြီး ကရုဝိက်ဟိုတယ် တက်စားကြတာ။ ဟိုရောက်တော့ အင်္ဂလိပ်လိုရေးထားတဲ့ ကတ်ပြားကြီးထိုးပေးရော။ အဖေတို့ထဲမှာ ဘယ်သူမှလည်း အင်္ဂလိပ်စာ မတတ်ဘူး။ လူအလို့လည်း အထင်မခံချင်ကြဘူး။ အဲဒါ အဖေက လူလည်လုပ်ပြီး အပေါ်ကငါးမျိုး မင်နဲ့ခြစ်ပေးလိုက်တာ လာချတော့ ထမင်းချည်း ငါးမျိုးဖြစ်နေတာလေ"

www.burmeseclassic.com



အဖေသည် သူ့အနား လူလာထိုင်လျှင် မမောနိုင် မပန်းနိုင် ပြောနေတတ်သည်။ ကျွန်မမှာတော့ သမီးမိန်းကလေးတစ်ယောက်တည်းမို့ အဖေနှင့် အနီးကပ်ဆုံးနေရသူ၊ အဖေ့စကားတွေကို အများဆုံး နားထောင်ရသူဖြစ်သည်။ အဖေ့မှာ လေ့စီးကတည်းက ရေဒီယိုကလေးတစ်လုံး ဝယ်ထားတာရှိသည်။ လက်ဦးပေါ် National အမျိုးအစား စားပွဲတင် ရေဒီယိုကလေး ဖြစ်သည်။ အဖေက သည်ပစ္စည်းကလေးကိုတော့ အတော်မြတ်နိုးရှာသည်။ လေ့ထိုးရင်း သီချင်းနားထောင်သည်။ သတင်းလိုင်းပေါင်းစုံ နားထောင်သည်။ ညတိုင်လျှင် အဖေကသာ အိပ်ပျော်ချင်ပျော်နေမည် ရေဒီယိုကလေးကတော့ သတင်းတွေ လွှင့်နေဆဲ။ ကမ္ဘာပေါ်မှာ ဘာဖြစ်နေသလဲ အဖေ အကုန်သိသည်။ စိတ်လည်း ဝင်စားသည်။ ဖောက်ကလန်ကျွန်းကိစ္စ၊ အီရန်၊ အီရတ် ပင်လယ်ကွေ့စစ်ပွဲ၊ ဖိလစ်ပိုင်အမျိုးသမီးသမ္မတကိုရာဇန်အာကွီနိုအကြောင်း၊ မစ္စအင်ဒီရာဂန္ဒီ လုပ်ကြံခံရမှု၊ မာဂရက်သက်ချာ၏ ဒေါင်းနင်းလမ်းက အိမ်တော်အကြောင်း၊ အမေရိကန်သမ္မတရွေးကောက်ပွဲ၊ ဟောင်ကောင်နိုင်ငံသတင်း၊ ဆိုးလ်မြို့တော်က အိုလံပစ် အားကစားပွဲတော်အကြောင်းစသည့် ကမ္ဘာ့အရေးသတင်းများကို အဖေ စိတ်ဝင်တစားရှိနေတတ်တာကို ကျွန်မ အံ့သြခဲ့ရသည်။ မြစ်ကြီးထဲမှာ အချိန်ကုန်ခဲ့ရသော၊ ကိုယ့်ကိုကိုယ် လူအကြီးဟု ခံယူနိမ့်ချခဲ့သော လှေသမားကြီးတစ်ယောက်နှင့်မတူဘဲ နိုင်ငံတကာ သတင်းစာဆရာတစ်ယောက်နှင့် တူနေတော့၏။ ကျွန်မကို ကမ္ဘာ့မြေပုံတစ်ချပ် ဝယ်ခိုင်းပြီး သူ့အိပ်ရာဘေးနံရံမှာ ကပ်ထားခဲ့သည်။ သတင်းနားထောင်လိုက် မြေပုံထကြည့်လိုက် ကျွန်မကို မေးလိုက်၊ ပြောလိုက်နှင့် အဖေ့ကြောင့် ကျွန်မ သည်လို ကမ္ဘာ့သတင်းတွေ စိတ်ဝင်စားတတ်ခဲ့ခြင်း ဖြစ်၏။

တစ်ခါတစ်ရံတော့လည်း အဖေသည် သားများ၏ အပေါင်း



အသင်းများနှင့် အဖွဲ့ကျချင် ကျနေတတ်ပြန်သည်။ အထူးသဖြင့် လှေသမား၊ မော်တော်သမားများသည် အိပ်ရာထဲလဲနေသော အဖေ့ကို သူတို့ လှေကိစ္စ၊ မော်တော်ကိစ္စတွေကို လာတိုင်ပင်တတ်ကြသည်။

"ဘကြီးညို၊ ကျွန်တော်တို့ ညောင်ဦးက စုန်တော့ မနက်အစောကြီးဗျ။ လေးနာရီလောက် စထွက်တော့ ရောင်နီတောင် မသမ်းသေးဘူး။ လမ်းရှာရောက်တော့ တစ်နာရီခွဲပဲ ရှိသေးတယ်။ ဒါနဲ့ စလေလောက်တော့ ရောက်မှာပဲဆိုပြီး မနားဘဲ ဆက်စုန်ကြတာ၊ ဟား… စလေရောက်တော့ မှောင်နေပြီ။ နောက်ဆုံး ဖောင်ကမ်းကပ်တော့ မြင်တောင် မမြင်ရတော့ဘူးဗျာ"

"ဟ… မင်းတို့ မှတ်ထား၊ လမ်းရှာနဲ့ စလေကြား ချောက်မြို့ကမ်းတစ်လျှောက်နဲ့ အောင်လံမြို့ထိပ်ကနေ မြို့အမြီးအထိ၊ နောက်ပြီး ခနဖြူကမ်း တစ်လျှောက်ဆိုတာတွေက ရေအိကြီးတွေကွ၊ မစီးဘူး။ အဲသည့်နေရာရောက်ရင် နာရီကြည့်ချိန်ရတာ ခက်တယ်ကွ။ ပုံမှန်သွားနှုန်း မဟုတ်တော့ဘူး။ တစ်နာရီကျော်လို့မှ အဲဒီမြို့တွေ မရောက်ရင် ရှေ့ဆက်မသွားနဲ့တော့။ ရောက်တဲ့နေရာ စခန်းသတ်ပေတော့။ အေး… ဆက်သွားလို့ကတော့ မိုးချုပ်မှာပဲကွ"

သည်လမ်း သည်ခရီးနှင့် သည်အလုပ်ကို နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့သော အဖေ့အတွေ့အကြုံ ကြီးမားမှုကြောင့် မော်တော်ကို သားတွေနှင့် လွှဲထားသည်ဆိုသော်လည်း အိပ်ရာထဲမှ စီမံခန့်ခွဲနေဆဲ ဖြစ်သည်။ မော်တော် တစ်ခေါက်ပြန်လာတိုင်း အဖေက သားတွေကို လုပ်ငန်းခွင် အတွေ့အကြုံ စစ်ဆေးမေးမြန်းတတ်သည်။ အဖေ့ကို လိမ်လို့ညာလို့မရ။ တစ်ခါတစ်ခါ သားအဖတစ်တွေ စာရင်းရှင်းကြပုံက ရယ်စရာ ပျော်စရာ ကောင်းနေတတ်သည်။ အစ်ကိုကြီးက စက်ပစ္စည်းစာရင်းထဲတွင် ရမ် (အရက်) ကို စာရင်းထည့်ထားတော့ အဖေက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦးကွ၊ ငါ့မော်တော်စက်ထဲကို ဒီ 'ရမ်' ဆိုတာကြီးက ခဏခဏ ထည့်နေရတာ မဟုတ်သေးပါဘူးကွ။ အော်ရဂျင်နယ်ရအောင် ရှာကြစမ်းပါ"

'ရမ်' ဆိုတာကို အရက်ဟု အဖေ မသိ၍ အစ်ကိုကြီးက ငွေနှင့် စာရင်း မကိုက်ကိုက်အောင် လုပ်ထားခြင်း ဖြစ်သည်။ အဖေ့ကွယ်ရာမှာ ကျွန်မတို့ ရယ်မိကြသေး၏။ အဖေက စာရင်းစစ်လျှင် သူ့ထုံးစံအတိုင်း စေ့စေ့စပ်စပ် ရှိလှသည်။

"မင်းတို့ဟာက မြင်းမူတုန်းက ကွမ်းအစိတ်သားဝယ်တာ ချောက်အထိ စားရတယ်။ ချောက်ကနေ ရေနံချောင်းကျတော့ နှစ်ရက်တောင် မစုန်ရသေးဘူး။ အစိတ်သား ထပ်ဝယ်ရသလားကွ" ဆိုတာမျိုး။

"မကွေးမှာ ဝက်သား ငါးဆယ်သားဆိုပြီး သည်အောက်နားကျ ငါးခုနစ်ဆယ့်ငါးကျပ်သားဆိုတော့ မင်းတို့က တစ်ရက်တည်းနဲ့ ဟင်း နှစ်မျိုး စားကြတဲ့သဘောလား"

ဆိုတာမျိုးတွေအထိ စစ်တော့ အစ်ကိုကြီးက စိတ်ညစ်လာပုံရသည်။

"အဖေနဲ့ စာရင်းရှင်းရမှာ ကျွန်တော်တော့ ကျားမြီးဆွဲလိုက်ချင်သေးဗျာ"

အဖေ့ကိုပြောတော့ အဖေက သူ လေ့စီးတုန်းက စာရင်း၊ စဥ့်အိုး အရောင်းအဝယ်လုပ်တုန်းက စာရင်း၊ မော်တော်စာရင်းစာအုပ်တွေ အထပ်လိုက်ကြီးချပြီး ရှင်းပြတော့၏။

"မင်းတို့က ဒါကလေးတင်လုပ်ရတာ၊ အဖေတို့တုန်းက သည်မှာကြည့်"

အဖေသည် တစ်မူး တစ်ပဲခေတ်ကနေ တစ်ထောင် တစ်သောင်းခေတ်အထိ သူ ပြုစုလာခဲ့သော စာရင်းတွေကိုပြပြီး သင်တော့သည်။



"ပဟာသည်မှာ စဥ့်အိုးစဥ့်ခွက်ရောင်းတုန်းက စာရင်း၊ အိုးပုတ်၊ ချိုးပြက်ကအစ ရာဝင်အိုး၊ တစ်ရာငါးဆယ်ဝင်အိုးကြီးတွေအထိ တစ်မယ်ချင်း မှတ်တာ။ ဈေးနှုန်း၊ အရေအတွက်၊ အလုပ်သမားခ၊ လှည်းခ တွေ့လား"

သားတွေကတော့ စိတ်မပါ့တပါဖြင့် ဝိုင်းအုံကြည့်ကြရတော့၏။

"ဉဝ်ဆိုတာ ဘာလဲအဖေ"

ကျွန်မက စာလုံး ထူးထူးဆန်းဆန်းမို့ မေးလိုက်တော့ အဖေက ပြုံးသည်။

"အဲဒါ ပိဿာငါးဆယ်ဝင်တဲ့ စဥ့်အိုးကိုပြောတာပေါ့။ ငါးဆယ်မှာ ဝ တစ်လုံးခိုးပြီး အပေါ်က သေတ်ပြီး ဝင်လိုက်တာလေ"

ကျွန်မတို့ ရှေးဗမာတွေရဲ့ လက်ရေးတို။ အဖေသည် ရွာဦးကျောင်းဆရာတော်၏ ကျောင်းက ဆင်းလာသော ဘုန်းကြီးကျောင်းသားပေမယ့် စာရင်းအင်းကို သည်လိုမှတ်ရမယ်ဆိုတာ ဘယ်လိုသိနေတာပါလိမ့်လို့ ကျွန်မ စဉ်းစားကြည့်မိပါသည်။ လုပ်ငန်းအပေါ်မှ မဟုတ်၊ အဖေ ဘုရားဂေါပကဥက္ကဋ္ဌလုပ်တုန်းကလည်း သည်လိုပဲ စာရင်းမှတ်ခဲ့တာပါပဲ။ အဖေ့ဘုရားစာရင်းကို စစ်သည့် ဘကြီးလှိုင်ကိုယ်တိုင်ပင် စာရင်းမစစ်တတ်နိုင်ခဲ့ပါ။

"ဘိုးညိုစာရင်းကို ငါ မစစ်တတ်ဘူး။ ငါတို့က ရှမ်းချေ ချေတာမှ နားလည်တာ။ ဘိုးညိုက ဘဏ်ကိုင် ကိုင်ထားတာ"

သည်စကားကို အဖေ ပြန်ကြားတော့ ပြုံးပြုံးကြီး ဂုဏ်လုပ်နေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၆)

အဖေ မော်တော်မလိုက်တော့တာ ကျန်းမာရေးကြောင့်ချည်းလည်း မဟုတ်ပါ။ ကျွန်မတို့ ကမ်းနားရပ်ကွက်ကလေးတွင် ရှေးသမစဉ် ကတည်းက တည်ထားကိုးကွယ်ခဲ့ကြသော ဘုရားစေတီကလေး ရှိသည်။ စေတီကလေးက မြစ်ဆိပ်ကမ်းနဖူးတွင် တည်ရှိသည်။ ဧရာဝတီမြစ်ကြီးထဲမှ လှမ်းမျှော်ကြည့်လိုက်လျှင် စေတီကလေးကို ဖွေးဖွေးလှုပ်လှုပ် ဖူးမြော်ကြည်ညိုနိုင်သည်။ ဂေါဝိန်ဆိပ် အောက်ဘက်ရှိ သည်နေရာကလေးကို ဘုရားလေးဆိပ်ဟု ခေါ်ကြသည်။ မြစ်ရေတိုးချိန်ဆိုလျှင် ဘုရား အုတ်တံတိုင်းကို ရေမြုပ်တတ်သည်။ တစ်ခါတစ်ရံ မြစ်ရေ တအားကြီးချိန်များမှာတော့ စေတီကလေး၏ ဖိနပ်တော်အထိ ရေရောက်တတ်ပါသည်။ မြစ်ဆိပ်ကမ်းပါးမှာ တည်ထားသည့် ဘုရားစေတီမို့ ရေတိုက်စား ကမ်းပါးပြိုတိုင်း ဘုရားအုတ်တံတိုင်းတွေ ပဲ့ပဲ့ကျကာ နစ်စဉ်လိုလို ပြင်ကြဆင်ကြရသည်။ အုတ်တံတိုင်းတစ်မြို့လုံး ပြိုကျပျက်စီးသွားတော့ ရပ်ကွက်က အစည်းအဝေးခေါ်ကာ အဖေ့ကို ယုံကြည်လေးစားစွာဖြင့် ဘုရားဂေါပက ဥက္ကဋ္ဌ တာဝန်ပေးကြတော့သည်။ ကုသိုလ်ကိုယူချင်သောကြောင့် မော်တော်မလိုက်တော့တာလည်း ဖြစ်ပါသည်။

မြစ်ရိုးတစ်တန်းကို အနှံ့ရောက်ခဲ့ဖူးသော အဖေသည် ဘုရားခြေတော်ရင်းမှာ ကျောက်ထုတ် တံတိုင်းပိုးရိုက်ဖို့ သူကိုယ်တိုင်ပဲ စိတ်ကူးဒီဇိုင်း ဆွဲပေးခဲ့သည်။

"ဧရာဝတီမြစ်ထဲ ခြေဆင်းပြီး တည်ထားတဲ့ဘုရားတွေ အများကြီး ဖူးခဲ့ဖူးတယ်။ အညာသီဟတောဘုရား၊ မကွေးမြသလွန်ဘုရား၊ ပုဂံ ဗူးဘုရား၊ အင်း... ကျုပ်ကတော့ ပုဂံ ဗူးဘုရားတည်ထားတာကို အကြိုက်ဆုံးပဲဗျ။ ကျောက်ကို တည့်မဟုတ်ဘဲ စောင်းချရိုက်တော့ ရေစားသက်သာတယ်။ ဗူးဘုရားတည်ထားခဲ့တဲ့သက်တမ်း နည်းရောလားဗျာ"



အင်ဂျင်နီယာ လက်ထဲကို သူ ဆွဲထားသော ပုံကြမ်းကလေးကို ထည့်လိုက်ရင်း အဖေက ပြောသည်။ အင်ဂျင်နီယာက ချီးကျူးတော့ အဖေသည် ကလေးတစ်ယောက်လို ပြုံးနေသည်။ အဖေ့စာအုပ် ဗီရိုမှန်တွင် အဖေဆွဲခဲ့သည့် ဘုရားကျောက်တံတိုင်း ပုံကြမ်းကလေး အခုထိကပ်ထားဆဲ ဖြစ်သည်။ ဘုရားပြင်တုန်းက အဖေသည် တောင်ဝှေးတစ်ချောင်းအကူနှင့် ကျောက်ကားကြီးစီးပြီး မန္တလေး အရှေ့ထုံးဘိုရွာကို အခေါက်ခေါက် အခါခါသွားသည်။ နာရီစင်အနီးရှိ ကုန်သွယ်ရေးကို ကိုယ်တိုင် ပစ္စည်းသွားလျှောက်သည်။ ဘုရားပြင်သည့် မြစ်ဆိပ်ကမ်းနဖူး လေတဟူးဟူး ကြားတွင် ပန်းရန်တွေနှင့်အတူ သွားနေသည်။ လူငယ်တွေ ရန်ပုံငွေရှာကြသည့် ပွဲလမ်းသဘင်တွေကိုလည်း နေ့ညမရွေး လိုက်သွားတတ်သည်။ ကျွန်မက အဖေ့ကျန်းမာရေးကို စိုးရိမ်ပူပန်ပြီး သတိပေးတော့ အဖေက ကျွန်မကို ပြန်နားချနေသေးတော့၏။

"အဖေ့ တစ်သက်လုံး လောကီအလုပ်တွေ ထမ်းပိုးလာရတာ လောက် မပင်ပန်းပါဘူးကွယ်။ အဖေ့ကံပါလို့ ဘုရားပြင်ရတာ အဖေ ဝမ်းသာနေတာပါ သမီးရယ်"

ဘုရားကို ရှစ်နှစ်တိုင်တိုင် အဖေ ကြိုးစားပမ်းစားပြင်ခဲ့ရသည်။ အဖေ ပြင်ဆင်ပြီးနောက် ဘုရားတံတိုင်းကြီးလည်း မပြိုတော့ပါ။ အခုဆိုလျှင် နှစ်ပေါင်းနှစ်ဆယ်တောင် ကျော်ရော့မည်။

အလုပ်နားပြီဆိုသော်လည်း အိမ်မှာ အကြပ်အတည်းဖြစ်တိုင်း အိပ်ရာပေါ်က အဖေ့တာဝန်လိုပဲ ဖြစ်နေခဲ့သည်။ အဖေ့အကြံဉာဏ်၊ အဖေ့ အစီအမံဖြင့် ငွေရှာပြီး အခက်အခဲကို ဖြေရှင်းနေရဆဲ ဖြစ်သည်။ တစ်ခါတလေတော့လည်း အဖေက ညည်းရှာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငွေတိုးများ သိပ်ကြောက်စရာကောင်းတာ။ အမေ့ဘဝသက်တမ်းတစ်လျှောက်လုံး သူတစ်ပါးကို တစ်ဝက်လုပ်ကျွေးခဲ့ရတာပဲ။ သူများငွေယူမိထားရင် ဆပ်ရတာများ မကြေတော့ဘူး ထင်ရရဲ့။ မင်းတို့ကို အဖေမှာခဲ့ချင်တယ်။ မင်းတို့များ ပိုက်ဆံရှိလို့ကတော့ သူတစ်ပါးကို ငွေတိုးပေးမစားကြနဲ့။ ငွေတိုးယူပါတယ် ဆိုကတည်းက မရှိလို့ ယူကြရတာ။ သည်ကြားထဲ အတိုးအညွန့်က ဆပ်ရသေး။ အေး... မင်းတို့ကလည်း ငွေတိုးယူရတဲ့ ဘဝက လွတ်အောင်ရုန်းကြ"

အသက်ကလေးရလာတော့ သူတစ်ပါးကြွေးမြီ အတင်မခံချင်တော့ဘူး ထင်ပါရဲ့။ ဟိုတုန်းက သူ့ကို ငွေတိုးပေးတာကိုပင် ဂုဏ်ယူတတ်ခဲ့သော အဖေသည် အခုတော့ သူ မစွမ်းဆောင်နိုင်သည့်အရွယ် ရောက်ပြီလို့ သဘောပိုက်ခဲ့ပြီလားမသိ။ ကျွန်မကတော့ အဖေနှင့် လက်ပွန်းတတီး နေရသော သမီးမို့ အဖေ့ဆီက စကားတွေအများကြီး ကြားခဲ့ရသည်။

"ဟိုတုန်းကတော့ ငါများ အိုရင် နာရင် အသက်ကြီးရှည်ပြီး သားတွေ သမီးတွေကို ဒုက္ခမပေးချင်ဘူး။ ခေါက်ခနဲ သေသွားချင်တယ်လို့ အောက်မေ့မိတာ။ အခုတော့ လူ့ဘဝရဲ့ တန်ဖိုးကို အဖေသိပြီ။ တစ်ရက်ပိုအသက်ရှည်ရင် တစ်ရက် ပိုသိတယ်။ နေ့စဉ် တွေ့မြင်နေကျပေမယ့် သတိတရားရှိချင်မှ ရှိတာ။ ဟောဒီ ထင်းတုံးကြီးကို ကြည့်"

ဆောင်းတွင်းမို့ အဖေ့အိပ်ရာဘေးမှာ မိုပေးထားသော မီးလင်းဖိုကြီးက ရဲရဲတောက်လို့နေသည်။

"အစကတော့ သူက ထင်းတုံးကြီးပဲ။ တဖြည်းဖြည်းနဲ့ မီးစွဲလောင်သွားတော့ မီးကျီးခဲကြီးဖြစ်သွားတယ်။ နောက်တော့ ရုပ်ဝတ္ထုကြီးတစ်ခုလုံး ပျောက်သွားပြီး ပြာမှုန့်တွေ ဖြစ်သွားတယ်။ အနိုးအငွေ့ ဖြစ်သွားတယ်။ နောက်တော့ ဘာတစ်ခုမှ မဟုတ်တော့ဘူး။ ဒါကိုပဲ ဇာတိ၊ ဇရာ၊



ဗျာဓိ၊ မရဏလို့ မှတ်ယူလို့ရတယ်။ လူ့ဘဝဆိုတာ ရခဲတာလည်း မှန်တယ်။ ပျောက်လွယ် ပျက်လွယ်ဆိုတာလည်း မှန်တာပဲ"

ဘုရားဝေယျာဝစ္စကို ရှစ်နှစ်ကျော် လုပ်ဆောင်ပြီးသည့်နောက်တွင် အဖေ ဆက်မလုပ်နိုင်တော့ပါ။ ကျွန်မတို့ အိမ်ကလေးပေါ်က သူ့ခုတင်ပေါ်မှာပဲ ထိုင်လိုက်၊ လှဲလိုက်ဖြင့် တရားအားထုတ်နေတော့သည်။ ခါတိုင်းလိုလည်း စကားသိပ်မပြောတော့။ အဖေ စကားသိပ်မပြောတော့ ကျွန်မတို့ စိတ်မကောင်းဖြစ်ကြရသည်။ တစ်ခါတစ်ခါ ကျွန်မတို့ မောင်နှမတွေက အဖေ့ကို ကလေးတစ်ယောက် စသလို စကြ နောက်ကြ လုပ်ကြသည်။

"သေတယ်ဆိုတာ ကလိထိုးတာ မဟုတ်ဘူးကွ"

ခါတိုင်းလို အရွှန်းပြန်မဖောက်ဘဲ စိတ်တိုတိုနှင့် အဖေ အော်တော့ ကျွန်မမှာ ဝမ်းနည်းမိရသည်။ ဝေဒနာကို အဖေ ကြိတ်ခံစားနေရတာများလား။ အိပ်ရာထဲ အနေများလာတော့ အဖေ့တင်ပါးမှာ အကြိတ်ကြီးဖြစ်လာသည်။ အကြိတ်ကြီးက မာခဲရောင်ကိုင်းပြီး အနာကြီးဖြစ်လာသည်။ အနာကြီးက မုန့်ပြား သလက်ပေါက်တွေလို ဇကာပေါက်တွေ ဖြစ်လာသည်။ ပြည်အမြစ်ဆံကြီးတွေက ဆန်စေ့တွေလို ဇာဂနာနှင့် ဆွဲနုတ်ယူရသည်အထိ။ အဖေ့အနာ ဖန်ဆေးပေးရင်း ကျွန်မ မျက်ရည်ကျမိသည်။

"အင်း... အဖေ့မှာ အရင်ဘဝက ဒါနမျိုးစေ့ မအောင်ခဲ့လို့ သည်ဘဝမှာ ဆင်းတောင့်ဆင်းရဲ လုပ်စားခဲ့ရတယ်။ သီလကောင်းလို့ အသက်တော့ ရှည်ပါရဲ့။ အနာမျိုး ကိုးဆယ့်ခြောက်ပါးက မကင်းပြန်ဘူး။ လောကမှာ ဘာပဲလုပ်လုပ် စိတ်ရင်း စေတနာကောင်းနဲ့လုပ်ကွယ့် သမီးရဲ့။ စိတ်ဆိုးစိတ်ညစ် မစွန်းငြိစေနဲ့"

အနာကြီးပျောက်ကင်းသွားပြန်တော့ အဖေ့မှာ ဆီးမသွားနိုင်သည့် ဝေဒနာ ခံစားရပြန်သည်။ ဆရာဝန်က ဆေးရုံတက်ဖို့ တိုက်တွန်းတော့ အဖေက ငြင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေ ဆေးရုံမတက်ချင်ဘူး။ ဆေးရုံရောက်သွားရင် ရောဂါအမယ်တွေ များလွန်းလို့။ အင်္ဂလိပ်ဆေးဒဏ်လည်း အမေ မခံနိုင်ပါဘူးကွယ်။ ပြီးတော့ အမေ ဆေးရုံမှာ မသေချင်ဘူး"

အမေ့စကားကိုကြားတော့ ကျွန်မ မျက်ရည်မဆည်နိုင်ခဲ့ပါ။ အမေသည် သူ့ကိုယ်သူ သေခြင်းတရားနှင့် ရင်ဆိုင်ရဖို့ နီးပြီလို့ တွက်ဆထားပုံရသည်။ အမေ့ကို ပြောမရသည့်အဆုံး ဆရာဝန်က အိမ်မှာတင် ကုသပေးခဲ့သည်။ အမေကြောက်သည့် ဆီးပိုက်ကြီးတန်းလန်းနှင့် တစ်လလောက် နေလိုက်ရရှာသည်။ သည်တုန်းက အမေ ဘယ်လောက်များ အခံရခက်ရှာလေမလဲ။ ထမင်းနှင့် ဟင်းကိုတောင် မြိန်ရေရှက်ရေ မစားတော့လို့ ကျွန်မတို့က အစာစားဖို့ အတင်းတိုက်တွန်းသည်။

"အမေ မစားနိုင်လို့ပါကွယ်။ အစားဆိုတာ ခန္ဓာကိုယ်ထဲသွင်းဖို့ လွယ်ပါတယ်။ ပြန်ထုတ်ဖို့ရာသာ ခက်တာ။ ပြန်မထုတ်နိုင်လို့ ခန္ဓာကိုယ်ကို ဒုက္ခပေးတဲ့ ဝေဒနာက ပိုဆိုးတယ်ကွယ်"

ထမင်းမစားသော်လည်း ကြက်ဥပွတင်းကလေးကိုတော့ အမေ ခံတွင်းတွေ့ဟန် တူပါသည်။ အမေ ခံတွင်းလိုက်သော ကြက်ဥပွတင်းကလေးကိုတော့ ကျွန်မတို့က ဂရုတစိုက် ဝယ်ပေးပါသည်။ အမေ့ကို လူမမာလာမေးသော လေ့သူကြီး ဦးရေကျော်က အမေ့ကို ကုသိုလ်လုပ်ချင်၍ ပွတင်းဈေးနှုန်း မေးပါသည်။ မမာသည့်ကြားက အမေ ဖြေလိုက်ပုံကြောင့် ကျွန်မတို့ ရယ်ကြရသေး၏။

"ကျုပ်သားတွေက တစ်ယောက်သွားရင် တစ်ဈေးဖြစ်နေတာ။ တစ်ရာဖြစ်လိုက်၊ တစ်ရာ့ငါးဆယ် ဖြစ်လိုက်နဲ့ ပွတင်းဈေးကွက်က မငြိမ်သေးပါဘူးဗျာ"

မှုရင်းဈေးထက် ပိုပြောပြီး သားတွေ အိတ်ထောင်ထဲရောက်သွားတတ်တာကို အမေက ဆိုချင်တာပဲ ဖြစ်သည်။ သည်တုန်းက ငွေတစ်ရာ



ဆိုလျှင် ခေါက်ဆွဲကြော်တစ်ပွဲ စားလို့ရသည်။ ဦးရေကျော်က ကျွန်မနှင့်တွေ့တိုင်း သည်အကြောင်းကို ပြောမဆုံး ဖြစ်နေတုန်းပင်။

တစ်ရက်တွင် အမေက ကျွန်မကိုခေါ်ပြီး သူ့စာအုပ် ဗီရိုကလေးကို အဖွင့်ခိုင်းသည်။ ကျွန်မတို့ အလှူတုန်းက ဖိတ်စာကလေးကို ရှာခိုင်းခြင်း ဖြစ်သည်။ အလှူဖိတ်စာကလေးက နှစ်ပေါင်း သုံးဆယ်နီးပါး ရှိနေပြီ။ ဝါကျင့်ကျင့် စာရွက်ကလေးပေါ်တွင် ခရမ်းပြာရောင် စာလုံးကလေးများဖြင့် ရိုက်နှိပ်ထားသော အလှူဖိတ်စာကလေးကို အမေ တတန်တကတောင်းပြီး ဖတ်တာ ကျွန်မ နားမလည်ဖြစ်ခဲ့ရသေး၏။

"အမေတို့ လှူတော့မယ်ဆိုတော့ လက်ထဲ တစ်ပြားမှရှိတာ မဟုတ်ဘူး။ လေ့တစ်ခေါက်ပြန်လာတိုင်း အလှူအတွက် ရည်ရွယ်ပြီး ရှာမှာ ဆန်တစ်အိတ်၊ ဆီတစ်ပုံး၊ ငါးခြောက်တစ်ပြားဆိုသလို နှစ်ချီပြီး စုစုသွားတာ။ ပရိက္ခရာရှစ်ပါးအစ ငှက်ပျောပွဲ အုန်းပွဲကလေးအစ ပြည့်စုံပြီဆိုမှ အလှူရက်သတ်မှတ်ပြီး လှူတာ။ အလှူပြီးတော့မှ အလှူကျငွေကလေးနဲ့ အငြိမ့်ဖိုး၊ ဆိုင်းဖိုး၊ မဏ္ဍပ်ဖိုး ချေရတယ်။ ရွာပြန်လှူတာဆိုတော့ ရွာထုံးစံ ခုနစ်ရက်ခုနစ်လီ ထမင်းရည် ချောင်းစီးပါပဲဗျာ။ အလှူပြီးတဲ့နောက်တောင် ငါးခြောက်သုပ်တွေ ပိုလို့ ဝေရသေး။ အမေ့တစ်သက်မှာ အကြွေးမတင်ဖူးတာဆိုလို့ အလှူကြီးတစ်ခုပဲရှိရဲ့"

အလှူဖိတ်စာရွက်လေးကို ကိုင်ပြီး မျက်ရည်တွေ ဝေသီနေသော အမေ့ မျက်ဝန်းရိပ်က စကားတွေကို ကျွန်မ ခံစားလို့ရနေသည်။ ကျွန်မလူမှန်းသိကတည်းက အိမ်ထောင်တာဝန်တွေကို အကြွေးနှင့် နပန်းလုံးကာ ထမ်းရွက်ခဲ့ရသော အမေ့ပုံရိပ်ယောင်းတွေကို ကျွန်မ မှတ်မိနေသည်ပဲ။ အမေ့ မျက်နှာပေါ်တွင် ကိုယ့်ချွေးနဲ့စာကလေးကို သူများ အညှန့်မခံရဘဲ ငါ လှူနိုင်ခဲ့လေခြင်းလို့ ပြောနေသယောင် ကျွန်မ ထင်မိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## (၇)

အမေ မဆုံးခင် ငါးရက်လောက်က ကိုယ်တွေ ရောင်ဖောလာသည်။ ခါတိုင်း ခွက်ဝင်နေသော အမေ့ပါးပြင်နှစ်ဖက်တောင် မို့တင်းလို့။ အမေက ဖောင်းအိနေသော သူ့ခြေဖမိုးကလေးကို လက်ညှိုးနှင့် ဖိကြည့်သည်။

"အသားကို သည်လိုဖိလိုက်ရင် ချက်ချင်း တုံ့ပြန်ပြီး ပြန်ကြွလာတတ်တယ်။ အခု အမေ့ခြေဖမိုးကို ကြည့်စမ်း။ ဖိလိုက်တဲ့နေရာက ခွက်ဝင်သွားတော့တာပဲ"

"ဆေးတွေ လိမ်းနေတာပဲ အမေရယ်၊ တစ်ရက်နှစ်ရက်လောက်နေရင် အရောင်လျော့သွားမှာပါ၊ ကြည့်နေ"

ကျွန်မက အားပေးစကားပြောတော့ အမေသည် အဝေးတစ်နေရာကိုပဲ ငေးငေးငေးငေး ကြည့်နေသည်။

"သေရမှာ အမေ မကြောက်တော့ပါဘူး သမီးရယ်၊ ဘဝတာကြီးလည်း ရှည်လှပါပြီ။ အမေ တရားနဲ့ ဆင်ခြင်နိုင်ပါတယ်။ ဒါပေမယ့် သေတစ်ဂိတ် ကျန်သေးတယ်ကွယ့်"

နောက်ပိုင်းရက်များတွင် အမေသည် ဝေဒနာကြားက နေ့ရောညပါ တရားအားထုတ်နေတော့သည်။ ခါတိုင်းနိုင်းနေကျ ကျွန်မကိုတောင် လှမ်းမခေါ်တော့ အနားလာပြုစုလျှင်လည်း အမေ သက်သာပါတယ်ကွယ်လို့ပဲပြောပြီး ကျွန်မကို နှင်လွှတ်တတ်သည်။ သည်ဘဝအတွက် သံယောဇဉ်တွေ အမေဖြတ်နေပြီလား။

အမေဆုံးမည့်ညက ကျွန်မတို့ရပ်ကွက် မြစ်ဆိပ်ကမ်းပါးထိပ်မှာ ဇာတ်ပွဲရှိသည်။ မြစ်ပြင်ကို ဖြတ်တိုက်လာသောလေက ဆိုင်းသံ ဗုံသံတွေကို



သယ်ဆောင်လာသည်။ နောက်တစ်ပတ်ဆိုလျှင် အမေ့အသက် ခုနစ်ဆယ်ပြည့် မွေးနေ့ကို ရောက်တော့မည်။ ထိုညက အမေ့ကို ဆေးတိုက်ဖို့လုပ်တော့ ဆေးတွေကများနေလို့ ကျွန်မ လက်ရွံ့နေမိသေးသည်။

"အမေ ဆေးတွေက များတယ်။ အမေ မခံနိုင်ရင် ခွဲသောက်ပါလား"

"သမားပေးတဲ့ ဆေးပဲကွယ်။ အမေ သောက်ပါ့မယ်"

အမေက သူ့လက်ဖဝါး ဖောင်းဖောင်းကလေးဖြင့် ဆေးတွေကို ဖြန့်ခံရင်း ဖြည်းဖြည်းလေးလေး ပြောသည်။ ဒါဟာ အမေ့ရဲ့ နောက်ဆုံးစကားပါပဲ။ သမားဆိုလျှင် ယုံကြည်ရမည်ဟု အမေ ယူဆပုံရသည်။ နောက်ဆုံးအချိန်ထိ အမေ ဆေးသောက်မပျက်ခဲ့။ ညကိုးနာရီလောက် ဆေးသောက်ပြီး ငြိမ်သက်သွားလိုက်တာ ခါတိုင်းလို ချောင်းတောင် တဟွတ်ဟွတ်မဆိုး။ ကျွန်မကတော့ စာဖတ်ရင်း အမေ့ကို စောင့်ကြည့်ရင်း အိပ်ဆေးကြောင့် အမေ အိပ်နေရှာတာလို့ပဲ ထင်မိသည်။ ညဆယ်နာရီကျော်တော့ ကျွန်မ အမေ့ဘေးကိုသွားပြီး လက်ကလေးကို စမ်းကြည့်လိုက်သည်။

"အမေ"

အမေ့ နှာသီးဝမှ နှာရည်ကလေး နှစ်သွယ်က ဝင်လိုက်ထွက်လိုက်နှင့် အမေ ခဲရာခဲဆစ် အသက်ရှူနေတာလား၊ အမေလုပ်နေကျ ထွက်လေ ဝင်လေ မှတ်နေတာလား ကျွန်မ မခွဲခြားတတ်ပေမယ့် အမေငြိမ်သက်နေပုံကို ကျွန်မ နားမလည်နိုင်ပါ။ အမေ့ကိုသွားနှိုးပြီး အမေ့ကို ကျွန်မ ပွေ့လိုက်တော့ အမေ့ ခန္ဓာကိုယ်က ပျော့ပျော့ကလေး ပါလာသည်။ အသက်ရှူနေဆဲ။ နှာရည်ကလေး နှစ်သွယ်က ဝင်လိုက်ထွက်လိုက် ရှိနေဆဲ။

"အမေ... အမေ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ ဝိုင်းခေါ်ကြသော်လည်း အမေက ဘာတုံ့ပြန်မှုမှ မပေးပါ။ နှာရည်လေးနှစ်သွယ်က ဝင်လိုက်ထွက်လိုက်ရှိနေဆဲ။ အမေ့အာရုံတွေက သည်နှာသီးဖျားမှာပဲ ရှိနေတာ သေချာပါသည်။ ခဏနေတော့ ကျွန်မလက်ပေါ်မှာပဲ အမေ ငြိမ်သက်သွားတော့၏။ အမေ့နှာသီးဝက နှာရည်လေးတွေ စီးကျနေသည်။ အမေ အသက်မရှူတော့ပါ။

"ညည်းတို့အမေ မရှိရှာတော့ပါဘူးအေ"

အမေ့အသံ ဗလုံးဗထွေးကိုကြားပေမယ့် ကျွန်မ မယုံနိုင်ဘူး။ ကျွန်မရှေ့မှာ လူသားတစ်ယောက် သေဆုံးတာမျိုး တစ်ခါမှ မတွေ့ကြုံခဲ့ဖူးလေတော့ ကျွန်မလက်ပေါ်မှာ အမေ ဆုံးသွားတယ်ဆိုတာ ကျွန်မ ဘယ်လိုမှ မယုံကြည်နိုင်ခဲ့ပါဘူး။ အသက်မဲ့နေပြီဖြစ်သော အမေ့ခန္ဓာကိုယ်ကို ကျွန်မ တစ်ချိန်လုံး ပွေ့ဖက်ထားမိတယ်။ မနက် သုံးနာရီလောက်မှာတော့ အမေ့ခန္ဓာကိုယ်သည် တကယ်ပဲ အေးစက်တောင့်တင်းလို့သွားခဲ့ပြီ။ အမေပြောခဲ့သော သေတစ်ဂိတ်ဆိုတာကို အသိတရားနဲ့ အမေ ကျော်ဖြတ်သွားနိုင်ခဲ့ပြီကော။

အမေဆုံးပြီး ရက်မလည်ခင်မှာပင် အမေ့အတွက် ဆေးဖိုးဝါးခပေးရန် ကျန်ငွေကို ကျွန်မ သတိတရ သွားဆပ်လိုက်ပါသည်။ ဆရာဝန်က အမေ့ကို သံယောဇဉ်ဖြစ်နေတော့ မယူပါရစေနှင့် ငြင်းတာကို ကျွန်မ လက်မခံပါ။

"ယူပါ ဆရာ၊ မနက်ဖြန်ဆို ကျွန်မတို့ အမေ့အတွက် ရက်လည်ဆွမ်းကျွေးကြမှာပါ။ အမေ့ကို ကောင်းရာသုဂတိလားပါစေလို့ ဆုတောင်းပြီး ကျွန်မတို့တစ်တွေ အမေ့ရဲ့ ဝိညာဉ်ကို လွှတ်ရာလွှတ်ကြောင်း ခွင့်ပြုကြရတော့မယ်။ အမေ့အဖို့ နောင်ဘဝအတွက် ဘာတစ်ခုမှ သံသရာကြွေးပါမသွားစေချင်ပါဘူး။ အမေ့တစ်သက်လုံး သံသရာကြွေးတွေ ဆပ်ခဲ့ပြီးပါပြီ ဆရာ"



ကျွန်မ စကားတွေကို ဆရာဝန်ကတော့ နားလည်နိုင်မည် မထင်ပါ။ အမေ့ဆေးဖိုး အကြွေးအတွက် ကျွန်မ၏ မြေအိုးစုဘူးကလေးခွဲပြီး ဆပ်လိုက်ပါသည်။ အမေ့ကို ကျွန်မ လုပ်ကျွေးလိုက်ရတာ သည်ကုသိုလ်ကလေးပဲရှိသည်။ ဘဝဆက်တိုင်း အမေ သံသရာကြွေးတွေ မတင်ပါစေနဲ့တော့။

ရက်လည်ပြီး နောက်တစ်ရက်မှာတော့ အမေက အမေ့ဓာတာပေရွက်ကလေးကို ကျွန်မလက်ထဲသို့ ထည့်သည်။

"သမီး၊ ညည်းအမေရဲ့ ဓာတာကလေးကို ဧရာဝတီမြစ်ထဲ သွားမျှောပေးပါကွယ်"

အမေဆုံးတုန်းကထက် ပိုပြီး ကျွန်မ ဝမ်းနည်းကြေကွဲမိရသည်။ ဧရာဝတီကို သံယောဇဉ်ကြီးမားလွန်းခဲ့သော လှေသမားကြီး၏ ဝိညာဉ်က အဲသည်မြစ်ကြီးထဲမှာ စုန်ချည်ဆန်ချည် ရှိနေဦးမလား။ ကျွန်မကတော့ ဧရာဝတီမြစ်ကြီးကို မြင်တိုင်း အမေ့ကို လွမ်းဆွတ်နေမိတတ်သည်။ ဧရာဝတီသည် ကျွန်မတို့ ဘဝမှာ အထင်ကရ အရေးပါသော ကျေးဇူးရှင်မြစ်တစ်စင်းလည်း ဖြစ်သည်။ ဧရာဝတီမှာ လှေနှင့် တက်နှင့် လှော်ခတ်ကျွေးမွေးရင်း ပြုစုစောင့်ရှောက်ခဲ့သည့် အမေ့ကျေးဇူးတရား ကြီးမားသလို ဧရာဝတီ၏ ကျေးဇူးတရားကိုလည်း ကျွန်မ အမြဲအောက်မေ့နေမိတတ်ပါသည်။

သည်လိုပါပဲ။

အမေသည်လည်း ကျွန်မတို့အတွက် ထာဝရမေတ္တာများဖြင့် စီးဆင်းနေသော 'ကျေးဇူးတော် မြစ်တစ်စင်း' ပဲ မဟုတ်လား။

(အမေများသို့...)

[ရွှေအမြုတေမဂ္ဂဇင်း၊ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ]

▢

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# စကားလှေ

သည်ကနေ့ ကျွန်မတို့မိသားစု အမေ့အိမ် သွားလည်ကြမည်။

ကျွန်မတို့မိသားစု ကန်တော်ကြီးတိုက်တန်းခေါ်သည့် ရောဝတီမြစ်ဘေးက တိုက်တန်းမှာနေစဉ်က အမေ့အိမ်နှင့် သိပ် မဝေးလှပါ။ တိုက်ပေါ်ကဆင်းပြီး မြစ်ဆိပ် တာပေါင်ရိုးကြီးအတိုင်း မြောက်ဘက်ကို မိနစ်နှစ်ဆယ်လောက် လမ်းလျှောက်သွားလျှင် ရောက်နိုင်ပါသည်။ ထိုစဉ်ကတော့ လေးထပ်တိုက် အပေါ်ဆုံးအထပ်က အခန်းလေးထဲမှာ တစ်နေ့ကုန် တကျွေးကျွေး တကုပ်ကုပ်နေရသူတွေဆိုတော့ ညနေတိုင်လျှင် အမေ့အိမ်ကို လမ်းလျှောက်ရင်း ခြေညောင်းလက်ဆန့် ဆိုသလို သွားဖြစ်ကြသည်။ ကျွန်မတို့က ညနေတိုင်း မရောက်ဖြစ်သော်လည်း အမေကတော့ ညနေတိုင်းလိုလို ကျွန်မတို့ကို မျှော်နေကျ။ အမေ့ကို သတိထားမိသလောက် အသက်အရွယ်ကလေးရင့်လာတော့ သူ့ငယ်ဘဝ ပုံရိပ်တွေကို တစ်ခုမဟုတ် တစ်ခု ပြောချင်နေပုံရသည်။ ထွေရာလေးပါး ဟိုရောက်သည်ရောက် အမေ့စကားတွေထဲမှာ လူ့သဘာဝ လူ့အကြောင်း မြင်သန်းမှုတွေ များလှသည်။ ကျွန်မတို့မှာလည်း နားထောင်လို့ မငြီးခဲ့။

www.burmeseclassic.com

www.burmeseclassic.com



အမေ့စကားတွေထဲမှာ အခါခါ ကြားဖူးနေကျ စကားတွေပါသလို ကြားရသမျှလည်း မရိုးနိုင် မအီနိုင်။ အမေက စကားပြောကောင်းသူဆိုတော့ ဘာပြောပြော နားထောင်လို့ ကောင်းသည်။ စကားရေး စကားရာကလည်း ကြွယ်ပါဘိ။

အမေသည် အသက်ခုနစ်ဆယ်ကျော်လို့ ရှစ်ဆယ်တွင်း ရောက်သည့်တိုင် မှတ်ဉာဏ်ကောင်းဆဲ၊ မာဆဲ၊ ထန်ဆဲ၊ စကားတွေ စီကာပတ်ကုံး ပြောတတ်ဆဲ။ အမေ့ဘဝ၊ အမေ့ ဖြတ်သန်းမှုတွေထဲကလာသော အနှစ်ခုနစ်ဆယ်ကျော် အတွေ့အကြုံတွေမို့ ကျွန်မတို့မှာ မှတ်ရသားရ တစ်ထုပ်တစ်ပိုက် ရှိရသည်သာ ဖြစ်သည်။ အမေ့စကားတွေထဲမှာ အမေ့ဇာတိ အညာရွာကလေးက ကျေးတောသူဘဝ ပါမည်။ အမေ့ ဆယ့်နှစ်ပွဲဈေးသည်ဘဝ ပါမည်။ အဖေနှင့်အတူ ရေထဲ မိုးထဲ လေထန် လှိုင်းထန်ဘဝကို ရဲရဲရင့်ရင့် လျှောက်လှမ်းခဲ့ရသော ရှေးလှေကြီးပေါ်က လှေသူကြီးကတော်ဘဝ ပါမည်။ အမေသည် ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ကိုသာ တလွမ်းလွမ်း တဆွေးဆွေး ပြောတတ်သည်မဟုတ်။ ပြောလက်စ စကားတွေထဲမှာ အမေ့အမြင်၊ အမေ့အတွေး၊ အမေ့ခံစားချက်တွေပါ ပါတတ်သည်မို့ ကျွန်မတို့အတွက် တွေးစရာ ရေးစရာတွေရလို့ပင် မဆုံးနိုင်တော့။

အမေတို့မှာ ခေတ်ကာလအလျောက် ပညာကို ဟုတ်တိပတ်တိ မသင်ခဲ့ရရှာသော်လည်း အညာကျေးတောသူပီပီ စကားကို ရှင်းခနဲ ဘွင်းခနဲ လုံးကြီးခဲရ ပြောတတ်သည်။ ဘိုးခနဲ ဘတ်ခနဲ ဆိုးခနဲ ဆတ်ခနဲ ပြောတတ်သည့် ဥာဉ်ကြောင့် အပြောအဆိုခံရသူတို့ နာလိုခံခက် ဖြစ်ရခြင်းနှင့်အတူ အမေ့ကိုလည်း အမြင်စောင်းတတ်ကြသည်။ ဒါကိုပင် အမေက ဂုဏ်ယူနေတတ်သေးသည်။ ပြောတော့လည်း အော်ကြီးဟစ်ကျယ်။



"စကားပြောသာပဲအေ ဟုတ်သာမှန်သာ ပြောသဲ့ဟာကို တိုးတိုးလုပ်နေနိုင်ပေါင်။ တို့ကတော့ ကျယ်ကျယ်ပဲ။ ငါပြောသာ မဟုတ်ဘူး၊ မမှန်ဘူးထင်ရင် ငါ့ကို သက်ာလာရှင်းကြပေါ့။ ဘယ်သူ့ရှင်းဝံ့တုန်း၊ ကိုင်း"

စကားပြော ဒိုးဒိုးဒေါက်ဒေါက်နိုင်သလောက် သူတစ်ပါးကို ပြောစရာရှိလျှင် အမေမို့ မြင်တတ် ပြောတတ်လေခြင်းဟု ဆိုရမလောက် ပိုင်နိုင် ကျွမ်းကျင်ရှိလှ၏။

"လှမောင့်သား ပြောပါသယ်၊ ကိုယ်ကဖြင့် သပိတ်ကွဲ ဆံလူးထားသဲ့ရုပ်နဲ့ မစံအုံ့သမီး ဘုတ်မကို ကြိုက်သတဲ့လေ။ ဟိုက ကွမ်းတောင်ကိုင်ရယ်။ သင်းကို ကြိုက်နေပါဦးမယ်။ လူ့အင်ဂရုပ် (အင်္ဂါရုပ်) ကြည့်ပါလား၊ ဇုတ်ရွှေ့ရွှေ့နဲ့"

ခံရသူ ဘခွေးလှမောင်၏သား မပြောနှင့်၊ ကြားရသူတို့ကပင် "တော်မို့ ကြံကြံဖန်ဖန် ကဲ့ကဲ့ရဲ့တတ်လွန်း" ဟု ဆိုကြရသည်။

အမေ့စကား အမေ့အသုံးအနှုန်းတွေထဲမှာပင် အမေ၏ အညာကျေးတောသူ ဇာတိကပြနေသည်။ အမေ့ဘဝထဲကလာသော အမေ့စကား အမေ့အသုံး အနှုန်းတွေကို ကျွန်မ စာတွေရေးဖြစ်လာတော့မှ သေချာစဉ်းစား လေ့လာကြည့်မိရပါ၏။ အမေ့စကားတွေက ဘိုးကြီး ဘွားကြီး ဘကြီး အမေကြီးတွေဆီက မျိုးရိုးစဉ်ဆက် ဆင်းသက်လာသော စကားတွေလည်း ဖြစ်နိုင်သည်။ ဘဝထဲက ထုတ်နုတ်သုံးစွဲတာတွေလည်း ဖြစ်နိုင်သည်။ နောက်တစ်ချက်မှာ အမေ ကိုယ်တိုင် ကောက်ကာငင်ကာ တွဲစပ်သုံးစွဲတာတွေလည်း ပါကောင်းပါနိုင်ပါသည်။ အမေ ကြုံ ကြုံသလို၊ အလျဉ်းသင့် သင့်သလို သုံးတတ်သော စကားတွေက ကျွန်မထံမှာ အမွေဆက်ခံပါလာခြင်းအတွက် တစ်ခါတစ်ရံ ကျွန်မ အိမ်သားကပင် ကျွန်မ အသုံးအနှုန်းကို ပြန်မေးတတ်သည်။ တချို့စကားလုံးများတွင်

www.burmeseclassic.com

www.burmeseclassic.com



အမေသုံးသော သဘောသွားကို ကျွန်မ ခံစားနားလည်နိုင်သော်လည်း စကားလုံး ဆင်းသက်လာပုံနှင့် အဓိပ္ပာယ်ကို တိတိကျကျ မသိ။ အမေ့စကားလုံးတွေကို အဘိဓာန်များတွင် တကန်တက ရှာဖွေကြည့်ရသည်လည်း ရှိ၏။ သည်တော့မှ အမေ့စကားတွေကို ပိုမို တန်ဖိုးထားရကောင်းမှန်း ကျွန်မ သိလာရသည်။

အမေ့စကားတွေက ပါဠိက ဆင်းသက်လာသော စကား၊ ကျေးလက် ရိုးရာ အသုံးစကား၊ မြန်မာ့စကားပုံလာ စကား၊ ရှေးခေတ်ဘန်းစကား၊ အင်္ဂလိပ် အသံထွက်ကို ငါးပိနှင့်ပဲ ရောမွှေထားသော စကားစသဖြင့် အမျိုးလည်း စုံနေတတ်သည်။ အမေနှင့် ကျွန်မတို့ တစ်သက်လုံးပြောဆို သုံးစွဲခဲ့ကြသည့် စကားတွေဆိုပေမယ့် သုံးရိုးသုံးစဉ် သုံးခဲ့ခြင်းသာဖြစ်၍ စကားလုံးတွေ ကြွယ်ဝလေခြင်း၊ အဓိပ္ပာယ်ရှိလေခြင်း၊ ထိရောက်လေခြင်းရယ်လို့ ကျွန်မ မတွေးခဲ့တာလည်း အမှန်ပင်။

* * *

အမေသည် ရွာနေရွာကြီးဆိုသော်လည်း အသက်နှစ်ဆယ် အစိတ်လောက်ကတည်းက တကူးတကသွားမှ ရောက်ရသောမြို့ကို အရောက်အပေါက်ရှိလာသူ ဖြစ်သည်။ သို့သော်လည်း တောမှုတောရာ မဖျောက်သည့် မြန်မာကျေးလက် အမျိုးသမီးကြီးပဲ ဖြစ်သည်။ ကျွန်မ မှတ်မိသည့်အရွယ်ကတည်းက အခုအချိန်အထိ ဖြူဖွေးနေပြီဖြစ်သော ဆံပင်ပါးပါးကလေးကို ဝါးဘီးကလေးဖြင့် ဘီးကြော့ပတ်ကာ မြှောက်တင်ထားတတ်သည်။ အင်္ကျီဆိုလည်း ရင်ဖုံးလက်ရှည်၊ ထဘီဆိုလည်း ဖျင်ကျမ်းထဘီနှစ်နံစပ်။ သွားစရာလာစရာရှိလို့ ပါတိတ်လုံချည်လောက် ဝတ်တာကိုပင် အမေက ရှက်တရွံ့ရွံ့ ရှိနေတတ်သေး၏။ သူနှင့် ရွယ်တူရွယ်တန်တွေ၊



ကြီးတော်တွေ ဝတ်ကောင်းစားလှ သနပ်ခါးပန်းမန်နှင့်မြင်လျှင် အမေ့မှတ်ချက်တွေ ကြားရတတ်ပြီ။

"မဆန်ကြော်တို့များ အသက်ခုနစ်ဆယ်ကျော်ခါမှ မင်းသမီး လုကလေးစိန်လို သနပ်ခါးတွေဖုံလို့၊ တကတည်း နတ်ထွက်ကမယ့်အတိုင်း။ ဝတ်တာစားတာများကျတော့ကော မိုးကြိုးပစ်ထားတဲ့ ထန်းပင်ကို ထဘီစုတ်ပတ်ထားသာကျလို့၊ ဘယ်သူက ထ ချီးမွမ်းမှာတုန်း။ အဘွားအိုစော်နံခါမှ ကုလားရေမွှေးဖျန်းတော့ကော ဘာထူးဦးမှာလဲ"

သည်လို ပစ်ပစ်ခါခါ ပြောဘတ်ဆိုတတ်လို့ အမေ့ကို မပေါင်းကြဘူး၊ မခေါ်ကြဘူး မထင်နှင့်။ အမေ့စကား၊ အမေ့ပုံခိုင်းတွေကို သဘောကျလို့ ကြားချင်ကြလွန်းတော့လည်း ကျွန်မတို့အိမ်မှာ အလည်လာကြသူတွေ အာလာပ သလ္လာပ စကားပြောကြသူတွေ မရှား။ တစ်နေ့တစ်နေ့ အမေ့ဆီကို လာလည်တတ်ကြသော ဆွေထဲမျိုးထဲက မိန်းမသား အရွယ်စုံတွေက ကျွန်မတို့အိမ်တွင် ခြေချင်းလိမ်နေတတ်ကြသည်။ အမေက သူကိုယ်တိုင် ပြောချင်စိတ်ရှိလို့ သူစိတ်ထင်လျှင် ထင်သလို စကားတွေတမေ့တမောကြီး စည်တောက်ခံတတ်သော်လည်း သူ့စိတ်ထဲ မထင်လျှင်တော့ ခပ်ထွေထွေ လုပ်လွှတ်လိုက်သေး၏။

"ကိုင်း စကားတော့ ကောင်းပါ့အေ၊ နောင်များပေါ့။ ခုတော့ လုပ်စရာတွေ ရှိသေးသဟဲ့။ ငတို့က ညည်းတို့လို မိန်းမအားတွေ မဟုတ်ဘူး"

အမေပြောလို့ နာချင်နာ မနာချင်နေ အမေကတော့ သူပြောစရာရှိတာ ပြောလိုက်ရမှ နေသာထိုင်သာရှိသူ မဟုတ်လား။ ဧည့်သည် မိန်းမတိုက် ပြန်သွားသည့်နောက်တောင် အမေက စကားထပ်ဆင့်ကွန့်လိုက်သေး၏။

"အံ့ပါ့အေ၊ သူတို့များတော့ သူတကာအိမ် အားအားလျားလျား

www.burmeseclassic.com



လည်ချိန်ရသယ်။ ငတို့များ ယားရင် ထုံးတို့မှတ်ထားရသာ၊ မကုတ်အားလို့။ ဖြုတ်စဗျင်းတောင်း မနေတတ်ချက်တော့ အားနေသယ် ထင်ရင်တောင် ငတို့က ချည်ခင်ထွေး ထရှင်းသဲ့ မိန်းမ"

တောရွာများတွင် ဟိုတုန်းတစ်ချိန်က ရက်ကန်းရက်သည့် ချည်ခင်လုံးမှာ လုပ်ရင်းကိုင်ရင်း ရှုပ်ထွေးသွားသည့်အခါ ချက်ချင်း ရှင်းရခက်သည်။ ဒါကြောင့်ပင် 'အမယ်ဘုတ်ကဲ့ သူချည်မျှင် ဘယ်သူလာလို့ရှင်းပါ့မယ်' ဟု ရှေးစာဆို ရှိခဲ့ခြင်း ဖြစ်သည်။ ပဲဆွတ်၊ ပဲနုတ်၊ ရေခပ်၊ ထင်းခွေ၊ ကောက်သင်းကောက် အလုပ်တွေပြီးသည့် နောက်မှာတောင် အားမနေဘဲ ရှုပ်နေသည့် ချည်ခင်ထွေးကို မရမက ရှင်းတတ်ကြသော ကျေးတောသူတို့၏စရိုက်ကို အမေက ဥပမာပေးခြင်းပဲ ဖြစ်သည်။

အမေပြောလည်း ပြောစရာ။ အမေကိုယ်တိုင်က အလုပ်တွေ မနားမနေ လုပ်ကိုင်တတ်သူ ဖြစ်သည်။ မနက်မိုးလင်းက ညမိုးချုပ်အထိ အလုပ်ကို ဇယ်ဆက်သလို လုပ်သွားတတ်သည်။ တစ်ခါတစ်ရံ ည အိပ်ရာထဲရောက်ခါမှ အလုပ်ကို ဖျတ်ခနဲ သတိရလျှင်ပင် ကောက်ကာငင်ကာ ထလုပ်လိုက်သေး၏။ အမေသည် မနက်အိပ်ရာထလျှင် မီးမွေး၊ ရေနွေးအိုးတစ်လုံး တည်ထားရင်းက တစ်ဝင်းလုံး တစ်ခြံလုံး တံမြက်စည်း လှည်းပြီးပြီ။ အိမ်ရှေ့မျက်နှာစာဝန်းကျင်း၊ လမ်းပါမကျန် အမေ့တံမြက်စည်းသံ တရှဲရှဲကို ကျွန်မတို့က အိပ်ရာထဲမှ ချမ်းချမ်းစီးစီး နှပ်ရင်း ကွေးရင်း ကြားနေရတတ်သည်။

"တံမြက်စည်းလှည်းသယ်ဆိုတာ လူသူလေးပါး မနိုးခင် လှည်းရသယ်။ တံမြက်လှည်းတော့ ဖုန်ထကရော။ လမ်းမှာ လူသွားလူလာများခါမှ ထလှည်းရင် လူတွေ အားနာရရော။ ပြီးတော့ တံမြက်စည်းကို မြေကြီးနဲ့ ခြစ်တိုက် မလှည်းရဘူး။ မြေကြီးပါတော့ ကြာရင် မြေပါးတတ်သယ်။



အမှိုက်ကျုံးရင်လည်း အပေါ်ယံ သဲ့ကျုံးကြ။ ကျန်ခဲ့သဲ့မြေကို ပြန်ဖြန့်။ သာမှအလုပ်လုပ်သာ အပိုးသေသယ် ခေါ်သယ်"

အမေသည် အလုပ်နှင့် လက်တင်မကပါးစပ်ကလည်း စကားပြောပြတ်သည်မရှိ။ စိတ်ထဲပေါ်သမျှ တတွတ်တွတ်ပြောရင်း ကျွန်မတို့ကို သင်ပေး၏။ အဝတ်လျှော်တာ၊ ထမင်းဟင်းချက်တာကအစ လက်ရောက်လက်ငင် သင်ပေးသူ ဖြစ်သည်။ ကျွန်မတို့ လုပ်တာကိုင်တာ တိမ်းစောင်းလျှင်လည်း "ညည်းတို့ ငါ့လက်ကျ မမီချက်တော့" ဟု ဆိုတတ်သေး၏။ ထမင်းအိုးတည်ရန် ဆန်ဆေးသည်ကအစ ထမင်းအိုးနှပ်ပြီး ခူးစားသည့် အဆင့်အထိ အမေ့သင်ခန်းစာတွေ ကြားနေရတတ်သည်။

"ဆန်ဆေးရင် ပထမ နှစ်ထပ်ကို ရေအင်တုံတစ်လုံးထဲထည့်၊ နောက်ဆုံး အထပ်ကျ သပ်သပ်ခံထားရသယ်။ ပထမအင်တုံထဲက ဆန်ဆေးရေကို ပန်းကန် အပေအရေတွေ အကြမ်းဆေး၊ ခံထားတဲ့ အကြည်ရေကျတော့ အချောဆေးလို့ရသယ်။ ရေပေမယ့် စည်းနဲ့ကမ်းနဲ့ သုံးမှဟဲ့။ ရေသုံးတတ်သဲ့ မိန်းမမှ ငွေသုံးတတ်တာ။ ညည်းတို့ ကိုယ့်အိမ်ထောင်နဲ့ ကိုယ်ကျမှ သိလိမ့်မယ်။ ထမင်းအိုးဆူရင် ဗွမ်းဗွမ်းဆူအောင် မီးထိုးရသယ်။ မီးထိုးမပျင်းနဲ့။ မြုပွက်သဲ့ ထမင်းများ စားလို့မကောင်းဘူး။ အသိုးအပြုလည်း မြန်သယ်။ ငုံ့ပြီးရင် ထမင်းကို အထက်အောက် ပြောင်းပြန်လှန်၊ ထမင်းရည်စီးက အိုးကို စောင်းငုံ့တော့ တစ် ခြမ်းတည်းရောက်နေတတ်သယ်။ အထက်အောက် လှန်လိုက်တော့မှပြီး ညီသွားရော။ ထမင်းနှပ်တာပဲ ရယ်လို့ ပစ်ပစ်ခါခါ မထား့နဲ့။ ဟိုဘက်စောင်းလိုက် သည်ဘက်စောင်းလိုက်နဲ့ ပတ်လည်နှံ့အောင် နှပ်ရသယ်၊ ဒါမှ အနှပ်ညီသာ။ ထမင်းအိုး မီးဖိုပေါ်က ချပြီးပြီးချင်း ခူးမစားနဲ့၊ အငွေ့ဟာသယ်။ အငွေ့ဟာတော့ အနှပ်လိုတတ်တယ်။ အငွေ့တိတ်မှ ခူး။ ခူးတော့လည်း ဟင်းခပ်သဲ့

www.burmeseclassic.com

www.burmeseclassic.com



ဇွန်းနဲ့ မခူးရဘူး။ ထမင်း ကျိုးတတ်သယ်။ ယောက်မနဲ့ တစ်ခြမ်းချင်း ဆေးသားကို ဇောက်ချခူး။ အလယ်သားချည်းကျန်တော့ ထမင်းကြမ်းစားလို့ ကောင်းတယ်။ သန့်လည်း သန့်သာပေါ့အေ”

ဟိုတုန်းက အမေ သင်တာ ကြားတာတွေကို ကျွန်မ အမှုမဲ့အမှတ်မဲ့ နေခဲ့မိသော်လည်း ကျွန်မကိုယ်တိုင် အိမ်ရှင်မဖြစ်လာတော့ အမေ့စကား တွေကို နားထဲပြန်ကြားယောင်ရင်း အမေ၏ အိမ်ထောင်မှုပညာ သင်ကြား ခဲ့ပုံတွေကို ကျေးဇူးတင်မိရသည်။ အမေသည် သားယောက်ျားတွေကြား သမီးမိန်းကလေး တစ်ယောက်တည်းရယ်လို့ ကျွန်မကို အလုပ်နှင့်ပတ်သက် လျှင် ညှာခဲ့တာခဲ့သည် မဟုတ်။ မိန်းကလေးများတတ်အပ်သည့် အိမ့်တာဟိ ရတွေကို အိမ်တွင်းမှုလုပ် သိမ်းတုပ်သေချာအောင် အဖန်ဖန် အထပ်ထပ် သင်ကြားပေးသည်။ သင်မှန်းမသိ သင်သွားခြင်းဖြင့် ကျွန်မမှာ နားရည် ဝရင်း တတ်ရခြင်းဖြစ်သည်။

အမေသည် အိမ်ထောင်မှု နိုင်နင်းသလောက် ထမင်းဟင်းချက်ရာ တွင်လည်း နာမည်အလွန်ရသူ ဖြစ်သည်။ အညာထမင်း အညာဟင်း ချက်ရာမှာတော့ အမေ့လောက် စေ့စပ်ကျွမ်းကျင်သူ ကျွန်မ မတွေ့ဖူးခဲ့။ ကနေ့အချိန်ထိ အမေ့လက်ရာကိုမီသော ငါးပိချက်နှင့် ချဉ်ပေါင်စပ် ချဉ် ချက်ကို ကျွန်မ တစ်ခါမျှ မစားမိဖူးသေးပါ။ အညာသူပီပီ ပဲအမျိုးမျိုးကို လည်း ထည်လဲသုံးကာ စားချင့်စဖွယ် ချက်တတ်သည်။ ကျွန်မတို့ရွာက အမေ့အစ်မ ကျွန်မကြီးတော်က နှစ်စဉ် ပဲအမျိုးမျိုးကို တစ်စိတ်တစ်ခွဲစီ ဆိုသလို နှစ်ပေါက်စာ လှမ်းပို့ပေးတတ်သည်။ ပဲနီပြား၊ ပဲဖြူပြား၊ ပဲကြီး၊ ပဲစာဥ၊ ပဲလွန်း၊ ပဲငါးပိ စသဖြင့် ကြီးတော်က ရွာလူကြုံနှင့် ပို့လိုက်လျှင် အမေက ရွှေထက်ပင် တန်ဖိုးထားသေး၏။ ပဲတွေကို နေလှန်းလိုက် ရွေးလိုက် ဆယ်လိုက် ပြန်သိမ်းလိုက် အမြဲလုပ်နေတတ်သည်။ ပဲနီပြား



တစ်မျိုးတည်းကိုပင် ပြုတ်စားသည်။ ပဲရေစိမ်ပြီး ပဲပွကြော် ကြော်စားသည်။ ပဲရေပွစားသည်။ ပဲညှောက်ဖောက်ပြီး ပဲနှပ်၊ ပဲဟင်းချိုချက်သောက်သည်။ ပဲထမင်း ချက်စားသည်။ ပဲပုန်းရည်ပင် တကန်တက လုပ်စားလိုက်သေး ၏။ ပဲငါးပိဆိုလျှင် မြေအိုးကြီးဖြင့်ပြုတ်ကာ ကိုယ်တိုင် နှစ်ပေါက်စာ လုပ်ထားတော့သည်။

“ပဲငါးပိပြုတ်ရင် အုန်းလက်နှင့် ကျကျနနပြုတ်မှ ချိုသာ။ ဆီး သားနဲ့ ပြုတ်ရင် ချဉ်သယ်။ တမာသားနဲ့ပြုတ်တော့ ခါးသယ်။ ပြီးတော့ မီးစကို ဟိုဘက်သည်ဘက် မပြောင်းရဘူး။ ပြောင်းရင် အနပ်အပျောင်း မညီတော့ဘဲ စုန်းပြူးသွားတတ်သယ်”

စုန်းပြူးသည် ဆိုသည်မှာ ပဲစေ့ အကုန်မနပ်ဘဲ တချို့မာသွား တတ်တာကို ဆိုလိုခြင်းပင်။ အမေကတော့ ကျွန်မတို့ကို ငယ်စဉ်ကတည်း က အညာကျေးလက်အစာတွေကို ခံတွင်းယဉ်အောင် ချက်ကျွေးတတ်သူ ဖြစ်သည်။ ကျွန်မတို့ရွာတွင် မန်ကျည်းပင်တွေ ပေါလှသည်မို့ မန်ကျည်း ရွက်နုကတည်းက မန်ကျည်းရွက်ထောင်း၊ မန်ကျည်းရွက်ချက်၊ မန်ကျည်း ရွက်နုနှင့် ပဲကြီးဟင်းရော၍သုပ် စသဖြင့် စားလိုက်ရသည်မှာ မန်ကျည်းဖူး တော့ အချဉ်တည်စား၊ မန်ကျည်းသီးစိမ်းကလေးတွေပေါ်တော့ မန်ကျည်း သီး စိမ်းထောင်း၊ မန်ကျည်းသီး စိမ်းချက်၊ မန်ကျည်းတောင့်ကလေးတွေ ကြာဇုသီးအရွယ်ရောက်တော့ ချဉ်ရည်ချက်၊ မန်ကျည်းသီးမှည့်ပေါ်တော့ ဆားနှင့်ဆုပ်နယ်ကာ နှစ်ပေါက်လှောင်ထား၊ နောက်တစ်ပြန် မန်ကျည်းနု တော့ အစဉ်အတိုင်း ပြန်စားရတော့သည်။ ကျွန်မတို့ရွာတွင် လူမမာ တစ်ယောက် ထမင်းပစ် ဟင်းပစ် ရက်ရှည်လများ မမာပြီး နာလန် ထပြီဆိုလျှင် မန်ကျည်းသီးချက်နဲ့ ပဲရေဖွက ခံတွင်းမြိန်သော စားစရာ ဖြစ်တော့၏။

ကျွန်မ မှတ်မိသလောက် အမေ ချက်တတ်သော အညာကျေးလက်

www.burmeseclassic.com

www.burmeseclassic.com



အစာများတွင် တခေါင်းဖူးချက်၊ ဆီဆုံကြိတ်ရာက ဖယ်ထားသည့် မြေပဲနှဖတ်ချက်၊ ထန်းသီးနုနုကလေးများကို ကောက်ညှင်းဆန်ဖြင့် အချဉ်တည်ကာချက်သည့် ထန်းသီးချဉ်ချက်တို့ကို အမှတ်ရမိပါသည်။ အခုတော့သည်အစာတွေ မစားရတာကြာပြီ။ အမေကလည်း မချက်နိုင်တော့။ ကျွန်မတို့လည်း မစားရတော့။

အခုတော့ အမေကိုယ်တိုင် ထမင်းဟင်း ထ,မချက်နိုင်တော့သည့်အရွယ်ဆိုဟော့ သားသမီးတွေလက်ရာ မကောင်းသော်ရှိ ကောင်းသော်ရှိ တစ်ပြန်တစ်လှည့် စားရသည့်အချိန် ရောက်နေပြီ။ အမေ့လက်ရာကို မီအောင်ချက်နိုင်သူ မရှိတာထား။ အမေစပ်တတ်သည့် အညာဟင်းစပ်ကလေးတွေကိုပင် စုံအောင်လင်အောင် မစပ်ဟပ်နိုင်တော့။

"အစားအသောက် ဥဇ္ဇမဂ္ဂဖြစ်လို့ရယ်တော့ မဟုတ်ပေါင်အေ၊ ငါဖြင့် ရွာမှာတုန်းက စားခဲ့ရသဲ့ ငါးပျက် ငါးပိရည်ကျိုကြုံကြုံကလေးကို ရေတ်သီးစိမ်း မီးဖုတ်ထောင်းကလေးနဲ့ဖျော်ပြီး တခေါင်းခါးချက် ကလေးရယ်၊ မြေပဲပင်ပေါက်သုပ် ကလေးရယ်၊ အခင်းထဲက ကြက်သွန်ဥကလေးနတ်ပြီး တို့ကိုစားချင်လိုက်တာအေ အဟုတ်ပဲ"

အမေ့ပါးစပ်ဖြင့် စပ်ကာ တမ်းတလိုက်သော အညာဟင်းစပ်ကလေးကို ကြားလိုက်ရရုံဖြင့် ကျွန်မမှာ သွားရည်ယိုမိပါ၏။ အမေ့စကားထဲက ဥဇ္ဇမဂ္ဂဆိုတာကတော့ ဝေဿန္တရာဇာတ်တော်ထဲတွင် ကျွန်မ ရှာဖွေတွေ့ရှိခဲ့ပါသည်။ ပါဠိသက်ဝေါဟာရ အဘိဓာန်ကျမ်းမှာတော့ ဥဇုဆိုသည်မှာ ဖြောင့်မတ်သော။ မဂ္ဂ(မဂ်)ဆိုသည်မှာ နိဗ္ဗာန်ဝင်ရာ လမ်းကြောင်းကိုဆိုခြင်းဖြစ်သည်။

* * *



အမေသည် ရှေးရိုးဆန်သော တောသူ အမယ်အိုကြီးရယ်လို့ ထုံထုံအအကြီးတော့ မဟုတ်ပါ။ လူရိပ်လူကဲ ဖမ်းသည့်နေရာတွင် ခေတ်သားသမီး ကျွန်မတို့ထက်ပင် အကင်းအညာ ရှိလှသည်။ လူရိပ်လူကဲ ဖမ်းတတ်သလောက် ကတ်သီးကတ်သတ် အမြင်လည်း မြင်တတ်၏။ အမေ့၏ အမြင်နောက်မှ ပုံနိုင်းပုံနှိုင်းများကလည်း တပ်လျက်ချပ်လျက် ပါလာတတ်မြဲ။ အမေမို့ ပုံခိုင်းပြီးလျှင် နောက်ထပ် အမေ့ထက် ထိရောက်သော ဥပမာပေးစရာ မရှိပြီ။ ကြားဝင်လျှို၍ မရတော့ပြီ။

"အုံးစိန်သမီး မင်္ဂလာဆောင်တုန်းက ငါတို့မောင်ရီတို့ စားလိုက်ပုံများတော့ မင်္ဂလာဆောင်က မြို့စာရေခဲမုန့်နဲ့ ကိတ်မျိုးစုံ ကျွေးသာကိုးအေရဲ့၊ အဲသာ ပေါက်စီလို အလုံးကလေးတွေ ပါသမယ်ဟုတ်လား။ သည်ကောင်က ပါးစပ်လေးထောင့်ကြီးနဲ့ တစ်လုံးပြီးတစ်လုံး သွပ်လိုက်သာများ နဲ့သမား သက်ပြန်ရှုနေသလား မှတ်ရသယ်။ တကတည်းစားချက်တော့၊ လက်ခေါက်မှုတ်နေသဲ့အတိုင်း"

သူ့တူ စားလုံးသောက်လုံးကြီးတာကို မြင်အောင်ပြောခြင်း ဖြစ်သည်။ လက်ညှိုးနှင့် လက်မကြား မုန့်အလုံး ညှပ်ညှပ်စားတာကို လက်ခေါက်မှုတ်သလိုတဲ့။

"ငနောင်းတို့အလျှုက ငါးခြောက်နဲ့ အုန်းနို့ချက်ကျွေးသာ ငတို့များ မစားနိုင်ပေါင်အေ။ တစ်တုံးအပြင် နှစ်တုံး မကူးနိုင်ဘူး။ အီလွန်း တောက်လွန်းလို့။ ဖိုးလုံး ညည်းသိသမှုတ်လား။ ဘယ်က ဖိုးလုံးလိမ့်မတုန်း၊ သန်းဆောင် ယောက်ဖ မအေးဘုံသမက်လေ။ နဂိုက သူ့ကို အဲသလောက် စားလုံးသောက်လုံးကြီးသယ် ထင်မိပေါင်တော်။ ငါးခြောက်တုံးကြီးတွေ ဟင်းဖောက်ပန်းကန်ထဲက ဆယ်တဲ့ဆယ်တဲ့ပြီး လက်ကြီးငါးချောင်းနဲ့ မနိုင်ရင်ကာ ထမင်းတွေနဲ့ လူးလူးစားသာများ ငါဖြင့် ကြည့်ရင်းကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



တို့ဖားကြီးလို ဖောင်းကားလာ မှတ်သာပဲ။ ထမင်းပွဲ ဂွဲသတ်လို့မရဘူး။ ဖိုးလုံးလိုသူချည်းဆို နှောင်းတို့အလှူ ခွက်ခွက်လန်အောင် ရှုံးလောက်ကဲ့"

အမေ့စကားတွေထဲက တို့ဖားကြီးဆိုသည်မှာ လက်ဖြင့်တို့လိုက်တိုင်း ကိုယ်လုံးကြီး ဖောင်းကားလာတတ်သော ဖားတစ်မျိုးကို ကျွန်မတို့ရွာတွေက ခေါ်သော အခေါ်အဝေါ်ဖြစ်သည်။ (ဂွဲသတ်လို့မရဘူး) ဆိုတာကတော့ လှေကြီးများ မြစ်ဆိပ်ကမ်းတွေမှာ ကပ်သည့်အခါ ရေစီးကို တောင့်ခံနိုင်ရန်အတွက် မျောတိုင်များကို ကျားကန်ကာ ကပ်ရတာကို ဂွဲသတ်သည်ဟု ခေါ်သည်။ ဂွဲသတ်မရမချင်း လှေက ကမ်းမှာ စိတ်ချလက်ချ မဖြစ်နိုင်။ ဂွဲသတ်နိုင်မှ ကိစ္စပြီးရသည်။ ကိုဖိုးလုံးတစ်ယောက် မပြီးနိုင်မစီးနိုင် ထမင်းစားကြီးတာကို တင်စားခြင်းဖြစ်သည်။ အမေ့လှေဘဝထဲကလာသော ဥပမာ ဖြစ်သည်။ ပြီးတော့ အလှူကိုပင် သည်လိုလူများသမျှ ရှုံးဦးမတဲ့။ သည်စကားတွေ ဘယ်အဓိပ္ပာယ် ရောက်သလဲဆိုတာ အမေ့ဝန်းကျင် အမေကျင်လည်ရာ အသိုင်းအဝိုင်းက လူတွေကတော့ အားလုံး နားလည်နိုင်သည် မဟုတ်လား။

ပြောစရာရှိလျှင် လူစိမ်းလူကျက်မရွေး အားနာပါးနာ ညှာနေတာမျိုးလည်း အမေ့မှာမရှိ။ အမေကတော့ သူ့ဝသီအတိုင်း သားသမီးမြေးသားတွေကိုလည်း သည်လိုပဲ ပုံနိုင်းနှိုင်းဆိုပြောတတ်သည်။ တစ်ခါတွင် ကျွန်မအိမ်သားက မဝတ်စဖူး ဘောင်းဘီရှည်ဝတ်လာတော့ အိမ်ဝမှ ဆီးပြီး အမေက ဘမ်းခနဲ ပုံခိုင်းလိုက်တော့၏။

"အံ့မယ် တို့အိမ်က ကျောက်တောင် ပုလိပ်ဖြစ်လာပါရောလား"

ဒါကလည်း ရှာ့ပုံနိုင်း။ ကျွန်မတို့ရွာတွင် ယောက်ျားသားများမှာ မြန်မာထုံးစံ ဖျင်ပုဆိုးကို တိုတိုသာဝတ်တတ်ကြသည်။ ရွာမှ ကိုကျောက်ဆိုသူ မြို့ကိုရောက်ပြီး ရှေးခေတ်ပုလိပ်ဖြစ်လာတော့ ဘောင်းဘီရှည်တကား



ကားနှင့် ဖြစ်နေတာကို ရွာက မျက်စိစပါးမွေးစူးကာ ထေ့သော ငေါ့သော စကားသာ ဖြစ်၏။ ကျွန်မက ရှင်းပြတော့ ကျွန်မအိမ်သားက ရယ်သည်။ မြို့သစ်မှာနေထိုင်သော ကျွန်မမောင်က အမေ့ဆီ အလည်လာလျှင် သူ့သားအကြီးကောင် ပါပါလာတတ်သည်။ အဆော့သန်သလောက် မျက်စိ အနားမပေးစတမ်း စောင့်ကြည့်ရသူ ဖြစ်သည်။ ဒါကို ကိုယ့်မြေးရယ်လို့လည်း အမေက အလွှတ်မပေး။

"ဖိုးကျော်သား ကမြင်းလိုက်ပုံများ တကတည်း အိမ်ထဲ မြွေလွှတ်ထားတဲ့အတိုင်းပဲ"

သည်စကားက နှောင်မှာ တွင်သွားရတော့သည်။ အမေ့ပုံခိုင်းတိုင်း ဒိုင်ခံရယ်မိသူကတော့ ကျွန်မပဲ ဖြစ်သည်။ ကျွန်မကရယ်လျှင် အမေက သူ့ပုံခိုင်းကို သူပြန်သဘောကျရင် ကျနေတတ်သည်။ တစ်ခါတစ်ခါ နားအကြားနှင့်ပင် အမေက ဖြန့်းခနဲ ပြောတတ်သေး၏။

"ကြီးတော်ရေ ဈေးထဲ ငါးတွေပေါချက်တော့"

"ညည်းမြင်ခဲ့လို့လား"

"မလှကျင် ဈေးကပြန်လာလို့ ပြောတာပဲ"

"လှကျင်စကားများအေ ညည်းတို့မို့ ယုံသယ်။ သည်ကောင်မက ဖျန်းတေနဖျန်းတောရယ်"

ဖျန်းတေနဖျန်းတောဆိုတာ 'သာမနေနသမနော' ဆိုသည့် ပါဠိစကားကို စာမြောင်ကပ်ကာပြောသော စကားဖြစ်သည်။ အမေ့ထံမှ ဇာတ်တော်လာ စကားများ၊ ပါဠိစကားများကို တစ်ထွေးကြီး ကြားရတတ်ပါသည်။

"ကိုရင်စံအိုးတို့၊ ကိုသာဗျောတို့က မြေမှုဖြစ်ထားကြလို့ မသည့် ကြဘူး။ ကပ္ပိလဝတ်နဲ့ ဒေဝဒဟလေ။ မိန်းမတွေကလည်း စွာဒိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



သာမှ တကယ့် ဇော်ဂနီ ဇော်ဂနက်တွေ။ ဟော… အခု သားသမီးတွေ လက်ထက်ကျ တစ်ဦးနဲ့တစ်ဦး ကဏ္ဍကောစ မတိုက်ကြရှာဘူး တော်သဟဲ့"

"ငတို့က ဘယ်သွားသွား လှည့်နတို့၊ မိသောင်းတို့ကို အဖော်မစပ်ဘူး၊ အင်မတန် ဝိတ္တာရ ချဲ့သဲ့ဟာတွေ။ ရှင်ဘုရင်တစ်ခါထွက် ပါကြီးတစ်လေ့ချက်တွေ။ ဇန်ဒါဘယာကလည်း များချက်တော့ အိမ်ပြင်ရောက်ခါမှ ထီးမေ့၊ ဖိနပ်မေ့ဆိုသဲ့ဟာတွေ။ တို့က သွားပဟေ့ဆိုမှဖြင့် ဝုန်းဆို ဒိုင်းမှ ကြိုက်တာ"

ငယ်စဉ်ကတည်းက နားရည်ဝနေခဲ့သော အမေ့စကားလုံးများ၏ သဘောသွား ဆိုလိုချက်ကို ကျွန်မ သိသော်လည်း အဓိပ္ပာယ်ကိုတော့ အခုအချိန်ကျမှ စာဟောင်းပေဟောင်းတွေမှာ ရှာဖွေကြည့်ဖြစ်ခဲ့ပါသည်။ ပါဠိသက်ဝေါဟာရ အဘိဓာန်မှာတော့ ဝိတ္ထာရ (အကျယ်) ချဲ့တာ၊ ကဏ္ဍကောစ (ဆူးငြောင့်ကဲ့သို့ နှောင့်ယှက်ခြင်း၊ ရန်လုပ်ခြင်း)၊ ဇန်ဒါဘယာဆိုသည့် စကားလုံးကို တိတိကျကျ ရှာမရသော်လည်း ဆန္ဒနှင့် ဘယကိုတွဲသုံးသောဆန္ဒ (အလို)၊ ဘယ (ဘေး) ကိုပဲ အမေပြောသည် ထင်မိပါ၏။

ကျွန်မတို့အိမ်တွင် ရပ်ရေးရွာရေး အလှူမင်္ဂလာဆောင်မှအစ လူမှုရေး ကိစ္စအဝဝကို အမေကပဲ ဒိုင်ခံလိုက်လေ့ ရှိပါသည်။ သူကိုယ်တိုင် စပ်စပ်စုစု လုပ်တတ်သည့် ဝါသနာပါသည်ကလည်း တစ်ကြောင်း၊ ကျွန်အိမ်သားများက အလုပ်သွားသူသွား၊ ကျောင်းသွားသူသွားဆိုတော့ တကန် တက မလိုက်နိုင်သည်က တစ်ကြောင်းမို့ အမေက ဖျိုးခနဲ ဖျတ်ခနဲ ထသွားတတ်သည်သာ ဖြစ်၏။ အမေသွားတာ လိုအပ်သည်ထက် အချိန် ပိုကြာနေလျှင်၊ အဖေက "ညည်းအမေတော့ ဆရာလုပ်နေရပြီထင်တယ်



ဟေ့"ဟု ပြောတတ်ပြီး ချက်ချင်းကြီးဆိုသလို ပြန်လာလျှင်တော့ "အင်း… တို့အိမ်က ဆရာမလုပ်ခဲ့ရဘူးနဲ့ တူတယ်" ဟု ဆိုတတ်ပါသည်။ အဖေ့ မှတ်ချက်စကားကို အမေက ဟုတ်တယ်ဆိုသည့်ပုံဖြင့် ထောက်ခံချက်ပင် ပေးတတ်ပါသည်။

"မှန်သယ်လေ။ ငတို့က ကိုယ်ဆရာ မလုပ်ရသဲ့နေရာများတော့ တစ်နှမ်းစေ့မှ မနေပေါင်။ မဏ္ဍပ်ထဲဝင်သာတောင် သူများရှေ့က ဝင်ရမှ။ တို့အမျိုးက သွေးသောက်ကြီးမျိုး။ သူများနောက်လိုက် စမ်းတဝါးဝါးမျိုး မဟုတ်ဘူး"

သွေးသောက်ကြီးမျိုး ဆိုသည်မှာလည်း အမေ့လက်သုံးစကားပဲ ဖြစ်သည်။ ကျွန်မတို့အဘ (အမေ့၏အဖေ) ၏ ဘကြီးသည် သီပေါရှင်ဘုရင် လက်ထက်က မြင်းခြံမြင်းနယ် သွေးသောက်ကြီးတစ်ဦး ဖြစ်သည်။ ကျွန်မ ငယ်စဉ်ကတော့ သွေးသောက်ကြီးဆိုသော ကျွန်မတို့အဘိုးကို မောက်တိုမောက်ရှည်များဆောင်းကာ ဓားလွယ်ကို လွယ်ထားတတ်သည့် ရဲမက်တစ်ဦးဟု ထင်ခဲ့မိပါသည်။ နောင်ကြီးပြင်းလာတော့မှ စာတွေထဲမှာ ဖတ်ရသည်။ သွေးသောက်မှာ အကြပ်ငါးယောက် ဦးဆောင်သော တပ်သားငါးဆယ်ကို ဦးဆောင်သူဖြစ်၍ ယင်းသွေးသောက်အုပ်စု၏ အကြီးအမှူးကို သွေးသောက်ကြီးဟု ခေါ်သည်။ ရှေးက 'သွှော်ကြီး' ဟု ရေးထုံးရှိခဲ့သည်။ အခုလည်း အဖေ့ကို ပြန်ခတ်လိုက်ခြင်းပဲ ဖြစ်သည်။ အဖေ့အမျိုးတွေက လေ့မျိုးရိုး၊ တောင်သူမျိုးရိုးသာဖြစ်၍ အမေ့မျိုးရိုးက သွေးသောက်ကြီးမျိုးရိုးဖြစ်ကြောင်း အကွက်ဝင်တုန်း တွယ်လိုက်ခြင်းဖြစ်သည်။ ကျုပ်တို့က သတ္တိအရာ ပြည့်စုံသော အကြီးအမှူးမျိုးလို့ ခပ်ခဲ့လိုက်ခြင်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"မစိန်တုတ်တို့က ရေမျောကမ်းတင်၊ တုံးမှိုတိုင်ကပ်တွေပါအေ၊ ဇာတိ ပွတ်တိ (ဇာတိ ပဝတ္တိ) အလွန်ညံ့သာ။ ပြောရရင် သူရင်းငှားမျိုးတွေ။ မြေတစ်လက်ဝါးမှ ရှိတာမှုတ်ဘူး။ ဘုရားထူးခံမျိုး။ မြေရှင်ယာရှင်မျိုး မဟုတ်ဘူးဟဲ့။ ကိုဘသော်နဲ့ရတော့မှ အိမ်ရယ် ယာရယ်လို့ ဂရန်းဂရင်း တက်နေမှုသာအေ့။ ငတို့များ သူက ငယ်ကြောက်ရယ်။ သမီးယောက်မ ရယ်လို့ မနာလို မရှုစိမ့် မရှိရာဘူး။ ငါက မစိန်တုတ်ရယ် မနက် ကျုပ် ဟိုဘက်ရွာကို အလှူလိုက်မလို့ဆိုရင် ရှိသဲ့လက်ဝတ်လက်စား ငါ့ကို ထုတ်ဆင်တော့သာပဲ။ သူ မဝတ်ဘူး။ သဘောသကာယ ကောင်းရှာပါရဲ့။ ကိုဘသော်နဲ့ရလို့ ချမ်းလည်း ချမ်းသာပါရဲ့။ ဒါပေသိ ငတို့နဲ့ မျိုးရိုးချင်း မယှဉ်သာတော့ အလိုလို တို့နောက်လိုက် ဖြစ်တော့သာပဲ။ မျိုးရိုးများ သိပ်အရေးကြီးသာဟဲ့"

အမေသည် မျိုးရိုးဇာတိပဝတ္တိကို အလွန်ဂုဏ်ယူတတ်သူ တစ်ယောက်လည်း ဖြစ်သည်။ ကျွန်မတို့ ငယ်ငယ်ကတည်းက အမေက 'လူဆင်းရဲရင် ဆင်းရဲ၊ အနေမဆင်းရဲစေနဲ့' ဆိုသည့်စကားကို အမြဲတမ်း သုံးကာ ဆုံးမလေ့ ရှိသည်။ ငွေကြေးဥစ္စာ မချမ်းသာရင်ရှိစေ၊ အနေအထိုင် အသွားအလာ အဆင့်အတန်းတော့ အောက်တန်းမကျစေနဲ့။ အထက်တန်းကျအောင် နေထိုင်ကျင့်ကြံကြ။ တို့အမျိုးက သွေးသောက်ကြီးမျိုးဆိုသည့် အမေ့ရင်ထဲက နောက်ဆက်တွဲ စကားလုံးတွေကို ကျွန်မ နားလည်သဘော ပေါက်မိပါသည်။ ကျွန်မသည်ပင် အမေ့ စကားတွေကြောင့် မျိုးရိုးကို ဂုဏ်ယူတတ်နေပြီ။

* * *



အဖေမရှိတော့သည့်နောက်ပိုင်း အသက်ကလေးကလည်း ရလာတော့ အိမ်ပေါ်မှာ တငုတ်တုတ်တုတ်နေရင်း တစ်ချိန်က ငယ်ဘဝတွေကို အမေပိုပြီး သတိတရရှိလာဟန် တူပါသည်။ သူ မှတ်မိသမျှ ကလေးဘဝ အရွယ်ကစပြီး နောင်တွင် အဖေနှင့်အတူ လက်တွဲကာ မြစ်ရိုးကမ်းရိုး တစ်လျှောက် ခဲခဲကတ်ကတ် လျှောက်လှမ်းခဲ့ရသော အမေ့ဘဝ၊ အမေ့ ဇာတ်ကြောင်း ရှေးဖြစ်ဟောင်းတွေကို ကျွန်မတို့ ကြားကြရပြန်သည်။ အမေက မှတ်ဉာဏ်ကောင်းသလောက် စကားကို စီကာပတ်ကုံး ပြောတတ်သူမို့ သူ့ဘဝထဲက ရုပ်ပုံလွှာတွေကို Flash gun မီးပွင့်တွေ ဖြန်းခနဲ ရိုက်သလို ဝင်းခနဲ ဝင်းခနဲ ပေါ်လာတတ်ပါ၏။

"ငါ ငယ်ငယ်တုန်းက စစ်ကြီးဖြစ်နေသဲ့အခါဆိုတော့ အဖေတို့ လူကြီးတွေ စုစုစုစုနဲ့ တိုင်းရေးပြည်ရေး ဆွေးနွေးနေကြသဲ့ကြား ဖလစုံ (ဖလားစုံ) ကွမ်းအစ်လို ပက်ပက်ကြီးပေါ့အေ။ အခါပျက်နဲ့ ကြုံရသာ ဆိုတော့ အနေအထိုင် အစားအသောက်ကလည်း ဆင်းရဲလိုက်တာ၊ မုန့်လေပွေဆင်နင်း။ ငတို့ရွာက စစ်လမ်းကြောင်းမကျလို့ တိုက်ပွဲရယ် ဘာရယ် သေနတ်သံ တဒိုင်းဒိုင်း မကြားဖူးပေမယ့် ကောင်းကင်က ဗုံးလာကြဲတဲ့ ကျွဲညီနောင် လေယာဉ်သံတော့ ကြားဖူးသာပေါ့။ ကျွဲညီနောင် လာပဟော့ဆိုရင် ဗုံးခိုကျင်းတွေထဲ တို့ဆင်းပြေးရသာပဲ။ ဗုံးခိုကျင်းကလည်း နည်းသာကြီးမှုတ်ဘူး၊ တော်တော့ အိမ်တစ်ဆောင်စာလောက် ရှိတယ်။ တစ်ဆွေလုံး တစ်မျိုးလုံး သည်ကျင်းကြီးထဲ ဝင်နေရသာ။ သေအတူ ရှင်အတူဆိုသဲ့ စိတ်နဲ့ပေါ့။ ဗုံးခိုကျင်းထဲမယ် ရေနွေးပွဲရှိသယ်၊ သောက်ရေအိုးရှိတယ်၊ စားစရာ သောက်စရာကလည်း ထန်းလျှော်တောင်းကြီးနဲ့ တစ်လုံး။ အဆင်းအတက် မြေကြီးကို လှေကားထစ်ထားသေးသာ။ လေယာဉ်သံကြားရင် တို့တစ်မျိုးလုံး ကျင်းထဲအကုန်ဝင်ပြီး နားစွင့်နေကြ

www.burmeseclassic.com

www.burmeseclassic.com



ရသာ။ ဘယ်များဖုံးချည် ကြားရပါ့မလဲပေါ့အေ။ တို့ရွာပေါ်တော့ ဖုံးမကျ ဖူးဘူး။ ဇကျူး (စားကြူး) ရွာက ဆွေမျိုးတစ်သိုက်တော့ ဖုံးကျင်းတည့်တည့် ကျလို့ တစ်မြုံလုံးပါသွားတာ ကြယ်သီးတောင် ရှာမရဘူး"

"အဝတ်အစားဆိုလည်း ရှားလွန်းလွန်းလို့ ဘကြီးဘုန်းကြီးက စွန့်သဲ့ သင်္ကန်းစုတ်တွေ ရှင်မီးချုပ်ပေးသာ ဝတ်ခဲ့ရသာ။ ထဘီဆိုလည်း ဗွက်ပုပ်ရေဆိုးသဲ့ ဖျင်ကြမ်းအနက်ထည်တွေပေါ့။ သည်ကြားထဲက ရောဂါဘယကလည်း များချက်တော့၊ တော်ကြာ ကာလဝမ်းရောဂါ၊ တော်ကြာ ပုလိပ်ရောဂါနဲ့ လူ့ကိုယ်တွေကလည်း အပုပ်ရယ်၊ လူပုပ်ရယ် မဟုတ်တော့ဘူး။ ဝဲနာတွေပေါက်ကြ၊ ကိုယ်သန်းတွေထွက်ကြနဲ့ တစ်ကိုယ်လုံး ယားနေတော့သာ။ လူတကာဖြစ်နေသာဆိုတော့ မရှက်နိုင်ကြဘူး။ အင်္ကျီချုပ်ရိုးကြောင်းအတွထဲများ အဝတ်သန်းတွေကို ပုတီးစေ့များ သီထားသလိုစီနေတော့သာ။ ခေါင်းက သန်းဥထက်များသေး။ ရွာထဲ ဘောင်းဘီဝတ်နဲ့ လူစိမ်းဝင်လာရင် အလိုလို ကြောက်နေရသဲ့ ခေတ်ကိုးအေ့။ သဟာတွေကြောင့် ကိုယ့်မြေးကိုယ့်သားတွေ လက်ထက်ကျ အခါပျက်နဲ့ မကြုံကြရပါစေနဲ့လို့ ဆုတောင်းရသယ်။ ကိုယ်လည်း ထပ်မကြုံကြရပါစေနဲ့လို့ ဆုတောင်းရသယ်။ ကိုယ်လည်း ထပ်မကြုံချင်ပါဘူးအေ၊ ဆင်းရဲသာကိုး"

နားထောင်သူက စိတ်ဝင်စားသည်ဖြစ်စေ မဝင်စားသည်ဖြစ်စေ အမေကတော့ အနားလူတစ်ယောက်ရှိလျှင် တတွတ်တွတ်ပြောနေတတ်သည်။

"ဟိုတုန်းက ရွာတွေမှာ စာသင်ကျောင်းရယ် ဘာရယ်လို့ ခုခေတ်လို ရှိသာမှတ်ဘူး။ ဘုန်းကြီးကျောင်းတွေက သင်ပေးသဲ့စာ လိုက်ရသာ။ တို့ရွာက ဘုန်းကြီးကျောင်းလေးကျောင်း ရှိသာဆိုတော့ နရန်းက ရွာတွေထဲမှာတော့ သက်ကတို (တက္ကသိုလ်) ပေါ့အေ။ ကျောင်းနေအချင်းချင်းလည်း



စာချိုးစာစပ်တွေနဲ့ ပြောင်ကြလှောင်ကြသာပေါ့။ ညနေ ငါးပိဖုတ် လှမော်မိချုပ်၊ ဓောင်းဂျမ်းအကွက်ဖော် အောင်သန်း ဝွက်ထော်ဆိုပြီး ယောက်ျားကလေး မိန်းကလေး အချင်းချင်း စာစပ်နဲ့ ပေးစားကြသာ။ ကြိုးထုံးဇကာရောင်းဖိုးအုံး မသာလောင်း၊ တုံးပေါ်ကြွက်လျှောက် ဖုန်းကျော်လက်ကောက်နဲ့ သူတကာကို နာမ်နှိမ်ကြသေးသာပေါ့အေ့"

အမေသည် အဖေနှင့် လူငယ်သဘာဝ ချစ်ကြိုက်ပြီး တစ်အိုးတစ်အိမ် ထူထောင်ကြခြင်း မဟုတ်ဘဲ ခေတ်အခါ မကောင်းသောကြောင့် အပျိုဖျန်းအရွယ် တစ်ဆယ့်ရှစ်နှစ်လောက်တွင် နှစ်ဖက် လူကြီးမိဘများ သဘောဆန္ဒအရ ပေါင်းသင်းခဲ့ကြရခြင်းဟု ဆိုပါသည်။

"ခေတ်အခါက ညီအစ်ကို မသိတသိအချိန်ဆိုတော့ ရွာထဲ တော်ကြာ ရဲဘော်က ဝင်လာလိုက်၊ တော်ကြာ ကွန်မြူနစ်က ဝင်လာလိုက်နဲ့ အချို့ လူ့ပေါက်ပန်းတွေက အပျိုချောမြင်ရင် သေနတ်ပြယူကြတာမျိုးကလည်း ရှိလေတော့ အမေတို့က အစိုးရိမ်လွန်ပြီး ပေးစားကြသာ။ ငါဖြင့် အပျိုကို ဒင်မော် မလုပ်ခဲ့ရပေါင်အေ။ ငါ ငိုရသာ မောရော။ ညည်းအဖေနဲ့ရကြတော့ မိဘများ လက်ဖွဲ့သဲ့ အညာဆန်လေ့ကြီးစီးပြီး မြစ်ထဲ အိမ်လုပ်နေခဲ့ရသာဆိုတော့ ဘယ်မှာ ဝတ်ကာစားကာ ရှိခဲ့လိမ့်မတုံး။ ဒီလို တော်ရိရော်ရာနဲ့ ပြီးခဲ့ရသာပဲ။ အိမ်ထောင်ကျပြီး ရှစ်နှစ်လောက် သားသမီး မပေါ်ပေါက်ဘူး။ သားသမီးတွေပွားစီး လာပြန်တော့လည်း ကိုယ့်အတွက် ဘာမှ ထည့်မစဉ်းစားဖြစ်တော့ဘူးပေါ့။ သားစာသမီးစာ ထဘီကျိုက်ကျိုက်ပါအောင် ဝတ်သဲ့ပြီး ရှာရသာများ ကုန်တွေဆို လူငှားရမှာစိုးလို့ ကိုယ်တိုင် လှေပေါ်တင်ရချေ။ အချိန်တစ်ဆယ်လောက် ဝင်သဲ့ကုန်တွေ ရွက်ပြီး ဈေးရောင်းခဲ့ရ။ မြစ်ရိုးတစ်လျှောက် ငှက်တော ကျီးတောတစ္ဆေမကြောက် သဘက်မကြောက် ဆိုသလိုပါပဲ လုပ်ကိုင်စားခဲ့ရ။ ပျော်ပါရဲ့အေ၊ ဆွေကြီးမျိုးကြီးဆိုတော့ လုံခြုံသာလည်း ပါမှာပေါ့

www.burmeseclassic.com

www.burmeseclassic.com



အမေ သည်လိုပြောတိုင်း ကျွန်မ မျက်ရည်ဝိုင်းမိသည်သာ ဖြစ်၏။ ကျွန်မ လူမှန်းသိတတ်သည့် အရွယ်ကတည်းက အမေ ရုန်းကန်ခဲ့ရတာတွေ ကျွန်မ မျက်စိထဲ မြင်ယောင်ဆဲရှိပါသေးသည်။ သားသမီးခြောက်ယောက် အမြီးဆက် ခေါင်းဆက်ဆိုသလို ကိုယ်ဝန်ဆောင်မွေးဖွားရင်း အလုပ်တစ်ဖက် လုပ်ခဲ့ရရှာသေးသည်။ အခု ကျွန်မကိုယ်တိုင် သမီးကလေးတစ်ယောက် ရလာတော့မှ အမေ့ကျေးဇူးတရားတွေကို ပိုမို နားလည်ခံစားမိရပါသည်။

"သားသမီးခြောက်ယောက်နှင့် တို့နှစ်ယောက်၊ ပေါင်း ရှစ်ယောက် အိုးကြီး မနက်ပြန်ညပြန် ချက်ခဲ့ရသဲ့ နှစ်ဌာန်းကြီး နည်းမှတ်လို့၊ မီးဖိုထဲ မီးစကို မပြတ်ခဲ့ရဘူး။ စားတော့ အိုးလှူးခွက်လှူး။ အတူဆိုက်ထားတဲ့ ကပ်လျက် လှေပေါ်က မကံအေးတို့ လင်မယား ဘဲဥကြီးတွေ အလုံးလိုက် ကိုက်စားနေသာမြင်တော့ သွားရည်တွေများ ကျမိသေး။ ငါတို့ဖြင့် ဘယ်တော့များမှ သည်လို ဘဲဥအလုံးလိုက် ကိုက်စားရမှာပါလိမ့်လို့ တွေးခဲ့မိသေးသာ"

အခုအချိန်မှာတော့ သားသမီးများလုပ်စာကို အမေ ထိုင်စားရချိန် ရောက်ခဲ့ပါပြီ။ သို့သော် အမေ့ကံဇာတာက ဘယ်လိုရယ်မသိ။ သားသမီးတွေ တာဝန်ပြီးတော့လည်း မနားသာခဲ့ပြန်။ လူနားရသော်လည်း စိတ်နားပုံမရ။ သားသမီးတွေက မွေးကြသော မြေးတွေ တာဝန်က ပိုလို့တောင် ပိလာခဲ့သည်။ ကျွန်မတို့က စားစေချင်လွန်း၍ ဘာဝယ်ကျွေးကျွေး မြေးတွေ ပါးစပ်ထဲ အရင်ခွံ့ရမှ ကျေနပ်တတ်သူ။ မြေးကလေးတွေကို ဆိုင်ရာမိဘက နို့ခွဲပါပြီ ဆိုကတည်းက သူ့ခြင်ထောင်ထဲ ထည့်အိပ်ခဲ့သည်မှာ လူပျိုပေါက် အပျိုပေါက်ကလေးတွေ ဖြစ်သည်အထိ။ အခုလည်း အမေ့မှာ ဘဲဥ အလုံးလိုက်စားဖို့ မျိုမကျရှာသူသာ ဖြစ်သည်။



ကျွန်မတို့ ကျောင်းနေစဉ်ကာလတွေတုန်းကလည်း ကျွန်မတို့ စာကျက်သည့်အနား တငုတ်တုတ်တုတ်ထိုင်ရင်း လက်ဖက်သုပ်ကျွေးရ၊ မုန့်လုပ်ကျွေးရနှင့် သူပါရောဈ အိပ်ရေးပျက်ခံခဲ့ရှာသည်။ ဆယ်တန်းစာမေးပွဲဖြေမည့် ကျောင်းသားနှင့်အတူ အမေပါ စိတ်မောကိုယ်ပန်းလုံ့လဉဿာဟပြုခဲ့သည်။ ဘုရားတွေ နတ်တွေ တိုင်တည်သည်။ သားသမီးတစ်ယောက် ဆယ်တန်းအောင်တိုင်း အမေကိုယ်တိုင် ဆယ်တန်းအောင်သလို ပျော်ခဲ့၊ ဂုဏ်ယူခဲ့မြဲ ဖြစ်သည်။

"တော်ကြရှာပါ့တော် ငါ့သားသမီးတွေ၊ တို့များ ဘုန်းကြီးကျောင်းက သင်ပေးသဲ့စာကို မနည်း အရည်လည်အောင် အံခဲ့ရသာ။ သူတို့ခမျာ သူများ ဘာသာတွေပါ အာစေးပေါက်အောင် အံကြရရှာသာဟဲ့။ ဆယ်တန်းက ဂိတ်ပဲ။ ဆယ်တန်း ဟိုဘက်ကျ ဘွဲ့ရရော။ ဘွဲ့ရတော့ လူတကာကို ချယ်ရာမင် လုပ်လို့ရသဟဲ့"

အမေကတော့ ဆယ်တန်းအောင်ကြသော သားသမီးတွေကို ချယ်ရာမင် (Chairman) ဖြစ်ကရောဟု မျှော်လင့်ခဲ့သော်လည်း ကျွန်မတို့ သားသမီးတစ်တွေကတော့ အမေတို့ ရုန်းကန်ခဲ့ရသော ဘဝများနှင့် သိပ်မကွာခြားလှပါ။ လူချမ်းသာစာရင်း မဝင်ကြသော်လည်း အမေပြောခဲ့ဖူးသည့် အနေအထိုင်တော့ အောက်ကျနောက်ကျ မနိုင်ခဲ့ကြပါ။ မချမ်းသာသော်လည်း ဖွံ့ဖြိုးသည်ဆိုရလေမလား။ အထူးသဖြင့် အမေက ကျွန်မ စာရေးဆရာမ ဖြစ်နေခြင်းကို အလွန် ဂုဏ်ယူတတ်သူ ဖြစ်၏။ ကျွန်မ ရေးခဲ့ဖူးသော ဝတ္ထုတိုတော်တော်များများမှာ အမေ့ရှေးဟောင်းနှောင်းဖြစ်စကားတွေထဲက ဆင်းသက်လာသော အတွေ့အကြုံ ဝတ္ထုများဖြစ်သည်။ ကျွန်မ ရေးခဲ့သမျှ ဝတ္ထုတိုတွေကိုဖတ်ရင်း အမေ့မှာ ဂုဏ်ယူလို့မဆုံး ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငတို့က တခ်နုပ္ပတ္တိဉာဏ် ကောင်းတော့ ဖျပ်ဆို မှတ်ထားလိုက်သာလေးတွေ အခုတော့ အသုံးဝင်သာပေါ့။ မလှခင်တို့ကျ ငါတို့နဲ့ မှုယ်တူတန်း တူတွေပေသိ ဉာဏ်သမ္မရုပ် (ဉာဏသမ္ပရုပ္ပ) နည်းတော့ ဘာတစ်လုံးမှ ဟုတ်တိပတ်တိ ပြောတတ်သာ မှုတ်ဘူးရယ်။ တို့ကတွေ့ကာမတ်တတ်မြင်ကာ မတ်တတ်နေသာမှ မဟုတ်သာ။ ဘာမဆို ဥဇုမဂ္ဂရှိတော့ မှတ်မိသာပေါ့"

ကျွန်မ စာရေးဆရာမဖြစ်တာ အမေ့ကြောင့်ပေါ့ဟု လူကြားသူကြား ပြောမိပြီဆိုလျှင် အမေက 'အစစ်ပေါ့အေ' ဆိုသည့်ပုံနှင့် သူ့ကိုယ်သူပင် ထောက်ခံချက် ပေးတတ်ပါသေးသည်။

* * *

ဘဝကို ခြေဖဝါးလက်ဖဝါးက စခဲ့ရသူတွေဆိုတော့ အမေကိုယ်တိုင်က ပစ္စည်းပစ္စယကလေးများကို အသေးအမွှားကအစ တန်ဖိုးလည်းထားသလို နမြောလည်း နမြောတတ်သည်။ ပစ္စည်းတိုင်းမှာကလည်း သူ့ရာဇဝင်နှင့်သူ ရှိသည်။ အိမ်က ပစ္စည်းမှန်လျှင် အဝတ်စုတ်ကအစ မပစ်ရက်။ အိမ်က အဝတ်အစုတ် အပိုင်းအစကလေးတစ်စ လမ်းမှာရောက်နေလျှင် အိမ်ဝင်းထဲ ပြန်သွင်းလာတတ်သည်။ ကျွန်မတို့ အိမ်နောက်ဖေးက အမှိုက်ကျင်းကြီးထဲမှာ သည်လို ကောက်ရသမျှ ပစ္စည်းတွေအပြည့်။

"ပစ္စည်းတစ်ခုကို သုံးမရတော့မှန်းသိပေမယ့် ပစ်ရက်နိုင်ပေါင်အေ။ ဟောသည့် ပုဆိုးစုတ်ကလေးက မလေးရှားပုဆိုးတွေ ပေါ်ခါစက သားတက္ကသိုလ် တက်နေသဲ့ မောင်ကျောင်းသား သူများတန်းတူ ဝတ်ရစားရပါစေတော့လို့ ခြစ်ခြုတ်ဝယ်ပေးရသာ ဖျစ်ဖျစ်ကိုမြည်လို့။ မှတ်မှတ်ရရတို့လှေကြီးပြည်ဘက်ကို နဝလီလိုက်တုန်းက အခေါက်ကပေါ့။ ငါ့မှာ



ပုဆိုးဝယ်ဖို့အရေး ချိတုံ့ချတုံ့နဲ့ ဗွတ်မိုတ်ဝယ်ရသာ။ တစ်ထည် တစ်ရာ့ ငါးဆယ်သာပေးရသယ်။ သည်တုန်းက ဆန်တစ်ပြည်မှ ငါးကျပ်၊ တစ်ဆယ်ရယ်"

အမေက ပုဆိုးတစ်ထည်ချင်းစီ၏ ရာဇဝင်အူပေါက်ကို အကုန်ခင်းတတ်၏။ ပြီးတော့ သည်ပုဆိုးစကလေးနှင့်တွဲကာ သူ့သားလူပျို မိခင်နှင့် အတူနေ ဘဝကို အောက်မေ့တာလည်း ပါသည်။ ပစ္စည်းနမြောတာထက် အစွဲအလမ်းကြီးမှုက ပိုပါလိမ့်မည်။ တရားမရှိတာတော့လည်း မဟုတ်၊ ကိုယ်နှင့်အတူ ရှိခဲ့သည့်ပစ္စည်းဆိုသည့် သံယောဇဉ်ပဲ ထင်ပါ၏။ အမေကိုယ်တိုင်လည်း အဝတ်အစားချွေတာဝတ်တာ ကျွန်မ မှတ်မိနေပါသေးသည်။ တဘီတစ်ထည် ရိုစုတ်သွားသည့်နောက်တောင် အပေါ်ပိုင်း နှစ်ဖြတ်ဆက်ကာ တစ်ကွင်းရအောင်ဝတ်သော အမေဖြစ်သည်။ မနေ့တစ်နေ့က ရှေးခေတ်သုံး ဖန်ပုလင်းကြီး ကျကွဲသွားသဖြင့် အမှိုက်ကားပေါ် တင်ပေးလိုက်ရသည့်ကိစ္စကို အမေက ယူကျုံးမရ ဖြစ်နေရှာသည်။

"သည်ဖန်ပုလင်းကြီးက တို့ အရှယ်ကောင်းလောက်ကတည်းက အိမ်မှာ အနှစ်လေးဆယ်ကျော်နေသွားသဲ့ ပုလင်းကြီး။ ပုလင်းသားကလည်းထူ၊ အဖုံးကလည်း ဖန်ဖုံးကလေးပဲ။ ရှေးပစ္စည်းကလေးဟဲ့။ အခုခေတ် ဘယ်မှာမှ မရှိဘူးရယ်။ ဟိုတုန်းက ပဲကြော်ကလေးထည့်၊ ပုစွန်ခြောက်ကလေး ထည့်သုံးစွဲလာသာ ရွာက ပြောင်းလာတော့တောင် ရင်ခွင်ပိုက်လာခဲ့ရသာ။ ပစ္စည်းသခ်ါရပေါ့အေ"

အမှိုက်ကားကြီး အိမ်ရှေ့က ဖြတ်မောင်းသွားတော့ အမေက 'ငါမှားပြီ၊ အိမ်မှာပဲ ကျင်းတူးပြီး မြှုပ်လိုက်ရ အကောင်းသား။ ခုတော့ အနှစ်လေးဆယ်ကျော် အတူနေခဲ့ပြီးခါမှ ခွဲရလေခြင်း' အောက်မေ့ကာ စိတ်မချမ်းမသာ ဖြစ်နေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ကြွပ်ကြွပ်အိတ်တွေ စုထည့်ထားသည့် တောင်းကြီးတစ်လုံးရှိသည်။ ပစ္စည်းတစ်ခုခု ထည့်စရာ သိုစရာလိုလျှင် အရပ်ထဲက လူတွေက အမေ့ထံ လာတောင်းရသည်။ သည်လို လာတောင်းလျှင် အမေက သူ့ကိုယ်သူ ဂုဏ်ယူရင်း ကျွန်မတို့ကိုလည်း ဆုံးမသေး၏။

"လိုတရစေ ကြိုးလိုခွေ ဆိုသမှုတ်လား။ ကြေးနန်းကြိုးကလေးအစ၊ သားရေကွင်းကလေးတွေကအစ သိမ်းထားရသယ်။ ကိုယ်လိုတော့ အခန့်သင့်ရသယ်။ ဘယ်အရာမဆို သူ့အသုံးနဲ့သူ တည့်သာချည်းပဲ။ တန်ဖိုးရှိသာချည်းပဲ။ စီးသုံ့ရေ ဆည်သုံ့ကန်သင်းဆိုသဟာ ဒါလည်းပါသာပေါ့။ လူတွေများ ကြွပ်ကြွပ်အိတ်လောက်တော့ ပေါသယ်ဆိုပြီး ဂရုမစိုက်ကြပေါင်။ လိုတော့မှ ငါ့ဆီလာကြရော။ ခေတ်က ပေါ့ပေါ့နေတွေများသာကိုး"

ကျွန်မတို့အိမ်အောက်မှာ အိမ်က မော်တော် (စက်ရေယာဉ်) သုံး စက်ပစ္စည်းတွေ တစ်ပုံကြီးရှိသည်။ ပန်ကာလိုပစ္စည်းမှအစ မူလီကလေးတွေ အဆုံး သူ့နေရာနှင့်သူ သစ်သားပုံးကြီးတွေထဲမှာ သပ်သပ်ရပ်ရပ် ထားတတ်သည်။ ပစ္စည်းတစ်ခုလိုချင်လျှင် ခေတ်ပညာတတ်ကြသည့် သားတွေကပင် အမေ့ကို မေးရသည်သာ ဖြစ်၏။

"အမေ ဂတ်စကက်တွေ တွေ့မိလား"

"တွေ့ပါတော်၊ အသစ်စက်စက် နာနီကာစင်တွေ မင်းအဖေ ဝယ်ပြီး ပိုသယ်ဆိုလို့ အမေ သိမ်းထားသာ"

မေးလိုက်သည့်ပစ္စည်းကို အမေ ထပ်ခနဲ သိနေတတ်တာကလည်း မှတ်ဉာဏ်ကောင်းတာပါသလို အမေ့၏ လှေ၊ မော်တော်ဖြတ်သန်းမှု အတွေ့အကြုံ ကြီးမားမှုတွေကြောင့်လည်း ဖြစ်သည်။ တစ်ခါတရံ အမေ့ထံမှ နာနီကာစင်ဆိုသည့် ဘယ်ကလာမှန်းမသိသော စကားဆန်းတွေ ထွက်ကျလာတတ်တာမျိုးလည်း ရှိတတ်သေး၏။



"ငတို့က ပစ္စည်းတစ်ခုကို မြင်ရုံနဲ့တင် ကောင်း မကောင်း သိသယ်။ အက်ဗျူတိတ် ဖြစ်မဖြစ် သိတယ်။ သိဆို ကိုယ်နဲ့မဆိုင့်လည်း စပ်စုထားတာကိုး။ ဘာမဆိုသိတော့ နောက် နောင်းသခါ ကိုယ်အရေးကြုံတော့ အလိမ်အညာ မခံရတော့ဘူးပေါ့"

အက်ဗျူတိတ်က (Up to Date) ဖြစ်သည်။ လူငယ်တွေ သုံးကြတာကို အမေ မှတ်ထားခြင်းဖြစ်၏။ နောက် နောင်းသခါဆိုသည့် အသုံးကို ကျွန်မတို့ပင် သုံးတတ်နေပြီ။

ကိုယ့်အိမ်ထောင်နှင့်ကိုယ် ဖြစ်လာတော့ တစ်ချိန်က တတွတ်တွတ် ပြောခဲ့သော အမေ့စကားတွေက ကျွန်မအတွက် စဉ်းစားတွေးတောစရာတွေ၊ လက်ခံကျင့်သုံးစရာတွေသာ ဖြစ်လာခဲ့သည်။ ဟင်းကြွင်းဟင်းကျန်ကအစ ပစ္စည်းပစ္စယ တောက်တိုမယ်ရကလေးများကို ကျွန်မက သိမ်းဆည်းလျှင် ကျွန်မအိမ်သားက "အိမ်ရှုပ်အောင်လို့ကွာ၊ လွှင့်ပစ်လိုက်စမ်းပါ" ဟု ပြောတတ်ပါသည်။ ကျွန်မက အမေပြောလေ့ရှိသော စကားအတိုင်းပဲ ပြန်ပြောရပါ၏။

"သူ့ဘာသာရှိနေတာ ရှုက်ထားရတာမှတ်လို့။ ပစ္စုဒ္ဓယ မလုပ်ရက်ပါဘူးတော်"

"ဘာလဲကွ ပစ္စုဒ္ဓယဆိုတာ"

"ပစ္စုဒ္ဓယဆိုတာ အမေတို့သုံးတာလေ။ ပါဠိစကားပဲ"

ပါဠိသက် ဝေါဟာရအဘိဓာန်မှာသော့ ပစ္စုဒ္ဓိရ် (ပစ်စွန့်ထားခြင်း၊ ပစ္စလက်ခွတ်ထားခြင်း) ဟု ဆိုပါသည်။ ကျွန်မအိမ်သားပင်လျှင် အမေ့အကြောင်းကို တော်တော်သိနေပြီ။ သူကလည်း စာရေးဆရာပီပီ အမေ့ဘဝဇာတ်ကြောင်းတွေကို အခြေခံကာ 'လှေသူကြီးကတော်' အမည်ဖြင့် စာအုပ်ကြီးတစ်အုပ်ရေးဖို့ အမေနှင့် စကားပြောတိုင်း အသံသွင်းထားသည်။

www.burmeseclassic.com



တိတ်ခွေ လေးဆယ်ကျော်သည့်တိုင် အမေ့စကားတွေက မကုန်သေး။ အနေဝေးသွားသော်လည်း အမေက ကျွန်မတို့ထံ လူကိုယ်တိုင် စကား လက်ဆုံ မကျရသည့်တိုင် သူ့ မှတ်မိသမျှကို စာတိုပေစကလေးများရေး၍ လှမ်းပို့ဆဲ။ သဒ္ဒါ၊ သတ်ပုံ၊ စာလုံး ဠာန်ကရိုဏ်း မကျနသော်လည်း အမေ့လက်ရေးကလေးတွေဆိုတော့ အဝေးက အမေ့စာတွေကို ဖိုင်တစ်ခု ထဲမှာထည့်ကာ မိမွေဘမွေအဖြစ် ကျွန်မ သိမ်းဆည်းထားဖြစ်ခဲ့ပါသည်။ အမေ့စာ`တွပင် ဖိုင်ပြည့်လုပြီ။ နောက်ထပ်စာတွေကလည်း တဖွဲဖွဲ ရောက်နေဆဲ။

အမေ့ထံမှ စာများထဲမှာပင် အမေ့စကားတွေ ပါနေတတ်တာ ကျွန်မ သတိထားမိပါသည်။ သူ့ အောက်မေ့ရာရာ ဘဝဇာတ်ကြောင်း ကလေးတွေကို ကျွန်မ ဝတ္ထုရေးလိုလျှင် ရေးနိုင်ဖို့ပဲဖြစ်သည်။

"ဉူးမျက သမီးချောကလေးနှစ်ယောက် ရှိတယ်။ မတင်ရွှေ၊ မတင်မေ တဲ့။ သူ့ဒို့ဂို တောင်သူကျိုးတစ်ယောက် သူ့သားနဲ့ လာစပ်တယ်။ ဉူးများက အိမ်တင်ပစ္စီးကို မေးဒါပေါ့။ ဟိုဒုန်းကတော့ မင်ကလာ အခမ်းအနား ဘယ်လိုဆောင်မှာဒုံး မမေးကြဘူး။ အိမ်တင်ပစ္စီးကိုဒါ မေးဒါ။ သားရှင်က အင်း အဆင်ပျေရင် လယ်ဝေး လူ ၂၀ စိုက်က တင်း ၃၀ လောက်တော့ရမှာဘာ၊ နှမ်းလေး ၂ ပြိစိုက်ကလဲ ၁၅ တင်းတော့ ပျေးမလွတ်လောက်ပါဘူး။ ဆေးလေးလဲ စိုက်ထားပါသေးဒယ် ဆိုဒေါ့ သမီးရှင်က စိတ်ဆိုးပြီး မင်းလိုဆိုကွာ ၄ အိတ်ထောင်ထဲက ၂ က အဆင်ပျေရင် တစ်သိန်းဗျာဒဲ့။ ဒီဒုံးကတော့ ထီတစ်စောင် ၂ ခေတ္တုကိုး ဟိုဒုံးက ထီ ၂ ပေါက်ရင် တစ်သိန်းရဒယ်"

အမေနှင့် ကျွန်မအဖို့တော့ သည်စာကို ကလေးပေမယ့် နောက် ဆက်တွဲ တွေးစရာရေးစရာတွေ အများကြီးရှိနေတတ်ပါသည်။

* * *



အခုလည်း အမေက သူ့သားကြီးလွတ်ကာ ကျွန်မထံ စာတစ် စောင် ပို့လိုက်၍ ကျွန်မတို့မိသားစု ကားငှားကာ အမေ့ထံသို့ လာခဲ့ကြခြင်း ဖြစ်သည်။ အမေက သမက်ဆိုသော်လည်း ကျွန်မအိမ်သားကို ကျွန်မလိုပင် ဆရာလို့ပဲခေါ်သည်။ ရေးသည်။

**'ဆရာ၊ မထူး၊ မွေးမိသားစု'**

မနက်ဖြင် သဒင်းဂျွတ်လွှန်းဆယ့်လေးရက် အမေ့မွေးနေ့ဖျစ်တယ်၊ သားဒေ သမီးဒေ မြေးဒေ စုံစုံလင်လင် အမေတွေ့ခြင်ဒယ် လာဖျစ်အောင် လာခဲ့ကြဘာ ခေါက်စွဲကျွေးမြီ။

**အမေ**

ကျွန်မတို့ရောက်သွားတော့ အိမ်ဝ ပက်လက်ကုလားထိုင်မှာ ထိုင် စောင့်ရင်း အမေက ဝမ်းသာအားရ ကြိုနေရှာပါသည်။ အမေ ပြုံးလို့ပါ လား။

"အင်း... အခုလို ကိုယ့်သားသမီး မြေးသားတွေ တရုန်းရုန်းနဲ့ မြင်ရတော့ ဟိုတုန်းကရွာမှာ ဘကြီးဘုန်းကြီး မွေးနေ့ပွဲလုပ်တာ သွားအမှတ် ရမိပါရဲ့"

အမေက အိမ်ခေါင်းရင်း အုန်းပင်အောက်မှ ဝှန်းလျားပေါ်မှာ ထိုင်ကာ အိမ်ဝင်းထဲ ပြေးလွှားခုန်ပေါက် ကစားနေကြသော သူ့မြေးတွေကို လှမ်းကြည့်ရင်း စကားစတော့သည်။

"ငတို့ ဘကြီးဘုန်းကြီး ဦးတိက္ခက ဘယ်လို မွေးနေ့ပွဲလုပ်မှန်း မသိဘူး။ သူ့မွေးနေ့နားနီးရင် ရပ်ဝေးရပ်နီးရှိသမျှ ဆွေဆွေမျိုးမျိုးတွေ၊ တပည့်တပန်းတွေ မလာလာအောင် စုတော့သာပဲ။ ကျောင်းမှာလည်း တစ်လလောက် အလိုကတည်းက အသံချဲ့စက်ကြီး စိတ်ကူးရတိုင်း ဖွင့် ထားလိုက်တာ ရွာလုံးကြား။ ရွာကလူတွေလည်း ဆရာတော့်မွေးနေ့အလှူ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ဝိုင်းကြဝန်းကြနဲ့ ကျောင်းနဲ့အိမ် ကူးလူးနေရတော့ စည်ချင်တိုင်း စည်နေသာပေါ့။ မွေးနေ့ပွဲ ထမင်းကျွေးဖို့ ချက်ကြပြုတ်ကြသာကိုက မနက်မိုး ညမိုး ဆက်နေသာ။ တို့က ကလေးဆိုတော့ ဘာမှန်းမသိဘဲ ပျော်သာပေါ့။ ဘုန်းကြီးလုပ်ချင်သဲ့ ရည်ရွယ်ချက် သိကြသာမှတ်ဘူး။ နောင်မှ အဖေတို့က ပြောပြကြသာလေ။ ဘကြီးဘုန်းကြီးက ပြောသတဲ့"

စကားပြောရင်းက အမေ့မျက်လုံးတွေ မှိုင်းရီသွားတာ ကျွန်မ သတိထားလို့ မိပါသည်။ ရှေးဟောင်းနှောင်းဖြစ် စကားဆိုတိုင်း အမေ့ စိတ်တွေက အတိတ်ဆီ ပြန်ရောက်သွားသလို ခံစားရပုံမျိုး ဖြစ်သည်။

"ငါတို့က ဗမာတွေကွသဲ့၊ မွေးနေ့ရယ်လို့ မလုပ်လေ့ကြပါဘူး။ ဒါပေသိ ငါ့မွေးနေ့ရယ်လို့ ကြီးကျယ်ခမ်းနားချင်လို့၊ ဂုဏ်ခံချင်လို့ မဟုတ်ဘူးသဲ့။ ငါ့ မွေးနေ့အကြောင်းပြုပြီး အဝေးရောက်နေသဲ့ တပည့်တပန်းတွေ ဆွေတွေမျိုးတွေ ဆုံဆည်းကြစေချင်လို့သဲ့"

"ဟိုတုန်းက လူတွေက နှီးဒေါင်းလန်းကြီးတွေ ဝိုင်းဖွဲ့စားကြသဲ့ လက်ရည်တစ်ပြင်တည်း ခေတ်ကိုး။ တစ်ဝမ်းကွဲ နှစ်ဝမ်းကွဲမပြောနဲ့ ရွာဆွေရွာမျိုး ဆိုသဲ့စိတ်လည်း ရှိကြသာကိုးအေရဲ့။ လသာသာ တလင်းထဲ ချွတ်ထားသဲ့ လှည်းပေါ် တစ်ယောက်ပေါင် တစ်ယောက်ခေါင်းအုံးရင်း စကားတပြောပြောနဲ့ မိုးလင်းအောင် အိပ်ကြသာပဲ။ မိုးလင်းမှ ကိုယ်တော့ အလုပ်ခွင်ဆီ ထသွားကြသာပဲ။ ဘယ်သူ့မှ ကြောက်စရာမလိုဘူး။ အေးချမ်းလိုက်သာမှ"

"အင်း... အခု ညည်းတို့လက်ထက်ကျတော့မှပဲ ခေတ်နဲ့များဆိုင်သလား မပြောတတ်ပေါင်အေ၊ ညီရင်းအစ်ကို မောင်ရင်းနှမတွေတောင် တစ်မြို့တည်း တစ်ရွာတည်းနေကြပြီး အနေဝေးကြရသယ်။ ကိုင်း... ငါ့သား ငါ့သမီး ငါ့မြေးတွေ သည်ကနေ့တော့ဖြင့် အမေ့အိမ်မှာ ဆုံကြပြီ။



ကန်တော့ကြဟဲ့၊ ကုသိုလ်ယူကြဟဲ့၊ လက်ရေတစ်ပြင်တည်း စားကြစမ်းဟဲ့၊ အမေ ကြည့်ချင်လို့"

သည်တစ်ခါတော့ အမေပြောသော စကားနိမိတ်ပုံတွေက ကျွန်မ ရင်ထဲ ထိထိရှရှကြီး ခံစားလိုက်ရပါသည်။ အသက်ကြီးလာလို့လားတော့ မသိ။ အမေ့ စကားတွေက သူများ နားမခံသာတာတွေ မပါတော့။ မာန်မာနတွေ မပါတော့။ ချစ်ခြင်းမေတ္တာဖြင့် သင်းသောရနံ့တွေသာ ပါနေတာ ကျွန်မ သတိထားမိသည်။ အမေက ရိုးရိုးကလေးသာ ပြောလိုက်ခြင်းဖြစ်သော်လည်း ကျွန်မရင်ထဲမှာ ဘာမှန်းမသိရသည့် ခံစားမှုတစ်မျိုး 'နင့်' ခနဲ ဆူးသွားခဲ့သည်။

[စာပေလောကစာအုပ် အစီအစဉ်၊ ၂၀၀၆ ခုနှစ်]

❑

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# အင်ဒိုသစ်ပင်

ရဲရဲစွေးစွေး အရောင်ဖြင့် လှပနေသော ကျွန်မအခန်းနံရံပေါ်က နှင်းဆီပွင့်စိုစိုဖတ်ဖတ်ကြီးကို ကြည့်ရင်း ကျွန်မ စိတ်ထဲ နာကျင်သလိုလို ခံစားရသည်။ ကျွန်မ ပိုင်ဆိုင်ခွင့်ရသမျှ ကိုယ်ပိုင်အခန်းကျဉ်းကလေးထဲမှာ ရောက်နေခဲ့တာကြာပြီ။ တကယ်တော့ သည်နှင်းဆီပွင့်ပုံကားချပ်ကြီးကို ကျွန်မ အိပ်ရာဘေး အခန်းနံရံမှာချိတ်ဆွဲဖို့ ကျွန်မကိုယ်တိုင် စိတ်လိုလက်ရ ဝယ်ယူလာခဲ့ခြင်းပဲ ဖြစ်သည်။ Wall Poster ကားချပ်အပြည့် စွင့်စွင့်ကားကား လှပနေသော သည်ကြက်သွေးရင့်ရင့် နှင်းဆီပွင့်ကိုပင် တစ်ခါက ကျွန်မ၏ ကိုယ်ပွားအဖြစ် ခံယူချိတ်ဆွဲခဲ့ခြင်းပင်၊ နှစ်ဆီပန်းလို လှပသလောက် သည်အလှကို ကာကွယ်ဖို့ ကိုယ်ပိုင် ဆူးချွန်ဆူးတက်တွေ ရှိနေတာကို ကျွန်မ အားကျခဲ့ဖူးသည်။ အရောင်က နီစွေးရဲရင့်ဆိုတော့ သတ္တိကို ကိုယ်စားပြုံးသည်။ ပြီးတော့ သူ့ကို ကြည့်လိုက်သည့်အခါ ထိမထင် ပြန်ကြည့်နေသလိုလို ခံစားရတာကလည်း ရှိပါ၏။ သည့်လို ရဲရင့်မှုကို ကူးစက်ခံယူကာ ကျွန်မကိုယ်ကျွန်မ 'တစ်ပွင့်တည်း ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီနီ' ဆိုသည့် စိတ်ဓာတ်မျိုးဖြင့် လောကကို ရဲရဲကြီး ရင်ဆိုင်ဝံ့နိုင်ဖို့ ကျွန်မ ကြိုးစားကြည့်ဖူးပါ၏။

အခုတော့ သည်လိုခံစားမှုတွေ မရှိပြန်တော့။

အပွင့်တစ်ပွင့်တည်းနှင့် ငေါ်င်းစင်းစင်း အထီးကျန်နိုင်လှသော သည်နှင်းဆီပွင့်ကားချပ်ကြီးက ကျွန်မအခန်းနံရံတစ်ခုလုံးမှာလို နေရာယူထားတာပါလားဆိုသည့်အတွေး ဝင်နေသည်။ ပြီးတော့ ကားချပ်တစ်ခုလုံးမှာ သူ့မျက်နှာကို တစ်ကိုယ်ကောင်းဆန်စွာ လှစ်ဟပြလေခြင်းဆိုသည့် စိတ်လည်း ရှိလာသည်။ နှစ်ကာလတွေ ကြာလာတော့လည်း သူ့အရောင် သူ့အသွေးတွေက နွမ်းခြောက် လျော့ရဲစပြုလာပြီ။ သည်နှင်းဆီပွင့်ကားချပ်ကြီးကို ကျွန်မ အခန်းနံရံပေါ်က ဖယ်ရှားပစ်လိုက်ဖို့ ကျွန်မ ဆုံးဖြတ်လိုက်မိ၏။

* * *

မည်သူမဆိုပါပဲလေ။

လွန်လေပြီးသောအတိတ်ကို ပြန်တွေးဖြစ်သူတိုင်း ကိုယ်ပိုင် ငယ်ဘဝတွေကို အောက်မေ့ လွမ်းဆွတ်မိကြသည်မှာ သေချာပါသည်။ သည် အောက်မေ့ လွမ်းဆွတ်စရာတွေထဲမှာ ချိုမြိန်မှု၊ ခါးသီးမှု စသည့် ရသတွေ ရောစွက်နေမှာကလည်း အသေအချာပါပဲ။ ကျွန်မ၏ ငယ်ဘဝ တော်တော်များများကတော့ အမေ၏ ဒုတိယကိုယ်ပွားလို အိမ်မှုကိစ္စ ဗာဟီရများဖြင့် အချိန်ကုန်ခဲ့ရသည်က များတာကိုလည်း ပထမဆုံး သတိရမိပါ၏။

"သမီးရေ ထမင်းစားပြီးရင် အဝတ်တွေ မြစ်ဆိပ်ဆင်းလျှော်ကြဦးစို့"



လက်တစ်ဖွဲ့စာ ဒန်ဇလုံကြီးနှစ်လုံးနှင့် အပြည့်အမောက်ထည့်ထားသော အဝတ်ဟောင်းတွေကို လှမ်းကြည့်ရင်း ကျွန်မ စိတ်အပျက်ကြီး ပျက်သွားမိရသည်။ ထမင်းစားပြီးလျှင် စာအုပ်ကလေးဖတ်ဖို့ စိတ်ကူးထားသော ကျွန်မမှာ မျက်ရည်ကျမိမတတ် စိတ်ပျက်သွားရတာ များသည်။ ကျွန်မ ဖတ်လက်စ ဇာတ်လမ်းထဲက ရင်းနှီးစ ဇာတ်ကောင်များကို ဖျပ်ခနဲ သတိရလိုက်မိရင်း ရင်မှာနာကျင်မှုဖြင့် ထုံထိုင်းသွားသလို ခံစားရသည်။ ကျွန်မ ဖတ်ချင်သော စာအုပ်ကို ဘယ်တုန်းကမှ စိတ်လိုလက်ရ တစ်ခါတည်း လက်စသတ် ဖတ်ရသည်မရှိ။ ကျွန်မ၏ စိတ်ပျက်စရာကောင်းသော နေ့စဉ်ဝတ္တရားတွေထဲမှာ အချိန်အပေးရဆုံးနှင့် လွတ်လပ်မှု အဆုံးရှုံးရဆုံးသော အိမ်မှုကိစ္စတွေက များလွန်းသည် ထင်မိ၏။

မိသားစုထဲမှာ ဘာကြောင့်များ ကံမကောင်း အကြောင်းမလှစွာ အစ်ကိုတွေ မောင်တွေကြားမှာ ကျွန်မက မိန်းကလေးတစ်ယောက်တည်း ပါလာရတာပါလိမ့်။

ကျွန်မအရွယ်၊ ကျွန်မခွန်အားနှင့်မမျှသော မိသားစုဝန်ထုပ်ဝန်ပိုးတွေ ထမ်းရွက်နေရတာကို ကျွန်မ နားလည်နိုင်သော်လည်း ကျွန်မအတွက် စာအုပ်တစ်အုပ်ကိုပင် လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း ဖတ်ခွင့်မရတာကို ဝမ်းနည်းမိတာ အမှန်ပင်။

ကျွန်မငယ်စဉ် မူလတန်း ကျောင်းသူအရွယ်ကတည်းက အများနည်းတူ ပြေးဟယ်လွှားဟယ် ခုန်ပေါက်မြူးထူးခွင့် မရခဲ့။ ကျွန်မနှင့်ရွယ်တူ အဖော် မိန်းကလေးတွေ အိမ်ရှေ့လမ်းကြား ကစားနေကြချိန်မှာ ကျွန်မက မောင်ငယ်တွေကို ချိုပိုးထိန်းနေရသည်။ ကျွန်မတို့အိမ်ဘေးက ကျွန်မ သူငယ်ချင်း ညီအစ်မ အဝတ်အစားလှလှကလေးတွေ ဝတ်ပြီး ကျော့ကျော့မော့မော့ ရှိနေကြချိန်မှာ ကျွန်မကတော့ တစ်အိမ်လုံးရှိသမျှ အဝတ်ညစ်

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်စဖျင်းဆောင်းတွေကို လျှော်ဖွပ်နေရတတ်သည်။ နောက်ဆုံး ကျွန်မ၏ ကိုယ်ပိုင် အခွင့်အရေးကလေးဟု ဆိုနိုင်သော ကျောင်းသွားချိန်မှာပင် အငယ်တွေလက်ကို ဆွဲရင်း (တစ်ခါတစ်ရံ အမေ မအားလပ်သည့်အခါ နို့စို့ မောင်လေးကို ခါးထစ်ခွင်မှာ ချီရင်း) ကျောင်းတက်ခဲ့ရသည်။ လွတ်လပ်သော ငယ်စဉ်ဘဝအရသာကို မခံစားခဲ့ရသည့် ကျွန်မအတွက် စိတ်ဖြေရာတစ်ခုကတော့ ကျွန်မ အလွန်ကြိုက်သော ကာတွန်းစာအုပ်တွေကို အဖော်ပြုခဲ့ရခြင်းပင် ဖြစ်သည်။

ကျွန်မအတွက် ကာတွန်းစာအုပ်ဖတ်ချိန်တွေ ဘယ်လိုရခဲ့သလဲ။ ပြီးတော့ စာအုပ်စာပေနှင့် ဘယ်လိုမှ မနီးစပ်သော ကျွန်မတို့မိသားစု အဝန်းအဝိုင်းကလေးထဲမှာ ကာတွန်းစာအုပ်တွေ ဘယ်လိုရောက်လာခဲ့ပါသလဲ။ ဒါတွေ ပြန်စဉ်းစားကြည့်လျှင်တော့လည်း ကြေကွဲစရာကောင်းသလိုလို၊ ရယ်မောစရာကောင်းသလိုလို ကျွန်မ ခံစားရပါသည်။

မိသားစုနှင့် ခွဲခွာ၍ ဧရာဝတီမြစ်ကြီးထဲမှာ လှေကြီးတစ်စင်းနှင့် ကူကယ်ခေါက်ကယ် ကူးသန်းနေရရှာသည့် ကျွန်မအဖေ လှေသမားကြီးက ကျောင်းဖတ်စာအုပ်မှလွဲ၍ တခြား ဘာစာအုပ်ကိုမှ ဝယ်မပေးခဲ့သလို ဝယ်ပေးရကောင်းမှန်းလည်း မသိရှာပါ။ ကျွန်မအမေသည်လည်း နေဝင်နေထွက် ဈေးထဲက အိုးဆိုင်ကလေးမှာပဲ အချိန်ကုန်နေရသူဖြစ်သည်။ အမေ့ခမျာ သူ့မြေအိုးကလေးတွေ မကွဲမရှဖို့လောက်သာ ချွေးတလုံးလုံး ရှိနေရတာမို့ ကျွန်မတို့ကို အိုးတွေလောက်ပင် ဂရုမစိုက်နိုင်ခဲ့ရှာပါ။ ကျွန်မကတော့ မိန်းကလေးပီပီ အိမ်မှုကိစ္စတွေ ကူရင်းညီရင်း အမေ့ကိုယ်စား အိမ်ထောင်ထိန်းသိမ်းရင်း အစဉ်အလာအရ အိမ်မြဲသည့်အကျင့် ပါလာရ ဟန်တူပါသည်။ အစ်ကိုတွေ မောင်တွေက ဒီးတိုက်အောင် လည်ကြပတ်ကြ ဆော့ကစားကြချိန်မှာ နို့စို့မောင်ငယ်ကို သိပ်လျက်က အမေ့ကိုမျှော်ရင်း ကျွန်မကြိုက်သော ကာတွန်းစာအုပ်တွေ ဖတ်ခဲ့ရခြင်း ဖြစ်သည်။



ကျွန်မထက် ကံကောင်းသော အိမ်နီးချင်းညီအစ်မမှာတော့ သူတို့ကိုယ်ပိုင်စာအုပ်တွေ အများကြီးရှိသည်။ မိဘတွေက ခေတ်ပညာတတ်တွေ ဆိုတော့ စာပေဗဟုသုတ အတန်အသင့်ရှိကြသူတွေမို့ သမီးနှစ်ယောက်ကို ဖတ်ချင့်စဖွယ် စာအုပ်တွေ အများကြီး ဝယ်ပေးထားတတ်သည်။ သည်စာအုပ်တွေကို ကျွန်မ လွယ်လွယ်နှင့် ဖတ်ခွင့်ရခဲ့တာတော့ မဟုတ်ပါ။ သူတို့ခိုင်းသမျှ အလိုလိုက် အကြိုက်ဆောင်ရသေးသည်။ ချော့ချော့မော့မော့ဆိုသလို ကျွန်မ ငှားရမ်းဖတ်ခွင့် ရခဲ့သည်။ ရွှေသွေး၊ တေဇ၊ ရွှေဂေါင်းပြောင်၊ တာတီးဖိုးတို့လို စာအုပ်တွေ ကျွန်မ ကြိုက်သလို ကျွန်မတို့ ငယ်ငယ်က လူကြိုက်များခဲ့သည့် စံရွှေမြင့်၊ အပါ စသည့် ဇာတ်ကောင်များနှင့်လည်း ကျွန်မ ရင်းနှီးခဲ့ရသည်။ ပုံပြင်စာအုပ်တွေထဲက ဟီးရိုးတွေကို ကျွန်မ အားကျခဲ့ရသည်။ သူငယ်ချင်းညီအစ်မ၏ စာအုပ်သေတ္တာကလေးထဲက ကျွန်မ ဖတ်ခွင့်ရခဲ့သော စာအုပ်တွေကို ကျွန်မ ညစဉ် အိပ်မက်တွေ မက်ခဲ့ရသည်။ ကျွန်မမှာကော ဘာဖြစ်လို့ သည်လို စာအုပ်တွေ မရှိခဲ့ရတာပါလိမ့်။ ကျွန်မ နားမလည်ခဲ့ပါ။

သည်အတွေး သည်ခံစားချက်က ငယ်ငယ်ကတည်းက ကျွန်မ ရင်ထဲမှာ ကိန်းအောင်းနေခဲ့တာ အမှန်ပဲဖြစ်သည်။

* * *

ကျွန်မဘဝတွင် စိတ်အချမ်းမြေ့ရဆုံးနှင့် ကိုယ်စိတ်နှလုံး လွတ်လပ်မှုကို အပြည့်အဝအရဆုံး အချိန်ကာလတွေကတော့ ကျွန်မတို့ ဆွေမျိုးသားချင်းများ နေထိုင်ရာ ရွာကို တစ်ခေါက်တစ်ကျင်း ပြန်ခွင့်ရသည့် အခါတွေပဲ ဖြစ်သည်။ ကျွန်မတို့ရွာကလေးက မြင်းခြံမြောက်လက်က အညာရွာကလေး ဖြစ်သည်။ နွေရာသီကျောင်းပိတ်လျှင်တော့ အမေက

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ မောင်နှမတစ်တွေကို နှစ်စဉ်လိုလို ရွာပြန်ပို့ထားလေ့ရှိသည်။ ရွာတွင် အဘနှင့် အမေကြီးတို့ ရှိကြသည်။ အဘနှင့် အမေကြီးဆိုသည်မှာ အမေ့၏ မိဘနှစ်ပါးကို ကျွန်မတို့ အညာကျေးလက်က အခေါ်အဝေါ် အသုံးအနှုန်း ဖြစ်ပါသည်။ အဖေရော အမေပါ သည်ရွာဇာစ်မြစ်တွေမို့ တစ်ရွာလုံးက ပိုက်ကွန်လို ချိတ်ဆက်နေကြသည့် ဆွေမျိုးသားချင်းတွေက လက်ညှိုးထိုးသော်မှ မလွဲ။ အဘနှင့် အမေကြီး ရှိနေကြသရွေ့ ကျွန်မ ကလေးမထိန်းရတော့။ သည်လွတ်လပ်မှုဖြင့် ရွာမှာ စိတ်ကြိုက်နေခွင့် ရသည့်အချိန်လည်း ဖြစ်၏။

အမေကြီး၏မောင် ဘကြီးဘုန်းကြီးကျောင်းတွင် ကျွန်းညိုရောင် ပေါက်နေပြီဖြစ်သည့် စာအုပ်ဗီရိုကြီး သုံးလုံးရှိသည်။ ထိုဗီရိုကြီး သုံးလုံးကို မွှေနှောက်ခွင့်ရှိသည့် ကျွန်မအဖို့ ကျွန်မနှစ်သက်သော နိပါတ်တော်ပုံပြင် စာအုပ်များ၊ ကျေးသည်းလေးထပ်ဆရာတော်ဘုရားကြီး၏ ဇိနတ္ထပကာ သနီကျမ်း၊ မှန်နန်းရာဇဝင်တော်ကြီးစသည့် စာအုပ်များကို အထပ်ထပ် အခါခါ ဖတ်ခဲ့ရတာလည်း မှတ်မိသည်။ ကျွန်မ ရွာပြန်ရသည့်အခါတိုင်း နှစ်စဉ် နှစ်တိုင်းလိုလို (ဘကြီး ဘုန်းကြီးကျောင်းက သည်စာအုပ်တွေပဲ ရှိတာမို့) ဒါတွေကိုပဲ ထပ်ကာထပ်ကာ ဖတ်ခဲ့ရခြင်း ဖြစ်သည်။ ထို့ပြင် အဘ၏ ကြိမ်သေတ္တာကလေးထဲမှ အဘ၏ လက်စွဲဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်၊ လောကီယတြာကျမ်းစာအုပ်များကိုလည်း ဘာရယ်မသိဘဲ ကျွန်မ ဖတ်ခဲ့ရသေးသည်။ သည်လိုစာအုပ်ကြီးတွေ ဖတ်ခဲ့ရခြင်းက ကျွန်မ စိတ်နှလုံးကို ရင့်ကျက်စေသည်ဟု ထင်သည်။ ကျေးလက်နေ ဆွေမျိုး သားချင်းများနှင့် ထိတွေ့ ရောနှောခွင့်ရခြင်း၊ ရိုးသားကြသော ကျေးလက် စရိုက် သဘာဝကို ခုံမင်တွယ်တာတတ်လာခြင်းသည်လည်း ကျွန်မကို ကူးစက်လာစေသည်ဟု ထင်မိပါ၏။ နောင်တွင် ကျွန်မ ဝတ္ထုတိုကလေး



တွေ ရေးဖြစ်သည့်အခါ ကျွန်မ ဖန်တီးမိသော ဝတ္ထုတိုတွေထဲမှာ သည်လို အညာကျေးလက်ဓာတ်လမ်းနှင့် ဇာတ်ကောင်တွေ မသိစိတ်အားဖြင့် စွဲလမ်း နေမိတာများလားလို့လည်း ကျွန်မ တွေးနေမိပါသည်။

အလယ်တန်းကျောင်းသူဘဝမှာတော့ လက်လှမ်းမီရာ စာအုပ်တွေ ကို ကျွန်မ ရှာဖွေဖတ်တတ်လာပြီ။ မြဝတီ၊ ငွေတာရီ၊ ရှုမဝ၊ မိုးဝေ စသည့် မဂ္ဂဇင်းများမှသည် ရင်နင့်အောင်မွေး၊ ဖြေနိုင်ပေါင်၊ ပန်းပန်လျက်ပါ၊ ခရီးဝက်ပါ စသည့် လုံးချင်းဝတ္ထုတွေအဆုံး တွေ့ရာ၊ ရရာစာအုပ်ကို သဲကြီးမဲကြီး အင်းထိုးအောင် ဖတ်ဖြစ်ခဲ့သည်။ ဖတ်သင့် မဖတ်သင့်သည်ကို ကျွန်မ ရွေးချယ်ရကောင်းမှန်း မသိသေးခင်က ကျွန်မအစ်ကိုတွေ ငှားလာ တတ်သော အချစ်ဝတ္ထုတွေကို ဖတ်မိသဖြင့် အစ်ကိုတွေရဲ့ ရိုက်မောင်း ပုတ်မောင်းကိုလည်း ခံခဲ့ရဖူးသည်။ စာဖတ်ရင်း ထမင်းအိုး ပျော့တူး သွားတာမျိုး၊ ကလေးကို မေ့မေ့လျော့လျော့ထားမိသဖြင့် အနာတရဖြစ် သွားတာမျိုးတွေကြောင့်လည်း အမေ့တုတ်ဖျားမှာ ခါးကော့နေအောင် ခံခဲ့ရဖူးသည်။ တစ်ခါတလေ အမေက ဖတ်လက်စစာအုပ်ကို မီးဖိုထဲ ပစ်ထည့်ပြီး အစဖြတ်ပစ်လိုက်တာမျိုး၊ ကလေးတွေက စုတ်ဖြဲပစ်လိုက်တာ မျိုးတွေကြောင့် ကျွန်မမှာ စုထားသမျှ မုန့်ဖိုးထဲက ပေးရလျော်ရသည်က လည်း အခါခါ။ မျက်နှာပျက်ရသည်ကလည်း အကြိမ်ကြိမ်။ အဆိုးဆုံး မှာ လူများသော ကျွန်မတို့အိမ်တွင် စာအုပ် စည်းကမ်းမရှိကြခြင်းပင် ဖြစ်သည်။ သည့်အတွက် ကျွန်မ စိတ်ညစ်ခဲ့ရသည်မှာလည်း နှစ်ပေါင်း များစွာ။

စာအုပ်များကို သန့်သန့်စင်စင်ရွေးကာ စုဆောင်းတတ်သည့်အရွယ် ရောက်လာချိန်မှာတော့ ကျွန်မ ဝယ်ဖြစ်သမျှ စာအုပ်တွေ သိမ်းဆည်းဖို့ အခက်အခဲဖြစ်လာရတော့သည်။ ကျွန်မအတွက် ကိုယ်ပိုင်ဗီရိုမရှိ၊ ကိုယ်ပိုင်

www.burmeseclassic.com

www.burmeseclassic.com



သေတ္တာရယ်လို့လည်း မရှိ။ ကျွန်မဘာသာ အမြင်တော်အောင် ကြံဖန်ကာရံထားသော ခန်းဆီးပိတ်စကလေး နှစ်လွှာကလည်း ကျွန်မစာအုပ်တွေကို လုံခြုံအောင် ဖုံးကွယ်မပေးနိုင်ခဲ့ကြပါ။ သည်တော့လည်း စာအုပ်ပျောက်တိုင်း ကျွန်မမှာ ငိုခဲ့ရသည်။ သည်လို ငိုတိုင်းလည်း ကျွန်မပဲ အဆူအငေါက် ခံခဲ့ရပြန်သည်။ စာအုပ်စာပေ တန်ဖိုးထက် သားတွေကို ချစ်သော၊ ဖေးမတတ်သော အမေနှင့် စာအုပ်တွေကို ချစ်သော ကျွန်မကြားမှာ ဖြစ်ရသော အလိုမကျမှုများမှာလည်း သည်စာအုပ်တွေကြောင့်ပဲ ဖြစ်သည်။

တစ်ခါတစ်ရံ အစ်ကိုတွေက တစ်စု၊ မောင်တွေက တစ်ဖွဲ့ကြားမှာ ကျွန်မသည် အမြဲတမ်း အထီးကျန်ဆန်နေသလို ခံစားခဲ့ရသည်။ ကျွန်မမှာ မိန်းကလေးပီပီ လှချင်ပချင် ဝတ်ချင်စားချင်စိတ်ကို စိတ်ကူးယဉ်ဖို့နေနေသာသာ မိန်းမသားကိစ္စ မိန်းမသားသဘာဝတွေကိုပင် ဖွင့်ပြောတိုင်ပင်စရာ အဖော်ကောင်းရယ်လို့ မရှိခဲ့။ သည်တော့လည်း ကျောင်းသွား ကျောင်းပြန် အပြင်ထွက်ရခြင်းကလွဲလျှင် တစ်လျှောက်လုံး အခန်းအောင်းပြီး စာဖတ်နေခဲ့သည်ကများ၏။ ကျွန်မတို့ရပ်ကွက်ထဲ ပြောင်းရွှေ့လာကြသော လူသစ်များဆိုလျှင် အိမ်မှာ ကျွန်မရှိမှန်း တော်တော်နှင့်ပင် မသိကြ။

သည်လောက် ငေါင်းစင်းစင်းနိုင်လှသော ကျွန်မဘဝကို ကျွန်မကိုယ်တိုင် ဝယ်ယူခဲ့သည့် နှင်းဆီနီကြီးတစ်ပွင့်နှင့် နှိုင်းနှိုင်းပြီး ကြံ့ကြံ့ခံခဲ့ရသည့် နှစ်ပေါင်းသည်ပင် များစွာ များစွာ။ သည်လို နှစ်များစွာအတွင်း ကျွန်မရင်မှာ ခိုအောင်းနေသည့် အထီးကျန်မှုဒဏ်၊ အဖော်မဲ့မှုဒဏ်တွေကို ကျွန်မ ဖတ်ခဲ့သော စာအုပ်များကပေးသော သတ္တိနှင့် အသိဉာဏ်များကို သုံးကာ ခွန်အားဖြည့် ဇာတ်ကောင်များကို အတုယူအားကျရင်း ကျွန်မကိုယ်ကျွန်မ ခိုင်မာအောင် တည်ဆောက်ခဲ့ရသည်။ ကျွန်မကိုယ်ကျွန်မ ထိန်းကွပ်



ခဲ့ရသည်။ ကျွန်မဘဝလမ်း ကျွန်မ တည့်မတ်နိုင်သမျှ တည့်မတ်အောင် လျှောက်လှမ်းခဲ့ရသည်။

သည်တုန်းကတော့ ကျွန်မအားမှာ စာအုပ်တွေပဲရှိနေတာ မဟုတ်လား။ စာအုပ်တွေက ကျွန်မ၏အဖော်ပဲ ဖြစ်သည်။

* * *

ကျွန်မ၏စာဘဝတွင် မမေ့မလျော့ အမြဲဦးတင်ရှိနေရမည့် ကျေးဇူးတရား ရှိပါသည်။ ကျွန်မဘဝ အကျပ်အတည်းတွေကြားက စာအုပ်တွေ ဖတ်ခဲ့ရကြောင်း ကျွန်မ ဆိုခဲ့ပါသည်။ စာတစ်အုပ် လက်ဝယ်ပိုင်ပိုင်ရဖို့၊ ထိုစာအုပ်ကို ဖတ်ခွင့်ရဖို့အတွက် ခဲရာခဲဆစ်နိုင်ခဲ့ရသော ကျွန်မအတွက် အချိုရှာ သကာတွေ့ဆိုသကဲ့သို့ စာအုပ်သစ်တောအုပ်ကြီးထဲသို့ မထင်မှတ်ဘဲ ရောက်ခဲ့ရသည်။ ကျွန်မ ဘွဲ့ရပြီးခါစ အစိုးရရုံးကြီးတစ်ရုံးတွင် အလုပ်ဝင်ခဲ့မိခြင်းသည် ထိုစာအုပ်တောကြီးထဲသို့ ရောက်ရှိသွားခဲ့ရခြင်း ဖြစ်၏။ ထိုရုံးကြီးမှာ ထိုခေတ်က အတော်အတန် ဩဇာကြီးမားရုံမက လုပ်ငန်းသဘောအရ အလွန်လူများသော၊ အလုပ်များသော ရုံးကြီးဖြစ်သည်။ သို့သော် ကျွန်မတာဝန်က လူသူလေးပါးနှင့် မဆိုင်လှဘဲ သာမန်စာရေးဝန်ထမ်းအလုပ်မို့ ကျွန်မ စာရင်းဇယား၊ ကျွန်မ အခန်းကဏ္ဍကို တစ်မနက်ခင်းလောက် ဆောင်ရွက်ပြီး ထိုင်နေရသည့်အချိန်က များပါသည်။ ဒါသည်ပင် ကျွန်မအတွက် အခွင့်အလမ်းကြီး ဖြစ်ခဲ့ရသည်။

ငယ်စဉ်ကတည်းက ကိုယ်ပိုင်လွတ်လပ်ချိန် သိပ်မရခဲ့သော ကျွန်မမှာ ထိုရုံးကြီးတွင် အမှုထမ်းဆောင်ရင်းက သုံးနှစ်လောက် လွတ်လွတ်လပ်လပ်ကြီး စာပေဖတ်ရှုခဲ့ရခြင်းသည် ကျွန်မဘဝ အလှည့်အပြောင်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လာရသည်။ လူ့တစ်ရပ်ဘာသာ ကြီးမားသော နံရံကပ်ဗီရိုကြီး ငါးလုံးနှင့် အပြည့်ရှိနေသည့် ဘာသာရပ်ပေါင်းစုံ စာအုပ်တွေက ကျွန်မ ကျောဘက် နောက်မှာ ရှိနေခဲ့သည်။ ပြီးတော့ သည်ဗီရိုသော့တွဲကို ကျွန်မပဲကိုင်ရသည်။ ဘယ်လောက်များ ဟန်ကျလိုက်ပါသလဲ။ နိုင်ငံရေးနှင့်ဆိုင်သည့် ရုံးဆိုသော် လည်း စာအုပ်ကောင်း၊ စာအုပ်ဟောင်း၊ စာအုပ်ပေါင်းများစွာရှိသဖြင့် သုတရသစာအုပ် တော်တော်များများ ကျွန်မ ဖတ်ခွင့်ရခဲ့သည်။

အရှေ့က နေဝန်းထွက်သည့်ပမာ၊ မြန်မာပြည်သိမ်းတိုက်ပွဲ၊ သခင် သန်းထွန်း၏ နောက်ဆုံးနေ့များလို မြန်မာ့နိုင်ငံရေးစာအုပ်များ၊ ဟစ်တလာ ၏ကျဆုံးခန်း၊ ဟိုချီမင်း၊ မော်ဆက်ကို စိန်ခေါ်ခြင်း၊ နီးကြားလာသော အာဖရိက စသည့် ကမ္ဘာ့နိုင်ငံရေး စာအုပ်များ၊ ကုန်းဘောင် ရှာပုံတော်၊ မြန်မာ့စာပေသမိုင်း၊ သံကြိုးတမန်ကြီး၊ ပြည်သူချစ်သော အနုပညာသည် များ၊ ကျွန်တော် လေ့သူကြီး စသည့် သုတရသ စာအုပ်များ။ လေရူး သုန်သုန်၊ စစ်နှင့် ငြိမ်းချမ်းရေး၊ ရွှေပြည်တော် မျှော်တိုင်းဆေး၊ ရတနာသိုက်၊ လေထန်ကုန်း စသည့် ဘာသာပြန်စာအုပ်များ။ ဆရာကြီးရွှေဥဒေါင်း၏ ဘဝတစ်သက်တာ မှတ်တမ်းနှင့် အတွေးအခေါ်များ၊ အယ်ဒီတာ့စားပွဲ၊ ထင်းရှူးပင်ရိပ် စသည့် စာပေသဘောတရားများနှင့် ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ ကဗျာများ၊ အဆိုအမိန့်များ၊ အတွေးအမြင်များ၊ ဘာသာရေးရာများ၊ မဂ္ဂဇင်းများ။

ကျွန်မဘဝတစ်လျှောက်လုံး အိမ်တွင်းအောင်းခဲ့ရသမျှ၊ စိတ်အား ကိုယ်အား မလွတ်လပ်ခဲ့ရသမျှ ထိုစာအုပ်များစွာကို ဖတ်ခြင်းအားဖြင့် ကျွန်မ ဘဝတစ်ခုလုံး ကောင်းကင်ဘုံတစ်ဘုံကို ရောက်သွားရသလို ကျေနပ်နေမိပါသည်။ ထိုင်ရာမထ ကမ္ဘာအနှံ့ကို ကျွန်မ ခြေဆန့်မိခဲ့ပြီ။ မြောက်မြားလှသော ဇာတ်ကောင်များနှင့်အတူ နေကျင့်ရလာခဲ့သည်။ နှလုံး



သားအစုံ အစုံတို့၏ ခံစားချက်တွေကို ကျွန်မ ကူးစက်ခံစားတတ်ခဲ့ပြီ။ ကျွန်မ ဦးနှောက်နှင့် နှလုံးသားကို ပေါင်းကူးဆက်သွယ်နိုင်ခဲ့ပြီ။ ကျွန်မမှာ စာအုပ်တွေ တော်တော်များများ ဖတ်ခဲ့ပြီးပါပြီ။

သည်စာအုပ်တွေနှင့် ရင်းနှီးခွင့် ရလိုက်သဖြင့် ကျွန်မမှာ ကောင်း ကျိုးတွေ ရလိုက်သလို ဆိုးကျိုးကိုလည်း ခံစားလိုက်ရပါသည်။ ကောင်းကျိုး က စာအုပ်တွေ ဖတ်ရင်းဖြင့် စာအုပ်တွေ စုဆောင်းသိမ်းဆည်းလိုခြင်း၊ မှတ်စုစာအုပ်ဖြင့် ကိုယ်နှစ်သက်ရာရာကို သီးခြားစီ ခွဲထုတ် မှတ်သားလေ့ ရှိခြင်း စသည့် အကျင့်ကောင်းတွေရလိုက်သည်။ ဆိုးကျိုးကတော့ ကျွန်မ အသက်သုံးဆယ် မပြည့်ခင်မှာပင် စာကြည့်မျက်မှန်တစ်လက်–အမြန်ဆုံး တပ်လိုက်ရခြင်းပင် ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ကျွန်မသည် ငယ်ငယ်တုန်းက လို ထွက်ပေါက်ရှာလို၍ စာဖတ်ခြင်းမျိုး မဟုတ်တော့ဘဲ စာမဖတ်ရလျှင် မနေတတ်သည့် စာကို လိုလားမှုဖြင့် ဖတ်ခြင်း၊ တစ်နည်းအားဖြင့် စာပေကို လေးစားတန်ဖိုးထား မြတ်နိုးခံစားတတ်လာခြင်းသည် ထိုရုံးကြီးထဲက စာအုပ်များ၏ ကျေးဇူးကြောင့်ပဲ ဖြစ်သည်။

စာအုပ်ပေါင်းများစွာ တစ်နိုင်တစ်မ ဖတ်ဖြစ်ခဲ့သော်လည်း တစ်နေ့ နေ့မှာ စာရေးမည်ဟူသော စိတ်ကူးမျိုး ကျွန်မမှာ မရှိသေးတာလည်း အမှန်ပင်။ သို့သော် အခြေအနေတွေကပဲ ကျွန်မကို ပြုပြင်ပေးလိုက်သည်။ နောင်တွင် ကျွန်မ ဝတ္ထုတိုကလေးတွေ ရေးဖြစ်လာခြင်းမှာ ကျွန်မအတွက် ကြီးမားသော ဆုလာဘ်ကြီးကို ဖန်တီးပေးလိုက်သော ကျေးလက် စာသင် ကျောင်းကလေးကြောင့် ဖြစ်ပါသည်။ ကျွန်မမှာ မန္တလေးမြို့နှင့် တစ်ဆယ် ခုနစ်မိုင်ခန့်ဝေးသော မတ္တရာမြို့နယ်အတွင်းက ရွာကလေးတစ်ရွာတွင် မူလတန်းပြဆရာမ ဝင်လုပ်ခဲ့ရသည်။

သည်ရွာကလေးက မန္တလေး–မတ္တရာ ရထားလမ်းဘေးမှာ ရှိ သည်။ မနက်ခုနစ်နာရီတွင် မန္တလေးဘူတာမှ မတ္တရာရထားကြီးကို စီးပြီး

www.burmeseclassic.com

www.burmeseclassic.com



လိုက်လာလျှင် ရထားလမ်းတစ်လျှောက် ရွာစဉ်ဘူတာများကို ဖြတ်သန်းရသည်။ သုရဲချေး၊ အိုးဘို၊ ကပိုင်၊ တောင်ပြုး၊ လွန်တောင်း ဘူတာများကို လွန်လျှင် ကျွန်မဆင်းရမည့် ကံဘဲ့ဘူတာကို မနက်ရှစ်နာရီကျော်ကျော်လောက်မှာ ရောက်သည်။ ကံဘဲ့ဘူတာကို ဆင်း၍ လယ်ကွင်းများကို ကွေ့ကာဝိုက်ကာဖြတ်ပြီး တစ်မိုင်ခန့် လမ်းလျှောက်သွားလျှင် ကျွန်မ၏ ကျောင်းကလေးရှိရာ ပေါက်တောကျေးရွာ မူလတန်းကျောင်းကလေးကို ရောက် ပည်။ ခရီးလမ်းတစ်လျှောက် စိမ်းမြသော လယ်ကွင်းများက မျက်စိတစ်ဆုံး။ သစ်တောအုပ်အုပ်ကလေးများနှင့်တူသော ရွာကလေးတွေက လယ်ကွင်းများကြားတွင် ဟိုတစ်စု သည်တစ်စု။ လွမ်းစရာ နောက်ခံသမိုင်းရှိသော အုတ်နှစ်ချပ်လပ် စေတီလေးနှင့် မှိုင်းညို့ပြာမှောင်နေသော သခင်မတောင်တော်။ နုထွေးသော နေခြည်အောက်မှာ ရထားကြီးကို တငြိမ့်ငြိမ့်စီးရင်း လန်းဆတ်သော စပါးရနံ့ လေအေးကို ရှူရှိုက်ရသည့် အရသာက ကျွန်မစိတ်နှလုံးကို လန်းဆန်းအေးမြစေခဲ့သည်။ သည်အလှ၊ သည်ရှုခင်း၊ သည်ပတ်ဝန်းကျင်ထဲကပဲ ကျွန်မကို နေ့စဉ်နှင့်အမျှ ညို့ယူဖမ်းစားခဲ့ကြသည်။

သို့သော် တစ်နေကုန် စာသင်ပြီး ညနေ လေးနာရီခွဲရထားဖြင့် မန္တလေးဘူတာကိုပြန်တော့ အတော်ကလေး မှောင်နေခဲ့ပြီ။ တစ်ခါတလေ ရထားကြီး ကျန်းမာရေးဖောက်လျှင် လမ်းဘူတာက ရွာကလေးတွေမှာ ဘဝတူ ဆရာမကလေးတွေ စုတည်းခိုခဲ့ရတာမျိုး၊ ရထားကြီးပေါ်မှာပဲ ညသန်းခေါင် ချဉ်းသွားရတာမျိုးတွေလည်း ရှိသည်။ ကြာတော့ သည်ဒဏ်တွေကို ကျွန်မ ကြံ့ကြံ့မခံနိုင်တော့ပါ။ သည်တော့ ရွာကလေးမှာပဲ ကျွန်မ ပြောင်းရွှေ့နေထိုင်ဖြစ်ခဲ့သည်။ သည်အကြောင်းရင်းခံသည်ပင် ကျွန်မ၏ စာဘဝကဏ္ဍသစ်တစ်ခု ဖြစ်ပါသည်။



ရွာမှာတော့ မနက်စောစော အိပ်ရာကနိုးသည်နှင့် စားသောက်ပြင်ဆင်ပြီး စာသင်ကျောင်းကလေးဆီ ကျွန်မ သွားသည်။ ကိုးနာရီထိုးမှ ကျောင်းတက်တာပေမယ့် ကျွန်မကတော့ ကျောင်းကို ကြိုရောက်နှင့်ပြီး ရသမျှအချိန်မှာ စာဖတ်သည်။ သည်တုန်းက သောကြာနေ့ မန္တလေးကို ပြန်ပြီး တနင်္လာနေ့ရထားဖြင့် ရွာကိုပြန်လာတိုင်း ဖတ်စရာစာအုပ်တွေကို ကျွန်မ တနင့်တပိုးကြီး သယ်ယူခဲ့ပုံကိုလည်း အမြဲသတိရနေမိပါသည်။ ရွာမှာတော့ ညနေသုံးနာရီ ကျောင်းဆင်းချိန်ကနေ ညအိပ်ရာဝင်ချိန်အထိ ကျွန်မတွင် ကိုယ်ပိုင်အားလပ်ချိန်တွေ ပိုနေသည်။ သည်လိုခွဲလက်စ မရှိ ခဲ့ဖူးတော့လည်း အိမ်ကို လွမ်းလာသည်။ တောင်တောင်အီအီတွေ စဉ်းစားတွေးတောရင်း ငြိမ့်ငွေ့ဖွယ်ကောင်းသော ကျွန်မအခန်းကလေးထဲတွင် ဗလာစာအုပ်ကလေးထုတ်ပြီး အဖေ အမေတို့ကို စာရေးစကားပြောရင်း၊ နေ့စဉ်မှတ်တမ်းရေးရင်း၊ ရွာကလေးအကြောင်းရေးရင်း၊ ကျွန်မ တပည့်တွေအကြောင်းကိုရေးရင်း ကျွန်မ စာတွေရေးဖြစ်လာတော့သည်။ ရေးမိတော့လည်း လူတွေအကြောင်း ရေးမိသည်က များသည်မို့ ဝတ္ထုတိုကလေးတွေ ရေးကြည့်ဖို့ သည်တော့မှ ကျွန်မ စိတ်ကူးတွေရလာသည်။

ကျွန်မရေးသမျှတွေထဲက ဝတ္ထုတစ်ပုဒ် ဖြစ်ဖြစ်မြောက်မြောက် စံမီသည်ဟု ယုံကြည်မိသော စာမူကလေးကို 'ရွှေဝတ်မှုန်' မဂ္ဂဇင်းကို အရဲစွန့်ကာ ပို့ဖြစ်ခဲ့သည်။ ပထမဆုံးအကြိမ်ပဲ ကျွန်မ လက်ရေးစာမူကို ပုံနှိပ်စာလုံးဖြင့် မြင်ရသောအခါ ကျွန်မမှာ အံ့သြဝမ်းသာသော အတိုင်းမသိ ပီတိဖြစ်ခဲ့ရသည်။ 'ပန်းပန်ပါရစေ' ဝတ္ထုတိုကလေးက ကျွန်မ၏ ပထမဆုံး စာမူဖြစ်သလို ပထမဆုံး မဂ္ဂဇင်းဝတ္ထုတိုလည်း ဖြစ်သည်။ သည်စာအုပ်ကလေးကို အဖုံးချုပ်ကာ ကျွန်မ စာအုပ်စင်ကလေးပေါ် တင်ထားရင်း ဝတ္ထုတိုတွေ ဆက်ကာဆက်ကာ ကျွန်မ ရေးဖြစ်လာခဲ့သည်။ ကျွန်မ စာရေးဆရာမတစ်ယောက်ဖြစ်ဖို့ သင္ဘေတည်ပေးရာ မတ္တရာရထားကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကျေးလက်မူလတန်းကျောင်းကလေး၏ ကျေးဖူးတရားက ကျွန်မ၏စာဘဝ အစခရီးဆိုလျှင် ရကောင်းမည်ထင်၏။

* * *

ကျွန်မအခန်းထဲက နှင်းဆီပွင့်ကားချပ်ကြီးကို အခုတော့ တကယ်ပဲ ကျွန်မ ဖြုတ်ပစ်လိုက်ခဲ့ပြီ။ ကျွန်မ၏ ကိုယ်ပွားဟု ထင်ခဲ့မိသော တစ်ပွင့်တည်း ရဲရဲနီ စိတ်ကူးယဉ်နှင်းဆီပွင့် ခံစားမှုတွေကိုပါ တစ်လက်စတည်း ထုတ်ပယ်ပစ်လိုက်သည်။ အမှန်တော့ ကျွန်မသည် ကိုယ့်ကိုယ်ကို အားငယ်တတ်သော အငုံ့စိတ်ကို နှင်းဆီပွင့်ကြီးနှင့် ထပ်တူပြုကာ ဖုံးကွယ်ခဲ့မိခြင်းသာဖြစ်သည်။ တစ်မိသားစုလုံးထဲမှာ အမေကလွဲလျှင် တစ်ယောက်တည်းသော မိန်းမသားအဖြစ် စိတ်ညစ်ညူးဖွယ်ရာ ရှင်သန်ခဲ့ရသော ကျွန်မဘဝတွင် ကျွန်မဖတ်ဖြစ်ခဲ့သော စာအုပ်တွေက ထွက်ပေါက်ပေးခဲ့ကြသည်။ လောကကြီးမှာ ငါ တစ်ယောက်တည်းပါလားဆိုသော အထီးကျန်စိတ်ကို ဖယ်ရှားပေးခဲ့သည်။ အခုတော့ ကျွန်မမှာ လောကအတွက်၊ စာပေအတွက်၊ ဘဝအတွက် လက်တွဲလုပ်ဆောင်ဖို့ စာအုပ်များထဲက ဇာတ်ကောင်တွေ၊ အသိတရားတွေ၊ ခံစားမှုတွေက ကျွန်မဝန်းကျင်မှာ ယုံကြည်စိတ်ချရသော အဖော်ကောင်းအဖြစ် ရှိနေကြပါပြီ။

အခုအချိန်မှာတော့ ကျွန်မသည် တစ်ပွင့်တည်းနှင်းဆီ မဟုတ်တော့ပါ။ မိသားစုဘဝတစ်ခုကို တည်ဆောက်ခဲ့ပြီ။ စာဖတ်ဖို့ ဒါမှမဟုတ် စာရေးဖို့ အမြဲတွန်းအားပေးတတ်သော ဘဝဖော်ကို ကျွန်မကိုယ်တိုင် ရွေးချယ်ကာ လက်တွဲပြုခဲ့ပြီ။ သူနှင့် ကျွန်မ စာပေအသိုင်းအဝိုင်းပွဲကလေး တစ်ပွဲမှာ အမှတ်မထင် ဆုံတွေ့ခဲ့ကြခြင်း ဖြစ်သည်။ သူက စာပေနယ်မှာ အထိုက်အလျောက် အောင်မြင်နေပြီဖြစ်သည့် စာရေးဆရာ။ ကျွန်မက ဝတ္ထုတို လေးငါးပုဒ်လောက်ပါပြီးစ၊ ကလောင်သွေးစ။



သူနှင့်ကျွန်မ နှစ်ယောက်တစ်ဘဝ ထူထောင်လိုက်ကြတော့ ကျွန်မတို့နေထိုင်မည့် တိုက်ခန်းဆီသို့ ပထမဆုံး သယ်ဆောင်ဖြစ်ခဲ့ကြသည့် နှစ်ဦးပိုင်ပစ္စည်းများမှာ စာအုပ်တွေပဲ ဖြစ်သည်။ သူက ပီနန်အိတ်ရှည်ကြီး တစ်ဆယ့်ခုနစ်အိတ်၊ ကျွန်မက ငါးအိတ် အပြည့်ပါလာကြသည်။ သစ်သားကြမ်း စာအုပ်စင်ကလေးပေါ်ကို စာအုပ်တွေ သပ်သပ်ရပ်ရပ် တင်ဖြစ်ကြသည့်နေ့က သူပါလာသော စာအုပ်နှင့် ကျွန်မပါလာသော စာအုပ်တွေ တော်တော်များများတူနေတာ တွေ့ရသည်။

"မင်းမှာ သည်စာအုပ်ရှိလား၊ သိပ်ကောင်းတာ"

ဆရာ သိန်းဖေမြင့်၏ 'အညာပြန်' စာအုပ်ကို မြှောက်ပြရင်း သူက မေးခြင်းဖြစ်သည်။

"ရှိပါ့၊ ဆရာ့မှာရော ဒီစာအုပ်ပါသလား"

ဆရာမြသန်းတင့် (ထက်အောင်) မြန်မာပြန် ရသစာတမ်းများ စာအုပ်အစိမ်းကလေးကို ကျွန်မကပြတော့ သူက ခေါင်းညိတ်သည်။ ကျွန်မတို့နှစ်ယောက် တူရာတူရာစာအုပ်တွေ စုပြီး နှစ်အုပ်စီ ပူးကပ်ထားလိုက်ကြသည်။ သူ ရန်ကုန်မှာနေစဉ်က တစ်ပတ်တစ်ခါဆိုသလို လှမ်းလှမ်းပို့လိုက်သော စာအုပ်အသစ်ကလေးတွေကိုတော့ စာအုပ်စင် မျက်နှာစာမှာ စီဖြစ်သည်။

"ပို့လိုက်တဲ့ စာအုပ်တွေ ဖတ်ဖြစ်ရဲ့လား"

"ဖတ်ဖြစ်တယ်၊ 'အရင်ဧကရာဇ် အခုလူ' ဆိုရင် သိပ်ကောင်းတာပဲနော်"

သူက ကျေနပ်သလို ပြုံးပြီး ကျွန်မကို ကြည့်နေခဲ့သည်။ ကျွန်မကို စာရေးတာထက် စာပိုဖတ်ဖို့ သူက အမြဲတိုက်တွန်းတတ်သည်။ ဂျာနယ်များ၊ လစဉ်ထုတ်မဂ္ဂဇင်းများ အိမ်ကိုရောက်လာလျှင် ကျွန်မက အရင်ဦး

www.burmeseclassic.com

www.burmeseclassic.com



အောင် ဖတ်သည်။ ဖတ်ပြီးလျှင် သူ့ကို ပြောပြသည်။ တစ်ခါတလေ ဖတ်ပြရသည်။ တစ်ခါတစ်ရံ စာတစ်ပုဒ်အပေါ်မှာပဲဖြစ်ဖြစ်၊ အကြောင်းအရာတစ်ခု အပေါ်မှာပဲဖြစ်ဖြစ် စကားလမ်းကြောင်း ဦးတည်သွားမိလျှင် ထမင်းစားဖို့ပင် ကျွန်မတို့ မေ့သွားတတ်ပါသည်။ တစ်ခါတစ်ရံ ငြင်းရင်းခုန်ရင်း စကားအချေအတင် ဖြစ်ရသည့်အခါလည်းရှိ၏။ ထိုအခါမျိုးတွင် ကျွန်မ၏ ပေကတ်ကတ် ဆုပ်ကိုင်ထားတတ်သည့် ဉာဉ်အရ အလျှော့မပေးစတမ်း ခဲတံတံလုပ်မိတတ်သည်။ သူကတော့ ကျွန်မကို နားလည်နိုင်သူမို့ လိုရာကို အေးအေးဆေးဆေး ပျော့ပျော့ပျောင်းပျောင်း ရှင်းပြတတ်သူသာ ဖြစ်သည်။ ကျွန်မက စကားအရာမှာ မနိုင်လျှင် စိတ်ကောက်ပစ်လိုက်သည့်နည်းဖြင့် အခြေအနေကို ရုပ်စဲပစ်တတ်သလို သူကတော့ သူ့ဝသီအတိုင်း ရယ်စရာမောစရာအဖြစ် သဘောထားလိုက်တာ များပါသည်။

သူနှင့် ကျွန်မသည် စာပေစိတ်ကို အရင်းတည်ပြီး ဘာသာစကားတူကြသူနှစ်ဦးမို့ တစ်ယောက်ကိုတစ်ယောက် နားလည်နေကြသူများဟု ကျွန်မ ဆိုချင်ပါသည်။ သူပြောသော စကားအဓိပ္ပာယ်ကို ကျွန်မက ချက်ချင်း ဆုပ်ဖမ်းနိုင်သလို ကျွန်မပြောလိုသည့် စကားအဓိပ္ပာယ်ကိုလည်း သူက နားလည်ပေးတတ်ပါသည်။ ကျွန်မအတွက် စိတ်အချမ်းသာရဆုံးမှာ သူရော ကျွန်မပါ အရာရာကို ဟာသအမြင်ဖြင့် ရယ်ရယ်မောမော ရှုတတ်ကြသူများမို့ အမြဲလိုလို ပျော်ရွှင်နေရခြင်းပဲ ဖြစ်သည်။ တစ်ခါတစ်ရံ ဗြိုဟ်တုစလောင်းမှလာသော ရုပ်ရှင်၊ သတင်း၊ MTV စသည်တို့ကို ကြည့်ရင်း သရုပ်ဆောင်တွေကို မိတ်ဆွေတွေထဲက ဘယ်သူနှင့် တူသည်ဟု ပြောကာ တကယ် ထပ်တူတူနေသောအခါ ကျွန်မတို့ အူတက်မတတ် ရယ်ကြရသည်။



"ဟော… ကိုသိုက်ကြီး ဘယ်တုန်းက အင်ဒိုနီးရှား ရောက်သွားတာပါလိမ့်"

"ဆရာမြကာ စီစီတီဗီမှာ သတင်းကြေညာနေပါလား"

"ဆရာမကြီး ဒေါ်ကလျာတို့ ဝွမ်ဒေါင်း ရောက်နေကြပါလားကွ" စသည်ဖြင့် ဖန်သားပြင်ပေါ်က အရုပ်တွေကို အမည်တပ်ကာ သူက နောက်လျှင် ကျွန်မမှာ ရယ်ရသည်။

ကျွန်မတို့အိမ်ကို စာပေမိတ်ဆွေများ အလည်လာလေ့ရှိကြသည်။ အကြောင်းကိစ္စရှိလို့ဖြစ်စေ၊ တကန်တက စိတ်လိုလက်ရ လာကြလျှင်ဖြစ်စေ ကျွန်မတို့မှာ အကြောင်းအရာအလိုက် စကားဝိုင်းဖွဲ့ဖြစ်ကြသည်။ တစ်ခါတစ်ရံ နှစ်နာရီ၊ သုံးနာရီ။ တစ်ခါတလေ ထမင်းပင် လက်ဆုံစားသွားကြသေး၏။ မိတ်ဆွေတွေလာလို့ ကျွန်မတို့မှာ ဘာမှ စိတ်အနှောင့်အယှက် မဖြစ်မိသလို စိတ်နှလုံးပင် လန်းဆန်းကျန်ရစ်ခဲ့တတ်၏။ စာအကြောင်း၊ ပေအကြောင်း၊ လူတွေအကြောင်း၊ ဟိုအကြောင်း၊ သည်အကြောင်း စသဖြင့် လေးနက်သည့်အခါ လေးနက်၊ ထွေရာလေးပါး ပြောချင်ရာ ပြောကြသည့်အခါပြော။ ကျွန်မရှေ့မှာပင် သူတို့ အမျိုးသားအချင်းချင်း ပြောရသည့်စကားတွေကို ကြားနေရသော်လည်း ကျွန်မအတွက် ဘာမှ စိတ်အနှောင့်အယှက် မဖြစ်မိ။ အမေနှင့် ကျွန်မ မိန်းမသားနှစ်ဦးတည်းသာရှိသော ယောက်ျားကလေး မောင်ဖွားများသည့် မိသားစုထဲတွင် အစ်ကိုတွေမောင်တွေကြားမှာ ကျွန်မ အမြဲ နေသားတကျ ရှိနေတတ်ခဲ့ပြီ ဖြစ်သည်။ သည်နေ့ထိ ကျွန်မမူ၊ ကျွန်မစရိုက်နှင့် ကျွန်မအတွေးအခေါ်တို့သည် ယောက်ျားကလေးဆန်ဆန် နေခဲ့သည်မှာ မွေးရာပါလိုဖြစ်နေခဲ့ပြီ။

ကျွန်မကိုယ်တိုင် စာတွေရေးဖြစ်တော့လည်း သည်အတိုင်းပဲ ဖြစ်နေသလားမသိ။ ဆရာကြီး ရွှေဥဒေါင်း၏ ခွန်အားရှိသောစာပါ စာပေအမြင်

www.burmeseclassic.com

www.burmeseclassic.com



သဘောထားကို ကျွန်မ နှစ်သက်မိပါ၏။ ရှုပ်ထွေး ရှည်လျားလွန်းသော ဝါကျများထက် ရှင်းလင်းလွယ်ကူသော ဝါကျများကိုသာ ကျွန်မ ရေးဖွဲ့လေ့ ရှိတတ်သည်။ ပဋ္ဌလက်ဆန်သော၊ နှစ်ဆင့်တွေးယူရသော စကားလုံးများကို ကျွန်မ မသုံးတတ်ဘဲ ကျွန်မတို့ ပတ်ဝန်းကျင်ထဲက ရိုးရှင်းသော စကားလုံးများကိုသာသုံးဖို့ ကျွန်မ ကြိုးစားသည်။ သည်စိတ်အခြေခံက ကျွန်မမှုပဲ ဖြစ်လာခဲ့၏။

ဆရာကြီးရွှေဥဒေါင်း၊ ဆရာမောင်ထင်၊ ဆရာသိန်းဖေမြင့်၊ ဆရာမန်းတင်၊ ဆရာမြသန်းတင့်၊ ဆရာပါရဂူ၊ ဆရာမကြီး လူထုဒေါ်အမာ၊ ဆရာမကြီး ဂျာနယ်ကျော်မမလေး စသည့် စာရေးဆရာ၊ ဆရာမများသည် ကျွန်မ လေးစားအတုယူခဲ့ရသော ကျွန်မ အသည်းစွဲ ကလောင်ရှင်များ ဖြစ်ကြသည်။ ထို့အတူ ကျွန်မရှေ့မှ စာပေကို မီးရှူးတန်ဆောင် ထွန်းညှိခဲ့ကြသော ဝတ္ထုတိုဆရာ၊ ဆရာမများသည်လည်း ကျွန်မ၏ စံပြကလောင်ရှင်များ ဖြစ်ကြပါသည်။ သည်အထဲတွင် ကျွန်မကိုယ်တိုင် လက်တွဲဖော်ပြုခဲ့သော ပါရမီဘက်လည်း အပါအဝင် ဖြစ်သည်။

ကျွန်မ မွေးဖွားကြီးပြင်း ဖြတ်သန်းခဲ့ရသော ဘဝအစိတ်အပိုင်းများ၊ ကျွန်မဝန်းကျင်မှ တုံးမျောတိုင်ကပ် ရှိနေကြသော ဘဝများ၊ ကျွန်မ ဖတ်ခဲ့သော စာအုပ်များထဲကပဲ ကျွန်မကို ရေလောင်းပေါင်းသင် ပြုခဲ့ကြပါ၏။ စာအုပ်စာပေနှင့် ဘယ်လိုမှ မနီးစပ်သော ပတ်ဝန်းကျင်တွင် နေထိုင်ကြီးပြင်းခဲ့ရလင့်ကစား ကျွန်မမှာ စာစိတ်ပေစိတ်တွေ အသွေးအသားထဲ လှည့်ပတ် စီးဆင်းနေခဲ့သည်။ ကျွန်မ စာရေးသူတစ်ယောက် ဖြစ်လာခြင်းကို ကျွန်မကိုယ်တိုင်လည်း အံ့သြနေခဲ့မိတာ အမှန်ပင်။ အကယ်၍ ကျွန်မမှာသာ စာပေစိတ်မရှိလျှင် ဒါမှမဟုတ် ကျွန်မသာ စာပေဘဝကို တခြားဘဝများထက်ပိုပြီး တန်ဖိုးမထားတတ်ခဲ့လျှင် သူနှင့် ကျွန်မ၏ဘဝနှစ်ခုက ဘယ်လိုမှ နှစ်ဦးတစ်ဘဝ ဖြစ်လာစရာမရှိ။ သူ၏



အားပေးမှု၊ စိတ်ခွန်အားပေးမှု၊ စာကို မပျင်းမရိ ရေးတတ်သော သူ့ကို ကြည့်ကာ အားကျမှုများဖြင့် ကျွန်မ ဝတ္ထုတိုကလေးတွေ ဆက်လက် ရေးဖြစ်ခဲ့ပါသည်။

၂၀၀၃ ခုနှစ်အတွက် ဝတ္ထုတိုပေါင်းချုပ် အမျိုးသားစာပေဆု ကျွန်မရတော့ သူရောကျွန်မပါ ဝမ်းသာလွန်း၍ မျက်ရည်များပင် ကျမိကြသည်။ အံ့သြဝမ်းသာ ဖြစ်ရသည်။ သူက ကျွန်မ အရင် လွန်ခဲ့သော ဆယ့်တစ်နှစ် ၁၉၉၂ ခုနှစ်က ဝတ္ထုတိုပေါင်းချုပ်ဖြင့် အမျိုးသားစာပေဆု ရခဲ့သူဖြစ်သည်။ သူသည် ဝတ္ထုတို အပုဒ်ပေါင်း တစ်ရာကျော်ကျော်လောက် ရေးဖွဲ့ခဲ့ပြီး တခြား သုတရသ ဆောင်းပါးများကိုလည်း ရေးဖွဲ့နေသူ ဖြစ်သည်။ ကျွန်မကတော့ အခုအချိန်ထိ ဝတ္ထုတိုများကိုသာ (အများအားဖြင့်) ခုံခုံမင်မင် ရေးဖွဲ့ဖြစ်နေဆဲပင်။ ဝတ္ထုတိုကလေးတွေ အပုဒ်တစ်ရာနီးပါး ကျွန်မ ရေးဖြစ်ခဲ့ပြီးပြီ။ လုံးချင်း ဝတ္ထုတွေကိုလည်း ကျွန်မ ရေးဖွဲ့နေဆဲ ဖြစ်သည်။ သူရော ကျွန်မပါ စာရေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းကြရသူတွေမို့ စာကိုတော့ မဖြစ်မနေ ရေးဖြစ်ကြပါသည်။ ကျွန်မတို့ဘဝ၏ အဓိပ္ပာယ်ကလည်း ဒါပဲ ဖြစ်သည်။

* * *

ကျွန်မတွင် စာပေဘဝနှင့် မသက်ဆိုင်သော သီးခြားဝါသနာနှစ်ခု ရှိသည်။ ဒါကတော့ သစ်ပင်ပန်းပင် စိုက်ပျိုးခြင်းနှင့် ဘောလုံးပွဲတွေကို သဲကြီးမဲကြီး ဝါသနာထုံခြင်းပင် ဖြစ်သည်။ သူနှင့် ကျွန်မတွင် စိတ်ရောကိုယ်ပါ ဝါသနာရော တူညီကြသည်ဟု ယေဘုယျခံယူထားပါလျှင် သည် သီးခြား ဝါသနာကိစ္စမှာတော့ မတူ ကွဲပြားနေသည်ဟု ဆိုရပါမည်။ သစ်ပင်ပန်းပင် စိုက်ပျိုးခြင်းကိုတော့ သူလည်း ခံစားတတ်ပါသည်။ ဘောလုံးပွဲများကိုတော့ သူက အချိန်ပေးကြည့်လိုသူ မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ကျွန်မမှာ ရုပ်ရှင်ရုံကြီးတွေဆီသွားပြီး အချိန်ပေးမကြည့်နိုင်ကြသည်မို့ အိမ်တွင် DVD Player ဝယ်ထားဖြစ်ခဲ့သည်။ ကျွန်မတို့နှစ်ယောက်စလုံး စိတ်အားလက်အားရှိသည့်အခါ နိုင်ငံခြားရုပ်ရှင်ကားများ ကြည့်လေ့ရှိကြသည်။ သူက Classic ကားများ၊ Drama ကားများကို စိတ်အေးလက်အေး ကြည့်ချင်သူ ဖြစ်သည်။ ကျွန်မကတော့ စစ်ကားများ၊ Adventure, Suspense, Horror နှင့် Action ကားများကို ပိုကြိုက်သည်။ ဒါကိုတော့ ကျွန်မတို့နှစ်ယောက် ညှိယူလို့ရသည်။ DVD Player မရှိခင် အောက်စက်ကလေးနှင့် ကြည့်ရစဉ်က ကျွန်မအတွက် ဘောလုံး Video Tape တွေ ဆိုင်က တကူးတက ငှားရမ်းပေးသည့်အလုပ်ကိုတော့ စိတ်ရှည်လက်ရှည် လုပ်ပေးတတ်သည်။ နောက်တော့ ကျွန်မတို့ ရှစ်ပေစလောင်းဆင်ဖြစ်သည်။ ဘောလုံးပွဲလာတတ်သည့် စနေ၊ တနင်္ဂနွေလို ညမျိုးတွင် ကျွန်မတစ်ယောက်တည်း တီဗီရှေ့ အော်လိုက် ဟစ်လိုက်ဖြင့်။ သူကတော့ စာတစ်အုပ်ဖြင့် အိပ်ရာထဲမှာ ရှိနေတတ်သည်။ ယောကျ်ားတန်မဲ့ ဘောလုံးပွဲ မကြိုက်ရကောင်းလားဟု ကျွန်မက ရန်လုပ်လျှင် သူက ရယ်နေတတ်ပါသည်။

"ကိုင်း… အဖော်ရအောင်တော့ ဘောလုံးပွဲ ကြည့်ရဦးမဟေ့"

ဆိုပြီး ကျွန်မအနား လာထိုင်တတ်သည်။ တစ်ခါတစ်ရံ Freekick သွင်းချိန်၊ ဂိုးတိုင်ရှေ့ ရတ်ရတ်သဲသဲဖြစ်နေချိန်၊ ကျွန်မမှာလည်း ရင်ထိတ်သည်းဖို ဖြစ်နေချိန်မျိုးတွင်…

"သည်ကောင်က ဘာလူမျိုးတုန်းဟ၊ အာဖရိကန်ပဲလား"

"နိုင်ဂျီးရီးယားက နှမ်ဝိုကန္နူးတဲ့။ ကိုင်းပါ နေပါဦး အရေးကြီးနေပါပြီဆိုမှ"

"ဟိုကောင်ကို ဘာလို့ အဝါကတ်ပြတာတုန်း"



"နောက်ကနေ ဝင်ဖျက်လို့လေ၊ မမြင်ဘူးလား။ ဟိုမှာ ရေးနားနာသွားတာ"

"ဘယ်ဟာတုန်း ရေးနားဆိုတာ"

"ကဲ… ကိုယ့်ဆရာ စာသာသွားပြန်ဖတ်ပါတော့။ တကတည်း ဂိုးသွင်းခါနီး ဘာမှန်းမသိလိုက်ရဘူး"

ကျွန်မကပြောတော့ သူက "မင်းက မင်းလူတွေနဲ့တွေ့ရင် ငါ့ကို ရန်လုပ်ချင်တော့တာကိုးကွ" ဟု စတတ်သေး၏။ ည နာရီပြန်တစ်ချက်၊ နှစ်ချက်မှ လာတတ်သော ချန်ပီယံလိဂ်ပွဲများကိုလည်း ကျွန်မက အလွတ်မပေးပါ။ သည်အခါမျိုးတွင် အသံတမြှောက်မြှောက် လုပ်နေတတ်သော ကျွန်မကြောင့် အိပ်ရာထဲကနေ သူပါ အချောင်အိပ်ရေးပျက်ရတော့၏။

"ဗီဒီယိုခွေငှားပေးရတဲ့အလုပ်က သက်သာသွားလို့ ဟန်ကျပြီအောက်မေ့တာ၊ စလောင်းကျတော့မှ အိပ်ရေးပျက်တာတောင် ပိုလာသေးတော့ဗျာ"

ကျွန်မ၏ ဝါသနာခွဲမှာ သည်မျှ မကသေး။ ကမ္ဘာ့ဖလားပွဲလို ပွဲကြီးပွဲကောင်းတွေမှာ ၆၄ ပွဲစလုံး မလွတ်စတမ်း ကြည့်သည်။ ကျွန်မအားပေးသော၊ ကျွန်မကြိုက်သော အသင်းရှုံး၍ ပြိုင်ပွဲမှထွက်သွားရလျှင် ကျွန်မ ငိုမိသေး၏။ ထမင်းဟင်းပင် ကောင်းကောင်း မစားချင်တော့။ သည်အခါမျိုးတွင် သူက ကျွန်မအမေကို တိုင်သည်။

"အီတလီအသင်း ရှုံးသွားလို့တဲ့ အမေရေ့၊ ညက ငိုလိုက်ပုံများ"

"ဆိုအေ… ညည်းမလည်း မိန်းမတန်မဲ့ ဘောလုံးပွဲကြိုက်ကြိုက်လွန်း။ အဲသည်ထဲ သူကြိုက်နေတဲ့လူ ပါလို့နေမှာပေါ့"

အမေက ကျွန်မကိုဆူလျှင် သူက သဘောကျလို့မဆုံး။ တစ်ခါတစ်ရံ အိမ်ကိုလာကြသော စာပေအစ်ကိုများကိုလည်း သူက ပြောတတ်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"လေဘာတီမပြရင်က သူ အငြိမ့်ကတာ မကြိုက်တဲ့ရည်းစားကို ဝါသနာကို မတားနဲ့တော့ရှင်ဆိုပြီး သီချင်းကလေးထဲ ထည့်ဆိုသွားတယ်။ ကျွန်တော်ကတော့ ဝါသနာကို တားမရတဲ့အပြင် ကိုယ်တောင် ဘောလုံး ထကန်ပြရမလို ဖြစ်နေပြီ။ ခင်ဗျားတို့နှမလည်း ပြောကြဦး။ ဟင်းကောင်း ကောင်းမစားရတာ ကြာပြီ"

ဘောလုံးဆောင်းပါးကလေးတွေ ကျွန်မ ရေးဖြစ်တော့လည်း သူက အားပေးပါသည်။

"ကိုယ်လုပ်တဲ့အလုပ်ကို အကောင်းဆုံးဖြစ်အောင် လုပ်ရမယ်ဆိုတဲ့ စိတ်ထား။ မြင်တဲ့တွေ့တဲ့ အချက်အလက်တွေကိုမှတ်၊ ဆောင်းပါးရေးတဲ့ အခါ သေချာမှထည့်ရေး။ သည်လိုင်းကို ကိုယ်က ဝင်တော့မယ်ဆိုရင် သည် Subject ကို ပိုင်နိုင်ကျွမ်းကျင်ဖို့ လိုတယ်"

ဘောလုံးပွဲတွေကို အချိန်ပေး မကြည့်တတ်သော်လည်း ပြေး ခုန် ပစ် တင်းနစ်အားကစားတွေကိုတော့ သူက ကျွန်မနှင့်အတူ ကြည့်လေ့ရှိပါသည်။ DVD ဓာတ်ပြားကလေးတွေကိုလည်း ကျွန်မတို့နှစ်ယောက် အတူစုဆောင်း ဖြစ်ကြပါသည်။ ကျွန်မက ကျွန်မကြိုက်သော The Pianist, Saving Private Ryan, The Last Samurai စသည့် ဓာတ်ကား များကို တခုတ်တရဝယ်သလို သူကလည်း Doctor Zhivago, The Last Emperor, Gone With The Wind စသည့် ဓာတ်ပြားများကို စု ဆောင်းသည်။ နိုင်ငံခြားကား တော်တော်များများတွင် အင်္ဂလိပ်စာတန်းထိုး (Caption) တွေပါသဖြင့် ကျွန်မတို့အတွက် ကြည့်ရတာ အဆင်ပြေပါ သည်။ Caption မပါသည့် ဓာတ်ကားများကိုတော့ သူက စိတ်ရှည် လက်ရှည် ရှင်းပြတတ်သည်။

များသောအားဖြင့် အင်ဒိုနီးရှား Channel များမှ လာတတ်သော



နိုင်ငံခြားကားများကို ကျွန်မတို့ ကြည့်ဖြစ်ကြသည်။ သည်လိုင်းက မူရင်း စကားသံကို မဖျောက်ဘဲ အင်ဒိုနီးရှားစာတန်းထိုးသဖြင့် အင်ဒိုနီးရှား စကားလုံးတချို့ကို အင်္ဂလိပ်စကားပြောသံနှင့် တိုက်ယူကာ အတော်အတန် စုဆောင်းမိကြသည်။ ဥပမာ တနင်္လာ (Senin)၊ အင်္ဂါ (Selasa) စသဖြင့် အင်ဒိုနီးရှားဘာသာစကား မှတ်စုကလေး ကျွန်မ သီးသန့်ထုတ်ထား ဖြစ်ခဲ့သည်။

"အင်္ဂလိပ်စာ ကောင်းကောင်းတတ်ရင် ကမ္ဘာပတ်လို့ရတယ်ဆိုတဲ့ စကားရှိတယ်။ အင်္ဂလိပ်စကားက ကမ္ဘာသုံးစကားဆိုတော့ ဘာသာချင်း ဖလှယ်ရာ ကြားခံစကား ဖြစ်နေတာပေါ့။ အင်္ဂလိပ်စာကို များများလေ့လာ၊ တိုးတက်အောင် ကြိုးစား၊ ကိုယ်မသိတဲ့ စကားလုံးတစ်လုံးတွေ့ရင် ရှောင် မသွားနဲ့၊ အဲဒါ သိအောင်လုပ်။ ချက်ချင်း Dictionary ထကြည့်တဲ့ အကျင့်လုပ်ထားတာ အကောင်းဆုံးပဲ"

ကျွန်မတို့အိမ်တွင် Dictionary စာအုပ် ငါးမျိုးရှိသည်။ သူ့တွင် Dictionary စာအုပ် အသစ်ထွက်တိုင်း ဝယ်ယူသိမ်းဆည်းတတ်သော အကျင့်ရှိသည်။ ကျေးလက်နေ တောသူတောင်သားများနှင့်သာ နေသားကျ နေခဲ့သော ကျွန်မ ပတ်ဝန်းကျင်တွင် အင်္ဂလိပ်စကား အသုံးအနှုန်း မရှိသ လောက် မကြားရသလောက်ဆိုတော့ ကျွန်မကိုယ်တိုင်လည်း အားနည်းခဲ့ သည်။ သူနှင့် ကျွန်မ တစ်မိုးအောက်တွင် အတူနေရခါမှ ကျွန်မတွင် အင်္ဂလိပ်စာ တော်တော်များများ တိုးတက်လာကြောင်း ကျွန်မ ဝန်ခံရပါ မည်။ သူက အင်္ဂလိပ်စာချည်း ဖတ်သည့်နေ့ (တနင်္လာ) သတ်မှတ်ထားသူ ဖြစ်ပါသည်။

တစ်ညမှာတော့ သူနှင့် ကျွန်မ ဈေးချို ညဈေးတန်း စာအုပ်ဆိုင် ကလေးတွေဘက် ရောက်ဖြစ်ကြသည်။ သူက သူလိုချင်သော စာအုပ်ဟောင်း နှင့် အတော်ကလေး ညဥ့်နက်မှ အိမ်ပြန်ရောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာစာအုပ်တွေ ဝယ်လာတာလဲ"

ကြွပ်ကြွပ်အိတ်ကလေးထဲက စာအုပ်နှစ်အုပ်ကို ကျွန်မ ထုတ်ပြလိုက်သည်။ ၂၀ ရာစု အစဦးပိုင်းက အမေရိကန် ကလေးစာပေ ဝတ္ထုစာအုပ်ကလေး နှစ်အုပ်ကိုမြင်တော့ သူ ဝမ်းသာသွားပုံရသည်။

"တယ်ဟုတ်ပါလား၊ ဒါလေးတွေက ကလေးတွေအတွက် ထုတ်တာဆိုတော့ ဖတ်ရတာ မခက်ဘူး။ သည်စာအုပ်တွေ မင်း ဖတ်တော့မယ်ပေါ့"

"ဟင့်အင်း ဖတ်ရုံနဲ့တော့ ကျွန်မ သိပ်သိမှာ မဟုတ်ဘူး။ ကြိုးစားပြီး ဘာသာပြန်ကြည့်မလို့"

"အား… ဟုတ်မှလည်း လုပ်ပါကွာ"

ကျွန်မ မခံချင်အောင် တမင်ဆွလိုက်သောစကားမှန်း သိလျက်နှင့် တကယ် မခံချင်ဖြစ်သွားမိသည်။ ထိုနေ့ကစပြီး စာအုပ်ကလေးနှစ်အုပ်ကို မဖြစ်ဖြစ်အောင် ဘာသာပြန်မည်ဟု ကျွန်မ သန္နိဋ္ဌာန်ချလိုက်ပြီ။ Molly In The Middle ဆိုသော စာအုပ်ကလေးကို ကျွန်မ ကျောင်းလက်ဆွဲခြင်းထဲ နေ့စဉ်ထည့်ယူသွား ဖြစ်ခဲ့သည်။ အတန်းနားချိန်၊ ကလေးများကို စာပေးထားချိန်များတွင် အဘိဓာန်တစ်အုပ်နှင့် ကျွန်မ ကြိုးစားအားထုတ်နေမိတော့၏။ တစ်ခန်း ဖတ်လိုက်၊ မသိသောစာလုံးများကို ရေးမှတ်ပြီး Dictionary စာအုပ်ထဲ လှန်ကြည့်လိုက်၊ ဘာသာပြန်လိုက်နှင့် နှစ်လလောက်အကြာတွင် စာအုပ်တစ်အုပ်လုံး ဘာသာပြန်ပြီးသွားခဲ့သည်။

ကျွန်မသည် ကိုယ်ပိုင် ဖြတ်သန်းတွေ့ကြုံခဲ့ဖူးသော ပင်ကိုရေးဝတ္ထုတိုများကိုသာ ရေးဖွဲ့တတ်သူမို့ သည်လို သူများရေးထားသော စာကိုတစ်ခါမျှ ပြန်ရေးမကြည့်မိခဲ့ဖူးပါ။ ဝတ္ထုကလေးကို ဘာသာပြန်ရေးကြည့်ရင်းဖြင့် ဝတ္ထုဇာတ်ကောင် မော်လီကလေးကပဲ ကျွန်မကို ဆွဲခေါ်သွား



ခဲ့သည်။ သည်တော့မှ နိုင်ငံတကာစာတွေကို ဖတ်ဖို့လည်း လိုအပ်ကြောင်း ကျွန်မကောင်းစွာ သဘောပေါက်ခဲ့ရသည်။

ကျွန်မ ဘာသာပြန်ထားသော စာမူအထပ်ကြီးကို သူ့ရှေ့ ဖြန့်ပြလိုက်တော့ သူတကယ် အံ့သြသွားခဲ့သည်။ ဝတ္ထုစာအုပ်ကလေး ပါးပါးပေမယ့် ကျွန်မတို့ မြန်မာဘာသာနှင့် ပြန်လိုက်တော့ အများသား။ ဝမ်းသာခြင်း၊ ကြည်နူးခြင်းများဖြင့် ကျေနပ်နေသော သူ့မျက်နှာကို ကျွန်မမြင်နေရသည်။

သည်ဘာသာပြန် စာမူကလေးသည် အဆင်ပြေ ချောမွေ့သော စာမူ မဟုတ်သော်လည်း အင်္ဂလိပ်စာ အားနည်းသော ကျွန်မအတွက်တော့ ခွန်အားသစ်တွေ ရလာတာ အမှန်ပဲဖြစ်သည်။ ခါတိုင်း အင်္ဂလိပ်စာအုပ်တွေကို ယောင်လို့မျှ ကောက်မကြည့်ဖြစ်ခဲ့သော ကျွန်မသည် အိမ်မှာရှိသော Reader's Digest, Soviet Literature, Chinese Literature စသည့် စာအုပ်တွေထဲက ဝတ္ထုတိုလေးတွေကို ကြိုးစားပြီး ဖတ်ဖြစ်ခဲ့သည်။ ညဈေးမှ ဝယ်လာခဲ့သော နောက်တစ်အုပ် His Indian brother ဆိုသည့် စာအုပ်ကလေးကိုလည်း ကျွန်မ ဆက်ပြီး ဘာသာပြန်ဖို့ အားထုတ်ဖြစ်ခဲ့ပါသည်။

* * *

ကျွန်မတို့မိသားစု မန္တလေးမြို့သစ်ရပ်ကွက်ကလေးဆီ ပြောင်းလာတော့ စာအုပ်တွေကိုပဲ ပထမဦးဆုံး ပြောင်းရွှေ့ဖြစ်ကြသည်။ ကျွန်မတို့မှာလည်း စာအုပ်ထက် အဖိုးတန်တာ ဘာမှမရှိ။ မပြောင်းခင် နှစ်လလောက်ကတည်းက ကြိုပြီး စာအုပ်တွေကို သူ့ကဏ္ဍနှင့်သူခွဲပြီး ပိနန်အိတ်ရှည်ကြီးများဖြင့် ထည့်နှင့်ကြသည်။ စာအုပ်တွေ နာမှာစိုး၍ နှစ်လလောက်က

www.burmeseclassic.com



ကြိုပြီး သပ်သပ်ရပ်ရပ် ထုပ်ပိုးကြခြင်း ဖြစ်သည်။ ကျွန်မတို့စာအုပ်တွေက ပိနန်အိတ်ရှည်ကြီး အလုံး ၇၀ ပင် မလောက်ချင်။ ဂျာနယ်တွေကို သပ်သပ် စည်း၊ မဂ္ဂဇင်းတွေကို သပ်သပ်စည်းကာ သည်အတိုင်းပဲ ပုံထားရသည်။ အိမ်ပြောင်းရွှေ့တဲ့နေ့က လုပ်အားလာပေးကြသော တိုက်ခန်းနီးချင်းတွေ ခမျာ စာအုပ်ထုပ်ကြီးတွေ လေးထပ်တိုက်ပေါ်က ထမ်းထမ်းချရတာကိုက မသက်သာပါ။

"ဆရာကြီးတို့ စာအုပ်တွေက ပရိဘောဂပစ္စည်းတွေထက်တောင် များသေးရဲ့။ ကားသုံးခေါက်စလုံး စာအုပ်ချည်းပါပဲဗျာ"

ကျွန်မတို့ဇနီးမောင်နှံ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရင်း ပြုံးလိုက်ကြသည်။ သမီးကလေးကတော့ စာအုပ်ပုံတွေကြား ဆော့နေသည်။ နေရာသစ်ကိုရောက်တော့လည်း စာအုပ်စင်ပေါ် စာအုပ်တွေ ပြန်တင်ရသည့်အလုပ်ကို လုပ်ရပြန်သည်။ အခုအချိန်ထိ စာအုပ်တွေကို ကျွန်မတို့ နေရာချထားလို့ မပြီးသေး။ ဘဝတွင် စာအုပ်များကလွဲပြီး ဘာကိုမျှ ကျွန်မ မတောင့်တမိပါ။ စားဝတ်နေရေးအတွက်လည်း စိုးရိမ်တကြီး ပူပင်ကြောင့်ကြမှု မရှိမိခဲ့။ ဧည့်သည်များနှင့် မိတ်ဆွေများကို ကျွန်မတို့ အိမ်ကလေးထဲက စာအုပ်များကို ပြရင်း ကျွန်မ ဂုဏ်ယူနေတတ်သည်။ စာအုပ်ဝယ်ဖို့အတွက် ကျွန်မ မနှမြောမိ။ ကျွန်မကိုယ်တိုင် စာအုပ်ချုပ်နည်း သင်ယူထားသည်။ စာအုပ်အသစ်တွေ ရောက်လာတိုင်း တံဆိပ်ရိုက်၊ စာအုပ်ချုပ်၊ ဘာသာရပ်အလိုက်ထား၊ အားလပ်သည့်အခါ တိုင်းဖတ်။

စာပေမိတ်ဆွေများက စာအုပ်လက်ဆောင်တွေ ပေးကြသည်။ စာအုပ်တိုက်တွေကလည်း စာအုပ်တွေ မေတ္တာဖြင့် လှမ်းပို့ကြသည်။ ကျွန်မတို့ ဈေးနှဲစာဖြင့်လည်း စာအုပ်တွေ ဝယ်ဖြစ်ကြသည်။ နောက်ထပ် စာအုပ်တွေလည်း ထွက်နေဆဲ။ ဝယ်ထားသော်လည်း မဖတ်ဖြစ်သေးသည့်



စာအုပ်တွေ ကျန်နေသေးသည်။ ဖတ်လို့မနိုင်အောင် စာအုပ်တွေ ရှိနေသော်လည်း စာအုပ်လောဘ ကျွန်မတို့မှာ ကြီးမားဆဲဖြစ်သည်။ ဘဝတစ်လျှောက်လုံး ကျွန်မကတော့ စာအုပ်တွေနဲ့ နေပျော်မိနေမှာ သေချာပါသည်။

ကျွန်မ၏ အိမ်နီးချင်း မိန်းမတစ်ယောက်က "စာအုပ်တွေ ဘာဖြစ်လို့ သည်လောက်စုနေရတာလဲ" ဟု တစ်ခါက မေးသည်။ ကျွန်မက ပြုံးရုံပဲ ပြုံးပြလိုက်သည်။ ကျွန်မကိုယ်တိုင်လည်း တစ်ခါတလေ ကိုယ့်ကိုယ်ကိုယ် သည်မေးခွန်းကို မေးမိသည်။ ကျွန်မရင်ထဲမှာတော့ အဖြေရှိပါသည်။ ကမ္ဘာလောကထဲမှာ ကျွန်မဖတ်ပြီးသား စာအုပ်တွေ ထားရစ်ခဲ့ချင်လို့ပဲ ဖြစ်သည်။ ကျွန်မ၏ ဝမ်းကြာတိုက်မှ စီးဆင်းလာသည့် သမီးကလေး အတွက်လည်း ကျွန်မ စာအုပ်တွေပဲ ထားခဲ့ချင်သည်။ ကျားကုတ်ကျားခဲ စာဖတ်ခဲ့ရသည့် ကျွန်မလို ငယ်ဘဝမျိုးမှ ကင်းဝေးစေလိုသော မသိစိတ် လှုံ့ဆော်မှုတစ်မျိုးလည်း ဖြစ်နိုင်ပါ၏။

* * *

ကိုယ့်ဝင်းကိုယ့်ခြံကလေးနှင့် ဖြစ်လာတော့ သစ်ပင်တွေ တော်တော် များများ ကျွန်မစိုက်ပျိုးဖြစ်ခဲ့ပါသည်။ ကျွန်မတို့ ခြံကလေးထဲတွင် စိုက်စ ပျိုးစ သရက်၊ မာလကာ၊ ရောက်၊ သံပရာ စသည့် သီးပင်မျိုးလည်း ရှိသည်။ ကံ့ကော်၊ ပိတောက်၊ ပုန်းညက်၊ မယ်ဇယ်၊ တရုတ်စကား စသည့် အရိပ်ရအပင်များလည်း ရှိသည်။ နှင်းဆီ၊ စံပယ်၊ ဇွန်၊ မြတ်လေး၊ ယုဇန၊ ပုဏ္ဏရိက်၊ ဇလပ်၊ ခရာဝါ၊ ဇီဇဝါ၊ ခိုင်ရွှေဝါ စသည့် ပန်းပင်တွေလည်း ရှိသည်။ ကသစ် ကျား၊ ဖော်ကျား၊ ဖော်ဂျီတောင်ဝှေး စသည့် အရွက်လှ အပင်ကလေးများကိုလည်း စိုက်ပျိုးထားသေး၏။ သီးပင် စားပင်ကလေးများဖြစ်သည့် ချဉ်ပေါင်၊ ကန်စွန်း၊ ဒန့်သလွန်၊ သခွားပင်များကိုလည်း တခုတ်တရ ကျွန်မ စိုက်ပျိုးထားပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့အိမ် ခေါင်းရင်းဘက်မှာတော့ တိုက်ရိပ်ကိုခိုပြီး ခုံတန်းရှည်ကြီးတစ်လုံးပေါ်တွင် မယ်တော်ကြီးဂမုန်း၊ ကျောက်စိမ်းဂမုန်း၊ ပတ္တမြားဂမုန်း၊ သူတော်ဖြူ ကျောက်ခက်၊ သစ်ခွ စသဖြင့် လှရာရာရွေးချယ်ကာ စိုက်ပျိုးထားသော ပန်းအိုးကလေးတွေ စီလျက်တန်းလျက် ရှိကြသည်။ သည်အပင်ကလေးတွေကတော့ နေရောင်ရူးရူးရဲရဲကို မနှစ်သက်ကြပါ။ တစ်ခါက သည်အပင်ကလေးတွေကို ကျွန်မ အပြင်ထုတ်ကြည့်ဖူးသေးသည်။ အရွက်တွေ ညှိုးရော် လောင်ကျွမ်းသွားသဖြင့် အရိပ်ထဲ ပြန်သွင်းထားရ၏။ သည်သစ်ပင်ကလေးတွေကတော့ အင်ဒိုးစစ်စစ်ကလေးတွေပဲ ဖြစ်သည်။ သူတို့သည် လောင်းရိပ်ကြောက်သောအပင်တွေ မဟုတ်ကြပါ။ အေးမြသောအရိပ်တွင် အပူအပင်မရှိ ရှင်သန်နေကြခြင်းသာ ဖြစ်၏။

တစ်ခါတစ်ရံ ခြံထဲက သစ်ပင်ပန်းပင်တွေကို ကျွန်မ လျှောက်ကြည့်ရင်း မြေဆွပေါင်းသင် လုပ်နေမိတတ်ပါသည်။ သူကတော့ ပိုက်တစ်ချောင်းနှင့် ရေလာချိန်တွေမှာ နေ့စဉ်ဒိုင်ခံ ရေလောင်းရသူ ဖြစ်သည်။

"သည်မှာ ကြည့်ပါဦး၊ နှင်းဆီတွေ ပွင့်လိုက်ပုံများ ရဲမှည့်နေတာပဲနော်၊ မလှဘူးလား"

နှင်းဆီပွင့်တွေကို ကျွန်မ လှမ်းကြည့်လိုက်မိပါသည်။ ဖြူဆေးရိုးယား နှင်းဆီနီတွေက တစ်ကိုင်းတည်းမှာပင် ဆယ့်လေးငါးပွင့် ပွင့်နေသည်။ ရဲရဲတွတ်တွတ် စိုစိုဖတ်ဖတ်နှင့် လှချင်တိုင်း လှနေသော နှင်းဆီပွင့်တွေကို မြင်လိုက်ရတော့ တစ်ခါက ကျွန်မအခန်းနံရံပေါ်က နှင်းဆီပွင့်ကားချပ်ကြီးကို ဖျပ်ခနဲ သတိရလိုက်မိပါသည်။ နေရောင်ကို ငံ့လင့်ပြီးမှ ပွင့်ရသော နှင်းဆီတွေက လှတတ်သော်လည်း ရက်ကြာကြာတော့ မခံပါ။ တစ်ပတ်လောက်နေလျှင် ညှိုးခြောက်ကြွေလွင့်သွားကြလိမ့်မည်။

ဘယ်လိုက ဘယ်လို ဆက်စပ်သွားမိသည် မသိ။ ကျွန်မတို့အိမ်ကလေးဘက်ဆီကို လှမ်းကြည့်လိုက်ရင်းက အတွေးတစ်စ သိမ့်ခနဲ ဝင်လာ



ခဲ့သည်။ ကျွန်မတို့အိမ်ကလေးထဲမှ စာအုပ်တွေကို စိတ်အားဖြင့် ခဏဖယ်ကြည့်လိုက်မိသည်။ အိမ်ကလေးသည် ဘာအဓိပ္ပာယ်မှ မရှိတော့သလိုပါပဲလား။ ကျွန်မတို့ အိမ်ကလေးထဲမှာ စာအုပ်တွေ မရှိ၍ မဖြစ်ပါ။ စာအုပ်တွေက ကျွန်မတို့အိမ်၏ အဆင်တန်ဆာဖြစ်သလို၊ စာအုပ်တွေသာ ကျွန်မတို့၏ဘဝ ဖြစ်သည်။

ကျွန်မ ကိုယ်တိုင်လည်း နေရောင်ထဲက နှင်းဆီနီဘဝမျိုးထက် စာအုပ်တွေ၏ အေးမြသော အရိပ်အာဝါသအောက်တွင် အညွန့်အတက်၊ အခက်အလက်များဖြင့် စိမ်းလန်းစိုပြည်နေသော အင်ဒိုးသစ်ပင်တစ်ပင်လို ခံစားလိုက်ရပါသည်။

နေပျော်သည့်ဘဝသည်သာ အဓိပ္ပာယ်ရှိသောဘဝ ဖြစ်ပါသည်။ ချမ်းမြေ့သောဘဝ ဖြစ်ပါသည်။

[အောင်ပင်လယ်မဂ္ဂဇင်း၊ အမှတ် ၄၊ ၂၀၀၆ ခုနှစ်]

❐

www.burmeseclassic.com

www.burmeseclassic.com



# သဗ္ဗာပုတီး

## (၁)

မြူနှင့် နှင်းခိုးတွေ ပိတ်ပိတ်ဆိုင်းနေသော လိမ္မော်ပင်တန်းတွေဘက်ဆီ 'ဇော်ဂမ်' ထွက်လာခဲ့သည်။ ခြံတွင်းမှာ ခြေသလုံးမြုပ်လောက်အောင် အလေ့ကျပေါက်နေသော မြက်ရိုင်းပင်တွေကိုရှင်းဖို့ ဖြစ်သည်။ ရှေ့လ လောက်ဆိုလျှင် လိမ္မော်ပွပွရွရွကြီးတွေ လှိုင်လှိုင်ဝင်းတော့မည်။ အပင်တိုင်းလိုလိုမှာ နှစ်တိုင်းလို လိမ္မော်တွေ သဲသဲခဲခဲ သီးနေကြတာ ပျားအုံမှာ ပျားကောင်တွေ အုံဖွဲ့နေကြသည့်အတိုင်း။ သီးကိုင်းတွေညွှတ်ကာ မြေပေါ်မှာ အိအိတွဲတွဲကျနေသည့် လိမ္မော်သီးတွေက မြင်လို့ပင်မကောင်း။ လိမ္မော်တွေမှ မဟုတ်ပါ။ ကျွဲကောသီးတွေ၊ ကမ္ဗလာသီးတွေ၊ ရှောက်ချိုသီးတွေကလည်း အပင်နှင့်အသီး မလိုက်အောင်ပင် ခါးတွေကိုင်းနေကြသည်။ သည်ကိုင်းတွေကိုထောက်ဖို့ ဝါးချွန်ထောက်တွေ မနေ့တုန်းက တောထဲက သူခုတ်ယူလာခဲ့သည်။ တောင်ယာ စပါးသိမ်းအပြီး အခုလို လိမ္မော်ချိန် ရောက်လေတိုင်း ဇော်ဂမ် ရင်တွေခုန်ရမြဲ။ တစ်နှစ်တာပတ်လုံး

www.burmeseclassic.com

www.burmeseclassic.com



ကျုံးခဲ့ရသမျှ ခွန်အားတွေအတွက် ပီတိချိုချိုများဖြင့် အားသစ်လောင်းရမည့် သည်လို လိမ္မော်ချိန်ကို ဇော်ဂမ် မျှော်လင့်နေခဲ့ရသည်။

သည်နှစ်တော့ ခါတိုင်းနှစ်တွေနှင့်မတူ။ ပိုလို့ပင် ရင်ခုန်လှိုက်မော ရသောနှစ်လို့ ဆိုရတော့မည်။ သူ့အတွက် ထူးထူးခြားခြား ဘဝသစ်တစ်ခုကို လျှောက်လှမ်းရမည့်နှစ်လည်း ဖြစ်သည်။ နှစ်ဦးတုန်းက တောင်ယာခုတ်ရင်း 'ဝါးဒီ' ကို သူခွင့်ပန်ခဲ့သည်။

"ဝါးဒီ၊ လာမယ့်ကောက်သစ်စားပွဲမှာ 'ထုဘူ' ကို တောင်းပေးတော့ဗျာ"

သူ သည်လိုပြောတော့ ဝါးဒီက ကွမ်းဖတ်တွေ မြုံ့ထားသော ပါးစပ်မည်းမည်းကြီး ပွင့်အာသွားသည်အထိ ပြုံးပြုံးကြီး လုပ်နေသေးတော့၏။ ဇော်ဂမ်မှာ မိဘနှစ်ပါးမရှိတော့ပါ။ အဖေ၏အစ်ကိုကြီး ဝါးဒီ (ဦးကြီး) သည် ဇော်ဂမ်၏ တစ်ဦးတည်းသော ဆွေမျိုးသားချင်းဖြစ်သလို ဝါးဒီမှာလည်း သမီးကြီး 'ကော့မိုင်' မှအပ တူလိုသားလို သံယောဇဉ်တွယ်ရသည့် ဇော်ဂမ်သာလျှင် အားကိုးရာ အားထားရာ ဖြစ်လေသည်။ သမီးကော့မိုင်သည် အိမ်ထောင်ကျသွားကတည်းက သူ့ယောက်ျားသားရှိရာ 'တက်ဆိကန်' ရွာသို့ ကောက်ကောက်ပါအောင် လိုက်သွားခဲ့သည်။ ဝါးဒီမှာ ဇော်ဂမ်ကိုသာ အဖော်ပြုနေရသည် မဟုတ်လား။

"အားရှောင် (အစ်မ) တို့ကိုလည်း ကျုပ်ပြောပြီးပြီ။ ဝါးဒီ သဘောတဲ့။ သူတို့က ဧည့်ခံကျွေးမွေးစရိတ် တာဝန်ယူမယ်ပြောတာပဲ ဝါးဒီ"

"အင်း…"

"သည်နှစ် လိမ္မော်ရောင်းပြီးရင် ထုဘူအတွက် ဂျာဖဂါတစ်ခုလောက် ဝယ်မလားလို့ ဝါးဒီ၊ ဟင်… ဘယ့်နှယ်လဲ"

"ဟော… အင်း၊ အင်း… ဝယ်တာပကွာ"



ဇော်ဂမ် စိတ်ထဲ ကြည်နူးသွားသည်။ သူ့အသက်လည်း ဘာပဲပြောပြော နှစ်ဆယ်ကျော်ပြီ မဟုတ်လား။ ထုဘူနှင့် သူ သမီးရည်းစားဖြစ်ခဲ့သည့် သက်တမ်းကိုက လိမ္မော်နှစ်ခါသီးခဲ့ပြီ။ မဂျီတာပန်းတွေတောင် နှစ်ခါပွင့်ခဲ့ပြီးပြီ။ သူငယ်စဉ် ကျောင်းနေအရွယ်တုန်းက ပူတာအိုမှာ နေခဲ့ဖူးသည်။ ပူတာအိုရှိ အမေ့ညီမ နူးဘောက် (အဒေါ်) နှင့်အတူ သွားနေခဲ့ခြင်း ဖြစ်သည်။ သူ ရှစ်တန်းစာမေးပွဲ ကျသည့်နှစ်မှာပဲ သူ အားထားရာ နူးဘောက်တစ်ယောက် ကွယ်လွန်သွားခဲ့သည်။ ဒါကြောင့်လည်း ရွာမှာ အခြေကျနေသည့် ဝါးဒီထံပြန်လာပြီး တောင်ယာအလုပ်ကိုပဲ တွဲဝရီးနှစ်ယောက် စားလောက်ရုံ သူလုပ်ဖြစ်ခဲ့သည်။ သူ့အဖို့ ပူတာအိုမှာ နေရခြင်းထက် သည်လို 'တဝမ်းချောင်း' ဘေးက ရွာကလေးမှာ နေရတာ ပိုပျော်သည်။ စိမ်းစိမ်းညို့ညို့ မို့မို့မောက်မောက် ဟူးကောင်း တောင်ညိုတောင်မကြီးတွေကို သူ ပိုနှစ်သက်သည်။ တောင်ကြား လွင်ပြင်ကျယ်ကြီးထဲမှာ ဝေ့နေတတ်သော မီးခိုးတအူအူ တောင်ယာမီးသင်းနံ့ကို သူ နှစ်ခြိုက်သည်။ အကာအရံ အတားအဆီးမရှိ လွတ်လပ်ကျယ်ပြောသော တောနံ့၊ တောင်နံ့၊ လိမ္မော်နံ့၊ မြူနှင့် နှင်းနံ့တွေက တောင်သူတောင်သားပီပီ သူ့နှလုံးသားထဲမှာ စွဲထင်နေခဲ့ပြီ။ သည့်ထက် သူ့ကို ပိုပျော်စေတာက သည်ရွာကလေးမှာ သူချစ်ခင်စွဲလမ်းရသော ထုဘူရှိသောကြောင့် ဖြစ်သည်။

ထုဘူကို မနက်ခင်း တောင်ယာအသွား တောတန်းကလေး တစ်နေရာမှာ သူ စတွေ့ခဲ့ခြင်း ဖြစ်သည်။ ရွာကလူတွေကြား ကြိမ်ပလိုင်းကလေး ခေါင်းမှာ ရစ်သိုင်းလွယ်ကာ ခုန်ဆွခုန်ဆွပြေးတက်လာသော ထုဘူကို သူတွေ့တွေ့ချင်းပဲ ချစ်သွားခဲ့မိသည်။ သည်တုန်းက ထုဘူက တကယ့်ပီဘိကလေးမကလေးပဲ ဖြစ်သည်။ ခြေသလုံး တုတ်တုတ်ခဲခဲကလေးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျော်တက်သွားစဉ်က ကလေးမကလေးတစ်ယောက်လို့ပင် သူ ထင်ခဲ့မိသေးသည်။ သို့သော် ရေ့တစ်ခေါက်လောက်က အင်ပင်ညို့ညို့ကြီး အောက်မှာ ခြေစုံပစ်ကာ နားနေတာတွေ့တော့မှ ဝင်းစက် လှပလွန်းသော ထုဘူကလေး၏ မျက်နှာဝိုင်းဝိုင်း ဖောင်းဖောင်းကလေးကို သူ ကောင်း ကောင်း မြင်လိုက်ရသည်။ သည်တော့လည်း သူ့ရင်တွေ နွေးခနဲခုန်သွား ကာ ထူးဆန်းသော ဈွဲလမ်းမှုတစ်မျိုးကို ခံစားခဲ့ရသည်။

ထုဘူက ပူတာအိုမှာ သူ တွေ့ခဲ့ဖူးသော မဆေါန် (အပျို) တွေထက် ပို၍ ထူးခြားလတ်ဆတ်သော ခေါန်ဆက် (ကညာစစ်စစ်) ကလေးပါက လား။ တော၏ သမီးပျိုဆိုပေမယ့် ထုဘူ၏အလှက ဝင်းစက်နေသည်။ ထုဘူသည် နွန်မရိပန် (နှင်းဆီပန်း) လို အရောင်အသွေးဖြင့် ဖမ်းစားတတ် လွန်းသော၊ လှပလွန်းတာမျိုးမဟုတ်ဘဲ ခလော့ပန် (နှင်းပန်း) ပွင့်ကလေး လို ရိုးသားသန့်စင်သော အလှမျိုး ဖြစ်လေသည်။

(၂)

သည်ကနေ့တော့ လိမ္မော်တွေကို အလုံးလှလှကြီးတွေ စိတ်ကြိုက် ခူးကာ ခြင်းကြားတောင်းကြီးတွေထဲ စီထပ်ထည့်ကာ ဇော်ဂမ် တနိုင်းဘက် ထွက်ခဲ့သည်။ မနက်စောစော ဝေလီဝေလင်းကတည်းက လိမ္မော် တစ် တောင်းချင်း ရွာခြေကနေ ကားလမ်းမဘက်သို့ ကဲ့ရသည်မှာ ချွေးပေါက် ပေါက်ကျယူရသည်။ သည်တစ်ကြိမ် သူ ခူးလို့ရတာ လိမ္မော်ခုနစ်တောင်း။ သီးဦးသီးဖျားတွေဆိုတော့ ဈေးတော့ ရကောင်းပါရဲ့။ အသီးတွေ လှိုင် လှိုင်ကြီး ထွက်ချိန်မှာတော့ သည်လို သွားရောင်းနေစရာ မလိုပါ။ ရွာကို လိမ္မော်လာကောက်သည့် ပွဲစားတွေနဲ့ ဈေးညှိပြီး ခြံအပ်လိုက်ရုံသာ။

ရှင်ဘွေယန်ဘက်မှ တဝမ်းချောင်းရေတိမ်တိမ်ကို ဖြတ်ကူးလာတတ် သည့် ထရေလာတွဲပါသည့် တရုတ်ကားတွေကို တားပြီး လိမ္မော်တောင်း



တွေ တင်ကာ တနိုင်းဘက်သို့ ကူးသွားမည်။ တနိုင်းမှာ တစ်ညအိပ်ပြီး မနက်စောစောကားဖြင့် မြစ်ကြီးနားသို့ ဆင်းမည်။ တနိုင်း–မြစ်ကြီးနား လိုင်းကားတွေကတော့ အချိန်မရွေး မဟုတ်သော်လည်း ပေါသည်။ ကုန်တင်ကားကြီးတွေရှိသလို လူစီးသက်သက် ယာဉ်ကလေးတွေလည်း ရှိသည်။ မြစ်ကြီးနား–တနိုင်း ဆက်သွယ်ထားသော လီဒိုလမ်းမကြီးကတော့ မျဉ်းတစ်ဖြောင့်တည်း ဆွဲထားသလား မှတ်ရလောက်အောင် သည်ဘက်နှစ် တွေမှာ ကောင်းနေတာကလည်း ခရီးတွင်တာ ပါပါသည်။ တနိုင်းက ကားထွက်လာပြီး ခရီးတော်တော်ဝေးသည်အထိ တနိုင်းက မီးရောင်လဲ့လဲ့ ကလေးတွေကို မြင်နေရတုန်း။ တနိုင်းသည်ပင် စည်ကားနေတာ ကြာပြီ။

မြစ်ကြီးနားရောက်လျှင် လိမ္မော်တွေ ရောင်းမည်။ ပြီးတော့ မြစ် ကြီးနားမှာနေကြသည့် သူ့သူငယ်ချင်း ဆိုင်းရော်တို့ ဇနီးမောင်နှံဆီ သွားမည်။ လိမ္မော်ဖိုးဖြင့် ထုဘူအတွက် သန္တာပုတီးတစ်ကုံး မဖြစ်ဖြစ် အောင် ဝယ်ရမည်။ 'ကဆာ' အောင်သွယ်လူကြီးနှစ်ဦးတို့က သည်ည ထုဘူ၏ မိဘများထံသွား၍ စေ့စပ်ကြောင်းလမ်းပေးဖို့ ဝါးဒီ စီစဉ်ပြီးသား ဖြစ်သည်။

ဝါးဒီကိုယ်တိုင် ယောက္ခမမျိုးမှ စုဆောင်းထားသော ဂျာဖဂါ ပစ္စည်းနှင့် ကန်တော့ပွဲ တစ်ပွဲတင်ကာ စေ့စပ်ကြောင်းလမ်းရမည့်ကိစ္စမို့ အဆင်ပြေလိမ့်မည်ဟု ဇော်ဂမ် စိတ်ချလက်ချ မျှော်လင့်ထားခဲ့သည်။ ဒါကြောင့်လည်း ထုဘူအတွက် အဖိုးတန် ရတနာသန္တာကျောက်မျက်စစ်စစ် မဟုတ်သည့်တိုင် ရိုးရာလည်ဆွဲ သန္တာပုတီးကလေးတစ်ကုံး အမှတ်တရ သူ ဝယ်လိုက်ခြင်းဖြစ်သည်။ လက်ထပ်မင်္ဂလာပွဲနေ့တွင် ထုဘူ၏ လည် တိုင်ကြော့ကြော့မှာ ဆွဲပေးရန် ဖြစ်သည်။ သို့သော် နောက်တစ်နေ့ည ရွာကို သူ ပြန်ရောက်ချိန်မှာတော့ ဒေါသခိုးတွေဝေကာ အရှက်ကြီးရှက်နေ

www.burmeseclassic.com



သော ဝါးဒီ၏ မျက်နှာကြီးကို မြင်လိုက်ရပြီ။ သူ့ရင်တွေ ထိတ်ခနဲသွားတော့၏။ ဝါးဒီကို ဘယ်သူတွေ ဘာများပြောကြပါလိမ့်။ ပုံမှန်အားဖြင့် ဝါးဒီက သဘောကောင်းသူဆိုတာ သူသိထားသည်။

"ထုဘူမှာ စေ့စပ်ပြီးသား သူငယ်ရှိတာယ် ပြောတာပဲ။ ဂျွန်ထံလူကြီးတွေရဲ့ ဂျာဖဂါကို ထုဘူမိဘများဘက်က လက်မခံလိုက်ဘူး ဖော်ဂမ်"

"ဟာ..."

ဖော်ဂမ်သည် ကိုယ့်နားကိုယ်ပင် မယုံမိအောင် ဖြစ်သွားရသည်။ ထုဘူမှာ စေ့စပ်ပြီးသား လူငယ်တစ်ဦးဦး ရှိကြောင်း ဖော်ဂမ် မသိရိုးအမှန်ပဲဖြစ်သည်။ ထုဘူကိုယ်တိုင်ပင်လျှင် သိပုံမပေါ်။ သည်ကနေ့ညလာရောက်စေ့စပ်ဖို့ ထုဘူကိုယ်တိုင် သူ့ကို ပြောခဲ့တာပဲ။ ခရီးပန်းလာတာကိုမှ အနားမယူအား။ ရင်တစ်ခုလုံး လိမ္မော်ကိုင်းတွေလို ညွတ်ကျနေသည်။

"မဖြစ်နိုင်ပါဘူး ဝါးဒီရယ်။ ထုဘူ ကျုပ်ကို ဘာမှမပြောဘူး"

"ဘယ်တတ်နိုင်မလဲကွာ။ မင်းလည်း ယောက်ျားပဲ။ နောက်ထပ်တစ်ယောက် ရှာပေါ့"

ဒါပဲပြောပြီး ဝါးဒီက အိပ်ရာဝင်သွားသည်။ ဖော်ဂမ်ကတော့ မီးလင်းဖိုဘေးတွင် ငုတ်တုတ်ထိုင်ရင်းက နေမထိထိုင်မသာ ရှိလွန်းလှသဖြင့် ထရံမှာချိတ်ထားသော ဓားကို လှမ်းဆွဲယူလိုက်သည်။ ဓားကို ပခုံးမှာ သိုင်းလွယ်ရင်း ထုဘူတို့အိမ်ဘက်သို့ ထွက်လာခဲ့၏။ ဓားလွယ်ခြင်းမှာ သူတစ်ပါးကို ဒေါသအလျောက် ရန်မူရန်မဟုတ်ပါ။ ကချင်လူမျိုးအများစု၏ ဓလေ့ထုံးစံ အပြင်ထွက်သည့်အခါ ဓားလွယ်တာ၊ လုံကိုင်တာ အစဉ်အလာရှိလို့ပဲ ဖြစ်သည်။ ဖော်ဂမ် ငယ်စဉ်ကတည်းက ဝါးဒီနှင့်အတူ အမဲလိုက်ခဲ့ဖူးသည်။ ဝါးဒီက ဖော်ဂမ့်ကို ငယ်ငယ်ကတည်းက ဓားတစ်ချောင်း လွယ်ပေးခဲ့ခြင်းဖြစ်၏။



ကိုယ့်ရွာလမ်းမို့ ဖဝါးတွေက အလွတ်ရနေသော်လည်း မြူနှင်းတွေ ပိတ်သည်းနေသည့်လမ်းက ခပ်ဝါးဝါး။ အိမ်တံစက်မြိတ်များဆီမှ ဆီးနှင်းကျသံ တဖြောက်ဖြောက်ကိုပင် ကြားနေရသည်။ သူတို့ဒေသမှာ အခုလို လိမ္မော်ချိန် ရောက်ပြီဆိုသည်နှင့် ဆီးနှင်းတွေက အပင်တိုင်းမှာ မိုးပေါက်တွေ ရွာချထားသလို ရွှဲရွှဲစိုနေတတ်သည်။ မြက်ခင်းပေါ်က ဆီးနှင်းတွေကို အဝတ်စနှင့် ဆွတ်ကာဆွတ်ကာ ညှစ်ချလျှင်ပင် နှင်းရည်တစ်ပုံးစာ အသာကလေး ရနိုင်သည်။ သည်လောက် အေးခဲနေသည့်အခါမှာတောင် ဖော်ဂမ် ချွေးတွေပြန်နေသည်။ ထုဘူကို ချစ်သည့်ဇော၊ အဝေးမခံချင်ဇောတွေက ဖော်ဂမ့်ခြေလှမ်းတွေကို မမြင်ရသော အားတစ်ခုလို တွန်းပို့နေသည်။

ထုဘူတို့အိမ်မှ မီးခွက်ရောင်ကို လှမ်းမြင်လိုက်ရသဖြင့် ဖော်ဂမ် အားတက်သွားသည်။ ထုဘူတို့ မအိပ်သောက်သေးဘူး ထင်ပါရဲ့၊ အိမ်အနောက်ဘက် အစွန်ဆုံးက အပျိုဆောင်ထဲမှာ တခြားသူစိမ်းယောက်ျားတစ်ယောက်များ ရောက်နေရော့လား။ ပြင်းပြသော စိုးရိမ်စိတ်ဖြင့် ခြံစည်းရိုးကို ဖော်ဂမ် ခွကျော်လိုက်တော့ ခွေးတွေက ထိုးဟောင်တော့သည်။ တဲရှေ့ကပြင်ဘက်သို့ ထုဘူ၏အစ်မ 'လုဂျာ' အပြေးကလေး ထွက်လာသည်။

"ကဂျာအီး" (နေကောင်းလား)

"ကဂျာအင်ဒိုင်" (နေကောင်းပါတယ်)

လုဂျာကို ဖော်ဂမ် လှမ်းနှုတ်ဆက်ပြီး လှေကားပေါ်တက်ဖို့ ပြင်လိုက်သည်။ လုဂျာက ဖော်ဂမ်ကို လက်ကာတားသည်။ သည်တားဆီးမှုက သူ့ဘဝကို ကာလိုက်သည့် အတားအဆီးမှန်း ဖော်ဂမ် သိလိုက်ပြီ။

"ထုဘူကိုခေါ်ပေးပါ လုဂျာ"

www.burmeseclassic.com

www.burmeseclassic.com



"သူ အိပ်နေပြီ။ မနက်ကျမှ တွေ့ကြတော့ ဇော်ဂမ်။ ငါ ပြောထားလိုက်မယ်"

လုဂျာကတော့ သူနှင့် ထုဘူကို သဘောတူထားသူ ဖြစ်သဖြင့် ဇော်ဂမ် ရှေ့မဆက်သာပါ။ တကယ်လည်း ထုဘူ အိပ်နေတာ ဖြစ်နိုင်သည်။ အပျိုခန်းကို ဇော်ဂမ် မော့ကြည့်လိုက်တော့ လှုပ်ရှားမှုဟောင် မရှိ။ အိမ်ပေါ် ဖွတ်တက်ဖို့အထိတော့ ဇော်ဂမ် အတင့်မရဲချင်ပါ။ သူ့ဘက်က စောင့်ထိန်းရမည် မဟုတ်လား။ လုဂျာကတော့ လိမ်ပြောစရာအကြောင်းမရှိ။ မနက်ကျလျှင်တော့ ထုဘူကို တွေ့နေကျ အင်ပင်ညိုညိုကြီးအောက်ကို ဆက်ဆက်လာဖို့သာ မှာခဲ့ရသည်။

"စိတ်ချ ဇော်ဂမ်၊ နင်တို့တွေ့ဖို့ ငါ လုပ်ပေးမယ်"

"ကျေးဇူးကမ္ဘာဆိုင်ယော"

ညသည် နှင်းမိုးတွေအောက်မှာ ထိတ်လန့်တကြား ငြိမ်ကုပ်နေသည်။ ကောင်းကင်မှာလည်း ထိုညက လမင်းမရှိ။ ကြယ်ပင် မရှိ။ တိမ်မျှင်တစ်စတလေ မမြင်။ ပိတ်သည်းမည်းမှောင်နေသော လဟာပြင်ကွင်းထီးထီးကြီးထဲမှာ ဇော်ဂမ် တစ်ယောက်တည်းသာ နှင်းတွေ စိုရွှဲနေသော ရွာလမ်းပေါ်မှာ ရှိနေသည်။ တစ်ရွာလုံး အပြင်ထွက်သူရယ်လို့မရှိ။ အအေးဓာတ်သည် ဟူးကောင်းလွင်ပြင် တစ်ပြင်လုံးကို တစ်လွှာချင်း မားထက်ထက်ဖြင့် မွှန်းနေသလို ရှိတော့၏။

## (၃)

"မျှော်လိုက်ရတာ ထုဘူရယ်၊ နင် လာမှလာပါ့မလားလို့"

အနောက်ဝေးဝေးဆီမှ ခုံးကြွမို့မောက်လျက်ရှိသော တောင်မြင့်မြင့်ကြီးများဆီသို့ ဇော်ဂမ် မျက်နှာမူထားသည်။ နံနက်ခင်း အလင်းရောင်



မှုန်ပျပျအောက်တွင် မြူခိုးနှင့် တိမ်တွေ ရောယှက်လိမ်နေသော တောင်ကြီးတွေကိုသာ သူသစ္စာပြုလျက်ရှိ၏။ လန်းဆတ်သော နှင်းမှုန်ဖွဲဖွဲလေအေးကို ရှူရှိုက်ရင်း နှင်းရိုက်ထားသော သစ်သီးတစ်လုံးလို လှနေသည့် ထုဘူကို သူ ငေးမောကြည့်နေမိသည်။

"ထုဘူရယ် နင်နဲ့ငါက တစ်ယောက်ကိုတစ်ယောက် ချစ်ခဲ့ကြတဲ့ ချစ်သူတွေပါဟာ။ နင့်မိဘတွေကို အမှန်အတိုင်း ဖွင့်ပြောပြီး တို့အတူ ပေါင်းသင်းကြရအောင်လား"

"မဖြစ်နိုင်တော့ဘူးရယ်။ အဝါးတို့က ဟိုကို လက်ခံထားပြီးသားလို့ ပြောတယ်။ အားရောင်တို့ကတည်းက အဝါးစကား နားထောင်ခဲ့ကြရတာ။ မိဘစိတ်ဆင်းရဲမှာ ငါကြောက်တယ်"

ထုဘူ၏ ဝဝဖောင်းဖောင်း ပါးစုံနှစ်ဖက်ကိုသာ ဇော်ဂမ် ဆွဲညှစ်လိုက်ချင်မိတော့၏။ ရိုးလွန်းအလွန်းသော တောသူမကလေး ထုဘူကို အပြစ်ရယ်လို့တော့ သူ မတင်ရက်ပါ။ ကချင်အမျိုးကောင်းသမီးပီပီ အချစ်ရေးထက် မိဘများ ရွေးချယ်သော အိမ်ထောင်ရေးကို ပိုတန်ဖိုးထားလိုက်နာတတ်ကြသည့် ဓလေ့ကို ကချင်လူငယ်ဖြစ်သော ဇော်ဂမ်သည်လည်း ရင်နှင့်နားလည် ခံစားထားသူမို့ တစ်စုံတစ်ရာ ပြောဖို့ခက်နေသည်။

"နင် မေ့သွားပြီလား ထုဘူရဲ့။ နင်နဲ့ ငါဟာ ဟူးကောင်းတောင်တန်းကြီးတွေကို သစ္စာပြုထားပြီးသားဆိုတာ။ တို့နှစ်ယောက် စတွေ့ခဲ့ကြတုန်းက တောင်ယာခုတ် သွားကြတဲ့လမ်းမှာပါ။ သည်တုန်းက နင်တို့တောင်ယာကို ငါကိုယ်တိုင် မီးရှို့ပေးခဲ့တယ်။ အပြန်လမ်းမှာ ဝါးမှိုတွေ ဝင်ရှာကြတော့ နင့် ပလိုင်းကလေးထဲကို ငါ မှိုတွေ ရှာထည့်ပေးခဲ့တယ်။ သည်တုန်းက နင်က သီချင်းတွေ တကြော်ကြော်ဆိုလို့။ အဲသည့်နေ့ကတည်းက နင့်ကိုငါ ချစ်ခဲ့ရတာပါ။ နင်တို့ ယာခင်း ပေါင်းမြက်တွေ

www.burmeseclassic.com



ရှင်းတော့လည်း ငါဟာ နေဝင်မိုးချုပ်တဲ့အထိ ကူညီခဲ့တာကော၊ ယောကျ်ားသားမရှိတဲ့ နင်တို့ ညီအစ်မတစ်တွေကို ငါ တတ်နိုင်သမျှ ကူညီခဲ့တာတွေ မေ့သွားပြီလား ထုဘူ၊ ဟင်…”

ထုဘူက သင်တိုင်းအင်္ကျီစကလေးကို လက်ဖြင့် လိမ်ညှစ်ရင်း မျက်လွှာချထားသည်။ တိတ်ဆိတ်အေးချမ်းလှသော တောစိမ်းစိမ်းကြီးထဲမှာ ချောင်းရေစီးသံကလွဲလို့ တခြား ဘာသံမျှမရှိ။ တစ်ခါတစ်ရံ တောငှက်ကလေးတွေ ဟိုအပင်သည်အပင် ကူးကြသန်းကြသည်တော့ ရှိပါ၏။

“တို့ရွာလုံးကျွတ် ကောက်သစ်စားပွဲနေ့က နင့်ကိုငါ ချစ်တယ်လို့ ဖွင့်ပြောခဲ့တော့ နင်ကိုယ်တိုင် ဟောဒီနှုတ်ခမ်းကလေးက ‘ရအင်ငိုင်’ လို့ တိုးတိုးကလေး ပြောခဲ့တာလေ၊ ဟုတ်လားနော။ အဲသည်ညက တို့နှစ်ယောက် မီးပုံဘေးမှာ တစ်ညလုံး ကခဲ့ကြတယ်။ နင်ကိုယ်တိုင်က ငါ့ကို ခေါင်ရည်တွေ ငှဲ့ပေးလို့။ အဲသည်ညက တစ်ညလုံးလိုလို ငါ ခေါင်ရည်တွေ မူးနေပေမယ့် နင်နဲ့ငါ လက်တွဲကခဲ့ကြတာကိုတော့ ငါ မမေ့ခဲ့ပါဘူး ထုဘူရယ်။ တစ်ရွာလုံးက လူတွေ မြင်ကြသေးပဲ။ သည်တုန်းက နင်နဲ့ ပေးစားမယ့်လူဆိုတာ ဘယ်မှာရောက်နေလို့လဲ။ နင့်အနားမှာ လိပ်ပြာတစ်ကောင်လို ငါပဲရှိတာ ဟုတ်လားနော။ နင့်ကို ငါချစ်တယ် ထုဘူရယ်။ ငါ မခွဲနိုင်ဘူး”

ဇော်ဂမ်က ရင်တွင်းစကားတွေ လှိုက်လှိုက်လှဲလှဲ ဆိုနေသော်လည်း ထုဘူက အင်းမလှုပ် အဲမလှုပ်။ သင်တိုင်းအင်္ကျီစကိုသာ လက်ဖြင့် လိမ်ညှစ်လိုက်၊ ဆွဲဆန့်လိုက် လုပ်နေတော့သည်။ ဇော်ဂမ်သည်ပင် ကလေးဆန်လွန်းလှသော ထုဘူကိုကြည့်ရင်း အားမလိုအားမရ သက်ပြင်းချမိ၏။ ထုဘူသည် အချစ်အကြောင်းရယ်လို့ လေးလေးနက်နက် နားလည်ခံစားမှု မရှိသေးပါကလားလို့သာ သူ တွေးနေမိသည်။



“ထုဘူ၊ ဘာမှပြောမနေနဲ့တော့။ အခုပဲ နင် ငါ့နောက်ကို လိုက်ခဲ့တော့။ ငါတို့အိမ်မှာ ဝါးဒီနဲ့ ငါပဲရှိတာပါ။ ငါ့အိမ်မှာ နင် နတ်သမီးကလေးလိုလာပြီး နေလှည့်စမ်းပါ။ နင့်စိတ်တိုင်းကျ ငါ့ကို အနိုင်ယူလိုက်စမ်းပါကွာ။ ငါ့ဘဝတစ်ခုလုံး နင့်လက်ထဲ အပ်ပြီးသားပဲ။ ငါတို့အတွက် သားသမီးကလေးတွေ နင် မွေးဖွားပေးရုံပါပဲ။ နင့်ဘဝ တစ်လျှောက်လုံး အလုံးစုံ ငါတာဝန်ယူပါရစေ ထုဘူ။ လိမ္မော်ခြံတစ်ခြံလုံးက သီးသမျှသစ်သီးတွေကို နင့်စိတ်ကြိုက် ခူးနိုင်သလို ငါ့ကိုလည်း ခူးလိုက်စမ်းပါ။ ငါဟာ နင့်ခြေဖဝါးကလေးတွေ အောက်မှာရှိနေမယ့် မြက်ပင်ပါ ထုဘူရယ်။ နင် စဉ်းစားကြည့်ပါလား။ နင့်အစ်မတွေလို ယောက္ခမအိမ်မှာ အခိုင်းအစေတစ်ယောက်လို နေသွားတော့မလို့လား။ နင်ငါ့ကို ထားခဲ့ရင်တော့ ငါ သေမှာပဲ။ နင်မယုံဘူးလား ထုဘူ။ ငါ့ရင်ဘတ်ကို နင်စမ်းကြည့်စမ်း။ မီးခဲတွေလို ပူနေပြီ။ တွေ့လား ထုဘူ”

ထုဘူ လက်ကလေးတွေကို ဆွဲယူကာ ရင်ဘတ်ပေါ် တင်လိုက်သည်။ အေးစက်တုန်ယင်နေသော ထုဘူ၏ လက်ချောင်းဖူးဖူးကလေးများက ဇော်ဂမ့် ရင်ဘတ်ပေါ်မှာ တရွရွ။ ထုဘူ ငိုရုံကလွဲ၍ ဘာမှမသိ။

“နင် ဘာလို့ငိုတာလဲ။ ငါ့အတွက် မျက်ရည်ကျတာလား ထုဘူ၊ ဟင်…”

“နင့်အတွက်မဟုတ်လို့ ဘယ်သူ့အတွက် ဖြစ်မလဲ။ နင် ဖွတ်လုပ်ရင်တော့ ငါတို့ ဒုက္ခရောက်မှာ သေချာတယ်”

“ထုဘူကလည်းဟာ ဘာဒုက္ခလဲ။ ဘာလို့ ဒုက္ခရောက်ရမှာလဲ”

“သည်မှာလေ၊ အနူးက ငါ့ကို သန္တာပုတီး ဆွဲပေးလိုက်ပြီ”

“ဟာ…”

www.burmeseclassic.com

www.burmeseclassic.com



ထုဘူလည်းတိုင်က သန္တာပုတီးကို သူ မတွေ့ခဲ့။ သူ့စိတ်ဓာတ်တွေက ထုဘူအပေါ်မှာပဲ ရောက်နေတာ မဟုတ်လား။ သန္တာပုတီးကို မြင်လိုက်ရတော့ ဇော်ဂမ် ထိတ်လန့်တုန်လှုပ်သွားသည်။ သူသည် ထုဘူကို နားချ အပြီးမှာ မြစ်ကြီးနားက သူ ဝယ်လာသော ရိုးရာသန္တာပုတီးကုံးကလေး ဆွဲပေးလိုက်ဖို့ စိတ်ကူးတွေ တဝမ်းချောင်းထဲ ပစ်ချလိုက်ရတော့မလို ဖြစ်သွားခဲ့ပြီ။

"ထုဘူရယ်၊ သည်ပုတီးကို ပြန်အပ်ပြီး ငါ့ပုတီးကို ဆွဲပါ။ နင့်မိဘတွေကိုရော၊ ငါတို့ရိုးရာနတ်တွေကိုရော၊ အိုဟာ တစ်လောကလုံး ကျေနပ်အောင် ငါ တောင်းပန်ရမှာပေါ့။ ငါ့ရှိသမျှ ခွန်အားတွေ၊ နှလုံးသွေးတွေ အကုန်သွန်အန်ပြီး လျော်ကြေးပေးပါ့မယ်။ ဟောသည် ဟူးကောင်း လွင်ပြင်ကြီးကို ငါထပ်ပြီး သက်သေထူပါရစေ။ နင့်ကို ငါ ချစ်တယ် ထုဘူ။ နင်ငါ့နောက် လိုက်ခဲ့ပါနော်"

ဇော်ဂမ် မျက်ဝန်းမှာ ရစ်သီလာသော မျက်ရည်စတွေကို ထုဘူ မမြင်သော်လည်း အင်ပင်ညို့ကြီးထက်မှ ရွှေဝါရောင် ဝမဒိုင်ပန် (သစ်ခွ) ပွင့်ကလေးတွေကတော့ မြင်ဟန်တူပါသည်။ တစ်မနက်ခင်းလုံး သောက်စို့ထားကြသော နှင်းရည်ဥကလေးများကို ဇော်ဂမ် ပါးပြင်ပေါ် တစ်ပေါက်ချင်း ခြွေချကြလေသည်။

"ငါမေးတာကို ဖြေစမ်း ထုဘူ၊ နင် ငါ့ကို ချစ်သလား"

"ချစ်တယ်ရော"

"ဒါဆို ပြီးပြီပေါ့ဟာ။ ညကျရင် နင့်ကိုငါ လာခိုးလှည့်မယ်။ နင် မငြင်းပါနဲ့တော့။ နင့်ရဲ့ ရိုးသားတဲ့ ကလေးဆန်တဲ့ နှလုံးသားကို ငါ ခွင့်လွှတ်ပြီးသားပါ။ နင်ဟာ ချစ်ခြင်းမေတ္တာကိုတောင် ခွဲခွဲခြားခြား နားမလည်တတ်သေးတဲ့ တကယ့်ကလေးလေးပဲ ထုဘူ။ ကဲပါဟာ၊



လုဂျာနဲ့ ငါ တိုင်ပင်လိုက်ပါဦးမယ်။ နင်နဲ့ငါ အတူနေကြမယ်နော်။ ညကျရင် နင့်လည်ပင်းမှာဆွဲထားတဲ့ သန္တာပုတီးကုံးကို ချွတ်ထားခဲ့ပါ။ သည်ပုတီးနဲ့မျှတတဲ့ ပေးဆပ်မှုမှန်သမျှ ငါ အကုန်အစင် ပေးဆပ်သွားပါ့မယ်နော် ထုဘူ။ ဟောသည်မှာကြည့်၊ နင့်ကို ဆွဲပေးဖို့ ငါ ဝယ်လာခဲ့တဲ့ သန္တာပုတီးလေ။ မင်္ဂလာကိုင်းပင် ဖြတ်ပြီးတာနဲ့ နင့်လည်မှာ ငါ ဆွဲပေးမယ့်ပုတီးပဲ ထုဘူ။ သိတယ်နော်"

ထုဘူကတော့ ကြည်စင်ဝိုင်းစက်သော မျက်လုံးမည်းကလေးဖြင့် ဇော်ဂမ့်ကို မော့ကြည့်သည်။ ဇော်ဂမ်သည် သူမနှင့် ချစ်ခဲ့ကြသော ချစ်သူတွေဖြစ်ကြောင်း ထုဘူ နှလုံးသားဖြင့် ခံစားတတ်သွားခဲ့ပြီလား မသိ။ မျက်နှာကလေး ကြည်စင်လာကာ "လုဂျာနဲ့ ပြောကြည့်လေ" လို့သာ ရှက်စနိုး ဆိုလေသည်။ ထုဘူ၏အစ်မ လုဂျာကတော့ ညီအစ်မ ငါးယောက်ထဲတွင် ရုပ်ရည်မရှိရှာသူမို့ ချစ်သူရည်းစားရယ်လို့ပင် မရှိ။ လုဂျာ၏ ပင်ကိုကလည်း ရိုးသားဖြူစင်သူ ဖြစ်သည်။

"ထုဘူရယ်၊ နင့်လိုသာ ငါ့ကို ဇော်ဂမ်က ချစ်ကြည့်၊ ငါက တော့ ခိုးရာလိုက်ပြေးမှာပဲ" လို့တောင် လုဂျာက ရယ်ရယ်မောမော ပြောခဲ့ဖူးသတဲ့။ အချိန်ကလေးမြင့်လာလေ နှင်းတွေက ပိန်းပိတ်အောင်ကျလာလေ။ အေးမြသော နှင်းရည်နှင်းစက်တွေက ဇော်ဂမ့်ရင်က အပူကို ငြိမ်းနိုင်ပါ့မလား။

(၄)

ဟူးကောင်းည၏ အမှောင်ထုပိန်းပိန်းသည် လွင်ပြင်ကြီးတစ်ခုလုံးဆီသို့ စောစီးစွာ ကျရောက်လာခဲ့သည်။ မြူထုနှင့် နှင်းငွေ့များသည် မိုးတွေ ရွာချနေသလို အိမ်တံစက်မြိတ်စွန်းတွေဆီမှ တပေါက်ပေါက်ကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ခေါင်မိုးထောင့် စွန်းဘက်တွေပေါ် ဖောက်ခနဲ ဖောက်ခနဲ စဉ်ကျလာသော နှင်းမိုးကြွေသံကို နားစွင့်ရင်း ဇော်ဂမ် ရင်တွေခုန်နေသည်။ သူသည်ည မိန်းမခိုးမည့်ကိစ္စကို ဝါးဒီကိုပင် အသိမပေးခဲ့ပါ။ ဝါးဒီသိလျှင် ကန့်ကွက်မှာစိုး၍ပဲ ဖြစ်သည်။ လုဂျာနှင့် တိုင်ပင်ကာ ရွာမြောက်ပိုင်း 'လဖိုင်လ' တို့အိမ်မှစောင့်ရင်း ထုဘူနှင့် လုဂျာကို သူမျှော်နေခြင်းပင်။ လဖိုင်လကတော့ သတ္တိကောင်းသူပီပီ ဇော်ဂမ် မိန်းမ ခိုးပြေးခြင်းကိစ္စအတွ ် အစစ သူတာဝန်ယူမည်ဆို၏။ ထုဘူ၏ မိဘများကို တောင်းပန်ဖို့ ဂျာဖဂါပစ္စည်းကိုလည်း ဇော်ဂမ်က လဖိုင်လကို ပေးထားခဲ့ပြီးပြီ။

ညအမှောင်ထဲတွင် တစ်ချက်တစ်ချက် ထိုးဟောင်လိုက်သော ခွေးဟောင်သံကြားတိုင်း ခြံပေါက်ဝဆီ ဇော်ဂမ် ခေါင်းပြူကြည့်ရသည်မှာ အမောသား။ လဖိုင်လကလွဲလျှင် တစ်အိမ်သားလုံး အိပ်မောကျနေကြပြီ။ လဖိုင်လကတော့ ဆတ်သားခြောက် မြှောင်းကြီးတွေကို မီးလင်းဖိုထဲ ထည့်ဖုတ်ကာ ငရုတ်ဆုံထဲ ထည့်ထောင်းသည်။ ပြီးတော့ ဆီရွှဲရွှဲဆမ်းကာ ခေါင်ရည်တွေ ဝါးကျည်တောက်ဖြင့် ယူလာခဲ့သည်။ ဝါးဆစ်ခွက် မည်းမည်းကြီးနှစ်ခွက်တွင် ခေါင်ရည်ငှဲ့ကာ ဇော်ဂမ်ကို တစ်ခွက်လှမ်းပေးသည်။

"သောက်စမ်း ကောင်လေး၊ သည်လိုညမှာ ခပ်ကြမ်းကြမ်း သောက်ပစ်လိုက်ရတယ်။ ငါ့တုန်းကလည်း လဖိုင်ဂျန်းကို သည်လို ခိုးပြေးတာပဲ။ မကြိုဖူးတော့ ကြောက်လွန်းလို့ တုန်နေတာရော။ ခေါင်ရည်တွေ ဝမ်းနဲ့အပြည့် သောက်လိုက်မှ အကြောက်ကပြေတာ။ ထူပူသွားအောင် ချစမ်းငါ့ကောင်"

လဖိုင်လ ငှဲ့ပေးသော ခေါင်ရည်ဝါးဆစ်ခွက်ကိုယူ၍ တရကြမ်း မော့သောက်ပစ်လိုက်သည်။ သူ့တစ်ကိုယ်လုံး မီးကျီးခဲပူပူထဲ ခုန်ဆင်းလိုက်ရသလို ပူထူသွားလိုက်ပုံများ ခေါင်းကိုပင် ခါယမ်းပစ်ရသည်အထိ။ သည်လောက် ပြင်းသည့်ခေါင်ရည် သူမသောက်ဖူးပါလား။



ခေါင်ရည်တန်ခိုးကြောင့်လား၊ တစ်နေကုန် ကောက်ရိတ်ခဲ့ရတာကြောင့်လား မသိ။ လဖိုင်လတစ်ယောက် မီးလင်းဖိုဘေးမှာပင် မှူးမှူးနှင့် ကွေးကွေးလေး အိပ်ပျော်သွားခဲ့ပြီ။ ဇော်ဂမ်ကတော့ မီးလင်းဖိုနှင့် အိမ်ရှေ့ကပြင်ကူးရင်း ဆောင်းညရှည်ကြီးကို ကုန်ဆုံးခဲ့ရသည်။ ထုဘူ ပေါ်မလာပါ။ အရှေ့ကောင်းကင်က အလင်းမျှင်တန်း ခပ်ပါးပါးက နှင်းထုတွေကြားတစ်စတစ်စ အန်ကျလာသော်လည်း နှင်းမိုးတို့ကား ဖွဲနေဆဲ။ တောင်ယာအလုပ်သွားကြသူများဆီက စကားသံတွေ လဖိုင်လ၏ တဲကလေးကို ရိုက်ခတ်သွားကြပြီ။ လဖိုင်လ၏ဇနီး လဖိုင်ဂျန်းသည်ပင် မီးဖိုထဲမှာ ထမင်းထုပ်တွေ ပေါင်းပြီးသွားပြီ။ သူ့ယောက်ျားကိုနှိုးပြီး တောင်ယာသွားဖို့ ပြင်ကြသည်။ မီးလင်းဖိုမှ မီးကျီးခဲတို့ပင်လျှင် မီးကျသွားခဲ့ကြပြီ။ ရေနွေးအိုး မည်းမည်း နှုတ်သီးဝက ရေနွေးငွေ့တွေ တရှူးရှူး ထွက်နေသည်။

"ဝေး... ကောင်လေး၊ တို့ တောင်ယာသွားတော့မယ်။ နင်မပြန်သေးဘူးလား"

လဖိုင်လ၏စကားကို ဇော်ဂမ် ရှက်သွားမိသည်။ လဖိုင်လသည် သူ့ကို နှင်နေခြင်းမဟုတ်။ အခြေအနေမှန်ကို သူ သိစေခြင်းငှာ သတိပေးလိုက်ခြင်းပဲ ဖြစ်သည်။ ဇော်ဂမ် အိမ်ကိုပြန်ရောက်တော့ ဝါးဒီတစ်ယောက် လိမ္မော်ခြံထဲမှာ လိမ္မော်သီးတွေ ခူးနေသည်။ သည်ကနေ့တော့ အရင်နေ့တွေကလောက် လိမ္မော်သီးတွေ ပေါပေါလောလောမရ။ ဝါးဒီ ခူးထားသည့်လိမ္မော်မှာ ခြင်းတောင်း နှစ်တောင်းပင် မပြည့်တတ်သေး။

"ဇော်ဂမ် ညက နင် ဘယ်သွားနေတာလဲ၊ ထမင်းပေါင်းပြီးသွားပြီ၊ သွားစားချည်။ ငါ ကော့မိုင်တို့ရွာကို လိမ္မော်သွားပို့လိုက်ဦးမယ်"

ဝါးဒီသည် လိမ္မော်တောင်းများကို ပခုံးနှစ်ဖက်တွင် ထမ်း၍ နှစ်မိုင်လောက်ဝေးသော ကော့မိုင်တို့ရွာဘက် ထွက်သွားသည်။ ဝါးဒီကို လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း ဇော်ဂမ် နားလည်လိုက်ပါပြီ။ သည်လိမ္မော်ရောင်းရငွေတွေက ဇော်ဂမ်တို့ တူဝရီးအတွက် အိမ်စရိတ်ပဲ ဖြစ်သည်။ ခါတိုင်းနှစ်ဆိုလျှင် လိမ္မော်ရောင်းရငွေဖြင့် ဇော်ဂမ် အိမ်အတွက် ဝယ်လာနေကျ။ အခုတော့ လိမ္မော်ဖိုးတွေက ထုဘူအတွက် သန္တာပုတီးကုံးကလေး ဖြစ်သွားခဲ့ပြီ မဟုတ်လား။

လက်ကျန် မရော်မရီ စိမ်းစိမ်းဖန့်ဖန့် လိမ္မော်သီးတွေကို မော့ကြည့်ရင်း ဇော်ဂမ်ရင်မှာ ကျဉ်ခနဲဖြစ်သွားသည်။ အင်္ကျီအိတ်ထောင်ထဲတွင် ရှိနေဆဲဖြစ်သော သန္တာပုတီးကုံးကလေးကို ဇော်ဂမ် ထုတ်ယူလိုက်သည်။ သည်သန္တာပုတီးကလေးက တစ်ချိန်လုံး သူ့ရင်နှင့်မကွာ ရှိနေခဲ့သည် မဟုတ်လား။ အခုတော့ ဇော်ဂမ်ရင်နှင့် ခွာယူလိုက်နိုင်ခဲ့ပြီ။

"ထုဘူရယ်၊ ငါလည်း သစ္စာကြီးတဲ့ချစ်သူဆိုပေမယ့် တစ်ကြိမ် တစ်ခါပဲ တောင်းပန်နိုင်တော့မှာပေါ့ကွာ"

(၅)

မဂျီတာပန်းတွေ တစ်တောလုံး တစ်တောင်လုံး ဝေဆာနေသော ရာသီ ဖြစ်သည်။ ထုဘူနှင့် ဝေးရာကို ဇော်ဂမ် ရောက်နေခဲ့သည်မှာ တစ်နှစ်တင်းတင်း ပြည့်ခဲ့ပြီးပြီ။ ပြီးခဲ့သည့် လိမ္မော်ချိန်တုန်းက ရွာကိုပြန်ဖို့ စိတ်ရောက်သော်လည်း ဇော်ဂမ် မပြန်ဖြစ်ခဲ့ပါ။ ရွာကို ရှက်သလိုလို ရှိတာရော ထုဘူကို ရင်မဆိုင်ချင်တော့တာရော။ ဇော်ဂမ့်နှလုံးသား အနာမကျက်သရွေ့ ရွာမပြန်မိဖို့ ဆုံးဖြတ်ထားသည်။ အခုတော့ သူ့ဦးကြီး ဝါးဒီတစ်ယောက် နာမကျန်းဖြစ်နေသဖြင့် ရွာကိုပြန်ခဲ့ဖို့ လူကြုံနှင့် လှမ်းမှာ လေတော့ မဖြစ်မနေ ရွာကို ပြန်ရတော့မည်။



ထုဘူကို ခိုးပြေးဖို့ သူချိန်းသည့်ညက ရွာမှာ နောက်ဆုံး သူ အိပ်စက်ခဲ့ခြင်း ဖြစ်သည်။ နောက်တစ်နေ့ မနက်မလင်းခင် နှင်းတသဲသဲ ကြားမှာပဲ ဝါးဒီမသိအောင် ရွှေမော်လုပ်ကွက်တွေရှိရာ ရွာတွေဘက် သူထွက်ခဲ့သည်။ တနိုင်းကိုရောက်ခါမှ ရွာလူကြုံနှင့် ဝါးဒီကို အကျိုးအကြောင်း လှမ်းအကြောင်းကြားခဲ့ခြင်း ဖြစ်၏။ ဝါးဒီကလည်း ဇော်ဂမ့်ကို ခွင့်လွှတ်မှာ သေချာပါသည်။ သူငယ်ငယ်က ရွာမှာနေရတာပျင်းလို့ ပူတာအိုက နူးဘောက်ဆီ သွားခဲ့တုန်းကလည်း သည်လိုပါပဲ။ ဝါးဒီ မသိအောင် ခိုးထွက်ပြေးခဲ့ခြင်းပင်။ ပူတာအိုရောက်မှ လူကြုံနှင့် လှမ်းပြောရသည်။ နူးဘောက်မရှိတော့လို့ ရွာကို သူပြန်လာခဲ့တော့လည်း ဝါးဒီက ကွမ်းတွေမြုံ့ရင်း ကြည်ကြည်ဖြူဖြူပဲ လက်ခံခဲ့သည်။ အဝတ်တစ်ထည် ကိုယ်တစ်ခု ဇော်ဂမ်ဘဝကို ဝါးဒီ နားလည်ပြီးသား။ ဝါးဒီက အရာရာကို ခွင့်လွှတ်တတ်သူ ဖြစ်သည်။

"ငိုင်ဖဲ့မရာရော့ ယာရစ်ယော" (ကျွန်တော့်ကို ခွင့်လွှတ်ပါ)

"မရာရော့ယာအင်ငိုင်" (ခွင့်လွှတ်ပါတယ်ကွာ)

ခွင့်လွှတ်စကားကိုဆိုရင်း ရင်ခွင်ထဲတိုးဝင်လာသည့် ဇော်ဂမ့်ခေါင်းကို ပွတ်ကာသပ်ကာ ဝါးဒီက ချော့မော့နေခဲ့သေးသည်ကော။ သည်တစ်ခါမှာတော့ သူ့ကို ဝါးဒီ ခွင့်လွှတ်ပါ့မလား။

ရွာအပြန်လမ်းကတော့ ဇော်ဂမ်အတွက် သိပ် မထူးခြားလှပါ။ တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်လို့ ကောက်သစ်စားပွဲလည်း ပြီးပြီ။ အခုအချိန်မှာ တောထဲတောင်ထဲ တောင်ယာတွေ မီးရှို့နေကြလောက်ပြီ။ ခြံထဲကို သူဝင်လိုက်တော့ လိမ္မော်ပင်တွေက အသီးမကျန်တော့။ အသီးမဲ့ ရိုးတံတွေချည်း ခေါင်းစင်းစင်း ဖြစ်နေသော လိမ္မော်ပင်မည်းမည်းတွေကို ဝါးဒီ မပြုပြင်နိုင်ရှာဘူး ထင်ပါရဲ့။ ဝါးဒီ အိပ်ရာထဲ လဲနေရှာသလား။ ဝါးဒီကိုတော့ သူက ကျန်းမာစေချင်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝါးဒီ"

ဝါးဒီကား သူထင်ထားသလို မဟုတ်ပါ။ အိမ်ရှေ့ကပြင်တွင် ထိုင်၍ ဝါးတွေချွန်နေသည်။ ဇော်ဂမ်ကိုမြင်တော့ ဝါးဒီ ထုံးစံအတိုင်း ကွမ်းတွေမြုံ့ရင်း ပြုံးပြသည်။

"ကောင်လေး နင် ရွာကို ပြန်လာသားပဲ"

ဝါးဒီစကားကြောင့် ဇော်ဂမ် ရင်ထဲမကောင်း ဖြစ်သွားမိသည်။ ရွာကို ဘာလို့ သူပြန်မလာရမှာလဲ။ သူ မွေးဖွားရာ ရွာကလေးကို သူ ချစ်သည်။ ပြီးတော့ သူချစ်သော တောင်ယာတောနှင့် လိမ္မော်ခင်းတွေကို ရက်ရက်စက်စက် ပစ်ခွာရက်သူမဟုတ်။ သူ့ဝေဒနာနဲ့သူမို့သာ မဟုတ်လား။ သည်လို တွေး မိတော့လည်း ဇော်ဂမ် ရင်တွေ လှုပ်ရှားသွားရပြန်သည်။ ထုဘူကို သူ သတိရလိုက်မိသည်ကော။

"ဝါးဒီ နေမကောင်းဘူးဆို"

"အေး… အခုကောင်းသွားပါပြီ။ မင်းကိုမှာရတာ မိန်းမပေးစားမလို့"

"ဟာ… ဝါးဒီကလည်း၊ ကျုပ်…"

"ဘယ်သူနဲ့ထင်သလဲကွ၊ ဟေ…"

ဇော်ဂမ် အထုပ်ကို ကြမ်းပြင်ပေါ်ပစ်ချရင်း စိတ်ပျက်လက်ပျက် ထိုင်ချလိုက်မိသည်။

"ကျုပ် မိန်းမ မယူချင်သေးဘူး"

"ထုဘူ မင်းကို စောင့်နေတယ်လေ။ ထုဘူကို မင်း မယူဘူးလား"

"ထုဘူ ဟုတ်လား ဝါးဒီ။ ကျုပ်ကိုမချစ်တဲ့မိန်းမ ကျုပ် မယူဘူး"

"မင်းကို မချစ်ဘူးလို့ ထုဘူက ပြောဖူးသလားဟ ကောင်လေးရ"



ကွမ်းယာတွေကို ဖိဝါးရင်း ပြုံးဖြဲဖြဲကြီးလုပ်နေသော ဝါးဒီကို ကြည့်ရင်း ဇော်ဂမ် နားမလည်နိုင်ဖြစ်ရသည်။ ဒါနဲ့ပတ်သက်လို့တော့ ဝါးဒီ သူ့ကို မစတန်ရာ။ ထုဘူ တစ်ရွာသားနောက်ပါသွားပြီ မဟုတ်လား။

"ကောင်လေး၊ ထုဘူက မင်းကို မေတ္တာရှိပါတယ်။ ထုဘူမိဘတွေကလည်း မင်းနဲ့ပေးစားဖို့ လက်ခံပါတယ်။ ဒါတွေက တို့များအားလုံး တိုင်ပင်ပြီး လုပ်ကြတာ"

ဝါးဒီကို ဇော်ဂမ် တအံ့တသြ မော့ကြည့်လိုက်မိသည်။ ဝါးဒီ ဘာကြောင့် သည်လိုလုပ်ရတာလဲ။ ဇော်ဂမ် ဘာမှ နားမလည်နိုင်တော့ပါ။

"တို့ ကချင်လူမျိုးတွေဟာ တစ်အိုးတစ်အိမ် ထူထောင်တဲ့အခါ သိပ်ကို သစ္စာကြီးကြသလို လွယ်လွယ်နဲ့ အပျက်မခံကြဘူးရယ်။ သိပ်ပြီး တန်ဖိုးထားကြတဲ့လူမျိုး။ အိမ်ထောင်နိုင်မြဲဖို့ရာအတွက် ယောကျ်ားဆိုတာ အစွမ်းအစရှိရမယ်။ တာဝန်ယူနိုင်ရမယ်။ စိတ်ထား တည်ကြည်ရမယ်။ တောင်ယာခင်းဆင်းပြီး လိမ္မော်ခူးတာလောက်နဲ့တော့ မဖြစ်ဘူးကွ။ ပြီးတော့ ရွာရိုးကိုးပေါက် လျှောက်သွားနေချင်လို့လည်း မဖြစ်ဘူး ဇော်ဂမ်။ ဝါးဒီ ပြောမယ်၊ မိန်းကလေး တစ်ယောက်ကို ဆွဲပေးမယ့် သန္တာပုတီး တစ်ကုံးရဲ့ တကယ့်တန်ဖိုးဟာ အိမ်ထောင်တစ်ခု ထာဝရ တည်မြဲအောင် လုပ်နိုင်တာမှ တန်ဖိုးကွ။ လွယ်လွယ်နဲ့ မဖြစ်ဘူးရယ်။ ဒါတွေ မင်းကိုယ်တိုင် နားလည်ရမယ်။ အခုတော့ မင်းသိပြီပေါ့၊ ဟုတ်လား"

ဝါးဒီစကားမဆုံးခင်မှာပင် ဇော်ဂမ် အိမ်ပေါ်ခုန်တက်ပြီး သူ့အခန်းနံရံမှာ နာနာကြည်းကြည်း ချိတ်ဆွဲထားခဲ့သည် သန္တာပုတီးကလေးကို တယုတယ ဖြုတ်ယူလိုက်သည်။ ပြီးတော့ ဝါးဒီကိုပင် နှုတ်မဆက်နိုင်တော့ဘဲ ခြံထဲက ပြေးထွက်ခဲ့သည်။ နှင်းရည်သောက် 'ခရေ့ပန်'

www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်ကလေး ဘယ်နေရာမှာ ရှိနေမလဲဆိုတာ သူ ကောင်းကောင်းသိထားပြီးသား မဟုတ်လား။

**(ဥတ္တရလမင်းအဖွဲ့၏ ကျေးဇူးဖြင့် ရောက်ခဲ့ရသော မြစ်ကြီးနား–တနိုင်း၊ ၂၀၀၃ ခု စာပေဟောပြောပွဲ အမှတ်တရ)**

[ကလျာမဂ္ဂဇင်း၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ]

▢



www.burmeseclassic.com

www.burmeseclassic.com

# မြို့ကလေးသူ

(၁)

မြို့ကလေးဆီကို မခင်သစ် မရောက်ဖြစ်တာ အတော်ကြာပြီ။ မရောက်ဖြစ်တာတော့ မဟုတ်ပါဘူးလေ။ မလာကို မလာဖြစ်ခဲ့ခြင်း ဖြစ်သည်။ သူ့စိတ်ထင် နှစ်ပေါင်းနှစ်ဆယ်တောင် ကျော်ရော့မည်။ နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့ရသော်လည်း မြို့ကလေးက မခင်သစ်ရင်ထဲမှာ မခွဲမခွာ ထာဝရ ကိန်းအောင်းနေခဲ့သည်။ တစ်ခါတစ်ရံ အကြောင်းတိုက်ဆိုင်လို့ပဲ ဖြစ်ဖြစ်၊ ကိုယ့်ဘဝ ကိုယ့်အကြောင်း ပြန်လည် လွမ်းမောတသမိလို့ပဲ ဖြစ်ဖြစ် မြို့ကလေးကို သတိတရ ရှိလှပါသည်။ အခုလည်း သည်မြို့ကလေးကို မခင်သစ် တမင်လာခဲ့ခြင်း မဟုတ်ပါ။ လမ်းကြုံပြီး အဖော်ကောင်းသောကြောင့် လာခဲ့ခြင်း ဖြစ်သည်။ ဝေးလက်စနဲ့ ဝေးနေတာ ကောင်းပါတယ်လို့ စိတ်ကို ယတိပြတ် ပိုင်းဖြတ်ထားခဲ့သော်လည်း အခြေအနေတွေကပဲ မြို့ကလေးကို လာဖြစ်အောင် ဖန်တီးပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့ကလေးက ရန်ကုန်–မန္တလေး ကားလမ်းမကြီးတစ်နေရာမှာ ရှိသည်။ အဝေးပြေးကားလမ်းမကြီး၏ ထနောင်းပင်ကားဂိတ်ကို ဆင်းပြီးမှ မြင်းလှည်းတစ်ဆင့်စီးကာ အတွင်းဘက် နှစ်မိုင်ခန့် ဝင်ရသည်။ သည်လမ်းကလေးကတော့ လွမ်းစရာ။ ထနောင်းပင်တွေတောင် ကြီးကြပြီ။ သည်ပုံရိပ်တွေကိုတော့ မခင်သစ် မှတ်မိနေဆဲ။ ကားပေါ်မှဆင်းဆင်းချင်း မြို့ကလေးဆီ သွားရာလမ်း တစ်လျှောက်က ထနောင်းပင်တန်းကို မြင်လိုက်ရစဉ်ခဏ မခင်သစ် ခြေလှမ်းတွေ ဆုတ်ဆိုင်းဆိုင်း ဖြစ်သွားခဲ့ရသည်။ သည်မြို့ကလေးက သူ ထွက်လာခဲ့တော့ ယောသည် ထနောင်းပင်တွေကို မခင်သစ် နောက်ဆုံး တွေ့ခဲ့ရခြင်းဖြစ်၏။ အခုတော့ သည်အပင်တွေကပဲ မခင်သစ်ကို ကြိုဆိုနှုတ်ဆက်နေကြပြန်ပြီကော။ တစ်မျှော်တစ်ခေါ် ထနောင်းပင်တန်း။ အစိမ်းနှင့်အဝါ"

ဖြူခြောက်ခြောက် ပင်စည်တွေက အချို့နေရာတွေမှာ အကြေးခွံတွေ အဖတ်လိုက် လန်ကျနေသည်။ စိကားစဉ်ကာ ပေါက်နေသော ထနောင်းကိုင်းတွေက လမ်းတစ်ဖက်တစ်ချက် ယှက်မိုးနေသည်။ အညာနွေ၏ အိုအောစစ် ကလေးအဖြစ် ဖန်တီးပေးထားသလို သစ်စိမ်းရိပ်အောက်မှာ အရိပ်ခိုချင်စရာ ကောင်းနေလေသည်။ အရွက်သေးသေးကလေးတွေကြားက နေရောင်ကွက် ပြောက်ထိုးနေသော ကတ္တရာလမ်းပေါ်မှာတော့ တစ်ခါတလေမှ ခရီးသည်ရတတ်သော မြင်းလှည်းအချို့နှင့် ဈေးဝယ်စက်ဘီးများ၊ ထော်လာဂျီတစ်စီးတစ်လေလောက်သာ ရှိနေသည်။

"မမခင်သစ် ကျွန်မတို့နဲ့ ပြန်လိုက်မှာ မဟုတ်လား၊ စောင့်နေမယ်လေ"

အဖော်တွေရဲ့အမေးကို မခင်သစ် ဘာပြောရမှန်းမသိပါ။ သူ့မှာ ဆုံးဖြတ်ပြီးသားမရှိ။ မခင်သစ်က သည်ခရီးကို ရွေးချယ်ပြီး ရောက်လာခဲ့



သည်လည်းမဟုတ်။ အမှန်တကယ် ဘယ်ကိုသွားရမှန်းမသိ။ သူတို့နှင့် လိုက်လာပြီး ကားပေါ်မှဆင်းကာ သည်လမ်းပေါ် ရောက်နေမိခြင်းကိုသာ ကိုယ့်ကိုယ်ကိုယ် အံ့သြနေရသည်။ သူနေခဲ့ဖူးတဲ့ အိမ်ကလေးဆီကိုလား၊ တစ်ခါက သူငယ်ချင်းတွေဆီကိုလား၊ ဒါမှမဟုတ် ဖေဖေ့ဆီကိုလား။ တကယ့်ကို ဘာရည်ရွယ်ချက်မှ မရှိပါ။ ခရီးဖော်တွေ သွားမည့်နေရာက ကိုယ်သွားမည့် မြို့ကလေးထဲကို မဟုတ်။ အခြားတစ်မြို့ဆီကို ဖြစ်သည်။ သူသည်မှာ ဆင်းမည်ဆိုသောအခါ အဖော်များပင် အံ့အားသင့်ခဲ့ကြသည်။ တားတော့ မတားကြပါ။

"စန်းစန်းတို့ သွားစရာရှိတဲ့ဆီကိုသာသွား။ မမ မလိုက်တော့ဘူး"

"ဒါဆို သွားမယ်နော် မမခင်သစ်"

အဖော်တွေ ထွက်သွားရာကို ငေးမောကြည့်ရင်း ဖုန်ရောင်ညစ်ညစ်လမ်းဘေးအုတ်ခုံပေါ် ထိုင်ချလိုက်မိသည်။ သူတို့တစ်တွေကတော့ မြင်းလှည်းတစ်စီး ငှားပြီး ရည်ရွယ်ရာခရီးကို ထွက်ခွာသွားကြပြီ။ ရင်မှာ ထူးထူးခြားခြား ဟာလာဟင်းလင်း ဖြစ်နေသည်။ ဝမ်းနည်းကြေကွဲနေသည်လည်း မဟုတ်။ စိတ်နာ မုန်းတီးခြင်းလည်းမဖြစ်။ ပျော်ရွှင်နှစ်သိမ့်ခြင်းများလား၊ ဒါလည်း မဟုတ်ပါ။ သည်မြို့ကလေးကို စိတ်ကူးနှင့် ပြန်ကြည့်တိုင်း ဖြစ်ပေါ်နေကျ လွမ်းမောဆွတ်ပျံ့ဖွယ် ငယ်ဘဝ တမ်းတစိတ်တွေလည်း ဘယ်ရောက်ကုန်ပါလိမ့်။

"အစ်မ၊ မြို့ထဲကို လိုက်မလို့လား"

ဆိုက်ကားတစ်စီးက ဘဲလ်တီးရင်း မေးသည်ကို အလိုလို ခေါင်းခါပြလိုက်မိသည်။ ပြီးတော့ မြို့ကလေးဆီကို တရွေ့ရွေ့သွားနေသော ထိုဆိုက်ကားကို လိုက်ကြည့်နေဖြစ်ခဲ့သည်။ လမ်းပေါ်မှာတော့ နေက တကျဲကျဲတောက် ပူလာပြီ။ လူသွားလူလာကတော့ တစ်ယောက်ဆို

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မျှမရှိ။ ထနောင်းပင်ထက်ဆီမှ လေငွေ့တိုင်း ကြွေကျလာသော ရွှက်ဟောင်း လက်ကျန် ထနောင်း ရွက်ခြောက်ကလေးတွေက ကတ္တရာ လမ်းပူပူကြီးပေါ် ပြေးလွှားနေကြသည်။ ဒါကိုပဲ မခင်သစ် ငေးနေမိလေသည်။ တကယ်တော့ သည်မြို့ကလေးဆီသို့ သူ မလာသင့်မှန်း သိပါသည်။ သို့သော် သူ့ဘဝမှာ တစ်ခေါက်တစ်ကျင်းတော့ ရောက်အောင်သွားဦးမည်ဟူသော ဆန္ဒက ထာဝရ ပြင်းပြနေခဲ့တာကပဲ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ။ သူမြို့ကလေးက ထွက်လာကတည်းက ဖြစ်တည်နေသည့် ခံစားမှု။ ပြီးတော့ သည်မြို့ကလေးက မခင်သစ်ရဲ့ ဇာတိချက်မြှုပ် မြို့ကလေးဖြစ်သည်။ အားငယ်စိတ်၊ သိမ်ငယ်စိတ်၊ လွမ်းမောစိတ်တွေက ရင်ထဲမှာ တောက်လောင်နေသည်။

(၂)

မြို့ကလေးက သိပ်တော့ မကြီးလှပါ။ ရန်ကုန်–မန္တလေး လမ်းမကြီး၏ အတွင်းဘက်တွင်ရှိပြီး မြို့ကလေး၏ အလယ်လောက်မှာ တစ်မြို့နှင့် တစ်မြို့ ကူးလူးဆက်သွယ်ကြသည့် ကားလမ်းဟောင်းတစ်ခု ရှိသည်။ သည်မှာတော့ ခရီးသည်တင် ကုန်တင်ယာဉ်ကြီးတွေ ဥဒဟို ဖြတ်မောင်းနေကြခြင်းဖြင့် စည်ကားနေခြင်း ဖြစ်သည်။ မြို့ကလေးဆိုသည့် အမည်နှင့် ထိုက်တန်သော ရုပ်ရှင်ရုံတစ်ရုံ၊ အထက်တန်းကျောင်း တစ်ကျောင်း၊ တိုက်နယ်ဆေးရုံတစ်ရုံ၊ ဈေးကလေးတစ်ဈေး ရှိနေခြင်းသည်သာ မြို့ကလေး၏ ဂုဏ်ယူစရာ အဆင်တန်ဆာ ဖြစ်သည်။ သည်နယ်မှာတော့ မြို့ကလေးက နယ်ထွက်ကုန်စည်တွေ ကူးသန်းရောင်းဝယ် ဖောက်ကားရာ အချက်အချာဖြစ်နေခြင်းက မြို့ကလေးကို စည်ကားစေခဲ့သည်။ မြို့သူ မြို့သားအချင်းချင်း တစ်ယောက်အကြောင်း တစ်ယောက် သိကြသည်။



မြို့ကလေးဆိုသော်လည်း ရွာကြီးစိတ် ကုန်ကြသေးသူတွေမဟုတ်။ တစ်ယောက်အရေး တစ်ယောက် ကူညီတတ်ကြသည်။ မြို့ကလေးအတွင်း တစ်ယောက် အပ်ကျတာကအစ တစ်မြို့လုံး သိနေတတ်ကြသည့် ဆက်ဆံမှုမျိုး ရှိသည်။ ဒါကြောင့်လည်း သည်မြို့ကလေးထဲကို 'မိကြာ' ရောက်လာခဲ့တုန်းက မြို့ကလေးထဲမှာ ချက်ချင်းပျံ့နှံ့သွားခဲ့ခြင်း ဖြစ်သည်။ မိကြာက သန့်ရည်ပြန့်ရည် ရှိသည်။ မျက်နှာဝိုင်းကလေးနှင့် အရွယ်ကောင်းကောင်းဆိုတော့ စိတ်ဝင်စားစရာ ဖြစ်ခဲ့ရသည်။ ကိုးကျင်း ကိုးကျောင်း မိကြာ မရောက်သည့်နေရာ မရှိ။ သည်တော့ ချက်ချင်းလိုလို မြို့ကလေးမှာ လူသစ်တစ်ယောက်တိုးတာ သိလာကြသည်။

"နင့်နာမည် ဘယ်သူလဲ"

"မာကြီ မိကြာ"

"နင် ဘယ်ကလာတုန်း"

"ဟိုးတာဝတိံသာက"

"နင့်အမျိုးတွေကို မေးတာလေ။ နင့်အဖေတို့ အမေတို့ ဘယ်မှာတုန်း"

"သချိုင်းကုန်းမှာ သေကုန်ကြပြီ။ သောက်ကျိုးနည်း၊ လျှာနှစ်တောင်လောက် ရှည်တဲ့လူတွေ"

မိကြာက ပြန်ရန်ထောင်လိုက်တော့ မေးသူတွေပင် ဆက်မမေးရဲကြ။ သည့်ထက်လည်း ပိုမေးလို့မရနိုင်။ ချော့မေးလျှင်ပင် တစ်ခွန်းစ နှစ်ခွန်းစတော့ ဟုတ်တိပတ်တိ ဖြေနေသေးသည်။ နောက်တော့ မိကြာက ဖောက်သွားပြီး ပြန်အော်တော့သည်။ သူ့ကို ဇွတ်တရွတ်လုပ်လျှင်တော့ လက်ထဲရှိတာနှင့် ကောက်ပေါက်တတ်သည်။ အော်ကြီးဟစ်ကျယ် ဆဲရေးတတ်သည်။ မျက်လုံးကြီးတွေ ပြူးကာ ရန်သူလို ကြည့်နေတတ်သည်။ တစ်ခါတစ်ခါတော့ မျက်ရည်တွေကျအောင် ငိုသည်။

www.burmeseclassic.com

www.burmeseclassic.com



မိကြာကတော့ မြို့ကလေးအတွင်းရှိသမျှ နေရာစုံအောင် ရောက်သည်။ ဈေးထဲလည်း ရောက်သည်။ ရုပ်ရှင်ရုံရှေ့မှာလည်း ရှိနေတတ်သည်။ မြို့လယ်ကောင်က ကားလမ်းဆုံမှာလည်း မိကြာကို တွေ့ရသည်။ သည်လိုနှင့် မိကြာက မြို့ကလေးသူ ဖြစ်မှန်းမသိ ဖြစ်လာခဲ့တော့သည်။ မြို့ကလေးသူ မိကြာပေါ့။ သည်တော့လည်း မြို့ကလေးမှာ တာဝန်ရှိလာသည်။ ကိုယ့်မြို့သူ ဖြစ်သွားပြီဆိုတော့ မိကြာကို မြို့က စောင့်ရှောက်ကြပါသည်။ စောင့်ရှောက်ရုံပင်မကပါ။ စာနာ နားလည်ပေးကြရသည်။ စိတ္တဇဝေဒနာရှင်လေး ဆိုသော်လည်း မြို့ကလေးက လူကောင်းတစ်ယောက်လို ချစ်ခင်မှုပေးကြသည်။ ကျွေးမွေးကြသည်။ ချော့ချော့မော့မော့ ရှိကြသည်။ ပေးဟယ်ကမ်းဟယ် ရှိကြသည်။

"ဟော့… မိကြာ၊ ကားလမ်းမကြီးပေါ် ထိုင်မနေနဲ့လေ။ ကားတိုက်သွားလိမ့်မယ်"

"မိကြာရေ၊ ငါ့ကို သည်အမှိုက်သွားပစ်ပေးစမ်း၊ ရော့ရော့ ငှက်ပျောသီး"

"ဟဲ့… မိကြာ၊ ထဘီစုတ်ကြီးကို အဲလိုဖြန့်မဝတ်ရဘူး။ ခွေးဆွဲလိမ့်မယ်"

အဲသလို မြို့က စောင့်ရှောက်တာကို မိကြာကလည်း မသိစိတ်ဖြင့် သိနေသလိုလို။ သူ ထမင်းဆာလာလျှင် ထမင်းဝိုင်းပြင်ထားသည့်အိမ်ထဲ ဇွတ်ဝင်တောင်းစားတာမျိုး၊ ကလေးတွေလက်ထဲက မုန့်လုစားတာမျိုးက အစ မထင်မထင်သလို မိကြာက လုပ်တတ်သည်။ တစ်ခါတလေတော့ လမ်းမကျယ်ကြီးပေါ်မှာ ပယ်ပယ်နယ်နယ်ထိုင်ပြီး အော်ဆဲချင် ဆဲနေတတ်ပြန်သည်။ သို့သော် လွယ်အိတ်စုတ်ကြီးလွယ်၊ အမှိုက်တွေထည့်၊ ပုတီးတွေဆွဲ၊ ခပ်စုတ်စုတ် စိတ္တဇဝေဒနာရှင်မျိုး မဟုတ်။ လူကောင်းတစ်ယောက်က ထိုင်ဆဲနေတာမျိုး။



"သေချင်းဆိုး၊ ကာလနာ၊ မြွေပွေးကိုက်၊ ဝမ်းလျှောသေမယ့်အကောင်တွေ၊ ငါ့ကိုများ ဘာထင်လို့တုန်း။ ငါ့မှာ ရွှေရှိတယ်၊ ငွေရှိတယ်၊ စိန်ရှိတယ်။ နင်တို့လောက်များ မိကြာက ငွေနဲ့ဖို့သတ်လို့ရသဟဲ့။ မိကြာကို လာမစမ်းနဲ့ ပွဲကြမ်းသွားမယ်။ ဟမ်း… ဟမ်း… ဟမ်း"

တစ်ခါတစ်ရံ မိကြာပါးစပ်က ထွက်ကျလာတတ်တဲ့ စကားတွေက လူတွေဘယ်လိုမှ ထင်မထားသောစကားတွေ ဖြစ်နေတတ်တာလည်း ရှိသည်။ တစ်ခါတလေတော့ နေကုန်နေခန်း မပြီးနိုင်မစီးနိုင်။ အသိကလေးကပ်နေသည့် အခါတွေမှာတော့ ပကတိ ငြိမ်သက်နေတတ်သည်။ အမေးနှင့်အဖြေ တည့်နေတတ်သည်။ တစ်ခါတလေတော့ အရိုင်းစိတ်တွေနှင့်…

"အိုး… ဟိုး… ဟို မိကြာတို့ နိုင်ငံခြားသွားတုန်းက လေယာဉ်ပျံကြီးစီးခဲ့ရတာ ဟောသလို ဟောသလို။ ဟေး ဝေါ၊ ဂူး ဂူး နိုင်ငံခြားမှာ ဘိုင်စကုပ် ရိုက်ခဲ့တာလေ။ မိကြာက သည်လိုလေး အိုက်တင်ပေး၊ ဘာလဲ တော်တို့က မယုံကြဘူးဟုတ်လား။ နေပေါ့တော် မယုံရင် ဂျွန်ဖြစ်ရုံပေါ့၊ ဘာရမလဲ"

မိကြာက ဟန်တွေ အမူအရာတွေလုပ်ပြတော့ လူတွေက သဘောကျပြီး ရယ်ကြသည်။ ထိုအခါမျိုးမှာ မိကြာက ပိုပိုကဲကဲလုပ်ပြတတ်သည်။ ကလေးတွေကိုတော့ မိကြာ သဘောအကျဆုံး။ တစ်ခါတလေ ကလေးအုပ်ကြီးရှိရာ ဝင်ပြီး မိကြာက ပျော်ရွှင်နေအောင် ကပြတတ်သည်။ ကလေးတွေကလည်း မကြောက်ကြပါ။ လက်ခုပ်လက်ဝါးတီးကာ မင်းသမီး မိကြာကို အားပေးကြမြဲ။ တဝါးဝါး တဟားဟား သဘောကျမြဲ။

"ငါကတာ ကောင်းလား"

"ကောင်းတယ် ကောင်းတယ်။ မိကြာကြီး ကပါဦးဗျို့"

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေက အားပေးလျှင် မောနေအောင် ကသည်။ ချွေးဒီးဒီး ကျသည်အထိ ပါးစပ်ကလည်း ဆို၊ လူကလည်း ထိုင်လိုက် ထလိုက်၊ ချိုးလိုက် ကွေးလိုက်နှင့် မိကြာနှင့် ကလေးအုပ် ပွဲကျနေတတ်သည်။ သည်လိုဆိုတော့လည်း မြို့ကလေးက မိကြာကို လွယ်လွယ်နှင့် ခင်မင်သွားကြတာ မဆန်းပါ။ တစ်ခါတစ်ရံ သူ့ စိတ်ဖောက်ပြန်လာလျှင်တော့ ကြောက်စရာ ကောင်းသည်။ ဝတ်ထားသည့် ထဘီ၊ အင်္ကျီတွေကိုပင် ဒေါသတကြီး စုတ်ဖြဲပစ်တာမျိုး၊ သူ့ကိုယ်သူ နာနာကြည်းကြည်း ထုရိုက်ပစ်တာမျိုး၊ တွေ့ရာလူကို လိုက်ပြီး ဆွဲယမ်းပစ်တာမျိုးတွေလည်း ရှိသည်။ တချို့ကတော့ ငေါက်လွှတ်တတ်ပြီး၊ တချို့ကတော့ မိကြာကို ရိုက်ပုတ်လွှတ်လိုက်ရတာလည်း ရှိသည်။ တစ်ခါတလေ ဘယ်လိုက ဘယ်လို မိကြာခေါင်းမှာ သွေးချင်းချင်း နီရဲနေသည် မသိ။ မြို့သူမြို့သားတွေတွေ့လျှင် စိတ်မကောင်း ဖြစ်ကြရသည်။ ဆေးထည့်ပေးကြသည်။ ဆေးကြောသန့်စင်ပေးကြသည်။ ဒါမျိုးကျတော့ မိကြာကလည်း ငြိမ်ခံနေတတ်တာ၊ ထူးဆန်းသည်။

"ရက်စက်လိုက်ကြတဲ့လူတွေတော်၊ စိတ်မနှံ့တဲ့သူကို တုပြီး လုပ်ရတယ်လို့။ သူ့ခမျာ ဘာမှမသိရှာတဲ့ဟာ။ သည်လောက်လုပ်ရက်တာ အံ့ပါရဲ့တော်။ သင်းတို့ တန်ပြန်ခံရဦးမှာ ကြည့်နေ"

မိကြာဘက်က ကူပြီး နာတတ်ကြသည်။ ကြာတော့လည်း မိကြာ အဖို့ သည်အဖြစ်မျိုးတွေက ရိုးနေပြီ။ တစ်ခါတစ်ရံ ညစ်ပတ်ပေရေနေသော မိကြာကို ရေမိုးချိုးခိုင်းပြီး ထဘီဟောင်း အင်္ကျီဟောင်းကလေးတွေ ပေးသူကလည်း ပေးကြသည်။ လမ်းဘေးအုတ်ခုံပေါ် အိပ်နေလျှင် နှိုးပြီး အိမ်ရှေ့ကပြင်မှာ နေရာပေး အိပ်ခိုင်းကြသူလည်း ရှိသည်။ မိကြာကလည်း အရူးပါး။ သူ့ကို ကြင်ကြင်နာနာ ကျေးတတ်မွေးတတ်တဲ့သူကို သိသည်။



ဈေးထဲဝင်ပြီး သူစားချင်ရာကို လက်ညှိုးထိုးပြပြီး တောင်းစားတတ်သည်။ တစ်ခါတစ်ခါတော့ လူတွေကို သူသိနေတာ အံ့သြစရာကောင်းသည်။

"ဒေါ်အေးကြီး ဘယ်တုန်းတော်"

"ဈေးသွားမလို့အေ့"

"ကျုပ် ဈေးခြင်း ကူဆွဲပေးရမလား"

ဆိုတာမျိုး လုပ်တတ်သည်။ တစ်ခါတလေလည်း လူတွေက မိကြာကို ခေါ်ပြီး...

"ဟေ့... မိကြာ လာစမ်းပါအေ၊ ငါ့ကို သန်းတုပ်ပေးစမ်းပါ။ မိကြာက သန်းရှာကောင်းလို့ပါအေရဲ့၊ လာပါ"

ဟု ဆိုလိုက်လျှင် မိကြာက မြေကြီးပေါ် ပယ်ပယ်နယ်နယ်ထိုင်ပြီး ဟုတ်ဟုတ် မဟုတ်ဟုတ် ခေါင်းထဲ လက်ထိုးပြီး တခုန်းခုန်း တုပ်နေတော့သည်။ ကောင်းတာ၊ မကောင်းတာ အသာထား အယားပြေသည်။ ပန်းအိုးကလေးတွေ ရွှေ့ပေးခဲ့ဦး။ ရေကပြင်ပေါ် ဒါတွေ သွားထားလိုက်ဦး။ ထင်းတွေ၊ မီးဖိုချောင်ထဲ သယ်ပို့ပေးခဲ့ဦးဆိုလျှင်လည်း တိတိကျကျ သပ်သပ်ရပ်ရပ်။

"အယားကို ပြေသွားတာပါပဲအေ။ ကိုင်း... ရော့... ရော့ ညည်းဖို့ မုန့်ဖိုး"

သည်လိုနှင့် မိကြာသည် မြို့ကလေးသူ ဖြစ်လာခဲ့တာ နှစ်နှစ်ကျော် သုံးနှစ် ရှိလာခဲ့ပြီ။ မိကြာနှင့် မြို့ကလေး သံယောဇဉ်ကြီးလာခဲ့သည်။ မိကြာနှင့် မြို့ကလေးကို တွဲမြင်လာကြရပြီ မဟုတ်လား။

(၃)

တစ်နေ့တော့ မိကြာတစ်ယောက် ခွေးရူးကိုက်ခံရသည်။ ခွေးရူးမှန်း သိကြတော့ လူတွေက မိကြာကို တိုက်နယ်ကျန်းမာရေးမှူးဆီ ခေါ်သွားခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျန်းမာရေးမှူးကြီး ဦးသွင်က သည်နယ်တစ်ကြောမှာတော့ ဆရာဝန်ကြီး ဖြစ်သည်။ နယ်မြို့ကလေးတွေရဲ့ ထုံးစံအတိုင်း ဆရာဝန်ကြီးတစ်ယောက်လို နေရာပေး လေးစားကြသည်။ ကြည်ညိုကြသည်။ အားကိုးကြသည်။ ဆရာဝန်ကြီးလို့ပဲ ခေါ်ကြသည်။ ဆရာဝန်ကြီးကလည်း သားသမီးမရှိဘဲ လင်ကိုယ်မယား နှစ်ယောက်တည်းဆိုတော့ မြို့ကလေးက လူတွေကိုပဲ အမှီပြုနေရသည်။ မိကြာကို ခွေးရူးကိုက်သည်ဆိုတော့ ဆရာဂန်ကြီးခမျာလည်း မနေသာပါ။ ရှားရှားပါးပါး ဆေးဝါးတွေ ရှာဖွေကာ ကုသပေးရသည်။ ချက်ပတ်လည် ထိုးရမည့် ဆေးတွေဆိုတော့ မိကြာ နေ့တိုင်းလာဖို့လိုသည်။ ဒါကို မြို့ကလေးက တာဝန်ယူသည်။

"မိကြာ နေ့တိုင်း ဆေးလာထိုးရမယ်နော်၊ ခွေးက အကောင်းမဟုတ်ဘူး။ အရူး သိလား။ ညည်း ဆေးလာမထိုးရင် သေသွားလိမ့်မယ်"

ဆရာဝန်ကြီးကပြောတော့ မိကြာ မျက်လုံးကလေး ပြူးသွားသည်။ သေခြင်းတရားကိုတော့ သူ သိပုံရသည်။ မျက်စိမျက်နှာများပင် ပျက်နေလိုက်သေးသည်။ ဆေးထိုးတာ နာသော်လည်း လူကောင်းတစ်ယောက်လို ညင်ညင်သာသာ ခံယူသည်။

"ဆေးမထိုးရင် ရေစက်ဝင်းကြီးထဲက ဒေါ်ဖွားမြင့်ကြီးလို ဖြစ်မယ်လား"

"ဒေါ်ဖွားမြင့်ကြီးလို လျှာကြီးထွက်လို့လေ"

ဆရာဝန်ကြီးက လျှာထုတ်ပြီး သေဟန်လုပ်ပြလိုက်တော့ မိကြာ တကယ့်ကို ကြောက်သွားသည်။ နေ့တိုင်း ဆေးလာထိုးသည်။ ဘယ်သူကမှ ခေါ်စရာ မလို။ မနက်လင်းလျှင် ရောက်လာတတ်ပြီ။ တစ်ခါတလေ မိကြာရောက်မလာလျှင် ဆရာဝန်ကြီးက တကန်တက ခေါ်နိုင်းရသည်။ ဆယ့်လေးရက်ပြည့်တော့ ဆရာဝန်ကြီးက မိကြာကို မုန့်ဖိုးပေးကာ ပြန်လွှတ်သည်။ ဆေးခန်းဝရောက်တော့ မိကြာကို မှာရသေးသည်။



"မိကြာ ညည်းရောဂါ ပျောက်သွားပြီ၊ သိလား။ ဆေးလာမထိုးနဲ့တော့"

"ပျောက်သွားပြီလား"

"အေး…"

မိကြာက ဆေးရုံဝက ထွက်မသွားသေးဘဲ ရပ်နေသည်။ ဆရာဝန်ကြီးက လှည့်ကြည့်လိုက်တော့ သူ့မျက်လုံးတွေကို ဟိုထောင့်ကပ် သည်ထောင့်ကပ်လုပ်ရင်း သေချာအောင် ထပ်မေးနေသည်။

"ခွေးရူးကိုက်တာ သေတတ်တယ်လား"

"အေး…"

"ဆရာဝန်ကြီး"

"ဆို…"

"ကျုပ် လူတစ်ယောက်ကို ကိုက်လိုက်တယ်"

"ဟုတ်လား၊ ဘယ်သူ့ကို ကိုက်လိုက်တာလဲဟ"

"မသိဘူး။ အဲဒီလူလာရင် ဆရာဝန်ကြီး ဆေးထိုးမပေးပါနဲ့"

မိကြာ ထွက်သွားသည်အထိ မိကြာစကားကို ဆရာဝန်ကြီး နားမလည်နိုင်။ လမ်းမပေါ်ရောက်တော့ မိကြာ အော်နေတော့သည်။ ဆေးရုံးဝင်းကလေးထဲအထိ မိကြာအသံက လွင့်ဝဲရောက်လာခဲ့သည်။

"ခွေးရူးကိုက်ရင် သေတတ်သတဲ့ တော်ရေ။ သေချင်းဆိုးကြီး သေပါစေ၊ ဆရာဝန်ကြီး သူ့ကို ဆေးထိုးမပေးနဲ့"

သည်စကားကို မိကြာ ရက်တော်တော်များများ အော်နေခဲ့သည်။ မြို့ကလေးတစ်မြို့လုံး မကြားချင်မှအဆုံး။ မိကြာပါးစပ်က သည်လိုတွေ့ကရာ ပြောနေကျဆိုတော့လည်း ဘယ်သူကမှ အရေးမထားခဲ့ကြပါ။ ကြာလာတော့ မိကြာကလည်း မအော်တော့။ တခြားအကြောင်းတစ်ခုကို ပြောင်းသွားပြန်သည်။

www.burmeseclassic.com



"ချွင်ချွင် တောက် မိကြာ လက်ဖက်ခြောက်၊ ပတ်မကြီး လက်ခုပ်တီး ဟောသည့် ကြေးပြားကြီး"

တောင်စဉ်ရေမရ လျှောက်ဆိုနေသော မိကြာ၏ စိတ်ကြိုက်သီချင်းကို လူတွေက ရယ်မောကြသည်။ မိကြာကတော့ သည်သီချင်းကို ရက်တော်တော်များ ဆိုခဲ့သည်။ ပတ်မကြီးက လက်ခုပ်တီးသတဲ့။ ကြေးပြားကြီးဆိုတာ ဘာလဲလို့ လူတွေကတွေးပြီး ရယ်ဖြစ်ကြသေးသည်။ နောက်ထပ် မိကြာမှာ အကြောင်းတစ်ခု ပေါ်လာတော့ မြို့ကလေးကလူတွေ မရယ်နိုင်ကြတော့ပါ။ သတင်းက ချက်ချင်းပျံ့နှံ့သွားသည်။ လမ်းပေါ်ရှိ မိန်းမရူးတစ်ယောက်အတွက် အဆန်းတကြယ် မဟုတ်သော်လည်း စာနာခြင်းကင်းသည့် ရက်စက်ခြင်းကိုတော့ မြို့ကလေးက သည်းမခံ။

"မိကြာမှာ ကိုယ်ဝန်ကြီးနဲ့တော့"

ဒေါ်အေးကြီးကစပြီး သတင်းဖြန့်လိုက်သည်နှင့် လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြသည်။ စိတ်ကစဉ့်ကလျား မိကြာကို မြို့ကလေးက စောင့်ရှောက်လာကြသည့် သုံးလေးနှစ်အတွင်း သည်သတင်းကတော့ အကျည်းတန်ဆုံးသတင်း ဖြစ်သည်။ မြို့ကလေး နာမည်ပျက်ရတော့မည်။ ဂုဏ်သိက္ခာ မဲ့ရတော့မည်။ စိတ္တဇဝေဒနာ၏ သားကောင်ဖြစ်ရတဲ့ကြားက အခုလို ကိုယ်ဝန်ကြီးနဲ့ မြင်ကြတော့ စိတ်မချမ်းမသာ ဖြစ်သူကဖြစ်၊ ဒေါသဖြစ်သူက ဖြစ်။ သည်ကိစ္စကို ရအောင်ဖော်ထုတ်ချင်သူတွေကလည်း ရှိသည်။ ဒေါ်အေးကြီးက မိကြာကို ချော့မော့မေးကြည့်ဖူးသည်။

"မိကြာရေ့ သည်ကိုယ်ဝန် ညည်း ဘယ်သူနဲ့ရခဲ့တာတုန်း။ ငါတော့ သေသာသေချင်တော့တယ်"

"ဘာကိုယ်ဝန်လဲ၊ ကျုပ်မှ မသိတာ"

"သည်ဟာလေ၊ ဟောသည့် ညည်းဗိုက်ထဲကို ကလေးလေး ဘယ်သူ ထည့်ပေးတာလဲ ပြောစမ်း။ ငါ ခေါက်ဆွဲကြော်ဝယ်ကျွေးမယ်"



"ကျုပ်ဗိုက်ထဲ ဒုက္ခ၊ ဗိုက်ထဲ ဘယ့်နှယ်လုပ် ကလေးထည့်လို့ရမှာလဲတော်" တဲ့။ မေးပါများလာတော့ မိကြာက…

"ကျုပ်ဗိုက်ထဲကို ဆရာဝန်ကြီးက ချက်ကို အပ်နဲ့ထိုးပြီး ကလေးထည့်လိုက်တာလေ"

ဆိုတော့ မြို့ကလေးက လူတွေမှာ မျက်လုံးပြူးသွားကြရသေးသည်။ နောက်တော့ မိကြာ ခွေးရူးကိုက်ခံရတုန်းက ဆရာဝန်ကြီးက ချက်ကို ဆေးထိုးပေးဖူးတာကို သတိရကြသည်။ ကျန်းမာရေးမှူးကတော် ဒေါ်ဒေါ်မိကတော့ သူတို့ ကလေးမရနိုင်တာကိုသိလို့ မိကြာပြောတာကိုပင် သဘောကျနေသေးသည်။

"ကျုပ်ဗိုက်ထဲကို ဆရာဝန်ကြီးက အပ်နဲ့ထိုးပြီး ကလေးလေး ထည့်ပေးထားတာ။ ဒီမှာကြည့်"

ဆိုပြီး သူ့ဗိုက်ကို စားလေရာ၊ သွားလေရာ လူတကာ ပြနေတော့သည်။ မြို့လေးက လူတွေကတော့ ဆရာဝန်ကြီးရဲ့ ဂုဏ်သိက္ခာကို ထိနိုက်မှာစိုး၍ မိကြာကို သည်လိုမပြောဖို့ပြောတော့ မိကြာက…

"ဆရာဝန်ကြီးက ကျုပ်ကျေးဇူးရှင်။ ကျုပ် မစော်ကားဘူး။ ဆရာဝန်ကြီးကို တစ်နေ့ ဦးသုံးကြိမ်ချပြီးမှ ကျုပ်က အိပ်တာ"

လို့ ပြန်ချေပတတ်သည်။ ကျန်းမာရေးမှူးကတော် ဒေါ်ဒေါ်မိကတော့ စိတ်မဆိုးသည့်အပြင် ခွင့်လွှတ်ထားသည်။

"ကိစ္စမရှိပါဘူး။ မိကြာအကြောင်း တစ်မြို့လုံးက သိနေတာပဲဟာ။ သူ့ကိုယ်ဝန်ကို ကျွန်မတို့တစ်တွေ ဝိုင်းဝန်းစောင့်ရှောက်ပေးသွားရမှာပေါ့။ ဒါမျိုးဆိုတာ ဖြစ်တတ်တာပါပဲလေ"

သည်ကတည်းက မြို့ကလေးက လူတွေကတော့ မိကြာကို ဝိုင်းဝန်း စောင့်ရှောက်ရသည့်အလုပ် ပိုလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့… မိကြာ၊ တွေ့ကရာတွေ လျှောက်မစားနဲ့။ ဗိုက်ထဲက ကလေး သေသွားတတ်တယ်"

"မိကြာ ညည်းဗိုက်နာရင် ငါ့လာပြောလှည့် ကြားလား"

ဝမ်းဆွဲလက်သည် ဒေါ်စိန်က မိကြာကို တွေ့တိုင်းမှာသည်။ မိကြာက ဝမ်းဆွဲလက်သည်ကိုပင် လက်မခံ။

"ဘာလို့တော့်ဆီလာမှာတုန်း။ ကျုပ်ဗိုက်နာရင် ဆရာဝန်ကြီးဆီသွားမှာပေါ့။ ဆရာဝန်ကြီးက ချက်ကို ဆေးထိုးပေးလိုက်ရင် ပျောက်တယ်"

သည်လိုနှင့် မိကြာကိုယ်ဝန်က တဖြည်းဖြည်း ရင့်လာခဲ့ပြီ။ မိကြာက ဟိုတုန်းကလို ရှာရိုးကိုးပေါက် တောက်လျှောက် မသွားနိုင်တော့။ မြို့ကလေး အလယ်က မြင်းလှည်းဂိတ်မှာ၊ တမာပင်တွေအောက်မှာ၊ မြို့အဝင် ထနောင်း ပင်တန်းအောက်မှာ သွားနေတတ်သည်။

(၄)

သကြင်္န်ရက်ကြီးမှာပဲ မိကြာ မွေးလိမ့်မည်ဟု လူတိုင်းက ထင်ကြေးပေးကြသည်။ တကယ်လည်း မိကြာ ဗိုက်နာတော့ သကြင်္န်အတက်နေ့၊ ထူးထူးခြားခြား အဲသည့်ညက လေတွေ မိုးတွေ တဝေါဝေါနှင့် တစ်မြို့လုံး ဆူညံနေသည်။ သကြင်္န်၏ ဖက်ဆွတ်ရေတိုး လက်ဆေးမိုး။ မိုးတွေစိုရွှဲနေသည့်ကြားက မိကြာကတော့ ဆေးရုံဝင်းကလေးထဲ အရောက်လာခဲ့သည်။ တစ်မြို့လုံး မိုးသည်းသည်းအောက်မှာ ငြိမ်ကုပ်နေကြသောအချိန်။ မိခင်စိတ်ကပဲ မိကြာကို ခဏတစ်အောင့် လူကောင်းစိတ်ကောင်း ဖြစ်သွားစေခဲ့တာများလား။

"ဆရာဝန်ကြီး၊ ဆရာဝန်ကြီး၊ အား… အား"

မိကြာအော်သံကြားတော့ ဆေးရုံဝင်းထဲကလူတွေ ပြေးထွက်လာကြသည်။ သူနာပြုဆရာမ နော်မူးဝါးကတော့ မိကြာကို ဆေးခန်းကလေး



ထဲ ခေါ်သွားပြီး စမ်းသပ်ကြည့်သည်။ ပြီးတော့ ကျန်းမာရေးမှူး ဆရာဝန်ကြီးကို သွားနှိုးသည်။ နောက်တစ်နေ့အကူး သန်းခေါင်သန်းလွဲ ညဆယ့်နှစ်နာရီကျော်ကျော်မှာ မိကြာ မွေးဖွားနိုင်ခဲ့သည်။ မနက်လင်းတော့ သည်သတင်းက တောမီးလို ပြန့်သွားခဲ့သည်။

"မိကြာ မိန်းကလေးမွေးသတဲ့"

"လှလိုက်တာမှတဲ့တော် ကလေးက ဖွမ်းပုံကြီးကျလို့။ မိကြာနဲ့ တခြားစီပဲ"

အဲသည်မနက်က ဆေးရုံဝင်းထဲမှာ မိကြာရဲ့ကလေးကို လာကြည့်သူတွေနှင့် စည်ကားနေသည်။ မိကြာ ကလေးမွေးပြီးတော့ ဆရာဝန်ကြီးက ဆေးရုံဝင်းထဲမှာပဲ နေခွင့်ပေးထားသည်။ မိကြာကတော့ ထုံးစံအတိုင်း ဟိုတုန်းကလိုပဲ မြို့ထဲ လျှောက်သွားနေမြဲ။ သူ့လက်ထဲက ကလေးလေးကို လူတွေက စိတ်မချကြ။ မိကြာက အမှိုက်ပုံနားမှာထိုင်ပြီး ကလေးနို့တိုက်တာမျိုး၊ နေပူကြီးထဲ လျှောက်သွားတာမျိုးတွေလုပ်တော့ လူတွေက ဆရာဝန်ကြီးကို တိုင်ကြသည်။

"ဟဲ့… မိကြာ၊ ညည်း အဲသလိုလျှောက်သွားနေရင် ငါ ထမင်းမကျွေးဘူး။ သွားရင် ကလေးကိုထားခဲ့၊ ကြားလား"

မိကြာက ဆရာဝန်ကြီးကိုတော့ ကြောက်သည်။ ဒါပေမယ့် ကလေးကိုတော့ မထားခဲ့တာ များသည်။ မိကြာက သူ စိတ်ထင်ရာကို လေလွင့်နေတတ်သူ မဟုတ်လား။ သူ့ရင်ခွင်ထဲက သမီးလေးကတော့ အရုပ်ကလေးတစ်ရုပ်လို သူလုပ်ချင်ရာ လုပ်နေတတ်သည်။ ကလေးကို မွေ့ချည်မြှောက်ချည်၊ မွေ့ချည်၊ ယမ်းချည် လုပ်နေတော့ တချို့က မိကြာလက်ထဲက ကလေး..ို မွေးစားခွင့်ပေးဖို့ ဖျောင်းဖျကြသည်။ မိကြာကလည်း သူ့ကလေးကို အထိမခံ။ တင်းကြပ်အောင် ဖက်ထားရင်းကတောင်းသူတိုင်းကို ရန်လုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့… မိကြာ၊ သည်ကလေး ငါ့ကိုပေးပါလား"

"ပေးနိုင်ပေါင်။ ငါ့လို ကလေးလိုချင်ရင် ဆရာဝန်ကြီးဆီသွား၊ ချက်ကို အပ်နဲ့အထိုးခံချေ"

တစ်ခါတလေ ဖွတ်လုပြီးစလျှင် မိကြာက တွေ့ရာနှင့် ကောက်ပစ်သည်။ တစ်ခါကလည်း မိကြာအလစ် ကလေးဖွက်ထားကြသဖြင့် မိကြာ ဆဲလိုက်ဆိုလိုက်ပုံက တစ်မြို့လုံး ဆူပွက်နေလေသည်။ မိကြာက ကလေး နေမကောင်းလျှင် ဆရာဝန်ကြီးဆီ သွားရကောင်းမှန်းတော့ သိရှာသည်။ ဆေးရုံဝင်းအတွင်းက လူတွေကလည်း မိကြာ ပြန်မလာလျှင် တစ်မြို့လုံး အနှံ့ လိုက်ရှာခေါ်ကြရသည်။ ကြာတော့ မိကြာနှင့် ကလေးကို သံယောဇဉ် ဖြစ်နေကြပြီ။ အထူးသဖြင့် ဒေါ်ဒေါ်မိက သားသမီးမရှိတော့ မိကြာ၏ သမီးလေးကို သံယောဇဉ် ပိုတွယ်နေသည်။ မိကြာကလည်း တစ်ခါတစ်ခါ တော့ စိတ်လိုလက်ရရှိလို့လား၊ အားကိုးလို့လားမသိ ဆရာဝန်ကြီးတို့ ဇနီးမောင်နှံကို ကလေး အပ်ထားတတ်သည်။ တစ်ခါတလေ သုံးလေးရက် လောက် ပြန်မလာတာလည်း ရှိသည်။ တစ်ခါတစ်ခါတော့ ချက်ချင်းလိုလို ပြန်လာတတ်သည်။

"ဆရာကတော်ကြီး ကျုပ် မြို့ထဲသွားချင်လို့ ကလေးထားခဲ့ဦး မယ်နော်"

ကြည်ကြည်ဖြူဖြူပဲ ကလေးကို ဒေါ်ဒေါ်မိလက်ထဲ ပေးထားခဲ့တတ် တာမျိုးလည်း ရှိသည်။ အဲသည်အခါ ဒေါ်ဒေါ်မိမှာ ရေမိုးချိုး၊ သနပ်ခါး ကလေး လူးပေး၊ အဝတ်အစားကလေး လဲပေးနှင့် မိကြာရဲ့ကလေးကို ကိုယ့်ရင်သွေးလေးလို ချစ်နေမိသည်။ စိတ်မပြည့်ရှာသူကလေးရဲ့ ကလေး ဆိုပေမယ့် ဆရာဝန်ကြီးက အပြစ်ကင်းစင်သည့် လူသားတစ်ဦး လောက အတွင်း ရောက်ရှိလာခြင်းအတွက် မင်္ဂလာရှိစေရန် နာမည်ကောင်းလေး ရွေးပေးထားသည်။



"ကိုင်း… မိကြာ၊ သမီးလေးက ထူးထူးခြားခြား နှစ်ဆန်းတစ်ရက် နှစ်ဦးမှာ မွေးတာမို့ စိတ်သစ်လူသစ် မခင်သစ်လို့ နာမည်ပေးရမယ်"

တစ်မြို့လုံးကလည်း သဘောကျနေကြတာပါပဲ။ သမီးကလေး တစ်နှစ် မပြည့်ခင်မှာပဲ မိကြာက စိတ်ဖောက်လာပြန်သည်။ သူ့သမီးလေး ကိုတောင် သတိရချင်မှရသည်။ သတိရပြန်တော့လည်း မိခင်မေတ္တာတရား စေ့ဆော်မှုအပြည့်နှင့် တဆတ်ဆတ်တုန်နေအောင် ချစ်ရှာသည်။ တစ်နေ့ တော့ မိကြာ စိတ်တွေ ကစဉ့်ကလျားဖြစ်နေပုံရသည်။ မနက်လင်းက တည်းက ပျောက်သွားလိုက်သည်မှာ ညမိုးကြီးချုပ်မှ ပြန်ရောက်လာသည်။ တစ်ကိုယ်လုံးလည်း သွေးသံတာရဲရဲ။ နော်မူးဝါးက ဆေးထည့်ပေးတော့ အော်သည်။

"ကျုပ်ကိုကိုက်တဲ့ ခွေးရူးကြီး တွေ့ခဲ့တယ်၊ တွေ့ခဲ့တယ်။ ကျုပ်က လိုက်ဆွဲတော့ ကျုပ်ကို တုတ်နဲ့ရိုက်လွှတ်လိုက်တာတော်။ အီးဟီးဟီး"

ငိုနေရာကနေ ဆတ်ခနဲ ထပြေးပြန်သည်။ ထိုညက မိကြာသည် မြို့လယ်ကောင်က ခြံတစ်ခြံမှာ ကပ်ထားသည့် ကြေးပြားဆိုင်းဘုတ် ကလေးကို တဘုန်းဘုန်းထုရိုက်နေသည်မှာ တစ်မြို့လုံး အိပ်မရကြ။ နောက်တစ်နေ့ မနက်လင်းတော့ မိကြာ မြို့ကလေးမှာ မရှိတော့။ မိကြာကို ဘယ်မှာမှ ရှာမတွေ့ကြတော့။ မိကြာသမီးကလေးကတော့ ဆရာဝန်ကြီး ဇနီးမောင်နှံလက်ထဲ အဖတ်တင်ကျန်ရစ်ခဲ့သည်။ သမီးကလေး ငါးနှစ်ပြည့် လို့ ကျောင်းနေသည့်အရွယ်အထိ မိကြာ မြို့ကလေးဆီ ပြန်မလာတော့ပါ။ သေသလား ရှင်သလား သတင်းလည်း မကြားရ။ မြို့ကလေးမှာတော့ မိကြာ ပျောက်ဆုံးစက သတိတရရှိခဲ့ကြသော်လည်း ကြာတော့ မိကြာကို မေ့လျော့လာခဲ့ကြသည်။ မိကြာ မရှိတော့ပေမယ့် မိကြာ၏ သမီးကလေး 'ခင်သစ်' ကို တစ်ကျော့တစ်လှည့် စောင့်ရှောက်ကြရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၅)

"မိန်းကလေး၊ ဟဲ့ မိန်းကလေး"

မခင်သစ် အတွေးတွေ ဘယ်အထိ လွင့်မျောနေသည်မသိ။ လူတစ်ယောက်က ကိုယ့်ရှေ့ရပ်ခေါ်နေသည်ကိုပင် မကြားမိ ဖြစ်ရသည်အထိ။ မြင်းရိုက်သည့် ကြာပွတ်ကြီးကို ကိုင်ပြီး ရပ်နေသည့် လူတစ်ယောက်ကို ကိုယ့်မျက်စိရှေ့မှာ ဘွားခနဲ တွေ့လိုက်ရတော့မှ လန့်ဖျပ်သွားမိသည်။ အသက်ကြီးကြီး၊ တစ်ခေါင်းလုံး ရှုပ်ထွေးနေသော ဆံပင်ဖြူဖြူ ပါးသိုင်းမွေးဖြူဖြူနှင့် နွမ်းပါးပုံရသည့် မြင်းလှည်းဆရာ။

"မိန်းကလေး မြို့ထဲသွားမလို့လားလို့။ ဂိတ်မှာ မြင်းလှည်း မကျန်တော့ဘူး။ ဘကြီးက နောက်ဆုံးလှည်း"

"ရှင်..."

မြင်းလှည်းသမားကြီးက မခင်သစ်ကို ဥစ္စာစောင့်တစ်ယောက်က ကိုယ်ထင်ပြတာကို မြင်လိုက်ရသလို တွေေးကြည့်နေသည်။ ထနောင်းပင်တန်းထက်ဆီမှ ကျေးငှက်တွေ အုပ်လိုက်ကြီး ပျံသန်းနေကြသည်။ နေလုံးကြီးဆီက ဆည်းဆာရောင်ခြည်တွေ ဖြာကျနေသော မြို့ကလေးကိုတော့ မှုန်မှိုင်းမှိုင်း လှမ်းမြင်နေရသေးသည်။ လမ်းပေါ်က အပူရှိန်တွေကတော့ အငွေ့မသေကြသေး။ ခပ်လှမ်းလှမ်းမှာ ရပ်ထားသော မြင်းလှည်းအိုကြီးက မခင်သစ်ကို စောင့်နေသည်လား။ အုန်းခွံရောင်မြင်းပိန်ပိန်ကတော့ နွေအပူနှင့် ခရီးဒဏ်ကြောင့် ညှဉ်းသိုးသိုး ဖြစ်နေလေသည်။

"မိန်းကလေး ဘယ်သွားမှာလဲ"

"ကျွန်မ အဲသည့်မြို့ထဲကိုပါ"

မခင်သစ်က မတ်တတ်ရပ်ပြီး ခရီးဆောင်အိတ်ကို မ,ယူလိုက်သည်။



"ပေး... ပေး၊ ဘကြီးကိုပေး"

မြင်းလှည်းပေါ်ရောက်တော့ မခင်သစ်ရင်တွေ တဒိန်းဒိန်းခုန်လာသည်။ သည်လမ်းကလေးပေါ်က နောက်ဆုံးလျှောက်ခဲ့သည့်နေ့ကို သတိရမိလို့ဖြစ်သည်။ ဖေဖေနှင့် မေမေကြားမှာထိုင်ရင်း သည်လို မြင်းလှည်းကလေးနှင့် သားအဖသုံးယောက် မြို့ကို ပြောင်းခဲ့ကြတော့ မခင်သစ် ပျော်နေခဲ့သည်။ ဘာရယ် မဟုတ်၊ ကလေးအသိနှင့် ပျော်နေခဲ့ခြင်းပါ။ အခုတော့ မြင်းလှည်းကလေးပေါ်မှာ သူတစ်ယောက်တည်း။ နှစ်ပေါင်းနှစ်ဆယ်ကျော် အကွာအဝေးကို ပြေးခဲ့ရသော မခင်သစ်မှာ တာဝေးအပြေးသမားတစ်ယောက်လို မောဟိုက်နေသည်။

"မိန်းကလေးက သည်မြို့ကမဟုတ်ဘူး မှတ်တယ်"

မခင်သစ် ဘယ်လိုဖြေရမှန်းမသိ။ သည်မြို့ကလေးကလား၊ မဟုတ်ဘူးလား သူ မသိ။

"ဟုတ်ကဲ့၊ ကျွန်မ ဧည့်သည်ပါ"

"ဘယ်ကို ပို့ပေးရမှာလဲကွယ်"

"ဟို... ဟို ဆေးရုံဝင်းထဲကိုပါ"

"သြော်... သြော် ဘကြီးကလည်း အဲသည့်နားနေတာပဲ။ ဟန်ကျတာပေါ့"

ဘာရယ်မဟုတ်ဘဲ မြင်းလှည်းသမားကြီးကို မခင်သစ် ဆတ်ခနဲလှမ်းကြည့်လိုက်သည်။ ဆံပင်ဖြူတွေက တစ်ခေါင်းလုံး ဖွေးနေသည်။ နေလောင်ထားသော အသားအရေက ညစ်ခြောက်ခြောက်။ မြင်းဇက်ကြိုးကို ကိုင်ထားသော သူ့လက်တွေကလည်း သူ့မြင်းလို ပိန်လှီနေသည်။ လှည်းအို၊ မြင်းအို၊ လူအို။

"ဘကြီးက သည်မြို့ကလေးကပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ၊ မွေးကတည်းက အခု အသက်ခုနစ်ဆယ်ကျော်လာတဲ့အထိ သည်မြို့ကလေးမှာ နေခဲ့တာပါပဲ။ မြို့ကလေးသား စစ်စစ်ပါဗျာ"

မြင်းလှည်းဆရာက သည်မြို့ကလေးသားဖြစ်ရတာကို ဂုဏ်ယူသည့် လေသံမျိုးနှင့် ပြောနေခြင်း ဖြစ်သည်။ မြင်းက ငေါက်နိုင်မှ တရွေ့ရွေ့။

"မိန်းကလေးက ဆေးရုံးဝင်းထဲက ဘယ်သူ့သိလို့တုန်း"

"သူနာပြုဆရာမကြီး နော်မူးဝါးရဲ့ အသိပါ"

"အဲသည်ဆရာမကြီးက မရှိတော့ဘူးကွယ့်။ သူဆုံးသွားတာတောင် တစ်နှစ်လောက်ရှိရောပေါ့။ သူ့သမီးတွေတော့ ရှိပါတယ်။ ဆေးရုံဝင်းထဲမှာ နေကြတာပဲ"

မခင်သစ်မှာ မြင်းလှည်းထိုင်ခုံမှာ ထိုင်လျက်ကပင် ပျော့ခွေသွားသလို ခံစားလိုက်ရသည်။ သည်မြို့ကလေးကို သူရောက်လာမှတော့ နော်မူးဝါးနှင့် စကားအနည်းအကျဉ်း ပြောချင်နေမိသည်။ နော်မူဝါး မရှိတော့လျှင်...

"ဆရာမကြီးက သည်မြို့က ဆေးရုံမှာ ဝါအရင့်ဆုံး သူနာပြုကြီးပဲကွယ့်။ သူက ဟိုးအရင် ဆရာဝန်ကြီး ဦးသွင်တို့လက်ထက်ကတည်းက ရောက်လာခဲ့တာ။ သည်မြို့မှာပဲ အိမ်ထောင်ကျပြီး သည်မြို့မှာပဲ ခေါင်းချသွားတော့တာပဲ"

မြင်းလှည်းကလေးက ခရီးအတော်ရောက်လာခဲ့ပြီ။ လမ်းမပေါ်မှာ မြို့ကလေးဆီက ဖုန်ငွေ့တွေနှင့် စက်ဆီအနံ့တွေ ရနေသည်။ မခင်သစ်မှာ အခုမှပင် သည်မြို့ကလေးကို မမေးစမ်းဘဲ ရောက်လာခဲ့မိသော သူ့ကိုယ်သူ အပြစ်တွေ တင်နေမိတော့သည်။

"မိန်းကလေးက နော်မူးဝါးအသိဆိုတော့ သည်မြို့ကလေးမှာ နေခဲ့ဖူးလို့လား"



မခင်သစ်က မနေခဲ့ဖူးကြောင်း ငြင်းလိုက်သည်။ သို့သော် ကလေးဘဝက မကြာမကြာ ရောက်ခဲ့ဖူးကြောင်း၊ သူငယ်ငယ်က သည်မြို့ကလေးသည်လောက် မစည်ကားသေးကြောင်းတွေ ပြောဖြစ်နေမိသည်။

"ကျွန်မ မှတ်မိပါသေးတယ်။ ကျွန်မငယ်ငယ်ကလေ၊ နေပါဦး ဘယ်သူပါလိမ့်။ စိတ်မနှံ့တဲ့ မိန်းမတစ်ယောက်၊ သူတောင် ရှိသေးတယ်"

"မိကြာလား၊ မိကြာ နေမှာပဲ။ ဘကြီးတို့မြို့ကလေးက အရူးတွေ ပျော်တဲ့ မြို့ပဲကွယ်။ အခုတောင် ဘခန့်တို့၊ မိစုံတို့ ရှိကြသေး။ ဟားဟား ဟားဟား၊ အော်... အေး မိန်းကလေးက ဒါတော့ မှတ်မိသားပဲကွယ်"

မြင်းလှည်းဆရာက မိကြာဇာတ်လမ်းကို ခင်းသည်၊ မခင်သစ် ရင်တွေ တလှပ်လှပ် တုန်နေသည်။

"ဆရာဝန်ကြီး ဦးသွင်တို့ ပြောင်းသွားတော့ မိကြာ ပြန်ရောက်လာသေးတယ်။ မိကြာခမျာ သူ့ကလေးကိုတောင် အမှတ်မရရှာတော့ပါဘူး။ မိကြာလည်း မြို့ကလေးကို ပြန်ရောက်ရော တစ်ခါတည်း လက်သည်ဖော်တော့တာပဲ။ လက်သည်ဖော်တယ်ဆိုပေမယ့် သူက ခြံဝက ကြေးပြားကြီးကိုပဲ လက်ညှိုးထိုးထိုးပြနေတာကိုး။ မြို့က အဲသည်တော့မှ ရိပ်စားမိပေမယ့် ဘယ်နှယ့်လုပ် တတ်နိုင်မှာတုန်း။ စော်ကားခဲ့တဲ့လူက ဂုဏ်နဲ့ ဒြပ်နဲ့ကိုးကွယ့်"

မခင်သစ်ကတော့ ဒါတွေကို အိပ်မက်တစ်ခုလိုပဲ ခံစားနေရသည်။ မိကြာ သမီးလေးရဲ့ အဖေဟာ ဘယ်သူလဲဆိုတာ နော်မူးဝါးက ပြောပြခဲ့ဖူးသည်။ မြင်းလှည်းဆရာပြောပြတော့ အခုမှ ကြားဖူးသလို ဟန်ဆောင်နေရသည်။

"အခုတော့ သည်လူကြီးလည်း နေဝင်ချိန်ရောက်နေပါပြီ။ လယ်တစ်ခြမ်း လေဖြတ်နေလို့ဆိုလား။ အိပ်ရာထဲ လဲနေတာကို ဘယ်နှစ်နှစ်ရှိမှန်းတောင် မသိဘူး။ ကြာပဲ ကြာလှပေါ့"

www.burmeseclassic.com



"ဘကြီး သူ့ကို သိလို့လား"

"သိတာပေါ့ကွယ်၊ တစ်မြို့တည်းသားတွေပဲဟာ"

မြင်းလှည်းကလေးက မြို့တွင်းကို တဖြည်းဖြည်း ဝင်လာခဲ့ပြီ။ လူတွေ၊ စက်ဘီးတွေ၊ ဆိုက်ကားတွေ၊ မြင်းလှည်းတွေ၊ ထော်လာဂျီတွေ၊ အဝေးပြေးကားကြီးတွေ၊ ပျားပန်းခပ် ရှုပ်ထွေးနေသည့်မြို့ကလေးကတော့ သူငယ်ငယ်ကနဲ့ မတူတော့ပါလား။ မြို့ကလေးကတော့ သူ့ကို သိပုံမရပါ။ တစ်ခါက သူ့မိခင် 'မိကြာ' ဆိုသူကိုတောင် မှတ်မိပုံမရတော့။ ဘဝပေါင်းများစွာနှင့် ဖွဲ့စည်းထားသော သည်မြို့ကလေး၊ သည်ဇာတ်လမ်းထဲက ဇာတ်ကောင်တချို့ကို ထားသွားခဲ့ပြီကော။

"ဘကြီး ကျွန်မ ဆေးရုံဝင်းကို မသွားတော့ဘူး။ အဲသည် အိမ်ကိုပဲ ပို့ပေးပါတော့"

မြင်းလှည်းသမားကြီးက မခင်သစ်ကို တအံ့တဩ ကြည့်လိုက်သည်။ ဘယ်လိုများ ဖြစ်သွားတာပါလိမ့်။ သို့သော် ခရီးသည်သည် ခရီးသည်သာ ဖြစ်သည်။ မြင်းပိန်ကို ခပ်ဆတ်ဆတ်ကလေး ငေါက်ရင်း လမ်းတစ်လမ်းကို ချိုးကွေ့လိုက်သည်။

(၆)

အိမ်က မြို့ကလေးရဲ့ အစွန်အဖျား မဟုတ်သော်လည်း မြို့လယ်ကောင်မှာတော့ မဟုတ်ပါ။ ကျယ်ဝန်းသော ခြံကြီးအတွင်းမှာတော့ ပန်းပွင့် ရောင်စုံတွေနှင့် လှချင်တိုင်း လှနေသည်။ ခြံအလယ် ဗဟိုတည့်တည့်မှာတော့ မြို့ကလေး တစ်မြို့လုံးမှာ အကြီးအကျယ် အခမ်းအနားဆုံးလို့တောင် ပြောနိုင်သည့် သုံးထပ်တိုက်ကြီးတစ်လုံးက မခင်သစ် ခြေလှမ်းတွေကို နှေးစေခဲ့သည်။ ခြံဝမှာတော့ ဘာကြေးပြားဆိုင်းဘုတ်မှ မရှိ။ သံတံခါးကြီးကို ဟဟကလေး ဖွင့်ထားသည်။ အပြင်ဘက်မှာ ဆည်းဆာ၏ လက်ကျန် ခရမ်းသွေးရောင်တွေ ယှက်သမ်းနေသေးသော်လည်း မှောင်ရီပျိုးစပြုပြီ။ တိုက်ကြီးဆီက လင်းထိန်နေသော မီးရောင်ကြောင့် ပတ်ဝန်းကျင်က မှောင်ပိန်းနေတာမျိုး မရှိတော့။ ကြေးပြားဆိုင်းဘုတ်ကလေးကရော ဘယ်ရောက်သွားပြီလဲ။ ကြေးပြားဆိုင်းဘုတ်ကလေးကို လက်နဲ့ တဝုန်းဝုန်းရိုက်ခဲ့သည့် အမေကရော ဘယ်မှာလဲ။



"မိန်းကလေး ဘကြီး စောင့်ပေးရဦးမလား"

မခင်သစ် တစ်ချက်တွေပြီး စဉ်းစားလိုက်သည်။ ဘာတွေဖြစ်လာဦးမည်မသိ။ ချက်ချင်း ပြန်ထွက်လာချင်လည်း လာရလိမ့်မည်။ သည်တော့ မြင်းလှည်း လိုချင်လိုနိုင်သည်။

"အပန်းမကြီးဘူးဆိုရင် ခဏစောင့်ပေးပါလား ဘကြီးရယ်"

မြင်းလှည်းသမားကြီးက ခေါင်းညိတ်ပြပြီး မြင်းလှည်းကို ခပ်လှမ်းလှမ်းက တမာပင်အောက် သွားရပ်ထားသည်။ မခင်သစ်ကတော့ စဉ်းစားမနေတော့ဘဲ ခြံထဲဝင်သွားလိုက်သည်။ တိုက်ကြီးထဲမှ တချို့က ရုပ်မြင်သံကြားဇာတ်လမ်း ထိုင်ကြည့်နေကြသည်။ မခင်သစ်ကိုမြင်တော့ သူတို့က အံ့ဩသွားကြပုံရသည်။ အမျိုးသမီးကြီးတစ်ယောက်ကတော့ မခင်သစ်ဆီ လျှောက်လာခဲ့သည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

မခင်သစ်နှုတ်က ပြောထွက်ဖို့ ဝေခွဲမရဖြစ်နေသေးသည်။ ကိုယ့်ခေါင်းကိုယ်သာ ထုရိုက်ပစ်ဖို့ကောင်းတော့သည်။ သတ္တိတွေ ဘယ်ရောက်ကုန်ပြီလဲ။ သူ့ကို ထာဝရ လွမ်းမိုးနေခဲ့သော ဖခင်၏နာမည်ကို နှုတ်က ခေါ်လိုက်ဖို့ သတ္တိတွေ မရှိတော့ဘူးတဲ့လား။

"ဘယ်သူနဲ့ တွေ့ချင်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးအသံက စာစာကထက် ပိမာနေသည်။ မခင်သစ်လည်း တွေဝေနေဆဲ။ အသိပြန်ဝင်လာဖို့ အားယူပြီးမှ ပြန်ဖြေလိုက်သည်။

"သည် သည်အိမ်က နေမကောင်းနေတဲ့ ဦးနဲ့ တွေ့ချင်လို့ပါရှင်"

"ကိုလရောင်နဲ့လား"

"ဟင်... အင်၊ ဟုတ်ပါတယ်။ ဦးလရောင်ပါ"

"ဘာကိစ္စရှိလို့လဲ"

မခင်သစ် ဘာပြန်ဖြေရမှန်း မသိပြန်။ ဘာကိစ္စနဲ့ ဦးလရောင်ကို သူ တွေ့ချင်နေရတာလဲ။

"ဦးလရောင်ရဲ့ အသိမိတ်ဆွေတစ်ယောက်က ကျွန်မကို သည်မြို့ရောက်တုန်း ဝင်မေးခဲ့စေချင်တယ်ဆိုလို့"

"အမျိုးသမီးကြီးက မခင်သစ်ကို တိုက်ထဲဝင်ခွင့်ပေးဖို့ စဉ်းစားနေပုံရသည်။ မခင်သစ်ပုံစံကလည်း ခရီးပန်းလာတာရော၊ စိတ်နွမ်းလာတာရောကြောင့် အတော်အတန်တော့ မသပ်မရပ်ရှိနေသည် မဟုတ်လား။

"ကိုလရောင်က အိပ်ရာက မထနိုင်ဘူးကွယ်။ ကဲ... အထဲဝင်ထိုင်ပါဦးလေ"

ဆက်တီခုံပေါ် ထိုင်အချလိုက်မှာ မျက်နှာချင်းဆိုင် တွေ့လိုက်ရသော နံရံပေါ်က ဓာတ်ပုံကြီးတစ်ပုံကြောင့် မခင်သစ် ထခုန်မတတ် လန့်သွားရသည်။ ဓာတ်ပုံကြီးအောက်မှာတော့ ဦးလရောင်၏ ဘွဲ့ထူးဂုဏ်ထူးတွေ ရေးထားသည်။

မခင်သစ် မျက်တောင်ပင် ခတ်မိသည်မထင်။ သူ ပထမဦးဆုံး တွေ့ရသည့် ဖေဖေ့ပုံက သူ့ကို ခြောက်လှန့်နေသည်။ မခင်သစ် လာတွေ့မိတာ မှားပြီထင်ပါရဲ့။ အမျိုးသမီးကြီးကတော့ အကဲခတ်နေဆဲဖြစ်သည်။

"ကိုလရောင်ရဲ့ အသိမိတ်ဆွေဆိုတာ ဘယ်သူပါလိမ့်"



မခင်သစ်က အမှန်အတိုင်း ပြောပြဖို့ အားမွေးယူလိုက်သည်။

"ရန်ကုန်က ကျန်းမာရေးမှူးကြီး ဦးသွင်ပါရှင်"

"ဦးသွင်"

အမျိုးသမီးကြီးက မျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။ သူမမျက်နှာပေါ်မှာတော့ ထူးခြားသည့် အရိပ်လက္ခဏာတစ်စုံတစ်ရာ မတွေ့ရ။ ရုပ်မြင်သံကြား ကြည့်နေသူတွေကတော့ မခင်သစ်တို့ကို ယောင်လို့တောင် လှည့်မကြည့်ကြ။ ဇာတ်လမ်းရဲ့အထွတ်ကို ရောက်နေပြီထင်ပါရဲ့။

"ကဲပါလေ လာပါ၊ သူနဲ့ တွေ့လိုက်ပေါ့"

တော်ပါသေးသည်၊ ဘာပဲဖြစ်ဖြစ် တွေ့ခွင့်ပေးတာကိုပဲ ကျေးဇူးတင်ရဦးမည်။ မခင်သစ်၏ ဆန္ဒကတော့ ဦးလရောင်ကို ဖခင်တစ်ယောက်အဖြစ် တွေ့ဖူးမြင်ဖူးချင်သည့် ဆန္ဒကလွဲ၍ ဘာမှမရှိ။ ပြောင်လက်နေသော လှေကားလက်ရန်းတွေကို တင်းတင်းဆုပ်ကိုင်ရင်း တစ်ကိုယ်လုံး ဇောချွေးတွေ ပြန်နေသည်။

"ကိုလရောင်က သူ့အသိမိတ်ဆွေတွေဆို သိပ်မျှော်တာကွယ့်။ ဒါပေမယ့် ဟိုတုန်းကလိုတော့ မဟုတ်တော့ပါဘူး"

အမျိုးသမီးကြီးအသံက တစ်စုံတစ်ရာကို မကျေနပ်သည့် အသံမျိုးဖြစ်သည်။ အသိမိတ်ဆွေတွေကို မျှော်တတ်သော ဦးလရောင်တစ်ယောက် မခင်သစ်ကိုတွေ့ရင် ဘယ်လိုနေမလဲ။ မခင်သစ် ရင်တွေ လှိုင်းထန်နေသည်။ စိတ်မနှံ့သူ မိန်းမသားတစ်ဦးနှင့် အလိုမတူဘဲ မေတ္တာမျှခဲ့သော ယောကျ်ားတစ်ယောက်။ သို့မဟုတ် မခင်သစ်ရဲ့ 'ဖေဖေ'။

"ကဲ... လာ၊ အထဲကိုဝင်"

တိုက်ခန်းကလေးထဲမှာ လူသုံးယောက်ရှိသည်။ ထဘီနီဝတ် သူနာပြု ဆရာမကလေးတစ်ယောက်ကိုလည်း တွေ့ရသည်။ ခုတင်ပေါ်မှာတော့ မခင်သစ် တစ်ချိန်လုံး တမ်းတခဲ့ရသော၊ မျက်လုံးတွေကို မှေးမှိတ်ထားပြီး

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာပေါ်မှာ ကိုယ်တစ်ခြမ်း လေဖြတ်နေသော ဦးလရောင်ကတော့ ဓာတ်ပုံကြီးထဲမှာတွေ့ရတဲ့ ဦးလရောင်နှင့် တခြားစီ။ အိုခြင်းနှင့် နာခြင်း အပေါ်မှာ ဝေဒနာက စီးပိုးထားပုံရသည်။

"ကိုလရောင်... ကိုလရောင် ဒီမှာ ရှင့်အသိမိတ်ဆွေက လွှတ်လိုက်လို့တဲ့"

အသိမိတ်ဆွေဆိုသောအသံကို ကြားလိုက်ရသည်နှင့် ဦးလရောင်သည် မျက်လုံးတစ်ဖက်ကို ဖွင့်ကာကြည့်သည်။ သူ့ဘယ်ဖက်တစ်ခြမ်းလုံး လေဖြတ်ထားပုံရသည်။ အမျိုးသမီးကြီးနှင့် သူနာပြုဆရာမက သူ့ကို ပွေ့ထူကာ ခေါင်းအုံးမြင့်မြင့်မှာ မှီပေးလိုက်သည်။ လူနာက ညာဖက်လက်ကို မြှောက်ကာ မခင်သစ်ကို လက်ညှိုးထိုး၍ ဘယ်သူတုန်းဆိုသည့်သဘောကို ဗလုံးဗထွေးနှင့် မေးသည်။ မခင်သစ်က သူ့အနား တိုးကပ်သွားလိုက်သည်။

"ကျွန်မက ရန်ကုန်က ကျန်းမာရေးမှူးကြီး ဦးသွင်ရဲ့ သမီးပါ"

ဦးလရောင်က လက်မြှောက်လျက်သားနှင့် လက်က လေထဲမှာပဲ ရပ်နေသည်။ ပွင့်နေသော သူ့မျက်လုံးတစ်ဖက်ကတော့ မခင်သစ်ကို ငေးစိုက်ကြည့်နေသည်။

"ကျွန်မနာမည် ခင်သစ်သွင်ပါရှင့်"

မခင်သစ်က နာမည်ကို လိုအပ်စွာ ပြောလိုက်ခြင်းပါ။ သည်အမည်ကို ကြားလျှင် ကာယကံရှင် သိတန်ကောင်းမည်ဟု ထင်လို့ဖြစ်သည်။ တစ်ခဏအတွင်းမှာပဲ သူ့လက်တွေ အိပ်ရာပေါ်မှာ ပျော့ခွေကျသွားသည်။ တစ်ကိုယ်လုံးလည်း တဆတ်ဆတ် တုန်ယင်လာသည်။ ဦးလရောင်ပါးစပ်က ဝူးဝူးဝါးဝါး အသံတွေ ဗရုတ်ရှုပ်ထွေး အန်ကျလာသည်။ သူနာပြုဆရာမက သူ့ကို တိုက်လက်စ ဆေးတစ်လုံး တိုက်လိုက်သည်။



အမျိုးသမီးကြီးက သူ့အနား တိုးကပ်ကာ လက်တွေကို ဆုပ်နယ်ပေးသည်။

"ဦးသွင်ဆိုတာ ရှင် သိသလား"

လူနာက ခေါင်းညိတ်ပြသည်။ မခင်သစ် ပြုံးလိုက်ပါသည်။ ဒါဆို သူ့ကိုလည်း ဦးလရောင် သိမှာပဲပေါ့။ မခင်သစ် ကျေနပ်သွားပါပြီ။ မခင်သစ်က သူနာပြုဆရာမဘက်ကိုလှည့်ပြီး လူနာအခြေအနေကို ဆေးလောက အသုံးအနှုန်းများဖြင့် မေးလိုက်သည်။ သူနာပြုဆရာမကလေး၏ ရှင်းပြချက်အရ လူနာအခြေအနေက ဟန်ပုံမပေါ်တော့ပါ။ သူနာပြုဆရာမကို ခွင့်တောင်းပြီး မခင်သစ်က သူ့လက်ဆွဲအိတ်ကလေးထဲက နားကြပ်ကို ထုတ်ယူလိုက်သည်။

"ကျွန်မ ဆရာဝန်ပါ အန်တီ၊ ဦးကို နည်းနည်းပါးပါး စမ်းသပ်ကြည့်ပေးချင်ပါတယ်"

အမျိုးသမီးကြီးက သူ့ကို တအံ့တသြ ငေးကြည့်နေသည်။ မခင်သစ်ကို ဆရာဝန်တစ်ယောက်လို့ ထင်ခဲ့ပုံမရ။ လူနာကို စမ်းသပ်ကြည့်ပြီး မခင်သစ် သက်ပြင်းချလိုက်မိသည်။ လူနာ၏ နှလုံးခုန်ချက်တွေက ပုံမှန်မဟုတ်။ သူနာပြု ဆရာမကလေးက ဆေးမှတ်တမ်းတွေ ထုတ်ပြသည်။ ဓာတ်မှန်တွေ ပြသည်။ ရောဂါရာဇဝင်ကို ပြသည်။ မခင်သစ်အားလုံးကို ဖတ်ကြည့်ပြီး သောက်နေသည့်ဆေးတွေကို ကြည့်ပြန်သည်။

"မေမေ ဧည့်သည်ရောက်နေတယ်"

ဦးလရောင်၏ မျက်နှာပေါက်နှင့် ခပ်ဆင်ဆင်တူသော မိန်းကလေးတစ်ယောက် ဝင်လာသည်။ သူမက မခင်သစ်ကို သေသေချာချာကြည့်ရင်း အခန်းဝမှာ ရပ်နေသည်။ အမျိုးသမီးကြီးက ချက်ချင်း ထလိုက်သွားသည်။

"သူက ဦးလရောင်ရဲ့ တစ်ဦးတည်းသော သမီးပေါ့။ အန်တီနဲ့

www.burmeseclassic.com



ဦးလရောင်က အသက်ကြီးမှ အိမ်ထောင်ပြုကြတာဆိုတော့ ကလေးက တစ်ယောက်တည်း မွေးတော့တာ"

သူနာပြုဆရာမက တိုးတိုးကလေး ပြောပြနေသည်။ ဦးလရောင်ရဲ့ တစ်ဦးတည်းသော သမီးတဲ့လား။ လူနာက မှိန်းနေရာကနေ မျက်လုံးတွေ ပြန်ဖွင့်လာသည်။ သူက စကားတွေ ပြောချင်နေပုံရသည်။ မခင်သစ် ကတော့ ဦးလရောင်ကို စကားမပြောဘဲ သည်အတိုင်း ကြည့်နေရုံသာ တတ်နိုင်တော့၏။ ခဏနေတော့ အမျိုးသမီးကြီး ပြန်ဝင်လာသည်။

"မနက်ဖြန် ရှင် ကျောင်းဆောင်ဆောက်ဖို့ ငွေလှူမယ့်ကိစ္စ လာမေးတာတဲ့"

လူနာက ခေါင်းညိတ်ပြရင်း လက်ငါးချောင်း ထောင်ပြလိုက်တာကို မခင်သစ် တွေ့လိုက်ရသည်။ ငါးသိန်းလား၊ သိန်းငါးဆယ်လား။ ကျောင်း တစ်ဆောင်ဆောက်ဖို့ဆိုတာ သိန်းငါးဆယ်က ပိုဖြစ်နိုင်သည်။ အခန်းထဲမှာ တိတ်ဆိတ်ခြင်းက လွှမ်းမိုးလို့လာသည်။ ပြန်ဖို့သင့်ပြီ ထင်ပါရဲ့။

"ကျွန်မ ပြန်ပါဦးမယ် အန်တီ၊ ဖေဖေ့ကိုလည်း ပြောပြလိုက်ပါ့မယ်"

မခင်သစ်က မတ်တတ်ရပ်လိုက်တော့ လူနာက လက်တယမ်းယမ်း ခေါင်းတခါခါနှင့် ဘာတွေပြောနေမှန်းမသိ။ အမျိုးသမီးကြီးကို လှမ်းကြည့်ရင်း မခင်သစ်ကို လက်ညှိုးထိုးပြနေသည်။ ပြီးတော့ ဗလုံးဗထွေး အသံတွေနှင့် ဂူးဂူးဝါးဝါး အော်သည်။ မခင်သစ်က ကြမ်းပြင်ပေါ်မှာ ထိုင်ပြီး ဦးလရောင်ကို ကန်တော့သည်။ လူနာမျက်လုံးနှစ်ဖက်က မျက်ရည်ပူတွေ လိမ့်လျှောကျလာသည်ကော။ မခင်သစ်က သူ့အနားတိုးသွားပြီး ဦးလရောင်၏ လက်ခုံကလေးကို နမ်းရှိုက်လိုက်ပါသည်။

"ဖေဖေ့ရဲ့ဘဝကို ကျွန်မ မကယ်တင်နိုင်တော့တာ ခွင့်လွှတ်ပါ ဖေဖေ"



လူနာ့မျက်ဝန်းတွေကို စူးစူးစိုက်စိုက်ကြည့်ရင်း မခင်သစ် ရင်ထဲက စကားဆိုမိလေသည်။ မခင်သစ် ကျောခိုင်းထွက်ခဲ့ချိန်မှာတော့ အရာအားလုံး လွတ်လပ်ပေါ့ပါးသွားသလို ခံစားနေရသည်။ ပထမဆုံး ဖေဖေ့ကို တွေ့ရသည့် သည်တွေ့ဆုံခြင်းက နောက်ဆုံးလည်း ဖြစ်နိုင်သည်။

## (၇)

"ကျွန်မ သိပ်ကြာသွားသလား မသိဘူး ဘကြီးရယ်"

မခင်သစ် အပြင်သို့ရောက်တော့ တကယ်ပင် မှောင်နေခဲ့ပြီ။ အမှောင်ရိပ်အောက်က မြင်းလှည်းပေါ်မှာ မြင်းလှည်းသမားကြီးက ငုတ်တုတ်ငိုက်နေသည်။ မခင်သစ်အသံကြားတော့မှ ဝေါက်ခနဲ ခါးကိုမတ်ကာ မြင်းဇက်ကြိုးကို ယောင်ယမ်းဆွဲလိုက်သည်။

"သြော်... အင်း သိပ်မကြာပါဘူးကွယ်။ ဘကြီးတော့ တစ်ရေးရတာပဲ ဟား... ဟား"

မခင်သစ်က မြင်းလှည်းကလေးပေါ် တက်လိုက်သည်။ မြင်းလှည်းပေါ်ကနေ ခြံကြီးထဲ လှမ်းကြည့်လိုက်တော့ အမျိုးသမီးကြီးက အပေါက်ဝကနေ ရပ်ကြည့်နေသည်။

"ဘကြီးကို အားနာလိုက်တာ"

"အားမနာရပေါင်ဗျာ။ ဘကြီးတို့မြို့က လူတွေက သဘောကောင်း မနောကောင်းတွေပါ"

မြင်းလှည်းသမားကြီးကတော့ သူ့မြို့ကလေးကို ဂုဏ်ယူနေသေးသည်။ မြင်းလှည်းကလေးက တဖြည်းဖြည်းနှင့် မြို့လယ်လမ်းမပေါ် ရောက်လာပြီ။ လမ်းဓာတ်မီးတိုင်များအောက်မှာ မြို့ကလေးထဲရှိ လူတွေ သွားလာလှုပ်ရှားနေကြသည်။ ဆေးရေးပိုစတာကြီး ချိတ်ထားသော ရုပ်ရှင်

www.burmeseclassic.com

www.burmeseclassic.com



ရုံကိုတွေ့တော့ မခင်သစ် ရင်မှာ နင့်ခနဲ ဖြစ်သွားရသည်။ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်လောက်က ဟောသည့်လမ်းပေါ်၊ ဟောသည့်ရုပ်ရှင်ရုံရှေ့မှာ မိကြာဆိုသည့် စိတ်မနှံ့သူကလေး ကျင်လည်ကျက်စားခဲ့ဖူးလိမ့်မည်။ မွေးစားဖခင်ကတော့ မေမေနှင့် ပတ်သက်လို့ ပြောဖူးသည်။

"သမီးရဲ့အမေက စိတ်မနှံ့သူဆိုပေမယ့် မရိုင်းဘူးကွယ့်။ သူ့ဇာတိပဝတ္တိကို စုံစမ်းလို့မရပေမယ့် မျိုးကောင်းရိုးကောင်းထဲကနဲ့ တူပါရဲ့ကွယ်။ ဖေဖေတို့က ကလေးငယ်ငယ်ကလေးနဲ့မို့ အားရှိအောင်ဆိုပြီး နွားနို့ကလေး အစ၊ မုန့်ပဲသရေစာလေးကအစ ကျွေးတာကို သူစားပုံသောက်ပုံကြည့်ရတာ အဆင့်အတန်းရှိရှိပါပဲ။ စိတ်မနှံ့သူမို့ ညစ်ညစ်ပတ်ပတ်နေတာကလွဲရင် ဥပဓိရုပ်ရည်က မဆိုးပါဘူး။ အင်း... ဖေဖေ့အထင် သူ တစ်ခုခု ရှော့ခ် ဖြစ်လာခဲ့ပုံ ရပါတယ်"

လူသံကားသံတွေက တဝေါဝေါ ဆူညံနေပေမယ့် မခင်သစ် ဘာကိုမှ မကြားရပါ။ သည်မြို့ကလေးနှင့် သည်လမ်းတွေပေါ်မှာ ရှိတတ်ခဲ့သော မေမေ့ ပုံရိပ်တွေကို မှန်းဆကြည့်ရင်း ရင်နှင့်အမျှ ခံစားနေရသည်။

"ကိုလရောင်ကို တွေ့ခဲ့ရဲ့လား။ သူက ဟောသည့်ခြံထဲ နေခဲ့ဖူးတယ်။ မမာနေတာ အတော်ကြာပြီ။ လူပျိုဘဝကတည်းက ဘကြီးတို့နဲ့ ခင်ခဲ့တာ။ သူက တစ်ယောက်တည်းသမားဆိုတော့ စားစားသောက်သောက်ကိုး"

မြင်းလှည်းသမားကြီးက ကြာပွတ်နှင့်ထိုးပြရာကို ကြည့်လိုက်တော့ ပိန်းပိတ်မှောင်နေသော ရေနံချေးသုတ် အိမ်အိုပျက်ကြီးတစ်လုံး။ လမ်းမပေါ်မှာ ဥဒဟိုစည်ကားနေသော်လည်း အိမ်အိုကြီးကတော့ တမာပင်ကြီးတွေအောက်မှာ ပြားပြားဝပ်ဝပ် ခြောက်သွေ့နေသည်။ ကြေးပြားဆိုင်းဘုတ်ကလေးကကော၊ အမှောင်ထဲမှာ ဘာဆိုဘာမှမမြင်ရ။

"အင့်..."



မခင်သစ် တစ်ချက် ရှိုက်၍ ငိုလိုက်မိသည်။ မျက်ရည်တွေက ပါးပြင်ပေါ်မှ လိမ့်ဆင်းကာ ရင်ဘတ်ပေါ်မှာ ရွှဲရွှဲစိုနေသည်။ တသိမ့်သိမ့်ရှိုက်ငိုနေသော မခင်သစ်ကို မြင်းလှည်းသမားကြီးက သတိထားမိသွားပုံရသည်။

"မိန်းကလေး ဘာဖြစ်လို့လဲ"

မခင်သစ်က လက်ကာပြလိုက်သည်။ ဘာစကားမျှ မဆိုနိုင်လောက်အောင် ရင်မှာနာကျင်နေမိသည်။ ဦးလရောင်ကို တွေ့လျက်နှင့် မျက်ရည်တစ်စက် မဝေ့သိမိသော မခင်သစ်တစ်ယောက် မြို့ကလေးရဲ့ လမ်းမကြီးပေါ်မှာတော့ မျက်ရည်မဆည်နိုင်အောင် ရှိနေခဲ့သည်။

"ရှေ့ကဟာ ဆေးရုံဝင်းပဲကွယ့်"

လျှပ်စစ်မီးရောင်တွေ ဖြာကျနေသော ဆေးရုံဝင်းကလေးကိုတော့ မခင်သစ် စွဲစွဲထင်ထင် မှတ်မိနေပါသည်။ သူငယ်ငယ်က နေခဲ့ဖူးသော ဝန်ထမ်းအိမ်ကလေးကိုလည်း လှမ်းတွေ့နေရပြီ။ သည်ဝင်းကလေးထဲမှာ သူငယ်ငယ်က ပြေးလွှားခုန်ပေါက် ဆော့ကစားခဲ့ဖူးသည်ပဲ။ ဆေးရုံဝင်းရှေ့ ရောက်တော့ မြင်းလှည်း ရပ်သွားသည်။ မြင်းလှည်းသမားကြီးက မခင်သစ် ခရီးဆောင်အိတ်ကို ဆွဲယူကာ မြေပေါ်ချလိုက်သည်။

"ဘကြီး"

"ဟော..."

မခင်သစ်က စကားကို ဘယ်လိုပြောရမလဲ ချိန်ဆလိုက်ပြီး မြင်းလှည်းဆရာကြီးကို တည်တည်ငြိမ်ငြိမ်နှင့် ကြည့်လိုက်သည်။

"ဘကြီး ဆရာဝန်ကြီးဦးသွင်ကို သိတယ်လား"

"သိရုံ ဘယ်ကမလဲကွယ့်။ ဘကြီးမြင်းလှည်းနဲ့ ကားနဲ့ တိုက်တော့ ပေါင်တစ်ခြမ်းစုတ်ပြီး တစ်လလောက် အိပ်ရာထဲက မထနိုင်ဘူး။ ဆေးဖိုး

www.burmeseclassic.com

www.burmeseclassic.com



ဝါးခ မပေးနိုင်တဲ့ ဘကြီးကို ဆရာဝန်ကြီးက အလကားကုပေးလို့ အခု မိန်းကလေးနဲ့ တွေ့နေရတာပေါ့"

မြင်းလှည်းသမားကြီးစကားက အားပါးတရ ရှိလှသည်။ ဆင်းရဲသော်လည်း ရိုးသားသော အမူအရာတွေကို သူ့မျက်နှာပေါ်မှာ မခင်သစ် တွေ့နေရသည်။

"ကျွန်မက ဆရာဝန်ကြီးရဲ့ သမီးပါ"

"ဟုတ်လား၊ စောစောကပြောရောပေါ့ မိန်းကလေးရယ်"

"ဆရာဝန်ကြီး ဆုံးစားခဲ့တာပေါ့လေ။ ကျွန်မအမေကို ဘကြီးသိမှာပါ။ ဒေါ်ကြာတဲ့။ သည်မြို့ကလေးမှာတော့ မိကြာပေါ့"

"ဟော..."

သည်တစ်ခါတော့ မြင်းလှည်းသမားကြီးရဲ့ နှုတ်ခမ်းတွေ ပွင့်ထွက်သွားသည်အထိ အံ့ဩသွားလေသည်။ ဖြာကျနေသည့် လမ်းမီးတိုင်များ၏ အလင်းရောင်အားကိုးဖြင့် မခင်သစ်ကို ရှုးရှုးစိုက်စိုက် ကြည့်နေသည်။ မြင်းလှည်းပေါ်မှာ တစ္ဆေသရဲတင်လာမိသလို အံ့ဩမှုဖြင့် တုန်ယင်နေသည်။

"ကျွန်မ သည်ကနေ့ည ဦးလရောင်ရဲ့အိမ်ကို ရောက်ခဲ့တယ်ဆိုတာလည်း ဘကြီး ဘယ်သူ့ကိုမှ မပြောစေချင်ဘူး။ ဆရာဝန်ကြီးရဲ့ကျေးဇူးကို အောက်မေ့တယ်ဆိုရင် ဒါတော့ ဘကြီး စောင့်ထိန်းစေချင်ပါတယ်ရှင့်"

မြင်းလှည်းသမားကြီးက ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း မခင်သစ်ကို တွေတွေကြီး ကြည့်နေသည်။ မခင်သစ် ဆိုလိုချင်တာကို သူ သဘောပေါက်ပုံရပါသည်။ ဇာတ်ရည်လည်သွားပုံမျိုးဖြင့် ပြုံးသည်။

"ကတိပေးပါသဗျာ၊ စိတ်သာချပါတော့ မိန်းကလေးရယ်"

မခင်သစ် ဆေးရုံဝင်းထဲ ဝင်လိုက်သည်။ ငယ်ဘဝက သည်ဆေးရုံဝင်းကလေးထဲမှာ နေခဲ့စဉ်က သိကျွမ်းခဲ့သူတချို့ကို သူ တွေ့ရဦးမည်။



သူ့ကို မမှတ်မိနိုင်ရင်တောင် တစ်ချိန်က သည်မြို့ကလေးသူ ဖြစ်ခဲ့ဖူးသော မိကြာရဲ့ သမီးကလေးကိုတော့ သူတို့ မေ့ကြဦးမည် မဟုတ်ပါ။

မနက်လင်းလျှင်တော့ မြို့ကလေးကို လျှောက်ကြည့်မည်။ တစ်ခါက သောက်သောက်စားစား တစ်ကိုယ်တည်းနေခဲ့သည်ဆိုသော ဖေဖေ့ အိမ်မည်းကြီး ရှေ့ကို သွားဦးမည်။ အမည်နှင့် ရာထူးရေးထားသည့် ကြေးပြားဆိုင်းဘုတ်ကလေးကတော့ မရှိနိုင်တော့။ ရှိလျှင်တောင် မိကြာဆိုသည့် မိန်းမသားတစ်ဦး နေ့စဉ် ထုရိုက်ထားခဲ့လို့ ပိန်ချိုင့်နေလိမ့်မည်။ ပြီးလျှင်တော့ စန်းစန်းတို့ရှိရာကို ဆက်သွားမည်။ မြို့ကလေးကိုတော့ မခင်သစ် နောက်ထပ် ရောက်နိုင်မှာ မဟုတ်တော့တာ သေချာခဲ့ပြီ။

[ကလျာမဂ္ဂဇင်း၊ ၂၀၀၂ ခုနှစ်၊ မေ]

❒

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သင်းကွဲနှင်းဆီ

ထိုနေ့က လေပျက်ကလေး ခပ်စိတ်စိတ်ကျနေသည်။ ကျွန်မချစ်သော ဇေကရာဇ်ပန်းလေးတွေ တဖြုတ်ဖြုတ် ကြွေကျနေပုံကိုတော့ မမြင်ရ။ ထို့အတူ ကိုလေးကိုလည်း မမြင်ရပါ။ လေရိုက်ဖြတ်သံ တဖြောက်ဖြောက်တို့ကြောင့် ပန်းပွင့်လေးတချို့ ကြွေကျနေမည်ကိုတော့ အသေအချာသိသည်လေ။

တံခါးပေါက်ဆီသို့ စမ်းတဝါးဝါး တိုးသွားရင်းနှင့် လေတစ်ချက်အဝှေ့ကြောင့် သစ်ကိုင်းတစ်ကိုင်းကျိုးကျသံကို ကြားလိုက်ရသည်။ လေဟာ သည့်ထက်များ ပိုပြင်းလာဦးမှာလား။ ပြီးတော့ မိုးကိုရော သယ်ဆောင်လာဦးမှာလား။ ကိုလေးရယ် ကျွန်မ လွမ်းလိုက်တာ။ သဲနု လွမ်းလိုက်တာ။ တံခါးပေါက်ဘောင်ကို ဆုပ်ကိုင်ရင်း ငိုမိသည်။ အသည်းနှလုံးထဲမှာတော့ ကိုလေးက နဂိုရှိရင်းစွဲအတိုင်း ငြိမ်သက်လို့နေသည်။

ကျွန်မ နေ့ရက်ယောင်းများတွင်မတော့ ကိုလေးရယ်၊ ကျွန်မရယ်၊ ပြီးတော့ ဇေကရာဇ်ပန်းလေးတွေရယ်၊ ဒါတွေပဲ ရှိစေချင်ပါတယ်။ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် မမျှော်လင့်တဲ့ လေပြင်းတွေ၊ မိုးခါးရေစက်တွေဟာ ဘာလို့များ ကျွန်မတို့ဆီ ရောက်လာရတာလဲ သိချင်သည်။ သို့သော် မသိချင်ပါ။ ကိုလေး၏ ညီညာလှပသော သွားလေးများနှင့် သွားတက်စွယ်လေး တစ်ဖက်ကို ကျွန်မ သိပ်ချစ်သည်။ အဲသည့် သွားတက်လေးနှင့် မာလကာသီးကို ကိုက်ဖြတ်ပြီး ကျွန်မကို စားစေခဲ့သည်။ ကိုလေးပါးစပ်ထဲမှ မာလကာသီးပဲ့လေးကို ကျွန်မ မရွံ့ပါ။ ထို့အတူ ကိုလေးကိုလည်း ကျွန်မ မရွံ့ခဲ့ပါ။

"သဲနု နင် နောက်ဖေးအိမ်က ကောင်လေးနဲ့ မပေါင်းနဲ့ ကြားလား။ သူ့အမေက ကိုယ်မကောင်းဘူးတဲ့"

မမကြီးပြောတော့ ကျွန်မ ခေါင်းကိုညိတ်ပြခဲ့သည်။ ကျွန်မတို့ တိုက်ကြီးပေါ်က စီးမိုးကြည့်လျှင် ကိုလေးတို့သားအမိနေသော အိမ်လေးက ပြားပြားဝပ်လို့နေသည်။ ကိုလေး၏အမေသည် ခြေတစ်ဖက်ဆာနေသလို လမ်းသွားလျှင် တဆတ်ဆတ်ဖြစ်လို့နေသည်။ အသားအရေက ခြောက်ခန်းခန်းရှိပေမယ့် မျက်လုံးအစုံက ဝိုင်းကြည့်လို့နေသည်။ မနက်လင်းလျှင် ပန်းဗန်းကြီး ခေါင်းပေါ်ရွက်၍ -

"ဟောဒီက ဘုရားပန်း လှတယ်တော့်"

လို့ အော်အော်ပြီး ကျွန်မတို့တိုက်ရှေ့က ဖြတ်ဖြတ်သွားတတ်သည်။ မေမေသည် ဘယ်သောအခါမှ ကိုလေးအမေထံမှ ဘုရားပန်း ဝယ်မလှူပါ။ ကိုလေးတို့ ခြံလေးထဲတွင် သစ်ပင်ပန်းပင် များစွာရှိသည်။ ရေတွင်း တစ်တွင်း ရှိသည်။ ကျွန်မတို့ခြံနှင့် ကပ်လျက် သပြေပင်ကြီးဆီ အရွက်နုလေးတွေ ရှန်းစိုနေသည်။ စံပယ်ရုံတန်းလေးများကြားမှာ သဇင်ပင်ပုလေးတွေ စီတန်း၍နေသည်။ နှင်းဆီရောင်စုံများနှင့် ကျွန်မ အမည်မခေါ်တတ်သော ပန်းပင်တွေ အများကြီးရှိသည်။ ကိုလေးတို့ အိမ်မျက်နှာစာမှာ



ပေါက်နေသော မာလကာပင်ကြီး နှစ်ပင်ကိုတော့ ကျွန်မ သဘောအကျဆုံး ဖြစ်သည်။ တစ်ပင်က အူဖြူ၊ တစ်ပင်က အူနီ၊ စားလို့ သိပ်ချိုသည်။ ကျွန်မတို့ သည့်တိုက်ကို ပြောင်းလာလာချင်းပင် ကျွန်မ ပထမဦးဆုံး သတိထားမိသည်မှာ ကိုလေးတို့ခြံကလေးပင် ဖြစ်သည်။

"မေမေ သမီး ဟိုဘက်ခြံသွားချင်တယ်"

"အို ဘာလို့သွားရမှာလဲ သမီး၊ ကိုယ့်ခြံဝင်းထဲမှာပဲ ဆော့နော်"

ကျွန်မ လက်ညှိုးလေးကို ငုံခဲရင်း တစ်ဖက်ခြံကို တွေစိုက်ကြည့်ဆဲမှာပင် ကိုလေးကို မြင်လိုက်ရသည်။ ကိုလေးက စွပ်ကျယ်ချိုင်းပြတ် ဝါကျင့်ကျင့်နှင့် ဇင်ပြာဘောင်းဘီတိုလေးနှင့် ပန်းပင်တွေ ရေလောင်းနေလေသည်။

"ရှိး... ရှိး"

ကျွန်မက လှမ်းခေါ်တော့ ကိုလေးက လှည့်ကြည့်သည်။ ပြီးတော့ ရယ်ပြသည်။ သွားတက်စွယ်လေးတစ်ဖက်ကို အဲသည်ကတည်းက ကျွန်မ မြင်ခဲ့တာပါ ကိုလေး။ ကျွန်မနဲ့ ကိုလေး ဦးစွာခင်မင်ပြီးမှ မမကြီးနှင့် မမလေးတို့က ကိုလေးနှင့် ခင်ရသည်။ ဒါပေမယ့် ရက်က သိပ်မကြာလိုက်။ ဟိုဘက်ခြံက မိန်းမကြီးက ကိုယ်မသန့်ဘူးဆိုတဲ့သတင်း ကျွန်မတို့ဆီ ရောက်လာခဲ့တယ် ကိုလေး။ မမကြီးက လုံးဝ အဆက်အသွယ်မလုပ်တော့ပေမယ့် ကျွန်မနဲ့ မမလေးတို့က ခိုးသွားသည်။ ပြီးတော့ ကိုလေး ကျွေးသော မာလကာသီးတွေကိုလည်း ခိုးစားသည်။

ကိုလေးနှင့် ကျွန်မတို့ ညီအစ်မနှစ်ယောက် တစ်ကျောင်းတည်း အတူတက်ကြရသည်။ မမကြီးက အထက်တန်းကျောင်းမှာမို့ ကျွန်မတို့နှင့် မတူခဲ့ပါ။ ဒါသည်ပင် ကိုလေးနှင့် ကျွန်မတို့အတွက် ခင်မင်ရင်းနှီးမှု ပိုစေခဲ့သော အချက်ဖြစ်သည်။ ကိုလေးနှင့် မမလေးက တစ်တန်းတည်း

www.burmeseclassic.com



တစ်ခန်းတည်း။ ကျွန်မက ငါးတန်းကျောင်းသူဆိုတော့ အတန်းမတူခဲ့ပါ။ သို့သော် မမလေးရှိရာ နှစ်တန်းဆောင်ဘက် ခဏခဏ သွားခဲ့သည်။ မမလေးဆီ သွားချင်တာထက် ကိုလေး ယူလာတတ်သော မာလကာသီးကြီးတွေ လိုချင်၍ပဲ ဖြစ်သည်။ ကျွန်မတို့အိမ်က ကားလာမကြိုမချင်း ကျောင်းရှေ့ ရေတမာပင်ကြီးအောက်မှာ ကိုလေးက အတူထိုင်စောင့်ပေးသည်။ ရယ်စရာမောစရာလေးတွေ ပြောကြရင်း ကျွန်မ ပျော်ခဲ့သည်။

အဆင့်အတန်းတို့ အရှိန်အဝါတို့ရဲ့ လွှမ်းမိုးမှုဟာ ကြောက်စရာတော့ကောင်းသား ကိုလေးရယ်။ ခရီးချင်းတူပါလျက် တစ်ပုံစီ သွားကြရသည်။ ကျွန်မတို့ ကားပေါ်တက်ထိုင်ချိန်မှာ ကိုလေးက လမ်းစလျှောက်ရသည်။

"တို့က မြေပြင်ပေါ်မှာ ခြေချနေကျ လူတန်းစားတွေပါဟာ။ နင်တို့လို ကားကြီးမျိုးစီးနိုင်လည်း ငါ မြေပြင်ပေါ်မှာပဲ လမ်းလျှောက်မယ်"

သည်တုန်းက ကိုလေးရဲ့စကားတွေကို ကျွန်မ နားမလည်ခဲ့ပါ။ ဘဝချင်းမတူညီမှုကို ဆိုချင်တယ် ထင်ခဲ့မိသည်။ သို့သော် ဘဝချင်းတူညီမှု မတူညီမှုကို ဘာနဲ့သတ်မှတ်သလဲဆိုတာ တွေးမိလျှင် ကျွန်မ ရင်မောရပြန်သည်။

သြော်... ကိုလေး၊ နတော့ ဘဝချင်းပင် ခြားသွားခဲ့ပါပြီ။

(၂)

ဖေဖေ၊ မေမေနှင့် မမကြီးတို့ မရှိသောတစ်ရက်တွင် ကျွန်မတို့တိုက်သို့ ကိုလေးကို အတင်းဆွဲခေါ်ခဲ့ကြသည်။ ကိုလေး၏ မျက်ဝန်းထဲတွင် အံ့ဩရိပ်များ စွန်းထင်းနေသည်။ ကျွန်မတို့ တိုက်ကြီးထဲမှ ပစ္စည်းများကို ငေးမော ကြည့်ရှုနေသော ကိုလေးမှာ စကားတစ်ခွန်းပင် မဆိုနိုင်ခဲ့။



ပြီးတော့ မျက်နှာ ခပ်တည်တည်ကြီးနှင့် ကျွန်မတို့ကျွေးသော အစားအစာအားလုံးကို ငြင်းဆန်ခဲ့သည်။

"ငါ မစားပါရစေနဲ့ဟာ"

"စားစမ်းပါ ကိုလေးကလည်း ရော့"

ကျွန်မက မုန့်ကို ကောက်ယူကာ ကိုလေးပါးစပ်ထဲ အတင်းခွံ့မည်ပြင်တော့ ကိုလေးက ကျွန်မလက်ကို တွန်းဖယ်ပစ်သည်။

"မစားချင်ဘူး။ နင်တို့ကျွေးတာ စားပြီးရင် ငါ အိမ်မပြန်ရဲဘူး"

"ဟင်... ဘာလို့"

"ငါ့အမေထက် ပိုပြီး ဘာတစ်ခုမှ မခံစားချင်ဘူး။ အခုအချိန်မှာ အမေဟာ လမ်းပေါ်မှာ ပန်းတွေရောင်းနေမှာဟ။ ငါ ဒါတွေစားနေလို့ တရားပါ့မလား"

အို... ကိုလေးရယ်၊ သည်လိုအတွေးမျိုး ကျွန်မတို့ထံမှာ ဘယ်တုန်းကမှ မရှိခဲ့ပေမယ့် ကိုလေးမှာ အချိန်မရွေးရှိနေတာ အသေအချာပါပဲ။ ကိုလေးကို သနားလွန်း၍ ကျွန်မ မျက်ရည်ဝိုင်းခဲ့ရသည်။ သည်နောက်တော့ ကိုလေးတို့ အိမ်ဘက်သို့ မုန့်တွေ ခိုးပို့သည့်နည်းလမ်းကို ကျွန်မတို့ ကျင့်သုံးခဲ့ကြသည်။ ကိုလေးရဲ့အမေက...

"သမီးတို့ရယ် ဘာမှ မယူခဲ့ကြပါနဲ့။ ဒေါ်ဒေါ်တို့ မစားချင်ဘူး။ တကယ်ပါ။ ကိုယ်မိဘပစ္စည်းဆိုပေမယ့် အရာရာမှာ ပွင့်လင်းရိုးသားမှ တန်ဖိုးရှိပါတယ်ကွယ်။ သမီးတို့ နောက်တော့ကျွေးပေါ့၊ ဟုတ်လား"

ကိုလေး၏အမေသည် ရုပ်ရည်ချောမော၍ ရိုးသားဖြူစင်သူ ဖြစ်သည်။ အများ ထင်ကြပြောကြသလို ကိုယ်မကောင်းသော အရိပ်လက္ခဏာကို ထိုစဉ်က ကျွန်မတို့ မတွေ့ခဲ့ရ။ ဝိုင်းစက်ကြည်လင်သော မျက်လုံးအစုံတွင် မေတ္တာရည်များ ဖိတ်လက်နေသည်။ နေလေးထားသော

www.burmeseclassic.com

www.burmeseclassic.com



အသားညိုညိုတွင် ထင်နေသည့် အကွက်များကို တင်းတိပ်များဟု ကျွန်မ ထင်ခဲ့သည်။ သူတို့ ကျွေးသမျှ သစ်သီး၊ ပေးသမျှ ပန်းပွင့်တို့ကို ကျွန်မတို့ ယူသော်လည်း ကျွန်မတို့ပေးကမ်းသည့် မည်သည့်အရာကိုမဆို လက်မခံခဲ့ကြ။ ကျွန်မ ရင်ထဲတွင် တစ်နေ့နေ့တော့ သူတို့မေတ္တာစေတနာကို တုံ့ပြန်ပေးဆပ်မည်ဟု အားမှတ်ခဲ့သော်လည်း

သြော်… ခြံကလေးထဲတွင် ကိုလေးတို့သားအမိ မရှိကြတော့ပြီပဲ။ ကျွန်မ ရင်မှာဆို့နင့်ကြေကွဲစွာဖြင့် ခြံထောင့်မှ ဇကရာဖ်ပင်ဆီသို့ စမ်းလျှောက်ခဲ့သည်။ လေက တိုးဝှေ့ဆဲမို့ ကျွန်မဆံပင်တွေက တလွင့်လွင့်။ ကြည့်စမ်း၊ ဟောဒါ ဇကရာဖ်ပန်းပွင့်လေးတွေပဲ။

“ဒါ ဇကရာဖ်ပင်လို့ခေါ်တယ်။ အပွင့်ဖြူဖြူလေးတွေ ပွင့်တာ။ သိပ်လှတာပဲ။ အပွင့်လေးတွေကို ဖွတ်မြီးထိုးပြီး အရည်ကြီးကုံးလို့ ရတယ်။ ဒီအပင်ပွင့်ရင် နင်တို့ကို ငါ သီပေးမယ်”

ကိုလေးရေ ဇကရာဖ်ပန်းတွေ ပွင့်နေပါပြီ။ ကြွေနေပါပြီ။ ဒါပေမယ့် ကိုလေး ဘယ်မှာလဲ။ ကျွန်မက မသီကုံးတတ်လေတော့ ပန်းကြွေတွေကိုပဲ ကောက်နေရတယ် ကိုလေးရယ်။

“ဖြူဉနဲ့ သဲနု ဒီကိုလာစမ်း။ နင်တို့ ဟိုဘက်အိမ်သွားပြီး ဟိုမိန်းမကြီးကျွေးတဲ့ သဘော်သီးတွေ စားတယ်ဆို၊ ဟုတ်လား”

“မ… မစားပါဘူး မမကြီးရဲ့၊ သွားလည်း မသွားပါဘူး”

မမလေးက ငြင်းဆိုပေမယ့် ကျွန်မ တစ်လုံးမျှ အဖြေမပေးခဲ့ပါ။ စားတော့ ဘာဖြစ်သလဲ မမကြီးရယ်။ သူတို့က မမကြီးတို့ထင်သလို မဟုတ်ပါဘူး။ ကျွန်မ ရင်ထဲက တီးတိုးဆိုမိသည်။ အဲသည်တုန်းက မမကြီးရဲ့ တုတ်ချက်တွေထက် မမကြီးရဲ့စကားတွေက ကျွန်မရင်ကို နာကျင်စေခဲ့သည်။



“အေး… နင်တို့စားရင် ကိုယ်ပျက်လိမ့်မယ် သိလား။ သူတို့က အနူတွေဟဲ့ အနူတွေ”

ရင့်ရင့်သီးသီး စကားဆိုခဲ့သော မမကြီးကို မုန်းခဲ့မိသည်။ လူတွေ့ရဲ့ စကားထိုးစစ်အောက်မှာ ကိုလေးတို့သားအမိ နစ်မျောနေသည်ဟု ထင်ခဲ့မိသည်။ ကိုလေးတို့ရဲ့ ဖြူစင်သော အသည်းနှလုံးအစုံကို ရင်းနှီးခင်မင်ခဲ့ရပြီမို့ ဘာကိုမျှ ကျွန်မ မမြင်တတ်ခဲ့။ သို့သော် ကြိုတင်မှန်းဆမရတဲ့ လေပြင်းတွေ၊ မိုးခါး ရေစက်တွေ၊ ယက်ပိုင်းကျိုးသွားသော သစ်ကိုင်း အပိုင်းအစတွေ။

“အား” အလန့်တကြား ကျွန်မ အော်ဟစ်ပစ်လိုက်သည်။ ထစ်ချုန်းလိုက်သော မိုး၏ ဟိန်းဟောက်သံက နားကွဲလုမတတ်။ ကျွန်မ ကိုယ်ပေါ်မှာ မိုးသီးမိုးပေါက်တွေ ပြိုကျလာသည်။ ဇကရာဖ်ပန်းတွေ တရစပ် ကြွေကျလာသည်။ ကျွန်မလက်ထဲက ဇကရာဖ်ပွင့်တွေကို တအားဆုပ်ချေလိုက်မိသည်။ စိုအိစေးထန်းသော အရည်တွေ လက်ကြားမှ ယိုစီးကျလာသည်။

ပန်းပွင့်ရဲ့ သွေးသွေးရည်တွေ။ အို… မဟုတ်ဘူး။ သွေးတွေ… မမလေးရဲ့ သွေးတွေ။ ပြီးတော့ ကျွန်မရဲ့သွေးတွေ။

“သဲနု”

မေမေ့အသံကို ကြားလိုက်ရပြီးတဲ့နောက်မှာတော့ ကျွန်မအသိတွေ ဝေဝါး ပျောက်ကွယ်သွားသည်။

(၃)

မမကြီးရိုက်လိုက်ကတည်းက ကျွန်မတို့ ကိုလေးတို့အိမ်ဘက်သို့ သိပ်မကူးရဲကြတော့ပါ။ ထိုစဉ်က ညတိုင်းလိုလို ကိုလေးကို မကာခကာ

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်မက်နေသည်။ ရွှန်းလက်သော မျက်ဝန်း၊ ဖြောင့်စင်းသော နှာတံ၊ ရဲရဲနီနေသော နှုတ်ခမ်း၊ ပြီးတော့ သွားတက်စွယ်လေးတစ်ဖက်။ အိပ်မက်ထဲတွင် ကိုလေးက ပိုပြီး ချောနေသေးတော့၏။ ကိုလေးနှင့်အတူ ရယ်မောစကားပြောနေစဉ် ရင်တွေခုန်နေ၏။ မာလကာသီးတွေ အများကြီးစားရ၏။ မာလကာသီးတွေက အိပ်မက်ထဲမှာပင် ချိုနေသည်။ ကိုလေး၏ လက်ချောင်းများဖြင့် ကျွန်မဆံပင်တွေကို ထိုးဖွလိုက်ချိန်မှာ အိပ်မက်မှ လန့်နိုးတော့သည်။ အပြာနုရောင် မီးလုံးလေးအောက်တွင် တစ်ညလုံး အိပ်မပျော်တော့ဘဲ အိပ်မက်ထဲက ကိုလေးကို ပြန်ပုံဖော်ရင်း ကြည်နူးမိလေသည်။

မမကြီး ရန်ကုန်တက္ကသိုလ်တက်နေစဉ်မှာ မမလေးနှင့် ကိုလေးတို့ ဆယ်တန်းတက်ရသည်။ ကျွန်မက ရှစ်တန်း။ အရွယ်တွေ ကြီးပြင်းလာသလို သံယောဇဉ်တွေက ပိုမိုခိုင်မာလာသည်။ ကိုလေးတို့ အထက်တန်းကျောင်းပြောင်းသွားတော့ ရေတမာပင်လေးအောက်မှာ ထိုင်ရင်း ကျွန်မတစ်ယောက်တည်း ဝမ်းနည်းနေတတ်သည်။ တစ်နေကုန် တစ်နေခန်း မတွေ့ရသော ကိုလေးကို တွေ့ချင်မြင်ချင်လွန်းသဖြင့် အပေါ်ထပ်မှ ခိုးခိုးကြည့်ရသည်။ ကိုလေးတို့ခြံဘက်သို့ ကူးဖို့ရာလည်း ခါတိုင်းလို မလွယ်ကူတော့။ ကိုလေးနှင့် မတွေ့တာ သုံးလေးရက်ကြာလာလျှင် ကျွန်မ ငိုချင်လာမိသည်။ မမလေးကို မေးတော့…

"ကိုလေးက ငါနဲ့လည်း သိပ်မျက်နှာချင်းမဆိုင်ဘူး။ တစ်ခါတလေ ငါက သွားစကားပြောရင်တောင် သူက ခပ်တည်တည်ရယ်"

"သဲနုကိုရော သူ မမေးဘူးလား"

မမလေးက ကျွန်မကို ဆွေးမြေ့စွာ ကြည့်သည်။ မမလေး၏ မျက်ဝန်းထဲတွင် မျက်ရည်စများ ရစ်ဝဲနေသည်။

"မမေးပါဘူးဟာ"



ကျွန်မရင်ထဲမှာ ကြေကွဲဆို့နင့်ရပါသည်။ အခုတလော ကြားရသည့် ကိုလေးအမေရဲ့ သတင်းကလည်း မကောင်းလှပါ။ ကျန်းမာရေး မကောင်းသဖြင့် ပန်းလည်း ထွက်မရောင်းတော့။ အရပ်ထဲတွင် ကိုလေးအမေ ကိုယ်ပျက်နေပြီဆိုသော စကားကို ပြောနေကြသည်။ ကိုလေးတို့ခြံဘက်ကို ခိုးသွားနိုင်ရန် ကျွန်မ အမြဲစောင့်စားနေခဲ့ရသည်။ မေမေနှင့် မေမေတို့ မြို့ထဲအသွား မမလေးက အခန်းထဲမှာစာကျက်နေသော ညနေ ဆည်းဆာလေးတစ်ခုမှာ ထိုအခွင့်အရေးကို ကျွန်မရခဲ့သည်။ ကိုလေးတို့ခြံထဲသို့ ခပ်သုတ်သုတ်ဝင်၍ ကိုလေးကို ရှာသည်။ မာလကာပင်ထောင့်မှာ ကိုလေး စာကျက်နေသည်။ ကျွန်မ ခြေသံကို မကြားအောင် ခပ်ဖွဖွလေးသွားရင်း နောက်မှ ကိုလေးမျက်နှာကို လက်ဖဝါးဖြင့် ပိတ်လိုက်သည်။

"သဲနု မဟုတ်လား"

အို… ပျော်လိုက်တာ။ ကိုလေး ကျွန်မကို သိတယ်နော်။ ရင်မှာ ကြည်နူးစွာဖြင့် ကိုလေးမျက်နှာကို တင်းတင်းကြပ်ကြပ် ပိတ်ထားလိုက်မိသည်။ ကျွန်မ လက်ကိုဖယ်မပေးသဖြင့် ကိုလေးက အတင်းဖယ်ချလိုက်စဉ်မှာတော့ ကိုလေးရဲ့ လက်ဖဝါးနှစ်ဖက်ကြားမှာ ကျွန်မ လက်ကလေး တဆတ်ဆတ် တုန်ယင်နေသည်။ ကျွန်မတစ်ကိုယ်လုံးလည်း သစ်ရွက်ကလေးတစ်ရွက်လို တုန်နေသည်။

"ဘာလာလုပ်တာလဲ သဲနု"

"ဟာ… ကိုလေးကလည်း အလည်လာတာပေါ့လို့၊ ဒေါ်ဒေါ်ရော"

ကိုလေးမျက်နှာဟာ ခါတိုင်းနဲ့မတူ မှုန်တေနေသည်။

"အိပ်နေတယ်"

အသံကလည်း ပြတ်တောက်လိုက်တာ ကိုလေးရာ။ အဲသည်တုန်းက ကိုလေးကို ကျွန်မ စိတ်ဆိုးခဲ့မိသေး၏။ ကိုလေးကို မျက်စောင်း

www.burmeseclassic.com



တစ်ချက်ထိုးပြီး အိမ်လေးထဲ ပြေးအဝင်၊ ကိုလေးက လှမ်းအဆွဲ၊ ကိုလေး အမေက အိမ်ကလေးထဲကအထွက်။ အဖြစ်အပျက်တွေက မြန်ဆန်သလောက် အံ့သြစရာကောင်းလွန်းသည်။

ကြည့်စမ်း… ကြည့်စမ်း ကိုလေးရဲ့အမေဟာ ကျွန်မ မှင်သက်မိကာ ကိုလေးရဲ့အမေကို ကြည့်နေမိသည်။ နီရဲဖူးရောင်နေသော မျက်နှာမှာ အဆီပြင်တစ်ခုကဲ့သို့။ ပြီးတော့ လက်တွေ၊ ခြေတွေမှာ အနာတွေလား။

"သဲနု၊ နှင် ပြန်စမ်း။ နောက်ကို ငါတို့ခြံထဲ ဘယ်တော့မှ မလာခဲ့နဲ့။ သွား…"

ကိုလေးက အော်ဟစ်ပြီး ကျွန်မကို ခြံထဲမှ ဆွဲထုတ်သည်။ ကြောက်အားလန့်အားဖြင့် အိမ်သို့ တစ်ရှိန်ထိုးပြေးဝင်ခဲ့သည်။ အခန်းထဲရောက်တော့ အိပ်ရာပေါ် ဝမ်းလျားမှောက်လှဲ၍ ငိုသည်။ ရင်တွေ တဒိတ်ဒိတ် ခုန်လျက် မြင်ကွင်းကို ဖျောက်ဖျက်မရ။ ခုတော့ ကျွန်မ မယုံကြည်မှုကို ကျွန်မကိုယ်တိုင် လက်ဖြင့် ဆုပ်ကိုင်ခဲ့ရသလို လိပ်ပြာလေး တဆတ်ဆတ်တုန်နေသည်။ မမလေးက စာကျက်နေရာမှ ကျွန်မထံ ပြေးလာသည်။ မမလေးကို ဘာမှမပြောဘဲ ဆက်၍ ဆက်၍ ကျွန်မ ငိုပါသည်။

"သဲနု နှင် ကိုလေးအမေကို တွေ့ခဲ့တယ်မှတ်လား"

ကျွန်မ မော့ကြည့်လိုက်တော့ မမလေး၏ မျက်ဝန်းမှ မျက်ရည်များ သွယ်တန်းကျလာသည်။

"ဟိုတစ်နေ့က ငါလည်း ကိုလေးတို့ခြံဘက်ရောက်တယ်။ ဒေါ်ဒေါ်ကိုတွေ့တော့ ငါ လန့်လိုက်တာဟယ်။ ငါ အဲဒီနေရာမှာပဲ ငိုမိတယ်။ ပြီးတော့ ကိုလေးလည်း ငိုတယ် သိလား သဲနုရဲ့။ ကိုလေး ငိုတယ်"

ကျွန်မတို့၏ မျက်ရည်နေ့များတွင် ကိုလေးကို မတွေ့တော့ပါ။



မမလေးထံမှ သက်ပြင်းရှိုက်သံများကိုသာ နားထောင်ရင်း ကိုလေးကို ကျွန်မ လွမ်းခဲ့ရသည်။

## (၄)

မမလေး ဆယ်တန်းကျ၍ ကိုလေး ဆယ်တန်းအောင်သည်။ ကျွန်မ ရင်မှာ အတိုင်းအဆမရှိ ပျော်မိသည်။ ထိုသတင်းကြားပြီးကတည်းက ကိုလေးကို ကျွန်မ ရှာဖွေနေမိသည်။ ကိုလေးတို့ခြံကလေးကို ခိုးခိုးကြည့်ရသည်မှာ အမော။ ကိုလေး ပျော်နေမလား။ ဘာတွေ ဆက်လုပ်မလဲ ကျွန်မ သိချင်နေသည်။ မမလေးကတော့ စာမေးပွဲကျ၍ ရှက်နေသဖြင့် အခန်းထဲက မထွက်။

"ဟော… ဟိုမှာ ကိုလေး ခြံထဲကထွက်လာပြီ"

ခြံထဲမှ ထွက်သွားသော ကိုလေးနောက်သို့လိုက်ရန် အောက်ထပ် ပြေးဆင်းလာတော့ မေမေနှင့် တန်းတိုးနေသည်။ မေမေ့ကို သူငယ်ချင်းအိမ် သွားလည်ချင်တယ်ဟု ပြောကာ ခပ်တည်တည်ဖြင့် ထွက်ခဲ့၏။ ကိုလေး နောက်သို့ ကားကို အတင်းမောင်းခိုင်းရသည်။ ခေါင်းငိုက်စိုက်ချထားသော ကိုလေးမှာ ကျော်တက်လာသော ကျွန်မတို့ကားကို မြင်ဟန်မတူပါ။

"ဦးလေး ဟိုရှေ့က သစ်ပင်အောက်မှာရပ်"

ကားပေါ်မှဆင်းကာ ကိုလေးကို ကြိုစောင့်နေလိုက်သည်။ ကျွန်မကို မြင်တော့ ကိုလေး မျက်နှာတစ်ချက် ပျက်သွားသည်။ ကျွန်မအနားသို့ ကိုလေး ရောက်လာသည့်အထိ မပြုံးသေး။

"ကိုလေး ဆယ်တန်းအောင်တာ သဲနုကို ဘာကျွေးမလဲ"

ရင်မှာ တင်းကျပ်နေသော်လည်း ပေါ့ပါးဟန်ဖြင့် ပြောရသည်။ သည်တစ်ခါတော့ ကိုလေးမျက်နှာ ပြုံးယောင်သမ်းလာသည်။ အသေအချာ

www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်သောအခါ နှာကျင်ကြေကွဲသောအပြုံး ဖြစ်နေသည်။ သို့သော် ကိုလေး၏ ဟန်ပန်က နူးညံ့ပျော့ပျောင်းနေပြန်သည်။

"ကျေးမယ်လေ၊ ဘာစားမှာလဲ"

"မာလကာသီး"

ကိုလေး၏ မျက်ဝန်းများ စိုလက်လာသည်။ ပြီးတော့ အားပါးတရ ရယ်လေသည်။ ကိုလေး၏ သွားတက်စွယ်လေးတစ်ဖက်ကို ကျွန်မ ငေးစိုက် ကြည့်နေမိသည်။ ရယ်ရင်းမှ တစ်ခုခုကို သတိရဟန်နှင့်...

"ဖြူဥ... ဖြူဥရော မပါဘူးလား"

"မပါဘူး ကိုလေး၊ မမလေး အခန်းထဲမှာ ငိုနေတယ်။ ကိုလေး အားပေးဖို့ကောင်းတယ်"

ကျွန်မက ပိုပိုသာသာပြောလိုက်တော့ ကိုလေး စိတ်မကောင်း ဖြစ်သွားသည်။ ကိုလေးသည် ကျွန်မထက် မမလေးကို ပို၍ သံယောဇဉ် တွယ်သူ ဖြစ်သည်။ အေးလေ သူတို့က အရွယ်တူ အတန်းတူတွေပဲ မှတ်လား။

"အေးဟာ ငါ့အောင်မယ့်အစား ဖြူဥသာ အောင်လိုက်ပါတော့။ ငါတို့လိုလူမျိုးတွေ ဆယ်တန်းအောင်လို့လည်း ဘာမှ မထူးခြားပါဘူး။ ငါ့အမေ စိတ်ချမ်းသာအောင်လို့သာ ကြိုးစားခဲ့တာပါ။ ငါ ကျောင်းဆက် မတက်ဘူး"

"အို... ဘာဆိုင်လို့လဲ ကိုလေးမှ..."

"နင် ဘာမှမပြောနဲ့တော့ သဲနု။ ငါတို့ကို လူတွေက ခွေးတစ် ကောင်လို ရွံရှာကြောက်ရွံ့ကြတယ်။ ဆေးဆေးက ရှောင်ကြတယ်။ ဒါပေမယ့် ငါ လူပဲ... လူ။ ဘယ်လိုခံစားရမလဲ စဉ်းစားကြည့်စမ်းပါ။ ငါ အများကြီး လုပ်ချင်တာပေါ့။ ဖြစ်ချင်တာပေါ့"



ဒေါသတွေ ပေါက်ကွဲနေသော ကိုလေးကို နားမလည်စွာ မျက်လုံး အဝိုင်းသားဖြင့် မော့ကြည့်နေမိသည်။ ကိုလေး ဒေါသထွက်နေခြင်းမှာ ကျွန်မကို မဟုတ်မှန်း သိပါသည်။ ကျွန်မ မျက်နှာလေး ငယ်သွားတော့ ကိုလေးက...

"ဆောရီး သဲနုရာ၊ ငါ လူတစ်ယောက်နဲ့ စကားများလာလို့ပါ။ နင် ဘယ်သွားမလို့လဲ"

"ဟို... စုစုမာတို့အိမ်"

ကျွန်မလည်း ပါးစပ်ထဲတွေ့ရာ ပြောချလိုက်သည်။

"ငါ ဖြူဥကို တွေ့ချင်တယ်။ အားပေးချင်တယ်။ ပြီးတော့ နှုတ်ဆက်ချင်တယ်"

ကိုလေး ဘာကိုဆိုလိုတာလဲ။ ကျွန်မ မစဉ်းစားတတ်ပါ။ ကိုလေး နှင့် ကျွန်မတို့ ခင်မင်တွယ်တာခဲ့ရသည့် တစ်လျှောက်လုံး နိုးကြောင်နိုးဝှက် နိုင်လှသည်။ ခြံချင်းကပ်နေပါလျက် အလှမ်းဝေးခဲ့ရသည်။ ကလေးဘဝမှာ၊ ကျောင်းမှာ၊ ကိုလေးတို့ ခြံလေးထဲမှာ အမြဲတမ်း ဖေဖေ၊ မေမေနှင့် မမကြီးတို့ မသိအောင် လှုပ်ရှားခဲ့ရသည်။ တစ်ခါတစ်ရံ သဘာဝတရား ကြီးကို အပြစ်တင်ချင်သလို တစ်ခါတစ်ရံမှာတော့ အဖြစ်အပျက်အားလုံး ကို မေ့ပျောက်ထားချင်သည်။

"သဲနု မနက်ဖြန် ဒဂါးချောင်းဘက်ကို နင်နဲ့ ဖြူဥနဲ့ လာခဲ့။ ငါ စောင့်နေမယ်"

"ကိုလေး"

ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားသော ကိုလေးနောက်သို့ ကျွန်မ ပြေးလိုက်ဖို့ စိတ်ကူးမိသော်လည်း မလိုက်ဖြစ်ခဲ့ပါ။ နေအပူ၊ လမ်းအပူ နှစ်ခုအကြားမှာ လျှောက်နေသော ကိုလေး။ ကိုလေးကို ကျွန်မ သနား

www.burmeseclassic.com

www.burmeseclassic.com



သည်။ မမလေးကိုလည်း သနားသည်။ အို… အားလုံးကို ကျွန်မ သနားသည်။

(၅)

ဒင်္ဂါးချောင်းရေသည် နောက်ကျိစွာ စီးဆင်းနေသည်။ အမှိုက်သရိုက်များနှင့်အတူ ခွေးသေကောင်ပုပ်တစ်ကောင် မျောလာသည်။ ကျွန်မတို့မြို့လေးအောမှာ ဖြတ်စီးနေသော ဒင်္ဂါးချောင်းသည် မည်သည့်အရပ်က လာ၍ မည်သည့်အရပ်သို့ စီးဆင်းနေခြင်းကို ကျွန်မ မသိပါ။ ကျွန်မ သတိထားမိသည်မှာ ဒင်္ဂါးချောင်းရေသည် သန့်ရှင်းကြည်လင်မှု မရှိသည့်အပြင် အမြဲတမ်း နံဟောင်နေတတ်ခြင်းပင် ဖြစ်သည်။ သို့သော် ချောင်းကလေးက လှပနေသည်။

ကျွန်မနှင့် မမလေးတို့ ဒင်္ဂါးချောင်းဘက်ဆီသို့ လစ်ထွက်ခဲ့ကြသည်။ ထနောင်းပင်အောက်မှာ ကိုလေး စောင့်နေသည်။ ကိုလေးနှင့် ကျွန်မတို့ ချောင်းနံဘေး သဲစပ်လမ်းကလေးအတိုင်း လျှောက်၍ သစ်သားတံတားလေးကို ဖြတ်ကာ မြို့ပြင် ကားလမ်းမကြီးဘက် ထွက်ခဲ့ကြသည်။ ကားလမ်းမ၏ ဟိုမှာဘက်ရှိ သိမ်တော်ကြီးဘုရားဝင်းအတွင်း ဝင်ခဲ့ကြသည်။ ခရေပင်ကြီးကို ဝိုင်းပတ်ထားသော အုတ်ခုံလေးပေါ်မှာထိုင်ရင်း ကိုလေးမျက်နှာကို ကျွန်မ ခိုးကြည့်ဖြစ်သည်။

ကိုလေးဟာ ပိန်ကျသွားလိုက်တာ။ ကိုလေး နေလို့မကောင်းရဲ့လား။ အမေကော နေကောင်းရဲ့လား။ ကိုလေးရယ် အဲသည်ကတည်းက ကျွန်မ ရင်ထဲမှာ တစ်စုံတစ်ခုဖြစ်ပေါ်လာမယ့် နိမိတ်ပုံကို ဆုပ်ဖမ်းနေရသလိုပါပဲ။

"ဖြူဥ၊ နင် စာမေးပွဲကျတာ ငါ စိတ်မကောင်းပါဘူး။ နောက်နှစ်



မှာ ကြိုးစားဖြေပေါ့ဟာ၊ နင် အောင်မှာပါ။ သဲနုလည်း ကိုးတန်းရောက်ပြီဆိုတော့ နင်တို့ညီအစ်မ တစ်ကျောင်းတည်း တက်ရပြီပေါ့"

မမလေးက သိမ်တော်ကြီးဘုရားစေတီမှ ဆည်းလည်းလေးများကို ငေးကြည့်နေသည်။ ကျွန်မက ကိုလေးနှင့် မမလေးကို တစ်လှည့်စီ အကဲခတ်ရင်း ဝမ်းနည်းနေမိသည်။

"နင်ရော ကိုလေး"

မမလေးက မေးတော့ ကိုလေး မဖြေပါ။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း တခြားဘဝတစ်ခုမှာ ကျင်လည်နေသူပမာ ငေးငေါင်နေသည်။

"ငါ ဘာမှ ကြိုမပြောပါရစေနဲ့။ တစ်နေ့နေ့တော့ နင်တို့ ငါ့ကို နားလည်လာကြမှာပါ"

ခရေသီးလေးတစ်လုံးက ကိုလေး ပခုံးစွန်းပေါ် ကြွေကျသွားသည်။ ကျွန်မနှင့်တွေ့တိုင်း ဆူပူငေါက်ငမ်းလေ့ရှိသည့် ကိုလေးမှာ မမလေးနှင့်ကျနူးညွှံနေသည်။

"ဘုရင်ကြီးတစ်ပါးအကြောင်း ပုံပြင်လေးတစ်ပုဒ် ငါ ကြားဖူးတယ်။ အဲဒီဘုရင်ကြီးဟာ မှော်ဆရာကြီးတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ကြသတဲ့။ မှော်ဆရာကြီးက သူ့ကို ဆုနှစ်ဆု တောင်းခိုင်းတယ်။ အဲဒီတော့ ဘုရင်ကြီးက အနာဂတ်မှာဖြစ်လာမယ့် အဖြစ်အပျက်တွေကို အပြည့်အစုံ မြင်ရပါလို၏လို့ ဆုတောင်းလိုက်တယ်ဟ။ သူ့ဆုတောင်းအတိုင်း အနာဂတ်မှာ ရှိတဲ့ ဆင်းရဲဒုက္ခတွေ၊ သောကဗျာပါဒတွေ၊ သေကြေပျက်စီးခြင်းတွေနဲ့အတူ အလှအပ ပသာဒတွေကိုပါ သူ မြင်လိုက်ရတော့ ဒုတိယဆုကို သူ ချက်ချင်းတောင်းသတဲ့"

စကားတွေ မမောတမ်းပြောနေသော ကိုလေး မျက်ဝန်းထဲမှာ မျက်ရည်များ ဝေ့သီနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ဒုတိယဆုကတော့ အနာဂတ်ကို မမြင်ရအောင် ပြန်ပြီး ဖုံးကွယ်ပေးပါဆိုတဲ့ ဆုပဲ။ ပြီးတော့ ဘုရင်ကြီးက ဘာမှတ်ချက်ပေးသလဲ ဆိုတော့ ငါ့မှာ အကြီးမားဆုံး အစွမ်းသတ္တိရှိနေမှန်း ငါ မသိတာ ဆိုးဝါး ခဲ့ဘိခြင်း။ အဲဒီ အစွမ်းသတ္တိကတော့ အနာဂတ်ကို မသိမြင်ခြင်းပါပဲ ကလားတဲ့"

ကျွန်မ မျက်လုံးထဲတွင် ကိုလေးသည် ကောင်းကင်ပေါ်မှာ လွင့် သွားလိုက် မြေပြင်ပေါ်ကို ထိုးစိုက်ကျလာလိုက်နှင့် လေတံခွန်လေးတစ်ခုနှင့် တူနေသည်။ ကြိုးစကလေး ပြတ်တောက်သွားလျှင်တော့ သစ်ပင်တစ်ပင်မှာ ငြိချင်ငြိသွားမည်။ ထိုအခါ လေတံခွန်လေး၏ ကိုင်းမှာ ကန်၍ အစုတ်စုတ် အပြတ်ပြတ် ဖြစ်သွားတော့မည်။

"ငါ့အနာဂတ်ကို မမြင်ချင်ဘူး။ မပြောချင်ဘူး။ ဘာပဲဖြစ်ဖြစ် ငါ့ဘဝ ငါ့အခြေကိုသိရက်နဲ့ တကယ် ခင်တွယ်ပေါင်းသင်းခဲ့တဲ့ နင်တို့ကို ကျေးဇူးတင်ပါတယ်။ ငါ ကျေနပ်တယ်။ ငါ ဘယ်လိုဘဝရောက်ရောက် နင်တို့ကို မမေ့ဘူးဆိုတာ ယုံပါ။ ဒါပေမယ့်..."

မမလေးထံမှ ရှိုက်သံတစ်ချက် လွင့်လာသည်။ ကျွန်မကတော့ ကိုလေးကိုကြည့်ကာ စိတ်မကောင်း ဖြစ်နေမိသည်။

"ဒီနေ့ကစပြီး နင်တို့ ငါ့ကို လာမတွေ့ကြနဲ့တော့။ ငါလည်း နင်တို့ကို မတွေ့ချင်တော့ဘူး။ နင်တို့ ငါ့ကို ဒီအတိုင်းသာ မြင်နေကြပါ။ နင်တို့ရင်ထဲမှာလည်း ငါဟာ ပကတိအတိုင်း ရှိနေပါရစေ။ နင်တို့ ငါ့ကို ကတိပေးကြပါ"

ကိုလေး၏အသံက ကွဲအက်တုန်ခါနေသည်။ မျက်နှာတစ်ပြင်လုံး သွေးနီရောင်တွေ လွှမ်းနေသည်။ အဲသည်တုန်းက မမလေး ငိုပေမယ့် ကျွန်မ မငိုခဲ့ပါပေ။ ကျွန်မတို့မက်ခဲ့ကြသည့် အိပ်မက်တွေဟာ တကယ့်



အိပ်မက် အစစ်တွေပဲ။ အပြင်ဘက်ကို ဘယ်တော့မှ ရှန်းကန်ဖောက်ထွက် မရတဲ့ အိပ်မက်တွေပါ။

သိမ်တော်ကြီးဘုရားစေတီမှ ဆည်းလည်းသံလေးတွေ ပို၍ ဆူညံ လာသည်။ ကောင်းကင်မှာ ခဲသားရောင် တိမ်လိပ်တိမ်လွှာများ ပြေးလွှား နေသည်။ ခရေပင်နှင့် မန်ကျည်းပင်ကို တစ်လှည့်စီ ပျံသန်းနားနေသော ကျီးကန်းနှစ်ကောင်သည် တအာအာ အော်မြည်လျက်ရှိသည်။

"နင်တို့ တကယ်ခင်ရင်၊ သနားရင် ငါ့ကို လာမတွေ့ပါဘူးလို့ ကတိပေးကြလေ"

ကျွန်မတို့သုံးယောက်သား ခံစားချက်ကိုယ်စီဖြင့် နင့်နဲကြေကွဲနေ ကြသော်လည်း ဘယ်အရာမှ တားဆီး၍ မရတော့ကြောင်း သိနေသည်။ ထိုခဏ၌ လေပျက်ကလေး ဝှေ့ဝဲလာသည်။ ခရေရွက်ဝါလေးတွေ တဖြုတ် ဖြုတ် ကြွေကျလာသည်။ တစ်စထက်တစ်စ အားကောင်းလာတော့မည့် အထင် ရှိသည်။

"ဟိုမှာ စနေထောင့်မှာ လျှပ်စီးတွေလက်လာပြီ။ မိုးတွေ ရွာတော့ မယ်။ နင်တို့ ကတိပေးကြစမ်းပါ"

ကိုလေးအသံမှာ စိုးရိမ်တာလိုလို၊ ဝမ်းနည်း ကြေကွဲတာလိုလို ကတုန်ကယင် ဖြစ်နေ၏။ ကျွန်မတို့ညီအစ်မ ကတိစကားတွေ ပေးအပ် လိုက်ချိန်မှာတော့ ကိုလေး တအားငိုလေသည်။ လေတွေရော မိုးတွေရော တဝေါဝေါ ကျလာသဖြင့် ကျွန်မတို့ ကယောင်ကတမ်း မြို့ဘက် ပြန် ပြေးခဲ့ကြသည်။ ဒဂိုးချောင်းကူးတံတားလေးအပေါ် အဖြတ်မှာတော့ 'ဂျိမ်း' ဆိုသည့် မိုးခြိမ်းသံကြောင့် သုံးယောက်သား အလန့်တကြား ဖက်တွယ် ခဲ့ကြသည်။

အော်... ကိုလေးရယ်... နောက်ဆုံးနေ့ရက်လို့ သိခဲ့ရင် ထိုနေ့က မှာပင် ကျွန်မ ရူးသွပ်သွားခဲ့မှာ အမှန်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## (၆)

"သဲနု… သဲနု သမီး သတိရပြီလား"

ကျွန်မ ခေါင်းတွေ အုံခဲနေသည်။ မျက်လုံးတွေ နာကျင်နေသည်။ မေမေ၏ လက်ဖဝါးအစုံကို အားကိုးတကြီး ဆုပ်ကိုင်ထားရင်း ပစ္စက္ခ အခြေအနေကို ဆုပ်ဖမ်းနေမိသည်။ ဖေဖေ၊ မေမေ၊ မမကြီး၊ မမလေး အားလုံး ရှိကြရဲ့လား။ ကိုလေးတော့ မရှိနိုင်ဟု သိလေသည်။

ကိုလေးသည် သိမ်တော်ကြီးဝင်းဘုရားမှ အပြန်ကတည်းက အိမ်ထဲမှ အိမ်ပြင်ထွက်သည်ကို မတွေ့ရတော့ပေ။ အပေါ်ထပ်မှနေ၍ ကိုလေးကို ရှာဖွေသော်လည်း အရိပ်အယောင်မျှသာ မြင်ခဲ့ရသည်။ မသဲမကွဲ လှုပ်ရှားမှုများတွင် ရေလောင်းခြင်း၊ ပန်းခူးခြင်း စသည့်အလုပ်များကို မလုပ်တော့ပါ။

ဘာကြောင့်လဲ… ဘာကြောင့်လဲ။ စဉ်းစားတွေးခေါ်ကြည့်သည့် အခါ ကျွန်မတို့တစ်တွေသည် တံတိုင်းတစ်ခု ခြားသွားခဲ့ပြီဟု ခံစားလိုက်ရသည်။ မာလကာပင်ထက်မှ မာလကာပွင့်ဖြူဖြူလေးတွေကို မျှော်ကြည့်ရင်း ဟိုတုန်းက ကိုလေးပေးခဲ့သော မာလကာသီးတွေကို လွမ်းမိသည်။ ကျွန်မတို့ခြံထဲက ကိုလေးစိုက်ပေးထားသော ဧကရာဇ်ပင်မှာလည်း ကြီးပြင်းလာလေပြီ။

သည်လိုနှင့် ရက်ပေါင်းများစွာ ကုန်လွန်ခဲ့ရင်း မမကြီးရှိရာ ရန်ကုန်သို့ ကျွန်မတို့ အလည်အပတ် သွားခဲ့ကြသည်။ ကျွန်မနှင့် မမလေးတို့ နှစ်ယောက် ကိုလေးအကြောင်းကိုသာ အများဆုံး ပြောဖြစ်ကြသည်။ ကိုလေးဟာ ရုပ်ချောတယ်။ စိတ်သဘောထား ဖြူစင်တယ်။ အမေကို သိပ်ချစ်တယ်။ ထက်မြက်ကြိုးစားတဲ့ ယောကျ်ားကောင်းတစ်ယောက်



ဖြစ်တယ်။ ပြောကြရင်းဖြင့် အဆုံးထိမရောက်မီ ကျွန်မတို့၏ ပါးစပ်များကို ပိတ်ပစ်တတ်ကြသည်။

ကိုလေးဟာ လူ့ဘဝကို မှားယွင်းစွာ ရောက်ရှိလာတာလား၊ ဒါမှမဟုတ် ကိုလေး ပိုင်ဆိုင်ရရှိသော လူ့ဘဝက မှားယွင်းနေတာလား။ ကျွန်မ မဝေခွဲတတ်ဘူး ကိုလေး။ နောင်သံသရာဘဝမှာ ဆက်လက်ကျင်လည်ရဦးမယ်ဆိုရင်တော့ ရခဲလှတဲ့ လူ့ဘဝကို သန့်ရှင်းစင်ကြယ်စွာ ပိုင်ဆိုင်ရရှိမည်ကိုတော့ ကိုလေးဘက်က အသေအချာ ပြောရဲသည်လေ။ သြော်… အမေကို ချစ်လွန်းသည့် ကိုလေး။

မမကြီးကို စောင့်ခေါ်ခဲ့ရသဖြင့် ရန်ကုန်မှာ တစ်လနီးပါး ကြာခဲ့သည်။ ကိုလေးတို့သားအမိအတွက် ရန်ကုန်မှ လက်ဆောင်တွေ ဝယ်ဖြစ်အောင် ဝယ်ခဲ့ကြသေး၏။ အိမ်ပြန်ရောက်ရောက်ချင်း တိုက်ပေါ်ပြေးတက်၊ ပြတင်းတံခါးဖွင့်၊ ကိုလေးတို့ခြံဘက် လှမ်းအကြည့်တွင်…

အို… ကိုလေးတို့ခြံလေးက ခြောက်သယောင်းနေလိုက်တာ။ စံပယ်ရုံလေးတွေက နွမ်းဝါလို့နေတယ်။ သဘော်ရွက်ခြောက်တွေက အပင်ပေါ်က စိုက်ကျလို့။ နှင်းဆီတွေလည်း မပွင့်ကြဘူး။ ကိုလေးတို့ အိမ်လေးကလည်း ပကတိ ငြိမ်သက်နေတယ်။ ဒါပေမယ့် မာလကာသီးကြီးတွေက ဝင်းဝါနေလိုက်တာ။

ကျွန်မတို့ညီအစ်မနှစ်ယောက် လက်ဆောင်ပစ္စည်းများကို မမကြီး မသိအောင် သိုဝှက်ထားရင်း ကိုလေးတို့ ခြံဘက်ကို မျက်ခြည်မပြတ် အကဲခတ်နေကြသည်။ သို့သော် ညနေစောင်းသွားသည်အထိ ဘာအရိပ်အယောင်မျှ မမြင်ရပါ။ ညနေစာထမင်းဝိုင်းမှာတော့ ကျွန်မ နှလုံးသွေးအေးပြီးဆင်းသွားခဲ့ပါသည်။ မမကြီး ထမင်းစားပြီး အခန်းထဲမှ ထွက်သွားတော့ ဒေါ်ထွေးက…

www.burmeseclassic.com

www.burmeseclassic.com



"သဲနုတို့ကို ပြောရဦးမယ်။ ဟိုဘက်ခြံက သားအမိလေ အခု သူတို့ မရှိကြတော့ဘူး"

"ဟင်..."

"သနားစရာကောင်းလိုက်တာကွယ်။ သူတို့ကို အရပ်ထဲမှာ မနေရဘူးလို့ လာနှင်ကြတယ်။ ခြံလေးကိုရောင်းပြီး ပြောင်းသွားကြပြီ"

ကျွန်မတို့မှာ စားလက်စထမင်းကို ဆက်မစားနိုင်တော့ဘဲ ဒေါ်ထွေးကို မေးခွန်းတွေ တရစပ်မေးကြသည်။

"ကို... ကိုလေးတို့ ဘယ်ကိုပြောင်းသွားတာလဲ။ ကျွန်မတို့ကို ဘာမှာသွားသေးလဲ။ ကိုလေး နေကောင်းရဲ့လား။ ကိုလေး... ကိုလေး"

"ကိုလေးက ဘာမှပြောမသွားပါဘူး။ ဒါပေမယ့် ဒေါ်ထွေးက သွားနှုတ်ဆက်တော့ ငိုတယ်။ သူ့အမေကြီးရဲ့အခြေအနေ တော်လေးဆိုးတယ်။ ကိုလေးကတော့..."

"ကိုလေး... ကိုလေး ဘာဖြစ်လဲဟင်"

"ကောင်လေးမှာလည်း သူ့အမေလို ရောဂါတွေ ဖြစ်နေပြီကွယ့်"

"အို..."

ကိုလေးရယ်၊ ကျွန်မငိုတယ် ကိုလေးရယ်။ နိမိတ်ပုံတွေကို သိထားပြီးဖြစ်တဲ့ နှလုံးသားနဲ့ ငိုပါတယ်။ ပန်းပင်တွေကြားထဲ ရေလောင်းနေတဲ့ ကိုလေး၊ မာလကာသီးတွေ ခူးပေးတဲ့ ကိုလေး၊ အမေကိုသိပ်ချစ်သော ကိုလေး၊ ဆယ်တန်းအောင်ခဲ့သော ကိုလေး။ ကျွန်မ မျက်လုံးထဲတွင် ကိုလေး၏ ပုံရိပ်များသာမက ကိုလေးအမေရဲ့ နီရဲစိုစွတ်နေသော မျက်နှာပြင်နှင့် လက်ချောင်းများ။

အို... ဘာပဲဖြစ်ဖြစ် ကျွန်မသိပ်ချစ်တဲ့ ကိုလေးရဲ့ သွားတက်စွယ်လေး တစ်ဖက်မှာတော့ အဲလိုရောဂါ မကူးစက်နိုင်ပါဘူး။



"ကိုလေးတို့ ဘယ်ကို ပြောင်းသွားတာလဲ ဒေါ်ထွေး"

"မတ္တရာမြောက်ဘက်က ရေနံ့သာဆိုတဲ့ ရွာကလေးတဲ့။ အဲဒီမှာ သူတို့လိုလူတွေချည်းပဲတဲ့"

ကျွန်မ ဘာကိုမှ မကြားချင်တော့ပါ။ ဘာကိုမှလည်း မမြင်ချင်တော့ပါ။ ဘာကိုမှလည်း မသိချင်တော့ပါ။

"သမီး... သမီးလေး သဲနု၊ နောက်အပတ်ထဲမှာ သမီးရဲ့မျက်လုံး ပတ်တီးဖြည်ရမှာလေ။ သမီး နေကောင်းလာမှာပါ"

မေမေ့အသံတွေကို မကြားတစ်ချက် ကြားတစ်ချက် ရှိပေမယ့် အော်ဟစ်ဆူညံနေတဲ့ လေရဲ့အသံတွေကို ပြတ်သားစွာ ကျွန်မ ကြားနေရသည်။ မိုးထစ်ချုန်းသံတွေကိုလည်း ကြောက်မက်ဖွယ် ကြားနေရပါသည်။

(၇)

ထူးထူးခြားခြား ဇကရာဖ်ပန်းလေးတွေ ပွင့်သည့်နေ့မှာ တစ်ဖက်ခြံသို့ လူသစ်တွေ ရောက်လာကြသည်။ ခြံထဲမှာရှိနေသော သစ်ရွက်ခြောက်များကို မီးပုံရှို့ကြသည်။ ပြိုပျက်နေသော ကိုလေးတို့ အိမ်ကလေးကိုလုံး၀ ဖျက်ဆီးပစ်ကြသည်။ ခြံထဲမှာ ရှိရှိသမျှ သစ်ပင်ပန်းပင်တွေကို ခုတ်လှဲပစ်ကြသည်။ အိမ်အပေါက်ဝမှ မာလကာပင်ကြီးနှစ်ပင်ကို ခုတ်လှဲနေစဉ်မှာ တိုက်ပေါ်မှ ကျွန်မ ယောင်ယမ်းကာ အော်လိုက်မိသည်။

"အဲဒီအပင်တွေကို မခုတ်ပါနဲ့"

သို့သော် ကျွန်မ၏အသံသည် အုတ်နံရံမှတစ်ဆင့် ကျွန်မဆီသို့ ပြန်ရိုက်ခတ်သည်။ အဲဒီအပင်တွေကို မခုတ်ပါနဲ့။ ကျွန်မ ငေးငေါင်ကြည့်နေဆဲမှာပင် မာလကာပင်ကြီးနှစ်ပင်သည် ဝုန်းခနဲ ပြိုလဲသွားပါသည်။ မျက်လုံးကို စုံမှိတ်ကာ နံရံကို ကျောဖြင့်မှီကပ်ထားလိုက်သည်။ မူတောင်မှ

www.burmeseclassic.com

www.burmeseclassic.com



သေရသေးတာပဲ။ သစ်ပင်သေဆုံးသွားတာ ဆန်းသလား။ သေဆုံးသွားတာ မဆန်းပေမယ့် မသေခင် လှသွားထက်ထက်ဖြင့် တိုက်ဖြတ်ခံရတာ ရင်နာစရာ ကောင်းသည်။ နုပျိုဆဲ၊ သီးပွင့်ဆဲ မာလကာပင်လို ကိုလေးရဲ့ အသီးတွေ၊ အပွင့်တွေ၊ နုပျို လတ်ဆတ်မှုတွေကို ဝါးမျိုပစ်ရက်သော ရောဂါဆိုးကြီးကို ကျွန်မ ကြောက်သည်။ မုန်းသည်။

"စိတ်ကို ငြိမ်ငြိမ်ထားနော် သမီး၊ ပတ်တီးကို ဆရာ ဖြေနေပြီ။ သမီးမျက်လုံးကို ဖွဖွလေးမှိတ်ထား။ အလင်းရောင်ကို သမီး မြင်ရတော့မယ်။ အားလုံးကို မြင်ရတော့မယ် ဟုတ်လား"

မမလေးနှင့် ကျွန်မ ကားမောင်းသင်ပြီးခါစ တစ်ရက်သည် ကိုလေးနှင့် နောက်ဆုံးတွေ့ဆုံခဲ့သောရက်နှင့် တိုက်ဆိုင်ခဲ့သည်။ ကျွန်မတို့ နှစ်ယောက် သိမ်တော်ကြီးဘုရားဝင်းဘက်သို့ သွားကြရန် ဆုံးဖြတ်လိုက်သည်။ ကျွန်မက ကားကိုမောင်း၍ အဝေးပြေးလမ်းမကြီးပေါ် မော်အတက် ကုန်တင်ကားကြီးတစ်စင်းနှင့် ဝင်တိုက်ကာ ကားထဲမှ လွင့်စဉ်သွားသော မမလေး။ ကားထဲမှာပင် ပိန်းပိတ်အောင် မှောင်မည်းသွားသော ကျွန်မ၏ ကံကြမ္မာ။ ကားမှန်ကွဲစများက ကျွန်မ၏ လက်မောင်းမှာ၊ လည်ပင်းမှာ၊ မျက်နှာမှာ၊ ပြီးတော့ မျက်လုံးမှာ။

"သမီး မျက်လုံးကို သာသာလေးဖွင့်။ ဟုတ်ပြီ၊ အို ပြန်မှိတ်မပစ်နဲ့လေ သမီးရဲ့"

နူးညံ့ညင်သာသော ဆရာဝန်ကြီး၏အသံကို နာခံရင်း မျက်လုံးကို တဖြည်းဖြည်းချင်း ဖွင့်သည်။ အလင်းရောင် မှုန်ပြပြ။ အလင်းရောင် အနု။ အလင်းရောင် လက်လက်။

"အို..."

ကျွန်မ မျက်စိထဲတွင် ကိုလေး၏ သွားတက်စွယ်လေးကို မြင်



လိုက်ရသည်။ ချွန်ထက်တဲ့ သွားတက်စွယ်လေးနှင့် ကျွန်မကို ပြုံးကြည့်နေသော ဆရာဝန်ကြီး။ ဖေဖေ၊ မေမေနှင့် မမကြီး၊ မမလေး အားလုံးကို ကြည့်ပြီးတော့ ဆရာဝန်ကြီးရဲ့ သွားတက်စွယ်လေးကို စူးစူးကြည့်သည်။ တစ်ပုံစံတည်း။ တစ်ဖက်တည်း။ ကိုလေးနှင့် သိပ်တူသည်။ ဒါပေမယ့် ကိုလေး မဟုတ်ပါ။ ဆရာဝန်ကြီးက ကျွန်မချစ်သော သွားတက်စွယ်လေးကို နှုတ်ခမ်းနှစ်လွှာဖြင့် ဖိကပ်ပိတ်ပစ်လိုက်သည်။

"သမီးက သိပ်ကံကောင်းတာပဲ။ လူတစ်ကိုယ်လုံးရဲ့ အနုနယ်ဆုံး အစိတ်အပိုင်းဖြစ်တဲ့ မျက်လုံးကို ထိရှဒဏ်ရာရပေမယ့် အမြင်အာရုံတွေကို နှိုးဆွနိုင်တဲ့ အာရုံကြောတွေ သေမသွားဘူး။ မှတ်ထားနော် သမီး။ ဆရာ ပြောမယ်။ သမီးဟာ အမြင်အာရုံကောင်းတဲ့ မိန်းကလေးကွယ့်"

ဆရာဝန်ကြီး၏ အားပေးစကားသည် ကျွန်မ နှလုံးအိမ်တွင် စွဲမြဲသွားစေသည်။

အမြင်အာရုံကောင်းသတဲ့ ကိုလေးရယ်။ တစ်နေ့မှာ ကိုလေးနဲ့ ကျွန်မတို့ ပြန်ဆုံတွေ့ကြရင် ကိုလေးကို ကျွန်မ မှတ်မိနေမှာပေါ့နော်။ ဘယ်လိုပုံစံ၊ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် ကိုလေးရဲ့ သွားတက်စွယ်လေး တစ်ဖက်ကို ကျွန်မ မမေ့ပါဘူး။ ကိုလေးရဲ့ နှလုံးသားနဲ့ သွားတက်စွယ်လေးကိုတော့ အဲဒီရောဂါက ဝါးမျိုးမပစ်နိုင်ပါဘူး။

ကိုလေးရှိရာ ရေနံ့သာရွာကလေးဆီကို သဲနုလာခဲ့မယ်။ သည်အတိုင်း မဟုတ်ဘူးလေ။ ကိုလေးတို့လို ရောဂါသည်တွေကို အတတ်နိုင်ဆုံး ကုစားပေးဖို့ပေါ့။ သဲနု ကြိုးစားမယ်။ လူတကာ ဝိုင်းပယ်ခံရတတ်တဲ့ အနာကြီးရောဂါသည်တွေထဲမှာ ကိုလေးလို နှလုံးသားဖြူစင်ပြီး ရိုးသား ကြိုးစားတဲ့ လူတော်တွေ အများကြီးရှိနေမယ်လို့လည်း သဲနု ယုံကြည်တယ်။ ကိုလေးဟာ အနည်းဆုံး သစ်ပင်တစ်ပင်ကိုတော့ ရှင်သန်မှုးပွင့်

www.burmeseclassic.com

www.burmeseclassic.com



လာအောင် စိုက်ပျိုးနိုင်တဲ့ လူသားတစ်ယောက်ပဲ မှတ်လား။ ကိုလေးနဲ့ သဲနုတစ်နေ့ ဆုံတွေ့ကြရမှာပါ။

ဩော်... အချိန်တော်တော်များများတော့ ရင်းနှီးရဦးမယ် ကိုလေး။

[မန္တလေး ယဉ်ကျေးမှုကျွန်ုပ်၊ ၁၉၉၆ ခုနှစ်၊ ဆောင်းတော်ဝင်ရုံ]

▢




www.burmeseclassic.com

www.burmeseclassic.com

# ပတ္တမြားတစ်ဖက် မြတစ်ဖက်

လှလိုက်တဲ့ ရွက်လှပင်ကလေး။ အန်တီဘောဘီတစ်ယောက် သည်ရွက်လှပင်ကလေးကို အငမ်းမရ စိုက်ကြည့်နေမိတာကိုက အကြာကြီး။ ရွက်လှရွက်ဖားဖားကြီးတွေရဲ့ စိမ်းဖန့်ဖန့် အပေါ်လွှာမျက်နှာပြင်ကို ကြည့်လိုက်၊ နီညိုညိုအသွေး အောက်လွှာမျက်နှာပြင်ကို လှန်ကြည့်လိုက်နဲ့။ ခဏနေတော့ နောက်ကို ခပ်လှမ်းလှမ်းဆုတ်ပြီး တစ်ခါ ကြည့်ပြန်တယ်။ ဘယ်လိုပဲကြည့်ကြည့်၊ ဘယ်ကပဲကြည့်ကြည့်၊ ကျက်သရေရှိရှိလှနေတဲ့ ရွက်လှပင်ကလေးဟာ သူနဲ့ထိုက်လို့ သူ့ဆီရောက်လာတာလို့ပဲ အောက်မေ့ရင်း ကြည့်နူးနေလိုက်ပုံများ။

"အန်တီဘောဘီရေ ထမင်းစားကြစို့လေ"

တူမကလေး မော်လီက ထမင်းစား လှမ်းခေါ်တော့မှပဲ ရွက်လှပန်းအိုး ကလေးအနားကခွာဖို့ သတိရရဲ့။ ပန်းအိုးကလေးကို [illegible]ပတ်လည်အောင် ပြန်ကြည့်ရင်း တစ်လှမ်းချင်း နောက်ပြန်[illegible]ကြည့်

www.burmeseclassic.com

www.burmeseclassic.com



မိရတဲ့အထိပဲ။ ရွက်လှပင်ကလေးက အန်တီဘောဘီကို ဖမ်းစားထားနိုင်လိုက်ပုံများတော့။

သည်လို ရွက်လှပင်ကလေးတွေက မျိုးပွားပြီး ရောင်းလိုက်ရရင် တစ်ပင်ကို တစ်ထောင်ဆိုလည်း ဟုတ်၊ နှစ်ထောင်ဆိုလည်း ဟုတ်။ တစ်နှစ်လောက် စိတ်ရှည်လက်ရှည် ကိုင်းပျိုးယူလိုက်ရင် ဆယ်ပင်လောက်တော့ အသာကလေး ပွားလို့ရတာပေါ့။ မကရင်သာ မကမယ်။ သည့်ထ က် စိတ်ရှည်လက်ရှည်ထားပြီး နှစ်နှစ်တန်သည်၊ သုံးနှစ်တန်သည် ပျိုးယူလိုက်ရင် စိမ်းစိုအုပ်ဖားနေတဲ့ ရွက်လှပန်းအိုး မြိုင်မြိုင်ဆိုင်ဆိုင်ကြီးတွေကို သောင်းချီပြီး ဈေးခေါ်လို့ရတယ်။ သည်လို လှလည်းလှ၊ ရှားလည်းရှားပါးတဲ့ ရွက်လှပင်မျိုးကို မက်မက်စက်စက် ရှိကြသူတွေကလည်း သူလို ကိုယ်လိုလူတွေတော့ မဟုတ်ဘူးပေါ့။ ကိုယ့်တိုက်ကလေး၊ ကိုယ့်အိမ်ကလေးရှေ့မှာ ခေတ်မီ အဆင်တန်ဆာတစ်ခုအဖြစ် ရှိနေဖို့၊ အဆောင်အယောင်တစ်ခုအဖြစ် ဗန်းပြထားဖို့၊ ဈေးကြီးပေးဝယ်ရမှ တန်ဖိုးရှိတယ်လို့ ထင်တတ်ကြတဲ့ လူတွေအတွက် မဟုတ်လား။ ပြီးတော့ ရွက်လှပင် ဆိုတာမျိုးက နှင်းဆီလို၊ သစ်ခွလို တယုတယနဲ့ စိုက်ပျိုးနေစရာမှမလိုတာ။ နေရောင်ခြည် ခပ်ပြင်းပြင်းအောက်မှာကိုပဲ ရေကလေးမှန်မှန် လောင်းပေးနေရင် အပင်က ဖြစ်လှပြီ။ နေရောင်ထဲမှာ ပြိုးပြက်နေတတ်တာကိုး။

အန်တီဆောဘီတို့ခြံမှာ ရွက်လှပင်တွေ အမျိုးစုံအောင်ရှိပါရဲ့။ အဓေါ်အဝေါ်တွေကလည်း အမျိုးမျိုးပါပဲ။ ဒေါင်းမြီးရွက်လှတဲ့၊ ပိန္နဲရွက်လှတဲ့၊ လင်းမြွေရိုးတဲ့၊ ဖော့ဂျိတောင်ဝှေးတဲ့၊ ရွက်လှသရက်ထည်တဲ့၊ ပါတိတ်ကြားတဲ့။ ဒါပေမယ့် သည်ရွက်လှပင်ကလေးကတော့ တခြားရွက်လှပင်တွေလို အရွက်ရဲ့ အပေါ်လွှာနဲ့ အောက်လွှာ တစ်ဆင်တည်း၊ တစ်သွေးတည်း



မဟုတ်ဘူး။ မဟုတ်တာမှ ဆန့်ကျင်ဘက်လိုလို ဖြစ်နေတော့တာပါ။ ဘယ်လိုမှကို မတူတာ။ အပေါ် မျက်နှာပြင်က စိမ်းမြလို့၊ အောက်မျက်နှာပြင်က နီစွေးစွေးဆိုတော့ သည်ရွက်လှပင်ကလေးကို နာမည်ပေးဖို့ အန်တီဘောဘီ သိပ်တောင် မစဉ်းစားလိုက်ရပါဘူး။ 'ပတ္တမြားတစ်ဖက် မြတစ်ဖက်'၊ ဘယ်လောက်များ မဟာဆန်လိုက်လေသလဲ။ ဒါကိုပဲ အန်တီဘောဘီတစ်ယောက် ကျေကျေနပ်နပ်ကြီး ဖြစ်နေမိတာပါ။

* * *

သည်ရွက်လှပင်ကလေး အန်တီဘောဘီဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပုံကလည်း အတော့်ကို ထူးဆန်းတယ် ပြောရမှာပဲ။ ခြံမှာ အန်တီဘောဘီ မရှိတုန်း လာပို့သွားတာလေ။ အပြင်ကပြန်လာတဲ့ အန်တီဘောဘီတစ်ယောက် ခြံထဲဝင်ဝင်ချင်း ရွက်လှပင်တွေ တန်းစီချထားတဲ့ဆီကို ပထမဆုံး မျက်လုံးရောက်သွားခဲ့တော့တာပဲ။

"ဟင်... သည်ရွက်လှပင်တွေ ဘယ်က ရောက်လာတာလဲ"

ခြံအလုပ်သမား ဖိုးထောင်က ပြေးထွက်လာတဲ့ပြီး အန်တီဘောဘီ လက်ထဲက အထုပ်တွေကို လှမ်းယူရင်း ပြောတယ်။

"ကျွန်တော်တို့လည်း မသိဘူး အန်တီဘောဘီ။ သရဖူပျိုးခင်းခြံကို ရွက်လှဆယ်ပင်ချလိုက်ပါလို့ မှာလိုက်လို့တဲ့။ မန္တလေးက လာတဲ့ကားဝင်ချသွားတာပဲ"

"မန္တလေးက"

အန်တီဘောဘီ တကယ်ပဲ ခေါင်းစားသွားရတယ်။ မန္တလေးကို သူ့ရွက်လှပင်တွေ တစ်ခါမှ လှမ်းမမှာဖူးတာကတော့ သေချာတယ်။ ဘယ်လိုက ဘယ်လို ရောက်လာတာပါလိမ့်။ ဒါဆိုရင်၊ အန်တီဘောဘီ သိပ်မစဉ်းစားလိုက်ရပါဘူး။ အဖြေတွေ ထွက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သြော်... အေး... အေး၊ ထားလိုက်... ထားလိုက်။ သူတို့ဟာ သူတို့ လာယူလိမ့်မယ်"

ကိုယ့်ခြံကိုပို့တာ မဟုတ်မှန်းသိလို့ ဥပေက္ခာပြုမယ်လုပ်တုန်း အန်တီသောဘီရဲ့ မျက်လုံးတွေက ဟောသည့်ရွက်လှပင်ကလေးဆီ တန်းခနဲ ရောက်သွားတော့တာပါပဲ။ အဝါပြောက် အနီပြောက်တွေ၊ အစိမ်းကြား အညိုကြားတွေ၊ အတွန့်အလိပ်တွေ ဒီဇိုင်းတွေနဲ့ မြင်နေကျ တွေ့နေကျ ရွက်လှပင်မျိုးတွေထဲကမှ ပြောင်ချောချောဖြစ်နေတဲ့ သည်ရွက်လှပင်ကလေး မျိုးကို သူ တစ်ခါမှ မမြင်ဖူးပဲကိုး။ ထူးထူးခြားခြား စင်းလုံးချောနေတဲ့ ရွက်လှပင်မျိုးမို့ တကန်တက အနားသွားကြည့်မိတယ်။ အားလုံး ဆယ့်တစ်ပင်။ ထပ်ရေတယ်။ ဆယ့်တစ်ပင်ပဲ။

"ဖိုးထောင်၊ ဘယ်နှစ်ပင်တဲ့လဲကွ"

"ဆယ်ပင်တဲ့"

အန်တီသောဘီ ရေတွက်ကြည့်တာ မမှားနိုင်လောက်ပါဘူး။ အပင် က ဆယ့်တစ်ပင်ဖြစ်နေတာပါ။ ဟုတ်ရဲ့လား။ သေချာအောင် နောက်တစ် ခေါက် ပြန်ရေတွက်ကြည့်လိုက်မိသေးတယ်။ သေချာပြီ။ ဖြစ်ချင်တော့ တစ်ပင်က ပိုကိုပိုနေတာလေ။

"ဖိုးထောင် ဟောဒီရွက်လှပန်းအိုးကို နောက်နောက်ဆေး သွားထား လိုက်စမ်း မြန်မြန်"

ရေးကြီးသုတ်ပျာနိုင်းလိုက်တဲ့ အန်တီသောဘီကို ဖိုးထောင် တအံ့ တဩ ဖြစ်လို့။

"ဟုတ်..."

ပန်းအိုးကလေးကို ဆွေ့ခနဲ ကောက်မပြီး ယူသွားတဲ့ ဖိုးထောင် ကို လှမ်းကြည့်ရင်း အန်တီသောဘီ တိုက်ထဲဝင်လိုက်တော့ မော်လီက တယ်လီဖုန်းခွက်ကို လှမ်းပေးတယ်။



"ဘဘကြီးဆီက..."

ကမန်းကတန်းပဲ ဖုန်းခွက်ကို လှမ်းယူလိုက်ရတယ်။

"ဟဲလို အစ်ကိုကြီးလား၊ အင်း... ဟုတ်တယ်။ ရောက်နေတယ်။ သောဘီလည်း ခုမှ မြို့ထဲကပြန်ရောက်တာ။ လွှတ်လိုက်လေ။ အင်း... ဆယ်ပင်တဲ့"

သည်လိုနဲ့ ရွက်လှပင် ဆယ်ပင်ကို လာတင်သွားကြတော့ အန်တီ သောဘီဆီမှာ သည်ရွက်လှပင်ကလေး သောင်တင်ကျန်ရစ်နေခဲ့ရတာပါ။

အန်တီသောဘီတို့က မိဘများလက်ထက်ကတည်းက စိုက်ပျိုးရေးခြံ လုပ်ငန်း လုပ်ခဲ့ကြသူတွေ။ အန်တီသောဘီရဲ့အဖေ ဦးသာကျော်ဆိုတာက ဟိုတုန်းက နယ်လှည့်သစ်တောဝန်ထောက်မင်းကြီး။ ပင်စင်ယူပြီးတော့ ဟောသည် မြို့ကလေးမှာ အခြေချပြီး ခြံစိုက်စားခဲ့ကြသူတွေ ပြောပါတော့။ မိဘတွေဆုံးတော့ မိဘလက်ငုတ်လက်ရင်းအမွေ သည်ခြံကြီးကို အန်တီ သောဘီနဲ့ မောင်လေး ဂျော်နီတို့နှစ်ယောက်က အစ်ကိုကြီး ကိုဆန်နီကို ငွေအမ်းယူလိုက်ကြရတာပါ။ ဦးဆန်နီက အိမ်ထောင်ခွဲပြီး မြို့တောင်ပိုင်းမှာ ခြံကြီးတစ်ခြံဝယ်ပြီး စိုက်ပျိုးရေးခြံလုပ်ငန်း ကိုယ်ပိုင်ခွဲလုပ်တယ်။ စီးပွား တူတာ သိပ်ကိစ္စမရှိပေမယ့် ပြဿနာက ခြံနာမည်ကိစ္စပါ။ သည်ခြံကြီးရဲ့ မူလနာမည် 'သရဖူ' ဆိုတာ ဟိုးနှစ်ပေါင်း သုံးဆယ်ကျော် လေးဆယ် လောက်ကတည်းက ဦးသာကျော် ကမှည့်တင်ခဲ့တဲ့ နာမည်ဆိုတာ တစ်နယ်လုံး သိပြီးသား။ ဦးဆန်နီကလည်း သူ့ခြံကို 'သရဖူ' လို့ နာမည်ပေးလိုက်တော့ မောင်နှမတစ်တွေ စကားများရသေးတယ်။

"တခြားနာမည် တပ်ပါလား အစ်ကိုကြီးရဲ့၊ သောဘီတို့က အစ်ကို ကြီးကို သည်ခြံနဲ့ ပတ်သက်ဘဲ့ငွေအားလုံး အမ်းလိုက်ပြီးသားပဲကို"

"ဟ နင်တို့အမ်းတာက ခြံတန်ဖိုးလေ၊ ဒီနာမည်က ငါ့မိဘရဲ့အမွေ၊ ငါလည်းဆိုင်တာပေါ့၊ နင်တို့ပဲ စဉ်းစားကြည့်လေ"

www.burmeseclassic.com

www.burmeseclassic.com



အစတုန်းကတော့ နာမည်တစ်လုံးကို တန်ဖိုးထဲ ထည့်တွက်ရကောင်းမှန်း သတိမထားမိခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ အန်တီဘောဘီ အပြစ်တင်မဆုံးဖြစ်ရတယ်။ စိုက်ပျိုးရေးခြံနှစ်ခြံရှိတဲ့ သည်မြို့ ကျဉ်းကျဉ်းကလေးထဲမှာ သရဖူက နှစ်ခုဖြစ်နေတော့တာပါ။ သရဖူခြံက အုန်း၊ ငှက်ပျော၊ သရက်၊ ပိန္နဲ၊ မာလကာ၊ ကွမ်းပင်လို သီးပင်စားပင်တွေကအစ နှင်းဆီလို၊ စံပယ်လို၊ ဂမုန်းလို၊ အလှစိုက်ပန်းပင်တွေအဆုံး ပျိုးပင်တွေကိုလည်း ရောင်းတယ်။ အသီးအပွင့်တွေကိုလည်း ရောင်းတယ်။ အလှူတို့၊ မင်္ဂလာဆောင်တို့၊ တခြား ဧည့်ခံပွဲအခမ်းအနားတို့ရှိရင်လည်း အလှပန်းပင်ကြီးတွေကို ငှားတယ်။ ဒါက အန်တီဘောဘီ အသက်နှစ်ဆယ်အရွယ် အဖေ့လက်ထက်ကတည်းက လုပ်လာတဲ့အလုပ်။ သားသမီးတွေလက်ထက်ရောက်တော့လည်း သည်အလုပ်ကို ဆက်ပြီးလုပ်ကြတာပါ။ ခြံနာမည် 'သရဖူ' ချင်းလာတူနေတော့ တချို့ကိစ္စတွေမှာ ပြဿနာ ဖြစ်နေရတော့တာပါပဲ။

ဒါပေမယ့် သည်မြို့ကလေးက လူတွေကတော့ မမှားကြပါဘူး။ အန်တီဘောဘီရဲ့ခြံက မြို့မြောက်ဖျားမှာမို့ မြောက်ခြံတဲ့။ ဦးဆန်နီရဲ့ခြံက မြို့တောင်ဖျားမှာမို့ တောင်ခြံတဲ့။ အဲသလိုပဲ ခေါ်ကြတယ်။ သရဖူမှန်း သိပေမယ့် ဘယ်သူကမှ သရဖူရယ်လို့ ဟန်ကျပန်ကျ မခေါ်ကြတာကလည်း ထူးဆန်းနေပြန်တယ်။ တခြားမသိတဲ့နယ်က လူတွေအဖို့တော့ မှားတတ်ကြတယ်။ တစ်ခါတလေ သည်အမှားက စီးပွားရေးကိုပါ လာထိခိုက်တတ်တော့ မောင်နှမတစ်တွေ စကားများကြရာက စိတ်ဝမ်းတွေကွဲကြရတော့တာပေါ့။ တစ်ယောက် တစ်ယောက် နှစ်နှစ်လောက် မခေါ်မပြောနေလာခဲ့ကြရာက ပြီးခဲ့တဲ့ ဒီဇင်ဘာလက မောင်လေး ဂျော်နီ ဆုံးသွားတာ အကြောင်းပြုပြီး စကားပြန်ပြောဖြစ်လာခဲ့ကြတာ မကြာသေးဘူး။



ဒါပေမယ့် ဦးဆန်နီကသာ အဝင်အထွက် လုပ်လာတာပါ။ ယောက်မနဲ့ တူ၊ တူမတွေကိုတော့ အန်တီဘောဘီက ခပ်တန်းတန်းပါပဲ။

အန်တီဘောဘီက တစ်ကိုယ်တည်း အပျိုကြီးဘဝနဲ့ အသက်သာ ငါးဆယ်ကျော်လာရော။ ဂျော်နီမှာက မယားနဲ့ သမီးကလေးမော်လီ ကျန်ရစ်ခဲ့သေးတာကိုး။ သွားလေသူ မောင်ငယ်ဂျော်နီရဲ့ဇနီး ဥမ္မာက အသက်လေးဆယ် မရှိတရှိနဲ့ မုဆိုးမဖြစ်သွားရှာတော့ သူတို့သားအမိတာဝန်က အန်တီဘောဘီခေါင်းပေါ် ပုံကျလာပါလေရော။ မဥမ္မာက အထက်တန်းပြ ဆရာမမို့ သည်မြို့မှာပဲ သူတို့သားအမိ အန်တီဘောဘီနဲ့ ဆက်နေပါရစေလို့ ခွင့်တောင်းလာတယ်။ အန်တီဘောဘီကလည်း သည်ယောက်မနဲ့ တူမကလေးကို မခွဲနိုင်ပါဘူး။ တစ်ကောင်ကြွက်ဘဝနဲ့ နေမယ့်အစား သည်သားအမိကိုပဲ သူ အဖော်သဟဲ လုပ်နေရမယ် မဟုတ်လား။ အခုရှုပ်မှနောင်ရှင်းဆိုသလို အန်တီဘောဘီက မောင်ဖြစ်သူ ဂျော်နီပိုင်တဲ့ အမွေတစ်ဝက်ကို တူမလေး မော်လီနာမည်နဲ့ လွှဲပြောင်း စာချုပ်လိုက်တယ်။ ရှေ့နေရှေ့ရပ်နဲ့ တရားဝင်လုပ်လိုက်တာပါ။

"ဥမ္မာကို ဘယ်လိုမှ အောက်မေ့လို့ မဟုတ်ဘူးနော်။ မမပိုင်တဲ့ အမွေလည်း မော်လီပဲရမှာပါ။ ဥမ္မာ နောက်အိမ်ထောင်ပြုမယ်ဆိုလည်း မမတို့က ပစ်မထားပါဘူး။ စောင့်ရှောက်မှာပါပဲ"

"ဟင့်အင်း အန်တီဘောဘီ၊ ဥမ္မာ ဘယ်တော့မှ နောက်အိမ်ထောင် မပြုတော့ပါဘူး။ သမီးလေးနဲ့ အန်တီဘောဘီတို့နဲ့ တစ်သက်လုံး နေသွားမှာပါ။

အခုအချိန်ထိတော့ ဥမ္မာက ကျောင်းဆရာမပီပီ ဣန္ဒြေရနေသေးတော့ အန်တီဘောဘီမှာ စိတ်အေးရပါတယ်။ ခြံစီးပွားရေးကို အန်တီဘောဘီ ဦးဆောင်ရတာပေါ့။ ဒါပေမယ့် အန်တီဘောဘီရဲ့ စီးပွားပြိုင်ဘက်က

www.burmeseclassic.com

www.burmeseclassic.com



တစ်အူထုံ့ဆင်း အစ်ကိုကြီး ကိုဆန်နီဖြစ်နေတာ ခက်နေတာပေါ့။

* * *

ဦးဆန်နီရဲ့ ပါဂျဲရိုကားကလေး ခြံထဲကွေ့ဝင်လာတာ မြင်လိုက်ရင်ပဲ အန်တီဘောဘီမှာ ရင်ထိတ်ခနဲ ဖြစ်သွားရတယ်။ မန္တလေးကို ဖုန်းလှမ်းဆက်လို့များ ရှက်လှပင်ကလေးကိစ္စ ပေါ်သွားလေရော့သလားလို့ပါ။ သစ်ခွပင်တွေ ရေလောင်းနေတဲ့ လက်ထဲက ရေမှုတ်ဖျန်းဘူးကလေးတောင် ဟိုရောက်သည်ရောက် ဖြစ်သွားရသေး။ ဒါပေမယ့် ဟန်မပျက် ကိုယ်ကို မတ်မတ်ထားရင်းက ပြုံးလိုက်တယ်။

"ဟော... အစ်ကိုကြီး ဘယ်ကလှည့်လာတာလဲ"

"ကိုမင်းသိုက်တို့အိမ်လာရင်း လှည့်ဝင်လာတာပါ။ နင်တို့ တူဝရီးတစ်တွေ အဆင်ပြေကြရဲ့လား"

"ပြေပါတယ်။ လာ အိမ်ထဲဝင်ရအောင်"

ရေဘူးကလေးကို စင်ပေါ်လှမ်းတင်ပြီး အိမ်ဘက်လျှောက်ခဲ့ကြတယ်။ တစ်နေရာရောက်တော့ ဦးဆန်နီရဲ့ ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားလို့ အန်တီဘောဘီ လှမ်းကြည့်လိုက်တော့ ဦးဆန်နီ မျက်လုံးတွေက ရေကန်ဘေးက ရှက်လှပင်ကလေးဆီ တည့်တည့်ကြီး ရောက်နေတာပါ။ မျက်မှောင်ကြီး ကုတ်ပြီး ရှက်လှပင်ကလေးကို စူးစူးစိုက်စိုက်ကြည့်နေတဲ့ ဦးဆန်နီရဲ့ မျက်နှာရိပ် မျက်နှာကဲကို အန်တီဘောဘီ သိတာပေါ့။ နှစ်ပေါင်းသုံးဆယ်ကျော် အတူနေလာကြတဲ့ တစ်အူထုံ့ဆင်း မောင်နှမအရင်းတွေပဲဥစ္စာ။

ဆက်တီခုံမှာဝင်ထိုင်ရင်း မျက်နှာမကြည်မသာ ဖြစ်နေတဲ့ ဦးဆန်နီရဲ့ အတွေးထဲမှာတော့ ရှက်လှပင်ကလေးပါနေတာ သေချာပြီ။ လှလိုက်တဲ့



ရှက်လှပင်ကလေး။ မိဘောဘီ ဘယ်ကများ ရတာပါလိမ့်။ သူ့အိမ်က နောက်ရောက်လာတဲ့ ရှက်လှပင်တွေနဲ့ တစ်ရွယ်တည်း တစ်စားတည်းဖြစ်နေတာ အံ့သြစရာ။ ပြီးတော့ ပန်းအိုး။ ဟာ... ဟုတ်သားပဲ။ သည်ပန်းအိုးက မန္တလေးဘက်မှာပဲရှိတတ်တဲ့ နှုတ်ခမ်းတွန့်အိုးမျိုး။ သူ့အိမ်က ပန်းအိုးတွေနဲ့ တစ်ပုံစံတည်း။ တစ်မျိုးတည်း။ ဒါ မိဘောဘီလက်ချက်နေမှာပဲလို့ သူ အတပ်သိလိုက်တယ်။ ဒါပေမယ့် ရမ်းသမ်းပြောလို့လည်း မဖြစ်သေးဘူး။ မန္တလေးကပို့လိုက်တဲ့ ရှက်လှဆယ်ပင်က သူ့ဆီမှာ ခွင်တိကွက်တိ။ ဒါပေမယ့် တင်ပေးလိုက်တဲ့ အလုပ်သမားတွေ အရေအတွက်မှားချင်လည်း မှားနိုင်တာပဲ။ ဟုတ်ပါပြီ။ ဒါ မန္တလေးက သူ့ဆီပို့လိုက်တဲ့ ရှက်လှအိုးကလေး နေမှာပါပဲ။ မိဘောဘီကို မေးလို့ကတော့ အမှန်အတိုင်း ပြောမှာ မဟုတ်တာ သေချာတယ်။ ရှက်လှတစ်အိုးက တန်ဖိုးမရှိပေမယ့် မိဘောဘီ လူလည်လုပ်တာမျိုးကျတော့ ဦးဆန်နီ မခံချင်ဘူး။ ဒီကနေ့ စိတ်ကောင်းကောင်းကလေးဝင်လို့ သင်းတို့ဆီ လှည့်ဝင်လာမိတာ ခပ်ကောင်းကောင်းပဲ။ ငါ့ရှက်လှအိုးကလေး ငါ ရအောင် ပြန်ယူရမယ်။ စကားသာ ပြောနေရတာ၊ ဦးဆန်နီစိတ်တွေက ကစဉ့်ကလျားနဲ့ပါ။ ဘယ်လိုများ လုပ်ရပါ့မလဲပေါ့လေ။

အန်တီဘောဘီကတော့ အောင့်သက်သက်မျက်နှာကြီးနဲ့ ပြန်သွားတဲ့ ဦးဆန်နီကို လှမ်းကြည့်လိုက်ရင်း တစ်မျိုးပဲလို့တော့ အထင်သား။ ဒါပေမယ့် ရှက်လှပန်းအိုးကလေးနဲ့ လုံးလုံးလျားလျား ပတ်သက်နေလိမ့်မယ်လို့တော့ တစ်ထစ်ချ မတွေးမိသေးဘူး။ ရှက်လှပင်ကလေးကို သူ တွေ့ပါလျက်ကနဲ့ ဒါနဲ့ ပတ်သက်လို့ တစ်ခွန်းမှ စကားထဲထည့်မပြောသွားပေပဲကိုး။ ဒါပေမယ့် သည်အတွေးက နောက်ရက်တစ်ပတ်လောက်အကြာမှာပဲ ဒက်ထိမှန်နေတော့တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့… မိုးထောင်၊ မိုးထောင်ရေ"

မနက်စောစော ဘုရားကန်တော့၊ ဖြီးလိမ်းပြင်ဆင်ပြီး ကော်ဖီမသောက်သေးခင် အန်တီဘောဘီ ခါတိုင်းလိုပဲ ခြံထဲဆင်းခဲ့တယ်။ မနက်တိုင်း ကြည့်နေကျ ရေကန်ဘေးက ပတ္တမြားတစ်ဖက် မြတစ်ဖက် အပင်ကလေးဆီ တန်းသွားလိုက်တော့ ရွက်လှပင်ကလေးက မရှိတော့ဘူး။

"သည်နားက ရွက်လှပင်ကလေးရော"

"မသိဘူး အန်တီဘောဘီ။ ညနေကတောင် ကျွန်တော် ရေလောင်းတော့ ရှိသေးတယ်"

ညနေက မိုးထောင်တို့လင်မယား ပြန်သွားတော့ အန်တီဘောဘီကိုယ်တိုင် ခြံတံခါးသော့ခတ်ခဲ့တာပဲ။ မိုးထောင်တို့လည်း ခါတိုင်းလို လူချည်းပြန်သွားကြတာပါ။ ခြံတံခါးသော့ခတ်ပြီးတာနဲ့ ခွေးကြီး ဝိုင်းလုံ့ကို အန်တီဘောဘီ ကိုယ်တိုင် သံကြိုးဖြေလွှတ်နေကျ။ ဝိုင်းလုံ့က အန်တီဘောဘီရယ်၊ ဥမ္မာရယ်၊ မော်လီရယ်ကလွဲရင် မိုးထောင်တို့ကိုတောင် မလိုရင်မလိုသလို လှမ်းဟောင်ချင် ဟောင်သေးတာပဲ။ သေချာတာကတော့ ညတုန်းက ခြံထဲကို သူခိုးဝင်တာပဲ။ အန်တီဘောဘီ စဉ်းစားတယ်။ ဝိုင်းလုံ့ ဘာကြောင့် မဟောင်ရသလဲ။ ခြံစည်းရိုးဘေးက လူဖြတ်တာတောင် ထိုးထိုးဟောင်တတ်တဲ့ ဝိုင်းလုံ့တစ်ကောင် ငြိမ်ချက်သားကောင်းနေပုံကတော့ ထူးဆန်းတယ်။ အန်တီဘောဘီရဲ့ မျက်စိထဲမှာ အစ်ကိုကြီးကိုဆန်နီကိုပဲ ပြေးမြင်လိုက်မိတယ်။ ဝိုင်းလုံ့က ခွေးကလေး ပေါက်စကတည်းက ကိုဆန်နီ တယုယုယနဲ့ ကျွေးခဲ့မွေးခဲ့ ကြီးပြင်းလာခဲ့ရတာမဟုတ်လား။ ကိုဆန်နီကို ဝိုင်းလုံ့ ဘယ်ဟောင်ပါ့မလဲ။

"တောက်…"

အန်တီဘောဘီရဲ့ တောက်ခေါက်သံက ကျယ်ကျယ်စူးစူး ထွက်သွားတော့တာပါ။ ဘေးကရပ်နေတဲ့ မိုးထောင်တောင် တွန့်ခနဲ လန့်ဖျပ်သွားတော့တာပဲ။ သည်ခြံကြီးထဲမှာ သူ အလုပ်လုပ်လာတာကိုက ဆယ်နှစ်ဆယ့်ငါးနှစ် ရှိရောပေါ့။ သူ အိမ်ထောင်မကျခင်ကတည်းကပါ။ ဘယ်သစ်ပင်တစ်ပင်မှ သည်လို မပျောက်ဖူးပါဘူး။ သည်ရွက်လှပင်ကလေးတစ်တောင်လောက်ကျခါမှ ဘယ့်နှယ်လုပ် ပျောက်သွားရတာတုန်း။ ပြီးတော့ အန်တီဘောဘီကကော ဘာကြောင့် သည်လောက် သဲကြီးမဲကြီးဖြစ်နေရတာတုန်းပေါ့။ မိုးထောင်လည်း စိတ်ရှုပ်ရှုပ်နဲ့ ခြံနောက်ဘက်ထွက်ခဲ့တယ်။ မိုးထောင်ထက် ပိုစိတ်ရှုပ်နေတာက အန်တီဘောဘီ။ သည်ရွက်လှပင်ကလေးကို သူ့လက်ထဲကရအောင် ယူသွားတာကိုပဲ မခံချင်ဖြစ်နေမိတော့တာပါ။ ဘာပဲဖြစ်ဖြစ် သည်ပတ္တမြားတစ်ဖက် မြတစ်ဖက်ကလေးကိုတော့ တစ်နည်းနည်းနဲ့ မရရအောင် ပြန်ယူရမယ်လို့ သန္နိဋ္ဌာန်ချလိုက်တယ်။



* * *

ရွက်လှပင်ကလေးကို ဘယ်နည်းနဲ့ ပြန်ယူနိုင်ပါ့မလဲလို့ နေ့စဉ်နဲ့အမျှ စဉ်းစားခန်းဝင်နေတတ်တဲ့ အန်တီဘောဘီအတွက်၊ ဖိတ်စာလှလှကလေးတစ်စောင် ရောက်လာတယ်။ သည်ဖိတ်စာက ဦးဆန်နီရဲ့ သားအကြီးဆုံး ဥက္ကာ ဆယ်တန်းစာမေးပွဲကို ဂုဏ်ထူးနှစ်ခုနဲ့ အထူးအောင်မြင်တဲ့အတွက် ဂုဏ်ယူဧည့်ခံပွဲ ဖိတ်ကြားလွှာ။ အမှန်အတိုင်းပြောရရင်ကိုယ့်လက်ပေါ်ကြီးသွားတဲ့ ကိုယ့်သွေးသား ကိုယ့်တူ အရင်းခေါက်ခေါက်ပေမယ့် မအေလုပ်တဲ့သူကြောင့် သွေးကွဲနေကြရတာကိုး။ ကိုယ့်ဆီလည်းသူတို့ မလာသလို၊ သူတို့ဆီလည်း ကိုယ်မသွားတာကိုပဲ ဘယ်လောက်ကြာပြီလဲ။ ဥက္ကာတောင် အလယ်တန်းကျောင်းမှာ တက်နေတုန်း ရှိသေးတယ်ထင်ပါရဲ့။ သည်ဖိတ်စာကလေး ရောက်လာတာကလည်း အန်တီဘောဘီကိုမှ မမြင်ရင် မြို့ရွာလူကြီးသူမတွေက မေးကြပြောကြ လုပ်တော့မယ်

www.burmeseclassic.com



မဟုတ်လား။ ကောင်းပါတယ်။ အန်တီဆောဘီကတော့ ရောက်အောင်သွားမယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဖိတ်စာက နှစ်စောင်။ ဥမ္မာ တို့အတွက် တစ်စောင်ပါတယ်။ ဥမ္မာက ဥက္ကာရဲ့ဆရာမမို့ သီးခြားဖိတ်တာပါ။

"ဥမ္မာတို့သားအမိ စောစောသွားကြ။ အန်တီဆောဘီက မင်းတို့ ပြန်လာမှသွားမယ်။ အိမ်မှာ တစ်ယောက်ယောက်တော့ နေရစ်ရဦးမှာပေါ့"

ဥမ္မာတို့ကတော့ သူ့တူတော်မောင် တပည့်ကျော်အတွက် ဘာလက်ဆောင်ဝယ်သွားသလဲ မသိပါဘူး။ အန်တီဘောဘီကတော့ ပလက်တီနမ် လက်ပတ်နာရီကလေး တစ်လုံးပေးဖို့ စီစဉ်ထားတယ်။ ဥမ္မာတို့ သားအမိပြန်လာတော့ တော်တော်မှောင်နေပါပြီ။ ညနေ ခြောက်နာရီထောင်ခွဲပြီပဲ။

"သမီး ထပ်လိုက်ခဲ့ရဦးမလား အန်တီဆောဘီ"

"နေ... နေ ရတယ်။ မြို့ပေါ်ပဲကွယ်"

ကြက်သွေးညို့ညို့ဖောက်ဇာ လက်ရှည်အင်္ကျီနဲ့ ကိုရီးယား ရှံသားလုံချည် ကြက်သွေးရင့်ရင့် အပွင့်ကလေးတွေ အထက်အောက် ဆင်တူဝတ်ထားတဲ့ အန်တီဆောဘီကိုကြည့်ရင်း မော်လီ ပြုံးလိုက်တယ်။ အန်တီဘောဘီ သည်လို တခမ်းတနား ဝတ်စားထွက်တာ ဘာကြောင့်ဆိုတာ မော်လီ သိနေတာကိုး။ မိုးကုတ်ကျောက်နီကလေးတွေ နှစ်သွယ်တန်းထားတဲ့ လည်ဆွဲနဲ့ ကျောက်နီလက်ကောက်နှစ်ရန်က အန်တီဆောဘီရဲ့ အသက်ကို ငယ်နသွားစေတာ အမှန်ပါပဲ။ အန်တီဆောဘီကတော့ အလှအပကို မက်လို့ စက်လို့ရယ်ချည်း မဟုတ်ပါဘူး။ သည်လို ကြွားကြွားရွှားရွှား ဝတ်စားနိုင်မှ တော်ကာကျမယ်ထင်လို့ပါ။

ဆလွန်းကားဖြူကလေးကို မောင်းပြီး သရဖူ လက်သစ်ခြံကြီးထဲ လျှောခနဲ ထိုးဝင်လိုက်ရင်ပဲ အန်တီဆောဘီရဲ့ ကားနားကို ဦးဆန်နီရဲ့



သားသမီးတွေ ဝိုင်းလာကြတယ်။ ဦးဆန်နီကိုယ်တိုင်ကလည်း အန်တီဆောဘီရဲ့ ပခုံးကို လာဖက်တယ်။ မောင်နှမနှစ်ယောက် လူတွေရှေ့မှာ ချစ်ပြရသေးတာကိုး။

"ကိုင်း... ကျုပ်နှမလာမှပဲ ပွဲစည်တော့တယ်ဗျာ။ ဟား... ဟား... ဟား"

ဒါက ဂုဏ်သရေရှိ လူကြီးလူကောင်းတွေရှေ့မှာ မောင်နှမချင်းတည့်တည့်ရှုရှု ကြည်ကြည်ဖြူဖြူရှိကြောင်း ဟန်လုပ်ပြတာမှန်း အန်တီဆောဘီကလည်း သိတယ်။ ယောက်မလုပ်တဲ့သူကတော့ ပရိသတ်တွေကြားကနေ အန်တီဆောဘီကို မအီမသာ လှမ်းကြည့်နေလေရဲ့။

"ရော့... သားဥက္ကာအတွက် အန်တီဘောဘီရဲ့ လက်ဆောင်"

လက်ဆောင်ဘူးကလေးကို ဖွင့်ကြည့်ပြီး ဥက္ကာ ပျော်သွားတယ်။ ကျန်တဲ့ အငယ်တွေကလည်း သူတို့ ဆယ်တန်းအောင်ရင် ဝယ်ပေးဖို့ ပူဆာကြတော့ အန်တီဘောဘီမှာ သွေးက စကားပြောလာတာပါပဲ။ ခဏနေတော့ အန်တီဘောဘီအနား လူရှင်းသွားတယ်။ ဦးဆန်နီရဲ့ ဧည့်သည်တွေက ညဉ့်နက်လေ ပိုများလာလေမို့ အန်တီဘောဘီကို ဘယ်သူမှ ဂရုမစိုက်နိုင်ကြတော့ပါဘူး။ အန်တီ ဘောဘီလည်း မီးရောင် မှိန်ဖျော့ဖျော့အောက်မှာ ကိုယ်ကို တရွေ့ရွေ့သွားရင်း ရွက်လှပင်တန်းကို ရှာတယ်။ သိပ်တော့ မရှာလိုက်ရပါဘူး။ ပြီးခဲ့တဲ့ နှစ်လလောက်ကမှ အန်တီဆောဘီရဲ့ ခြံထဲကနေ တစ်ဆင့်သယ်သွားကြတဲ့ ရွက်လှဆယ်ပင်ကြားမှာ ပတ္တမြားတစ်ဖက် မြတစ်ဖက် အပင်ကလေးကို တွေ့ပါပြီ။ ပန်းအိုးကြီးတွေထဲ ပြောင်းစိုက်တာကလွဲလို့ ထွက်နေတဲ့ အရွက်အတက်ကလေးတိုင်းကို အန်တီဆောဘီ မှတ်မိနေတာပဲ။ သူ့စိတ်ထဲမှာ မခံချင်စိတ်ဇောတွေပဲလှုံ့ဆော်လိုက်လေသလားတော့ မသိဘူး။ ရွက်လှအိုးတွေဆီသွားပြီး သူ့

www.burmeseclassic.com

www.burmeseclassic.com



ရွက်လှပင်ကလေးကို ဆတ်ဆတ်ပါအောင် ဆွဲနုတ်ချလိုက်တယ်။ ဘာမှ တွေဝေ စဉ်းစားမနေတော့တဲ့ ကားဆီ အပြေးသွားပြီး ကားနောက်ဖုံးလှန်ပြီး ထိုးထည့်လိုက်တော့တာပါ။ ဟိုဟိုသည်သည်ကြည့်ရင်း ဣန္ဒြေမပျက် စားပွဲဝိုင်းမှာ ခဏကလေး ပြန်ထိုင်ပြီးမှ အားလုံးကို နှုတ်ဆက်ပြန်ခဲ့တယ်။

ဦးဆန်နီတို့ သားအဖတစ်တွေ ကားနားအထိ လိုက်ပို့ပေမယ့် ရွက်လှပင်ကလေးကို ဘယ်လိုလုပ် မြင်နိုင်မှာတဲ့တုန်း။ ဒါပေမယ့် အန်တီဘေဘီရဲ့ လုပ်ရှားမှုကို ခြံလုပ်သား မောင်လှတစ်ယောက်ကတော့ အစအဆုံးဆိုသလို မြင်လိုက်ရလေရဲ့။

* * *

ပန်းအိုးကြီးထဲကမြေက ပျိုထားခါစ မြေမွဆိုတော့ ရွက်လှပင်ကလေးက အသာကလေး ကြွပါလာတာမို့ အမြစ်တွေ အစုံပါလာတယ်။ အိမ်ရောက်ရောက်ချင်း အဝတ်အစားလဲပြီး အန်တီဘေဘီ ရွက်လှပင်ကလေးကို မြေအိုးကလေးထဲထည့်ပြီး ပြန်စိုက်လိုက်တယ်။ သည်တစ်ခါတော့ ရွက်လှပင်ကလေးကို ခြံဘက်မထုတ်တော့ဘူး။ နေ့ခင်း နေရောင်ကလေးရလောက်တဲ့ ဧည့်ခန်းဘေးက ပြတင်းဝမှာပဲ နေရာချထားလိုက်တယ်။ မနက်လင်းတော့ ခြံလုပ်ငန်း ဆင်းဖို့လာတဲ့ ဖိုးထောင်ထောင်မှ တအံ့တသြ ဖြစ်သွားလို့။ သည်ရွက်လှပင်ကလေး ပျောက်တဲ့နေ့တုန်းက တစ်ခြံလုံးအနှံ့ သူပတ်ရှာတယ်။ မတွေ့ဘူး။ အခု ဘယ်က ဘယ်လို အန်တီဘေဘီရဲ့ ဧည့်ခန်းထဲ ရောက်နေရတာပါလိမ့် ဆိုတာ သူ လုံးဝ စဉ်းစားလို့မရဘူး။ မေးလည်း မမေးရဲဘူး။ တစ်ခါတလေတော့ အန်တီဘေဘီက နိုင်းတတ်တယ်။

"ဖိုးထောင် ရွက်လှပင်ကလေး နေထုတ်ပြလိုက်စမ်း။ ခပ်ဝေးဝေး ယူမသွားနဲ့။ သည်ရှေ့မှာပဲ ထား"



သည်လိုနိုင်းမှ ဟုတ်ကဲ့ဆိုပြီး အပြင်ထုတ်ဝံ့တာပါ။ အပင်ကလေးက လောင်းရိပ်မိနေလို့လားတော့ မသိပါဘူး။ ရောက်လာခါစလောက် မလှတော့ဘူးလို့ ဖိုးထောင် ထင်တယ်။ ရွက်လှဆိုတာမျိုးက နေရောင်သိပ်ကြိုက်တဲ့ အပင်။ ပူချင်သလောက် ပူစမ်း။ ပူလေ အရောင်အသွေး တက်လေ မဟုတ်လား။ တစ်လလောက်နေတော့ ရွက်လှပင်ကလေး အတက်တစ်တက် ထပ်ထွက်လာတယ်။ သည်တော့မှ အန်တီဘေဘီမှာ ငိတ်အေးရတော့တာပါ။ ဒါဆို ရွက်လှပင်ကလေး အမြစ်စွဲပြီပေါ့။ ရှင်ပြီပေါ့။ သန်ဖို့စွမ်းဖို့၊ ကိုင်းကူးဖို့၊ ပျိုးဖို့ရောင်းဖို့ဆိုတာထက် သည်အပင်ကလေး အသက်ရှင်ဖို့တောင် မနည်းကြီး မွေးမြူနေရတော့တာပါ။

ထူးဆန်းတာက သည်အပင်ကလေးနဲ့ ပတ်သက်ပြီး သူ့အစ်ကိုကြီးကိုဆန်နီဆီက ဘာအသံမှ မကြားရတာပဲ။ ဟောင်းလောင်းဖြစ်ကျန်ရစ်ခဲ့တဲ့ မြေအိုးဟောက်ပက်ကြီးကိုကြည့်ပြီး ဘယ်လောက်များ ဒေါသတွေကြီးနေလိုက်လေမလဲ။ ဘယ်သူ့လက်ချက်များပါလိမ့်လို့ သူ တွေးမရဖြစ်ချင်လည်း ဖြစ်နေမှာပဲ။ အို… သူတောင်မှ ငါ့ခြံဝင်းထဲအထိ လာယူဝံ့သေးတာပဲလို့ အန်တီဘေဘီ ကြိမ်းလိုက်မောင်းလိုက်လို့။ သူ့ဆီကိုပြန်ရောက်လာတဲ့ ပတ္တမြားတစ်ဖက် မြတစ်ဖက် အပင်ကလေးကို ကျေကျေနပ်နပ်နဲ့ကို ပို ဂရုစိုက်ဖြစ်၊ ယုယဖြစ်နေတော့တာပါ။ အရိပ်တကြည့်ကြည့်နဲ့ ပိုးမွေးသလို မွေးယူနေပေမယ့် အပင်ကလေးက ထင်သလောက်ဖြစ်မလာဘူး။ သူ့နေရာ၊ သူကြိုက်တဲ့ အစာအာဟာရမှ မဟုတ်လေတာကိုး။ ဒါပေမယ့် အန်တီဘေဘီကတော့ သည်အပင်ကလေးအပေါ်မှာ စိုးပွားမဖြစ်ချင်နေရော့။ ကိုယ့်လက်တွင်းရှိနေတာကိုပဲ ကျေနပ်နေမိတော့တာပါ။

ဒါပေမယ့် အန်တီဘေဘီရဲ့ ကြည်နူးမှုရသလေးဟာ မကြာခင်မှာပဲ ပျက်ပြားသွားရတော့တယ်။ တစ်နေ့ တောင်ဘက်ခပ်လှမ်းလှမ်း မြို့

www.burmeseclassic.com

www.burmeseclassic.com



ကလေးက အလှူဖိတ်တယ်။ အလှူက အန်တီဘောဘီရဲ့ သူငယ်ချင်းဖြစ်တာကလည်း တစ်ကြောင်း၊ အန်တီဘောဘီရဲ့ သရဖူခြံက အလှပန်းပင်ကြီးတွေ ငှားရမ်းတာကလည်း တစ်ကြောင်းမို့ မနက်စောစောကပဲ တောင်ဘက်မြို့ကို သွားရတယ်။ အလှူက ပြန်လာတော့ နေ့လယ်တစ်နာရီလောက်တောင် ရှိနေပါပြီ။ နေကလည်း ပူ၊ ကားမောင်းလာရတာလည်း ပင်ပန်းဆိုတော့ ကားထိုးပြီး အိမ်ထဲဝင်လိုက်ရင်ပဲ မိုက်ခနဲ ဖြစ်သွားရတော့တာပါ။

"သံပရာရည်ကလေးတစ်ခွက် ဖျော်ပေးစမ်း မော်လီ"

ဆက်တီပေါ်ပစ်လှဲပြီး မျက်လုံးကို စုံမှိတ်ထားရတယ်။ အသက်ကလေး ငါးဆယ်ကျော်ဆိုတော့ ဇရာက စကားပြောလာပြီပေါ့။ ဟိုတုန်းကလိုတော့ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ဘူးလို့ အန်တီဘောဘီ တွေးလိုက်မိပါရဲ့။ မော်လီယူလာတဲ့ သံပရာရည်ချဉ်ချဉ်ကလေး တစ်ငုံနှစ်ငုံလောက် သောက်လိုက်ရမှ ရင်ကလေး နည်းနည်းကြည်သွားပြီး မျက်လုံးဖွင့်နိုင်တယ်။ ကိုယ်ပေါ်က အဝတ်အစားကျပ်ကျပ်ကြီးတွေ ချွတ်လဲချင်တာနဲ့ အထလိုက်မှာတော့ မျက်လုံးတွေ ပျာခနဲ ပျာခနဲ ဖြစ်သွားရတော့တာပါ။

"ဟင်... သည်... သည်ရွက်လှပင်ကလေး"

ရိုးတံချည်း ငုတ်စိစိ ကျန်ရစ်ခဲ့တဲ့ ရွက်လှကိုင်းကျိုးကလေးက အကျည်းတန်တန်နဲ့ အန်တီဘောဘီကို ငေးကြည့်လို့။

"ဘယ်လိုဖြစ်တာလဲ၊ ဘယ်လိုဖြစ်တာလဲ"

ရင်ထဲ ပွက်ခနဲ ဆူသွားလိုက်ပုံများ စကားပြောဖို့တောင် တော်တော်နဲ့ နှုတ်ဖျားထိ တက်မလာနိုင်ပါဘူး။ ကြောင်တိကြောင်ငေးဖြစ်နေတဲ့ အန်တီဘောဘီကို မော်လီက လက်မောင်းကနေ ဖေးထိန်းလိုက်ရတယ်။



"အန်တီဘောဘီ ဘာလုပ်ချင်လို့လဲဟင်"

"အိမ်ကို ဘယ်သူလာသေးသလဲ"

မော်လီ့အမေးကို အဖြေမပေးဘဲ သူ သိချင်တဲ့မေးခွန်းကို ခပ်ဆတ်ဆတ်ကလေး မေးချလိုက်တယ်။

"ဘယ်သူမှ မလာပါဘူး အန်တီဘောဘီရဲ့။ သြော်... မနက်တုန်းကတော့ ဘဘကြီး ဝင်လာသေးတယ်။ မော်လီကိုတောင် မုန့်ဖိုးပေးသွားသေးရဲ့။ အဲ့သြစရာကြီး"

"ဘုရား... ဘုရား"

သည်တစ်ခါတော့ အန်တီဘောဘီ တကယ်ပဲ ကြမ်းပြင်ပေါ် ပစ်လဲကျသွားတော့တာပါ။ မော်လီရဲ့အော်သံတွေ၊ စားပွဲစွန်းက ဖန်ခွက်ကျကွဲသံတွေ၊ ဖိုးထောင်တို့ လင်မယားရဲ့ ဝုန်းဝုန်းဒိုင်းဒိုင်း တက်လာသံကို မကြားတစ်ချက် ကြားတစ်ချက်နဲ့ပဲ အန်တီဘောဘီ သတိလစ်သွားတော့တယ်။

အန်တီဘောဘီ သတိရလာတော့ ဆေးရုံပေါ်မှာ။ လက်မှာ Drip သွင်းထားတဲ့ ပိုက်ကြီးတန်းလန်းနဲ့။ ဥမ္မာတို့သားအမိကတော့ အန်တီဘောဘီရဲ့ဘေးမှာ မျက်ရည်တွေနဲ့။ သူ့တို့ အားငယ်မှာစိုးလို့ အန်တီဘောဘီ ကြိုးစားပြီး ပြုံးပြလိုက်ရပေမယ့် ရင်ထဲက လုံးဝကို မကြည်လင်တာပါ။ မျက်စိထဲမှာလည်း သူ့ရွက်လှပင်ကိုင်းကလေးကို ဖျက်ဆီးချိုးယူသွားတဲ့ ဦးဆန်နီရဲ့ လှုပ်ရှားမှု ဟန်ပန်တွေက ဒစ်ဂျစ်တယ်ကင်မရာနဲ့ ရိုက်ယူထားသလို ဖျပ်ခနဲ ဖျပ်ခနဲကို။

ထူးဆန်းတာက အန်တီဘောဘီ ဆေးရုံတက်တဲ့သတင်းကို ကြားရက်နဲ့ ဦးဆန်နီတို့မိသားစုတွေ တစ်ယောက်မှ သတင်းလာမမေးကြတာပါပဲ။

* * *

www.burmeseclassic.com



အခုတော့ ရွက်လှပင်ကလေးက နှစ်ပိုင်းပြတ်သွားခဲ့ပါပြီ။ ထိပ်ပိုင်းတစ်ထွာလောက်က ဦးဆန်နီလက်ထဲမှာ။ အောက်ပိုင်းတစ်ထွာလောက်က အန်တီဘေဘီရဲ့ ဧည့်ခန်းထဲမှာ ငုံးတိတိနဲ့။

ချိုးယူလာတုန်းက ပါလာတဲ့ အရွက်တွေအားလုံး အရွက်ချလိုက်သလို ကြွေကျသွားလို့ ရိုးတံချည်း ငေါငေါကြီး ကျန်ရစ်ခဲ့တဲ့ ရွက်လှသစ်ကိုင်းကလေးကို နေ့စဉ်နဲ့အမျှ ဦးဆန်နီ အရိပ်တကြည့်ကြည့် ရှိနေပေမယ့် တစ်လကျော်လာတဲ့အထိ အတက်သစ် ထွက်မလာသေးဘူး။ ရွက်လှဆုံတာမျိုးက အသက်တော့ အပြင်းသား။ မာကျောတယ်။ ဒဏ်ရာဒဏ်ချက်တွေကိုလည်း ကြံ့ကြံ့ခံနိုင်တယ်။ သစ်ကိုင်းကလည်း ခြောက်မသွားသေးဘူးဆိုတော့ အတက်ထွက်လာနိုင်သေးရဲ့လို့ ဦးဆန်နီ ခပ်မျှင်းမျှင်းကလေး တွေးတယ်။ ဦးဆန်နီရဲ့ ရွက်လှပင်ကလေးကတော့ သေခါနီးလူမမာတစ်ယောက်ယောက် နာတာရှည် ဖြစ်နေပုံမျိုး။

အန်တီဘေဘီရဲ့ ရွက်လှပင်ကလေးခမျာမှာလည်း အမြစ်နဲ့ အဆစ်နဲ့တော့ ကျန်ရစ်ခဲ့ပါရဲ့။ ဒါပေမယ့် အသက်ငင်နေတဲ့ ရွက်လှကိုင်းကျိုးကလေးက အရွက်ထွက်လာဖို့ မျှော်လင့်ချက် မရှိသလောက် နည်းနေပြီ။ ဒါပေမယ့် ကိုင်းရိုးတံကလေးက စိမ်းနေတုန်း။ ရိုးတံခေါင်းပွတစ်လျှောက်ရိုးပုပ်မလိုက်သေးဘူး။ ဂရုတစိုက် ပြုစုပျိုးထောင် ပေးနိုင်ရင်တော့ အညွန့်အတက်စို့လာ ပြုလာနိုင်သေးရဲ့လို့ အန်တီဘေဘီ ခပ်ဖော့ဖော့ကလေး တွေးတယ်။ အန်တီဘေဘီရဲ့ ရွက်လှပင်ကလေးက ဒဏ်ရာတွေဗရပွနဲ့ ဆေးရုံတင်ထားတဲ့ လူနာကို စောင့်ကြည့်နေရသလိုမျိုး။

ဦးဆန်နီရဲ့ ခြံထဲမှာ မန္တလေးက ပို့လိုက်တဲ့ ရွက်လှဆယ်ပင်ကတော့ အရွက်တွေ၊ အတက်တွေ၊ အခက်တွေ၊ အလက်တွေ ဝေဝေဖြာလို့။ လူတစ်ရပ်လောက်နီးနီး ထွားကြိုင်းလာလိုက်ကြတာ ရိုးကြီးဆစ်ကြီးနဲ့ကိုး။



ကိုင်းကူး မျိုးပွားလို့တောင် ရနေပြီ။ ပဒ္မာမြားတစ်ဖက် မြတစ်ဖက်ကလေးကတော့ နဂို တစ်တောင်သာသာလောက်ကနေ အခုတော့ တစ်ထွာစီ နှစ်ပိုင်းပြတ်သွားရတော့တာပါ။ သူ့ခမျာ တစ်မြေတည်း တစ်ရေတည်း တစ်ရှယ်တည်း ဘဝကနေ တပိန်ပိန် တလိုလိုနဲ့ သနားစရာတောင်ကောင်းရဲ့။

ဒါပေမယ့် နှစ်ယောက်စလုံးကတော့ မောင်နှမဆိုပေမယ့် လျှော့မယ်များ ထင်သလား။ သူ့အပင် ကိုယ့်အပင် အကွက်ချောင်းနေကြတုန်း။ ဘယ်သူ့ အပင်ကပဲရှင်ရှင်၊ ရှင်သန်လာလို့ကတော့လား၊ လက်ထဲအရသိမ်းဖို့ တေးထားမှတ်ထားကြတုန်း။ သူတို့ရင်ထဲ အာဃာတ အကျိတ်အခဲတွေ ရှိနေကြတုန်း။ အပင်ကလေးနှစ်ပိုင်းကလည်း သေမလို၊ ကြေမလို၊ ဝေမလိုနဲ့ အသက်ငင်နေတုန်းဆိုတော့ ခက်တော့ ခက်သားပဲ။ သူတို့မောင်နှမနှစ်ယောက်ရဲ့ သည်အဖြစ်အပျက်ကို ဦးဆန်နီရဲ့ မိသားစုကလည်း ဘာမှမသိကြသလို မဥမ္မာနဲ့ မော်လီတို့ကလည်း အတွေးထဲတောင် မရှိကြဘူး။ ဦးဆန်နီနဲ့ အန်တီဘေဘီတို့ကလည်း အချင်းချင်း တခြားစကားပြောကြဆိုကြရှိပေမယ့် သည်အပင်ကလေးရဲ့အကြောင်းကို ယောင်လို့တောင် စကားမစပ်ကြ၊ မဟပ်ကြပါဘူး။

ဒါပေမယ့် သည်အဖြစ်အပျက်တွေကို အစအဆုံးလိုလို သိနေကြတဲ့ လူနှစ်ယောက်တော့ ရှိကြတယ်။ မြောက်ခြံက ခြံအလုပ်သမားဖိုးထောင်နဲ့ တောင်ခြံက မောင်လှပေါ့။ ဒါပေမယ့် သူတို့ကလည်း ဘာပြောနေကြမှာတဲ့တုန်း။ ပြောလို့လည်း သူတို့အတွက် အကျိုးမရှိ မပြောလို့လည်း ဘာမှ အကျိုးမရှိကိုး။ ဒါက လူကြီးလူကောင်း မောင်နှမရင်းချာချင်းဖြစ်နေတဲ့၊ ဖြစ်တတ်တဲ့ သဘာဝလို့ပဲ သဘောထားလိုက်ကြတော့တာပါ။ ဘာမှမဟုတ်တဲ့ သည်ရွက်လှပင်ကလေး တစ်ပင်ကို ဘာကြောင့် သည်

www.burmeseclassic.com




လောက် သည်းသည်းထန်ထန် ဖြစ်နေကြတာပါလိမ့်လို့လည်း သူတို့ မစဉ်းစားတတ်ဘူး။ စဉ်းလည်း စဉ်းစားနေကြတာ မဟုတ်ဘူး။ စဉ်းစားရ ကောင်းမှန်းလည်း မသိဘူး။ သူတို့အလုပ်က ခြံလုပ်သား၊ ခြံထဲရှိတဲ့ သစ်ပင်ပန်းပင်တွေကို စိုက်ဖို့၊ ပျိုးဖို့၊ ပေါင်းသင်ဖို့၊ ရေလောင်းဖို့ပဲဟာ။ ကိုယ်လုပ်မှ ကိုယ်စားရတာဆိုတဲ့အသိနဲ့ နေလာခဲ့ကြတာတောင် ကြာလှပေါ့။ သူများပြဿနာ ကိုယ့်ပြဿနာ မဖြစ်ချင်ကြဘူး။

သည်မောင်နှမကြားထဲက ပတ္တမြားတစ်ဖက် မြတစ်ဖက် ရွက်လှပင်ကလေး တစ်ပင်စီကတော့ အခုထိ အရွက်ကလေးတစ်ရွက် ထွက်မလာသေးပါဘူး။ ဘယ်သရဖူမှာ ရှင်သန်ရလေမလဲလို့ ဝေခွဲမရဖြစ်နေပုံလည်းရရဲ့။ အတက်ကလေး တစ်တက်၊ အရွက်ကလေးတစ်ရွက် ထွက်လာဖို့တောင် ခဲယဉ်းနေလိုက်ပုံများ။ သူ့ကိုယ်သူတောင် ဘယ်လို အရွက်ထွက်ခဲ့ဖူးပါလိမ့်လို့ ပြန်စဉ်းစားယူရမယ့် ကိန်းကိုး။

ဘာအရွက်မှ မရှိတော့ပေမယ့် ပတ္တမြားတစ်ဖက် မြတစ်ဖက် ရွက်လှပင်ကလေးက သည်အာဃာတတွေကို သိနေသလိုပဲ။ သူ့ဟာသူ ငုတ်စိကလေးနေတာကမှ ရန်ကင်းတယ် အောက်မေ့နေဟန်တူပါရဲ့။

[ကလျာမဂ္ဂဇင်း၊ ဩဂုတ်၊ ၂၀၀၃ ခု]

▢



www.burmeseclassic.com

## ငှက်ခတ်သမား

### (၁)

အမှောင်ရိပ်က ခပ်ဖြည်းဖြည်း ပြိုဆင်းကျလာခဲ့ပြီ။

ခပ်စောစောက မိုးကုပ်စက်ဝိုင်းပတ်လည်သို့ ဝင်ရောက်သွားခဲ့သော နေရောင်ခြည် အမျှင်တန်းများကို မမြင်ရတော့။ အမှောင်က လိုအပ်သည်ထက် ပို၍ မြန်မြန်ကြီး ကျလာခဲ့သည် ထင်ရ၏။ မင်းဝံတောင်တန်း၏ အနောက်မြောက်ကျောဘက်ဆီမှ မိုးသားမိုးခဲတွေ တလိပ်လိပ် ရန်းကြွလာခဲ့ပြီ။ ထိုမိုးသားမိုးခဲများကို တွန်းပို့နေသော လေက တောင်ခြေရှိ ရွာကလေးများပေါ်သို့ ဒရောသောပါး ပြေးလွှားနေသည်။

လေသည် ခပ်စိတ်စိတ်ကလေး တိုက်ခတ်ရာမှ တဝေါဝေါဖြင့် အသံပေးရင်း မြည်ဟည်းလာသည်။ ရွာထိပ် သရဖိပင်ကြီးသည်ပင် ပြင်းထန်သောလေကြောင့် ယိမ်းထိုးအော်မြည်လျက် ရှိသည်။ သရဖိပင်ကြီးနှင့် မလှမ်းမကမ်းရှိ ဘုန်းကြီးကျောင်းဝင်းထဲမှ သရက်ပင်တို့သည်လည်း လေတိုးသံဖြင့် တရှဲရှဲ မြည်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထဲတွင် ကပ္ပိယကြီး ဦးဖိုးက မီးအိမ်ကလေးကို ထွန်းညှိဖို့ ကြိုးစားနေသေးသည်။ သို့သော် မီးတောက်ကလေးသည် ဖန်ပြောင်းထဲမှာပင် ဟိုယိမ်းသည်နှဲ့ဖြင့် လှုပ်ခါရင်း ငြိမ်သက်သွားပြန်၏။ မီးထွန်းမရသဖြင့် ကပ္ပိယကြီးက ဆေးပြင်းလိပ်ကို မီးညှိသောက်ဖို့ မစဉ်းစားတော့ဘဲ ရွာဘက်ဆီသို့ ကျောင်းပြတင်းပေါက်မှ လှမ်းမျှော်ကြည့်လိုက်သည်။ ရွာကလေးဘက်ဆီက မီးရောင်တစ်စပင် မမြင်ရ။ အမှောင်ထုကတော့ သိပ်သည်းနေခဲ့ပြီ။ ဖုန်ငွေ့များဖြင့် လုံးထွေးနေသော အမှောင်ရိပ်အောက်ဝယ် ရွာကလေးသည် မှိုင်းအုံနေရုံမက ချောက်ချားစရာကောင်းနေသည်။

ကျောင်းထောင့် သရက်ပင်ကြီးတွေဆီက သရက်သီးကြွေသံတဖြုတ်ဖြုတ်ကို ကြားနေရသည်။ ကပ္ပိယကြီးသည် ငါးတောင့်ထိုးလက်နှိပ်မီးကို လှမ်းယူကာ သရက်ပင်များဆီသို့ မီးထိုးကြည့်လိုက်သည်။ သရက်ပင်ထက်ရှိ သရက်ကင်းကလေးများမှာ လေဝါးလုံးဖြင့် ရိုက်ပုတ်နေသည့်ဒဏ်ကြောင့် တဖြုတ်ဖြုတ် ကြွေကျနေလောက်ပြီ။ ကပ္ပိယကြီးဦးဖိုးက သရက်ကင်းကြွေများကောက်ဖို့ ခြင်းတောင်းတစ်လုံးကိုယူကာ ကျောင်းအောက် ဆင်းခဲ့သည်။

လက်နှိပ်ဓာတ်မီးဖြင့် ဟိုသည် လှမ်းထိုးကြည့်တော့ ကျောင်းဝင်းတစ်ဖက်ရှိ သရဖီပင်ကြီး ယိမ်းထိုးလှုပ်ခါနေသည်ကို တွေ့ရသည်။ သရဖီပင်ကြီးသည် တဝေါဝေါ အော်မြည်နေသော လေ၏ မရဏတီးလုံးကို နောက်ခံထား၍ မြူးထူးကခုန်နေသော သရဲတစ္ဆေတစ်ကောင်နှင့် တူနေတော့သည်။ သူ့အတွေးနှင့်သူ ကပ္ပိယကြီး ကြက်သီးဖြန်းခနဲ ထသွားရသေးသည်။

"အလို... ဘုရား... ဘုရား"

သရဖီပင်ကြီးအောက်တွင် မည်းမည်းအရိပ်သဏ္ဌာန်ကြီးကို ဖျပ်ခနဲ တွေ့လိုက်ရသည် ထင်လို့ဖြစ်၏။ လက်နှိပ်ဓာတ်မီးကို အားစိုက်ထိုးကြည့်



သော်လည်း ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရ။ ဖုန်ခိုးတွေပါသော လေပြင်းတိုက်သံတို့ နားထဲတဝေါဝေါ ဆူညံလျက်။ သရက်သီးကြွေများကို ခြင်းတောင်းထဲ ရသလောက် ကောက်ထည့်ရင်း မလုံမလဲ တစ်ချက်ကြည့်မိပြန်သည်။ သူ့စိတ်တွေကများ ချောက်ချားနေပြီလား။ အရိပ်မည်းကြီးက စောစောကထက်တောင် ပိုပြီး ကြီးထွားလာသယောင် ထင်မိပြန်၏။ သေသေချာချာ စူးစိုက်ကြည့်တော့လည်း ဘာမှမရှိ။

"ဖွဟဲ့ သည်ကောင်"

သရက်သီးတွေ ခြင်းတောင်းအပြည့်ရသည်နှင့် ကပ္ပိယကြီး ကျောင်းကို ပြန်ဖို့ပြင်လိုက်သည်။

"ဖျောင်း..."

သရဖီပင်ကြီးဆီမှ သစ်ကိုင်းကျိုးကျသံ ကျယ်ကျယ်လောင်လောင်ကို ကြားလိုက်ရသည်။ ကပ္ပိယကြီးနောက်သို့ လှည့်မကြည့်မိတော့။ လေက ပြင်းသည်ထက် ပြင်းလာခဲ့ပြီ။ အမှောင်က ရင့်သည်ထက် ရင့်လာခဲ့ပြီ။ ကပ္ပိယကြီးက ကျောင်းလှေကားထစ်တွေပေါ် ခပ်သုတ်သုတ်ကလေး တက်လာခဲ့သည်။

(၂)

တဝုန်းဝုန်းရွာသွန်းနေသော မိုးသီးမိုးပေါက်များကို ငေးစိုက်ကြည့်ရင်း ဒေါ်အေးသွယ် အင်္ဂုလိမာလသုတ်ကိုသာ တွင်တွင်ကြီး ရွတ်နေမိသည်။

ပရိတ္တံ ယံ ဘဏန္တဿ
နိသိန္နဋ္ဌာန ဓောဝနံ
ဥဒကမ္ပိ ဝိနာသေတိ
သဗ္ဗမေဝ ပရိဿယံ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှစ်ခေါက်ရှိမှန်းပင် မသိတော့။ ပြီးတော့ အယောင်ယောင် အမှားမှား။ ညနေကတည်းက တောင်ဘက်ရွာမှ အရပ်လက်သည် အမေရှန်ကြီးကို ခေါ်ထားမိ၍ တော်တော့သည်။ သူမများ ရှင်ထွေးညိုက ဗိုက်နာပါတယ်ဆိုရင် ဟောသည်မိုးကို တိုးဖို့ရာ အခက်ပင်။ အပြင်ဘက်မှာ မဆိုထားနှင့်၊ တံစက်မြိတ်မှ ကျလာသည့် မိုးရေပေါက်တွေကပင် အင်အား မသေးလှ။ တံစက်မြိတ်တစ်လျှောက် မြေကြီးတွေမှာ အပေါက်ကြီးတွေ ဆက်ကာဆက်ကာ မြောင်းရှည်ကြီးပင် ဖြစ်နေခဲ့ပြီ။ သည်လို မိုးတွေ များလျှင် မင်းဝံတောင်ပေါ်မှ လျှောဆင်းလာမည့်ရေတွေက မိုးချောင်းကြီး စီးရော့မည်။ မနေ့တစ်နေ့ကမှ ကြိတ်ထားသော ပြောင်းစေ့ကလေးများ မိုးချောင်းရေထဲ မျောပါကုန်ကြလျှင်။

"ဟဲ့... ရှင်အေးသွယ်၊ နင့်ဟာက အထဲမှာ သွားနေပါရော့လား ကွယ်၊ ခမျာ အားရှိတာပေါ့"

"လန့်လိုက်တာ ကိုရင်ရယ်၊ သည်မှာ အင်္ဂလိမာလသုတ် ရွတ်နေသာပါ ကိုရင်ရဲ့။ အထဲသွားတော့လည်း သွားမှာပေါ့။ သူ့ဟာက ညည်းလွန်း ညူလွန်းလို့ ကျုပ် မကြည့်ရက်လို့ပါတော်"

ဦးဘမိကတော့ စီပ်ပုတီးကိုသာ တွင်တွင်စိပ်နေလေသည်။ ဒေါ်အေးသွယ်မှာလည်း ရွတ်လက်စ ဘယ်ဆုံးသွားမှန်းမသိတော့ အင်္ဂလိမာလသုတ်ကို ပြန်မကောက်တော့ဘဲ ပြောင်းဖူးဖက်လိပ်ကို မီးညှိကာ တစ်ဖွာနှစ်ဖွာ ဖွာလိုက်သည်။ လေးငါးချက်လောက် ဆက်ဆက်ဖွာလိုက်မှပင် မီးရဲရဲစွဲလေ၏။ ဆေးလိပ်ဖွာရင်းမှပင် သမီးရှင်ထွေးညိုအကြောင်း တွေးနေမိသည်။

သူတို့၏ တစ်ဦးတည်းသောသမီး ရှင်ထွေးညိုက အသက်သုံးဆယ်ကျော် လေးဆယ်တွင်း ရောက်သည်အထိ အိမ်ထောင်ရယ်လို့ မပြုခဲ့။



ငယ်ရွယ်စဉ်က ပိုးကြပန်းကြသူ အထိုက်အလျောက်ရှိပေမယ့် သူတို့က စိတ်တိုင်းမကျခဲ့တာလည်း ရှိသည်။ ရှင်ထွေးညိုကိုယ်တိုင်က သဘောမတူတာလည်း ရှိသည်။ နောက် ရှင်ထွေးညိုအထက်က သားကြီး ငယ်ငယ်ရွယ်ရွယ်နှင့် ဆုံးပါးသွားရတာကလည်း တစ်ကြောင်းပေါ့လေ။ ခုတော့လည်း သားအမိ သားအဖသုံးယောက်သာရှိသည့် မိသားစုဆိုတော့ မြေကွက်ကလေးထဲ စိုက်ပျိုးလို့ရသမျှ ပဲစိုက်၊ ဖရဲစိုက် လုပ်ကိုင်စားသောက်ခဲ့ကြသည်။

ရှင်ထွေးညိုခမျာလည်း သူ့မောင်ကြီး ဆုံးပြီးကတည်းက သူပဲ ဦးဆောင်ခဲ့ရသည် မဟုတ်လား။ ပေါက်တူးပေါက်တာလည်း သူ၊ မြေဆွ ပေါင်းသင်၊ ပဲဆွတ်တာကလည်း သူ၊ ပေါသမျှသီးနှံ ငွေဖြစ်အောင် လုပ်ရတာအဆုံး သူပဲ တာဝန်ယူခဲ့သည်။ ပဲသီး၊ ဘူးသီး၊ မရန်းသီးကလေးအစ ကိုယ့်အခင်းထွက် ကလေးတွေ မလေရလေအောင် အရှေ့ဘက်ကမ်းကူးရောင်းသည်အထိ ရှင်ထွေးညိုပဲ တာဝန်ယူခဲ့သည်။

"သင်း အပင်ပန်းလည်း ခံနိုင်ပါရဲ့တော်"

ဒေါ်အေးသွယ် နှုတ်မှပင် လွှတ်ခနဲ ထွက်သွားမိရသည်။ သည်လိုနှင့် နှစ်ပေါင်းများစွာအနေကြီးနေလာခဲ့သည့် ရှင်ထွေးညို ကူးတို့သမားကိုလွန်းမောင်နှင့် ခိုးရာလိုက်ပြေးကြတော့ တစ်ရွာလုံးက ပြောစရာ ဖြစ်ခဲ့ရသည်။

"အမေ"

"ဟော..."

အတွင်းခန်းထဲမှ ရှင်ထွေးညို ခေါ်သံကြောင့် ပြောင်းဖူးဖက်လိပ်ကြီး ကြေးဖလားထဲ ထိုးထည့်ကာ ပြေးဝင်ခဲ့ရပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၃)

"အမေ ဟိုမယ် ကိုလွန်းမောင်ရယ်တော့်"

ခပ်ဟဟကလေးပွင့်နေသည့် တံခါးဆီကို ရှင်ထွေးညိုက လက်ညှိုးထိုးပြတော့ ဒေါ်အေးသွယ် တစ်ကိုယ်လုံး ကြက်သီးထသွားသည်။ အခန်းတွင်းရှိ မိန်းမကြီးငယ် အားလုံးကလည်း မျက်လုံးတွေ အပြူးသားဖြင့် ကဲလားတံခါးဆီသို့ မရဲတရဲကြည့်လိုက်ကြသည်။ ဖျော့တော့သော ဘက်ထရီ မီးသီးရောင် ကလေးအောက်တွင် တစ်ယောက်အနား တစ်ယောက်တိုးကပ်ကြရင်း တထိတ်ထိတ်နှင့်။ လျှပ်စီးပြက်လိုက်တိုင်း ဝင်းခနဲ ဖြစ်သွားသော အလင်းတန်းကိုပင် ကြောက်ရွံ့နေကြသည်။ ခဏအတွင်းမှာပင် တစ်ခန်းလုံး တိတ်ဆိတ်သွားသည်။

"မနေ့တုန်းက ကျုပ် သရဖီပန်း သွားကောက်သေးတယ်။ အဲ... အဲ သည်ကအပြန်"

မွေးခါနီး ဖွားခါနီး စိတ်ကယောက်ကယက် ဖြစ်သည်လား။ ဒေါ်အေးသွယ်ကတော့ ခပ်ရဲရဲပင် ကဲလားတံခါးကို ဆွဲချလိုက်ပြီး တံခါးချက်ကို ထိုးချလိုက်သည်။ အပြင်က အမှောင်ကို မမြင်ရတော့။

"ဘာတွေ လျှောက်တွေးနေတာလဲ သမီးရဲ့၊ မဟုတ်တာတွေ မတွေးနဲ့။ ကိုယ်မွေးဖို့ဖွားဖို့ပဲ အာရုံထား၊ ဟုတ်လား။ သည်မှာ ညည်းအမေရှန်ကြီးလည်း ရှိတယ်။ အဖော်တွေရော ရှိတယ်။ ညည်းအဖေလည်း အပြင်မှာ ပုတီးစိပ်နေလေရဲ့ ဟုတ်လား သမီး။ ဗိုက် ဘယ်နှယ့်နေတုန်း"

ဒေါ်အေးသွယ်က မသိမသာ စကားလမ်းကြောင်းလွှဲရင်း ရှင်ထွေးညို၏ ဝေဒနာကို မေးလိုက်သည်။

"နာတာပေါ့ အမေရယ်"

ဒေါ်အေးသွယ်က အမေရှန်ကို တစ်ချက်မော့ကြည့်သည်။ အမေရှန်



ကတော့ ဝါရင့်လက်သည်ပီပီ ရှင်ထွေးညို ချောမောစွာ မီးဖွားနိုင်မည်ဟု ထင်ပုံရသည်။

"စိတ်မပူပါနဲ့ မအေးသွယ်ရယ်၊ တော့်သမီး ဒီညပဲ မီးဖွားမှာပါ"

ရှင်ထွေးညိုကတော့ အပြင်ဘက်က မိုးသံ တဝေါဝေါကြားမှ ကိုလွန်းမောင်အသံ ပေါ်လာလေမလား နားစွင့်နေမိတော့သည်။ ပိတ်ထားသော ကဲလားတံခါးဆီကိုလည်း မကြာခဏပင် ကြည့်နေမိသည်။

"အို... အမေ၊ ကျုပ် မေ့နေလိုက်တာ၊ ဟုတ်ပါရဲ့။ ကျုပ် သေတ္တာကလေးထဲကလေ ကိုလွန်းမောင်ရဲ့ ရေသနုတ်ပုဆိုးလေး ယူပေးစမ်းပါနော်။ အို... ကျွတ်... ကျွတ်... ကျွတ်"

အိပ်ရာမှထဖို့ ပြင်လိုက်စဉ်မှာပင် ဗိုက်ထဲက တစ်ချက် လှုပ်လာသည်။

"နေ... နေ အမေ ယူပေးမယ်"

ဒေါ်အေးသွယ် သေတ္တာကိုဖွင့်လိုက်တော့ ကိုလွန်းမောင်၏ ပစ္စည်းရယ်လို့ များများစားစာမရှိ။ ရှင်ထွေးညို ဝယ်ပေးခဲ့ဖူးသော ပုဆိုးလေးငါးထည်နှင့် သူ့ပိုင်ပုဆိုးနွမ်းကလေး တစ်ထည်သာ။

"ဒါလား"

ပုဆိုးကို လက်နှိပ်မီးဖြင့် ထိုးပြလိုက်သည်။ ရှင်ထွေးညိုက ခေါင်းတစ်ချက်ထောင်ကြည့်ရင်း...

"ဟုတ်တယ်၊ သူ့... သူ့ပုဆိုးကလေးပါပဲ။ အမေ့ ကျွတ်... ကျွတ် နာလိုက်တာတော်"

ရှင်ထွေးညိုက ရေသနုပ်ပုဆိုးကလေးကို လှမ်းယူပြီး သူ့ရင်မှာ စည်းလိုက်သည်။ ကိုလွန်းမောင် သူ့အနားမှာ ရှိနေပြီ။ သူ့ကို တင်းတင်းရင်းရင်း ဖက်ထားသလို ခံစားရသည်။ အပြင်ဘက်မှာတော့ မိုးသံတွေ တဝုန်းဝုန်းဖြင့် ဆူညံနေဆဲ။ သည်လိုအချိန်မှာ သည်ပုဆိုးကလေးကို

www.burmeseclassic.com

www.burmeseclassic.com



ရှင်ထွေးညို သတိရဖြစ်နေမိသည်။ ပြီးတော့ မျက်ရည်တွေ တလိမ့်လိမ့် စီးကျလာသည်။

(၄)

"ကိုလွန်းမောင်၊ တော့်မှာလည်း သည်ပုဆိုးတစ်ထည်ပဲရှိ ထင်ပါရဲ့ တော်။ တကတည်း အကွက်တောင် မပေါ်ဘူး"

မြို့ဘက်က သီးနှံတွေ ရောင်းချအပြန် ငှက်သမ္ဗန်ကလေးပေါ်မှာ ရှင်ထွေးညိုနှင့် ကိုလွန်းမောင် နှစ်ယောက်တည်း။ ဆည်းဆာနေရောင်အောက်တွင် ဇရာဝတီမြစ်သည် တဖျပ်ဖျပ် တောက်ပနေသည်။ မင်းဝံတောင်တန်း နှစ်သွယ်ကြားတွင်မတော့ လိမ္မော်နီအသွေးဖြင့် နေလုံးကြီးက တစ်ဝက်စာလောက် ပုန်းကွယ်သွားပြီ။ စစ်ကိုင်းတံတားကြီး၏ ခုံးဖြူဖြူကြီးတွေကိုတော့ အဝေးမှာ မှုန်ရေးရေး မြင်နေရဆဲပင်။ ရှင်ထွေးညိုက တဖျပ်ဖျပ်ခါနေသော ရေလှိုင်းဂယက်ကလေးများကို လက်ဖြင့် သဲ့ကာသဲ့ကာ ခပ်ယူရင်း ငှက်သမ္ဗန်ကလေးကို တအိအိ လှော်ခတ်နေသော ကိုလွန်းမောင်ကို နောက်ပြန်လှည့်ကြည့်လိုက်ရင်း ပြောတော့...

အသားညိုညို၊ လူဟန်ထွားထွား၊ ရင်အုပ်ကားကားနှင့် မျက်လုံးမျက်ဖန် ရီဝေ့တောက်ပသော ကိုလွန်းမောင်တစ်ယောက် ရှက်သွေးဖြာသွားလေသည်။ ခတ်လက်စ တက်နှစ်ချောင်းကို ရေပေါ်မှာ အသာကြွထားရင်း ကိုယ့်ကိုယ်ကို မလုံမလဲ ငုံ့ကြည့်မိလိုက်သေးသည်။

"ဟုတ်ပါရဲ့ မထွေးညိုရယ်။ ကျုပ်မှာလည်း ဒါပဲရှိတာပါ။ မဝယ်နိုင်လို့တော့ မဟုတ်ပါဘူး။ ဝယ်မယ်ဆို ဝယ်နိုင်ပါရဲ့။ ဒါပေမယ့် သည်ဝါဆိုမှာ ကျုပ် သင်္ကန်းဝတ်တော့မှာလေ။ ကပ္ပိယကြီးဆီမှာ စုရဆောင်းရန့်မို့ပါ"



"တော်က သင်္ကန်းဝတ်မယ် ဟုတ်လား"

"အင်း... ပြောပါတော့ မထွေးညိုရယ်။ ကျုပ်လို တစ်ကောင်ကြွက်တစ်မျက်နှာကောင် သည်ငှက်ခတ်သမားအဖြစ်နဲ့ ဘဝမဆုံးချင်ဘူး။ လူတွေကို စုန်ချည်ဆန်ချည် ကူးတို့ပို့နေရတာလည်း ကြာတော့ ငြီးငွေ့လာပြီဗျ။ လူမှန်း သိတတ်ကတည်းက ကျုပ်ဖြင့် သည်ငှက်ကလေးနဲ့ ဖက်မွေးလာရသလားတောင် အောက်မေ့မိပါရဲ့။ မထွေးညိုတို့ အသိဆုံးပါဗျာ။ ကျုပ်ဆိုရင် ဘယ်သူကမှ လူလူသူသူ ထင်ကြတာမဟုတ်ဘူး။ ကျုပ်... ကျုပ်လူတွေနဲ့ ဝေးဝေးနေချင်တော့တာပါပဲ မထွေးညို"

ကိုလွန်းမောင်ထံမှ သည်လိုစကားတွေ ထွက်လာခြင်းကို ရှင်ထွေးညို တအံ့တသြပင် ဖြစ်သွားမိသည်။ ကိုလွန်းမောင်လို အရိုးအအကြီးမှာ သည်လို ခံစားချက်တွေ ရှိနေသည်ပဲ။ ဟုတ်တော့လည်း ဟုတ်သည်။ ကိုလွန်းမောင်ဆိုတာ ဟိုတုန်းက ငှက်ခတ်သမားကြီး ဘကြီးဘထော်၏တူ။ ရွာထိပ်က သရဖီပင်ကြီးအောက်မှာ ဆင်းတောင့်ဆင်းရဲနေကြသော တူဝရီးနှစ်ယောက်။ ဘကြီးဘထော်ဆုံးတော့ ကိုလွန်းမောင်လူပျိုမပေါက်တပေါက်အရွယ်။ သူသည်လည်း ဘကြီးဖြစ်သူ၏ အမွေငှက်ခတ်သမားပင် ဖြစ်ခဲ့သည်။

ဒါကို တစ်ရွာလုံးကလည်း သိသည်။ ရှင်ထွေးညိုလည်း သိသည်။ သို့သော် သည်နေ့လောက် ကိုလွန်းမောင်အကြောင်းကို စေ့စေ့ငငတွေးမကြည့်ခဲ့မိဖူးပါ။ ကိုလွန်းမောင် ငှက်ကို စီးကြသူတော်တော်များများက လူရိုးကြီး ကိုလွန်းမောင်ကို ကူးတို့ခ ပေးချင်မှပေးကြသလို မပေးချင်ချင် မပေးကြ။ ဒီအထဲမှာ ရှင်ထွေးညိုတစ်ယောက် မပါတာတော့ သနားစရာပါသည်။ ကိုလွန်းမောင်မှာလည်း ပေးသမျှယူကာ ဘာမှပြန်မပြောသူမဟုတ်။

www.burmeseclassic.com



"မထွေးညို စဉ်းစားကြည့်လေ။ ကျုပ် တစ်ဝမ်းတစ်ခါးဆိုပေမယ့် သည် ကူးတို့အသွားအပြန် ကူးခကလွဲလို့ ကျုပ်မှာ ဘယ်က စားဖို့သောက်ဖို့ရမှာတဲ့လဲ။ ဒါကိုပဲ တချို့က ကျုပ်များဆို အလကားအကောင်လောက် အောက်မေ့တာလေ"

"တော့်ပါးစပ်က ပြောပါရောလား၊ ဘာလို့ ငြိမ်ခံနေရတာလဲ"

ရှင်ထွေးညိုအသံက ကရုဏာဒေါသောကလေးတွေ စွက်လို့။

"ကျုပ်က ဘာများပြောရမှာလဲ မထွေးညိုရဲ့။ ကျုပ် ငှက်ကလေးပေါ်တက်ပြီး သည်မြစ်ကြီး ဖြတ်ကူးပေးကတည်းက ကျုပ်ကို အသိအမှတ်ပြုရမှာပေါ့ဗျာ။ ဒါ ကျုပ်ကို လူရာမသွင်းတာပဲ။ ဒါကိုပဲ ကျုပ်က ကူးတို့ခပေးကြပါဗျာလို့ တောင်းစေချင်ကြသေးသတဲ့လားဗျာ"

မောင်ကြီးဆုံးကတည်းက ကိုလွန်းမောင်၏ ငှက်လှေကလေးပေါ်မှာ သူစီးနင်းလိုက်ပါခဲ့သော ရက်ပေါင်း မနည်းတော့ပြီ။ သည်လှေကလေးပေါ်မှာပဲ အဖော်တွေနှင့် စကားတွေ ပြောလိုက်ကြ၊ သီးနှံရောင်းရငွေကလေး တွက်လိုက် ချက်လိုက်ကြနှင့်။ တစ်ခါတစ်ရံ ကိုလွန်းမောင်ကို ကူးတို့ခမပေးဘဲ ညစ်ကြသူတွေနှင့်ပင်ရော၍ ရှင်ထွေးညို ရယ်မောခဲ့ဖူးပါ၏။ ရွာဆိပ်ကမ်းကို လှေကလေးကပ်လျှင် ကိုလွန်းမောင်ကို တစ်ချက်ကလေးမှပင် လှည့်မကြည့်ခဲ့မိဖူးပါ။ သည်နေ့မှ ဖြစ်တောင့်ဖြစ်ခဲ သီးနှံရောင်းထွက်သူကလည်း ရှင်ထွေးညိုတစ်ယောက်တည်း။ ပဲသိမ်းချိန်ရောက်နေပြီမဟုတ်လား။ မနက်တုန်းကတော့ ရွာက လက်သမား တစ်ယောက်စ နှစ်ယောက်စ ငှက်ပေါ်ပါလာသေးသည်။ သူတို့တစ်တွေက ညနေ ရွာကို ပြန်မလိုက်ကြတော့။ သည်တော့ ကနေ့ညနေခင်း ရွာအပြန်မှာတော့ ငှက်လှေကလေးပေါ်မှာ ကိုလွန်းမောင်နှင့် ရှင်ထွေးညို နှစ်ယောက်တည်း။

"ဒါပေမယ့် မထွေးညိုရယ် ကျုပ် ဘယ်လိုမှ မအောက်မေ့ပါဘူး။ သူတို့ မပေးလည်း ကျုပ်ကသိလ် ကျုပ်စေတနာပေါ့ဗျာ။ ကျုပ်က



လူတွေ ကျုပ်အပေါ် စေတနာထားတာ အသိအမှတ်ပြုတာ ခံချင်တာကလွဲလို့ ဘယ်သူ့အပေါ်မှ ဘာမှ မမျှော်လင့်တဲ့ကောင်ပါ"

စုန်းစုန်းမြုပ်ဝင်တော့မည့် နေလုံးကြီးကို မြစ်လယ်က ငေးမောကြည့်ရင်း ရှင်ထွေးညို ရင်မှာ တင်းကျပ် မောဟိုက်နေသလိုပင်။ ကိုလွန်းမောင်အပေါ် အသိအမှတ်မပြုကြသူတွေထဲတွင် မိမိလည်း ပါဝင်ခဲ့ဖူးသည် မဟုတ်ပါလား။ ကျုပ်ကတော့ တော့်အပေါ်မှာ အသိအမှတ်မပြုခဲ့တာ မဟုတ်ပါဘူး ကိုလွန်းမောင်ရယ်။

"မထွေးညို မသိလို့။ တစ်ခါတလေ ကျုပ် စိတ်ပျက်လွန်းလို့ ဟောသည်မြစ်ကြီးထဲတောင် ခုန်ချသေချင်စိတ်တွေ ပေါက်မိပါရဲ့။ ဒါပေမယ့် ကျုပ်ဘဝကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် လုပ်ပေးခဲ့တဲ့ ကျေးဇူးရှင် မြစ်ကြီးက ကျုပ်ကို ရက်ရက်စက်စက် ဝါးမျိုပစ်လိုက်မှာကိုတော့ အကြောက်သားကလားဗျ"

ရှင်ထွေးညိုက တပြန့်တပြူး ကျယ်ပြောလွန်းလှသည့် ဧရာဝတီမြစ်ကြီးကို အလျားလိုက် ဆန့်ထုတ်ကြည့်မိသည်။ မြစ်ကြီးပေါ်တွင် သူတို့တစ်တွေ နေ့စဉ်နှင့်အမျှ လူးလာခေါက်တုံ့ ဖြတ်သန်းခဲ့ကြသည်။ သို့သော် သူတို့အားလုံးလိုလို ကြောက်ရကောင်းမှန်းမသိ။ သူတို့ဘဝက ကြောက်လို့လည်း မဖြစ်။ သည်မြစ်ကြီးသည် သူတို့၏ခရီး၊ သည်မြစ်ကြီးသည် သူတို့၏ အဖော်ပင် ဖြစ်နေလေပြီ။

"ဒါနဲ့ပဲ တော်က သက်န်းဝတ်ချင်တာပေါ့လေ"

"သည်လိုလည်း မဟုတ်ရပါဘူး မထွေးညိုရယ်။ ကျုပ်တစ်သက်မှာ ရှင်ဆိုတာ မပြုခဲ့ဖူးလေတော့ သင်္ကန်းမဝတ်ဘဲနဲ့ ကျုပ် မသေချင်ဘူး မထွေးညိုရယ်"

"အို… ကိုလွန်းမောင်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှင်ထွေးညိုမှာ လူတစ်ယောက်၏ဘဝကို သည်လောက် ကြေကွဲ ဖွယ် ကောင်းနေလိမ့်မည်ဟု တစ်ခါမျှ ခံစားမကြည့်ခဲ့မိဘူးပါ။ သည်နေ့ ကျမှ ထူးထူးခြားခြား ကိုလွန်းမောင်ဘဝက သူ့ရင်ထဲ ရောက်လာသည်။ လုံးဝ ပျောက်ကွယ်သွားတဲ့ နေလုံးကြီးကို မှန်းဆကြည့်ရင်း ရှင်ထွေးညို မျက်ရည်ဝေ့ဝဲလာခဲ့သည်။

"အို… မထွေးညို၊ ရောက်တော့မှာပါဗျာ။ ဟောဟို ကျူတောကို လွန်ရင် ရွာကို လှမ်းမြင်ရပါပြီ။ ကျုပ် ခပ်သုတ်သုတ် ခတ်ပါ့မယ်နော်"

တွေတွေငေးငေးနှင့် စကားသံတိတ်သွားသော ရှင်ထွေးညိုက ခေါင်းကိုပင် အသာညိတ်ပြလိုက်သည်။ ကျူတောစပ်မှ ဘဲများ ဆူညံသံ ကိုပင် ကြားနေရပြီ။ အစုန်ခရီးဆိုသော်လည်း ညင်သာစွာ ရိုက်ခတ်နေ သော လေပြင်းကလေးကြောင့် လှေကလေးက ရေပြင်ပေါ်မှာ လေးလံစွာ ရွေ့လျားနေသည်။ မြစ်ရေသိမ့်သိမ့် လှိုင်းငြိမ့်ငြိမ့်မှာ ငှက်လှေကလေးက တကယ့်ကို နေးကွေးလွန်းသည်ကော။

(၅)

"ရော့… ကိုလွန်းမောင်၊ ဒါ တော့်ဖို့"

သည်တစ်ခေါက် သီးနှံရောင်းပြန်လာတော့ ရှင်ထွေးညို ကိုလွန်း မောင်အတွက် ပုဆိုးနှစ်ထည် ဝယ်လာခဲ့သည်။ ရှင်ထွေးညို ကမ်းပေး လိုက်သော အထုပ်ကို ကြောင်အမ်းအမ်းဖြင့် လှမ်းယူလိုက်ရင်း ကိုလွန်း မောင် ကိုယ်တိုင်တောင် အံ့အားသင့်သွားခဲ့ရသည်။

"ဒါ… ဒါ ဘာလုပ်တာလဲ မထွေးညို၊ ကျုပ်… ကျုပ် မယူပါရစေ နဲ့ဗျာ"

ရှင်ထွေးညို မျက်တောင်းလဲ့လဲ့ထိုးရင်းက မျက်နှာကလေးကို တမင် တကာ တင်းထားလိုက်သည်။



"မယူရင်လည်း ရေထဲသာ ပစ်ချလိုက်တော့။ ကျုပ်စေတနာကို တန်ဖိုးမထားရင် တော့်ငှက်ကိုလည်း ကျုပ် ဘယ်တော့မှ မစီးတော့ဘူး။ သီးနှံတွေလည်း စက်ကိုင်းဈေးထဲပဲ လှည်းနဲ့ သွားရောင်းတော့မယ်"

သည်လိုဆိုတော့လည်း ကိုလွန်းမောင် နှလုံးသားက ခံနိုင်ရည် မရှိပါ။ လက်တွေက တုန်ယင်နေသည်။ နှလုံးတွေက လှုပ်ခုန်နေသည်။

"ယူပါ့မယ်ဗျာ၊ ကျုပ်ကတော့ မထွေးညို စိတ်ချမ်းသာရင် ပြီးတာ ပါပဲ"

ပြုံးလက်သွားသော ရှင်ထွေးညို မျက်နှာကလေးကို ငေးစိုက်ကြည့် ရင်း ကိုလွန်းမောင် ရင်တွေ တထိတ်ထိတ်ခုန်နေဆဲ။ သူ ငှက်ခတ်ခဲ့သမျှ သက်တမ်းတစ်လျှောက်တွင် သည်နေ့လောက် ပျော်စရာကောင်းသောနေ့ ရှိခဲ့သည် မထင်ပါ။ သူ တစ်ခါမျှ မခံစားခဲ့ရဖူးသော အမျိုးအမည်မသိသော ဝေဒနာလှိုင်းတို့သည် ဧရာဝတီ၏ လှိုင်းကြက်ခွပ်ကလေးများနှင့်အပြိုင် တဖျပ်ဖျပ် လှုပ်ခတ်နေတော့သည်။

"ဒါတင်မကသေးဘူး ကိုလွန်းမောင်ရဲ့၊ သည်နှစ်ဝါဆိုမှာ တော့် အတွက် ကျုပ် သင်္ကန်းတစ်စုံ ကသိုလ်လုပ်ဦးမှာ"

"ဗျာ…"

"ဗျာမနေနဲ့၊ တော် သင်္ကန်းဝတ်ချင်တယ်ဆို။ ကျုပ် အခု ငွေစုနေ ပြီ။ အဲဒါ ဆရာတော်ကိုသာ ကြိုလျှောက်ထားချေတော့"

ကိုလွန်းမောင် ဘာပြန်ပြောရမှန်းပင် မသိတော့။ အတိုင်းအဆမရှိ ပြည့်လျှံတက်လာသော ပီတိများက တစ်ကိုယ်လုံး ဖုံးလွှမ်းလျက်။ သူ့ တစ်သက်မှာ သူ့ကို သည်လိုစကားဆိုမည့်သူ၊ သူ့ကို အရေးတယူ ဖေးကူ မည့်သူ ကမ္ဘာလောကမှာ ရှိသေးသားကလား။ ဒါဆိုလျှင် လောကကြီး သည် သူထင်သလောက် အကျည်းမတန်တာတော့ သေချာနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ် လော်ခတ်ခဲ့သည့် ငှက်သမ္မန်ကလေး၊ ခပ်ရေးရေးမြင်နေရသည့် စစ်ကိုင်းတံတား ခုံးဖြူဖြူများ၊ မင်းဝံတောင်တန်းကြီးနှင့် ဟောသည် ဧရာဝတီမြစ်ကြီး အားလုံးက အဓိပ္ပာယ်ရှိရှိ သူ့ကို ကြည့်နေသည်လား။ သူကတော့ ရက်စိတ်မွန်နေလေသည်။

ခါတိုင်းဆိုလျှင် ဘုန်းကြီးကျောင်းမှ တုံးခေါက်လျှင် ကိုလွန်းမောင် အိပ်ရာမှထကာ ထမင်းတစ်အိုးဖြစ်အောင် တည်သည်။ ပြီးတော့ တစ်လုံးချိုင့်ကလေးထဲကို ထမင်းအားလုံး သွန်ထည့်ကာ ရေဆိပ်သို့ ဆင်းခဲ့သည်။ သူ့ငှက်လှေကလေးကို မြစ်ထဲဆွဲချကာ တက်နှစ်ချောင်းကို ခတ်ကွင်းတွင် ချည်နှောင်သည်။ ပြီးတော့ ရွာထဲမှဆင်းလာကြမည့် သီးနှံလှည်းတွေ၊ လူတွေကို ကမ်းပါးထိပ်မှ ဆေးလိပ်ဖွာရင်း ထိုင်စောင့်သည်။ လူစုံလျှင် လှေကို ကမ်းမှခွာကာ မြစ်လေတသွေးသွေး ချမ်းချမ်းအေးအေး ကြားမှ ငှက်ခတ်ရင်း ငှက်စီးကြသူတွေ ပြောသမျှစကားကို သူ နားထောင်ခဲ့ရသည်ချည်း။ သူတို့ဘဝ သူတို့အကြောင်းတွေကို နားထောင်ရင်း ကိုလွန်းမောင် ကပေါ ရောယောင်ကာ ပျော်ခဲ့၊ စိတ်ညစ်ခဲ့။ သူတစ်ပါးဘဝတွေကြား အာရုံတွေကို နှစ်မြှုပ်ရင်း ငှက်ကိုသာ တွင်တွင်ခတ်ခဲ့ရသည်။ သူ့ဘဝသည် သူများနှင့်ဆိုင်သလို သူကိုယ်တိုင်နှင့်ပင် မဆိုင်သလိုရှိခဲ့သည်။ သူ့ဘဝကိုသူ မေ့မေ့လျော့လျော့ ရှိနေတတ်သည်။ အခုတော့ သူ့ဘဝကို သူ သတိတရ ရှိလာခဲ့ပြီ။ သူသည် ခံစားတတ်သော လူသားတစ်ယောက်။ ဟောသည် ငှက်ပေါ်က လူတွေလိုပဲ ချစ်တတ်၊ မုန်းတတ်၊ ခံစားတတ်သည့် သူလိုကိုယ်လို လူသားတစ်ယောက်မှန်း ရှင်ထွေးညိုက သူ့ကို သိမြင်စေခဲ့ပြီ။

"မထွေးညိုရယ်"

သူ့ကို သူများထက် ပိုဂရုစိုက်သော၊ သူတကာထက် ပိုကြင်နာတတ်သော ရှင်ထွေးညိုကို တစ်နေ့မတွေ့ရလျှင် သူ မနေတတ်သလို



ဖြစ်နေရပြီ။ သီးနှံတွေသိမ်းလို့ ရှင်ထွေးညိုတို့တစ်တွေ အရှေ့ဘက်ကမ်းကို မကူးကြတော့ သူ့မှာ အလိုလို မနေတတ်မထိုင်တတ် ဖြစ်ရပြီ။ ရှင်ထွေးညို မပါလာသည့် ငှက်သမ္မန်ကို သူလော်ခတ်ရတာ စိတ်မပါချင်တော့။ သရဖီပင်ကြီးထက်မှ ကြွေဝဲကျလာသော အပွင့်ဝါဝါကလေးများကို တွေးငေးရင်းဖြင့်ပင် နောက်ဆုံးတော့ သူ အရှုံးပေးပြီး နောက်ပိုင်း တစ်ခါမှ မသွားဖြစ်ခဲ့သော ရွာကလေးထဲသို့ လိုက်သွားဖို့ ဆုံးဖြတ်လိုက်သည်။

ရှင်ထွေးညို ဝယ်ပေးထားသော ပုဆိုးကလေးနှင့် စွပ်ကျယ်ကို ဝတ်ကာ ရွာဘက်ဆီသို့ မဝံ့မရဲ လှမ်းလာခဲ့သည်။

"ဟဲ့... လွန်းမောင်၊ ဝတ်ကောင်းစားလှတွေနဲ့ ဘယ်တုန်းဟ"

ဘုန်းကြီးကျောင်းသားမှအဖြတ် ကပ္ပိယကြီး ဦးဖိုးက လှမ်းအော်မေးလိုက်ခြင်းဖြစ်သည်။ သူ့ကိုယ်သူလည်း မလုံမလဲဖြင့် ငုံ့ကြည့်မိသည်။ သူတကာဝတ်လျှင် ဘာမျှထူးဆန်းမည် မဟုတ်သော်လည်း ကိုလွန်းမောင်မို့ ထူးဆန်းနေသည်ထင်၏။

"ကျုပ်... ကျုပ် ရွာထဲ ခဏပါဗျာ"

"ရွာထဲ၊ ဘယ်သူ့ဆီလဲဟ ထူးထူးဆန်းဆန်းကွာ"

ကပ္ပိယကြီးမေးလိုက်သော ထပ်ဆင့်မေးခွန်းကို ကိုလွန်းမောင် မဖြေတတ်။ ဘယ်လိုဖြေရမှန်းလည်းမသိ။ သည်တော့ သူ့ရင်ထဲရှိသလို ဖြေလိုက်သည်။

"ဟို... ဟို... မထွေးညိုတို့အိမ်"

ပြောပြောဆိုဆိုနှင့် ခပ်သုတ်သုတ် လှမ်းခဲ့ရသည်။ ကပ္ပိယကြီးက နောက်ထပ်၍ "ဘာကိစ္စလဲဟ" ဟု မေးလာပါလျှင် သူ့မှာအခက်။ ကိုလွန်းမောင်မှာ ကပ္ပိယကြီး၏ လက်မှ လွတ်ခဲ့သော်လည်း ရွာလမ်းတစ်လျှောက် တွေ့သမျှ လူတွေ အဆန်းတကြယ်လုပ်ကာ မေးကြမြန်း

www.burmeseclassic.com

www.burmeseclassic.com



ကြတော့ သူ့မှာ ရွာထဲကို ဆက်မသွားရဲတော့ပါ။ ရှင်ထွေးညို့တို့ လမ်းဘက်မရောက်ခင် အချိုးအကွေ့ကလေးမှာပင် ခြေလှမ်းများကို သရဖီပင်ကြီးဆီသို့ ပြန်လှည့်ခဲ့သည်။

(၆)

ထိုနေ့ညနေ ဆည်းဆာမှာပင် ဖြစ်သည်။

ကိုလွှန်းမောင်ရှိရာ သရဖီပင်ကြီးအောက်သို့ ရှင်ထွေးညို ရောက်လာခဲ့သည်။ သရဖီပန်းတွေ တစ်ပင်လုံး ဝင်းထိန်နေသည့် အပင်ကြီးအောက်တွင် ကိုလွှန်းမောင်၏ တဲကလေးမှာ သွေ့ခြောက်နေသည်။ ခါတိုင်း ရေဆိပ်အတက် မြေလမ်းကလေးအတိုင်း ရှင်ထွေးညိုသွားနေကျပေမယ့် ခပ်လှမ်းလှမ်းရှိ ကိုလွှန်းမောင်တဲကလေးကို တစ်ကြိမ်နှစ်ကြိမ်မျှသာ အဝေးက သမင်လည်ပြန်ကြည့်ခဲ့မိသည်သာ။ သည်နေ့တော့ တဲကလေးဆီသို့ ရှင်ထွေးညို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။ တဲကလေးအတွင်းမှာတော့ ခေါင်းအုံးတစ်လုံး၊ ဖျာတစ်ချပ်နှင့် အဆောင်အယောင် ကင်းမဲ့လွန်းသော ကိုလွှန်းမောင်၏ ဗီမာန်ကလေးက ရှင်ထွေးညိုကို နွမ်းလျစွာ ဆီးကြိုနေလေသည်။

"ကိုလွှန်းမောင် ညနေ ရွာထဲဘက် လာသေးတယ်ဆို"

"ဟုတ်… ဟုတ်တယ် မထွေးညို၊ ကျုပ် ကျုပ်လေ မထွေးညိုကို တွေ့ချင်လို့ပါ။ အဲဒါ… အဲဒါ"

သနပ်ခါးပါးကွက်ကြားနှင့် တစ်ပတ်လျှိုဆံထုံးကလေးကို ကပိုကရိုထုံးနှောင်ထားသော အသားညိုချော ရှင်ထွေးညိုကို မြင်ရတော့ ကိုလွှန်းမောင်မှာ စကားပင် ရှေ့ဆက်မရတော့။ သူ အင်မတန် တွေ့ချင် မြင်ချင်လွန်းလှသော ရှင်ထွေးညိုတစ်ယောက် သူ့ရှေ့သို့ ရောက်နေပြီ။



ကိုလွှန်းမောင်အတွက် ပြီးပြည့်စုံပါပြီ။ သည့်ထက် သူ ဘာများ တတ်နိုင်မှာတဲ့လဲ။

"ကျုပ်လည်း လာမလို့ပါပဲ ကိုလွှန်းမောင်ရယ်၊ ဒါပေမယ့်…"

ရှင်ထွေးညို မျက်ဝန်း၌ မျက်ရည်များ ဝေ့သီလျက်။

"ကျုပ် နားလည်ပါတယ် မထွေးညိုရယ်။ ခင်ဗျား ဘယ်လာရဲပါ့မလဲ။ အင်း… ကျုပ်သာ မဆင်မခြင်နဲ့ ကိုယ့်ဒုက္ခ ကိုယ်ရှာနေမိတာပါ။ ကျုပ်တို့နှစ်ယောက်က ဘဝချင်း ဝေးကြသူတွေကိုး။ ဘာအတွက်မှလည်း တွေ့စရာ မလိုပါဘူးလေ"

"ဘာတွေပြောနေတာလဲ ကိုလွှန်းမောင်၊ ကျုပ်က တော့်ကို ဘာများ ပြောမိလို့လဲ"

ကိုလွှန်းမောင်က ညှိုးငယ်သွားသော ရှင်ထွေးညို မျက်နှာလေးကို ကြည့်ရင်း ဝမ်းနည်းလာသည်။

"မထွေးညိုက ကျုပ်ကို ဘာမှမပြောပါဘူး။ ဘယ်သူကမှလည်း ဘာမှမပြောပါဘူး။ အေးလေ နောက်နှစ် သီးနှံပေါ်ချိန်ရောက်ရင်တော့ ခင်ဗျား ကျုပ် ငှက်လှေကလေးကိုစီးပြီး ဟိုဘက်ကမ်းကို ကူးဦးမှာပါနော်။ ကျုပ်ကလည်း အရောက်ပို့ပေးဦးမှာပါ။ မထွေးညိုကိုမှ မဟုတ်ပါဘူးလေ။ ကျုပ်ငှက်လှေကလေးဆီ လာသမျှလူတွေကို သွားလိုရာခတ်ပြီး ပို့ပေးမယ့်ကျုပ်ပါ။ ကျုပ် ပြောနေတာတွေကို မထွေးညို နားလည်ချင်မှ နားလည်မှာပါလေ။ ကဲပါ မထွေးညိုရယ်၊ ပြန်ပါတော့နော်။ နောက် ကျုပ် ရွာထဲကို မလာတော့ပါဘူးဗျာ"

"ကိုလွှန်းမောင်က ကျုပ် သည်ကိုလာတာ မကြိုက်ဘူးပေါ့၊ ဟုတ်လား။ ဒါဆိုရင်လည်း ကျုပ် ပြန်ပါ့မယ်တော်"

ရှင်ထွေးညိုက တဲရိပ်ကလေးထဲက ထွက်ဖို့ ခြေလှမ်းပြင်လိုက်တော့ ကိုလွှန်းမောင်က ရှင်ထွေးညိုလက်ကလေးကို ဆတ်ခနဲ လှမ်းဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်မိသည်။ ပြီးတော့ ဘာစကားမှမဆိုဘဲ ရှင်ထွေးညို လက်ကလေးကို ပါးမှာ အပ်သည်။ မျက်ရည်တွေ ဘယ်ကဘယ်လို ကျလာခဲ့သလဲ သူမသိ။

"မထွေးညိုရယ်၊ ခင်ဗျားကို မတွေ့တဲ့တစ်ချိန်လုံး ကျုပ် ငိုချင်နေမိတာ။ ခု... ခုတော့ ကျုပ် ငိုပါရစေတော့။ ကျုပ်ကို ခွင့်လွှတ်ပါ မထွေးညိုရယ်နော်"

ရှိုက်သံကြားမှ ပလုံးပထွေးဖြင့် ထွက်လာသော ကိုလွှန်းမောင်အသံတွေက တုန်ခါနေသည်။ တဲကလေးအတွင်းမှ သရဖီပွင့်ကြွေသံ တဖျောက်ဖျောက်မှလွဲ၍ တိတ်ဆိတ်ငြိမ်သက်သွားသည်။

"ကိုလွှန်းမောင် သရဖီပန်းတွေ ကျုပ်ကို ခူးပေးပါဦး"

ရှင်ထွေးညိုက ရုတ်တရက် ပြောလိုက်တော့ သရဖီပင်ကြီးကို ကိုလွှန်းမောင် မော့ကြည့်လိုက်သည်။ သည်အချိန်ရောက်တိုင်း သရဖီပန်းတွေကို တွေ့နေကျ မြင်နေကျပေမယ့် သူ တစ်ခါမှ နှစ်သက်ရကောင်းမှန်း မသိခဲ့။ ခံစားရကောင်းမှန်း မသိခဲ့။ သူ့ဘဝနှင့် သရဖီပွင့်တို့ ဘာမှမဆိုင်သလို။

"မထွေးညို ပန်ချင်ရင် ကျုပ် ခူးပေးမှာပေါ့၊ ခဏစောင့်နော်"

သရဖီပင်ကြီးပေါ်တက်သွားပြီး ကိုင်းကြီးတစ်ကိုင်းကို ချိုးယူလာခဲ့သည်။

"ကိုလွှန်းမောင် ကျုပ် ဟောသည့် ပန်းကလေးတွေကို တစ်သက်လုံး သိမ်းထားမှာတော်ရဲ့။ ကျုပ်ပြောတာ တော် နားလည်တယ် မဟုတ်လား။ ပြောလေ ကိုလွှန်းမောင်"

ရှင်ထွေးညို ပြန်သွားတော့ ကိုလွှန်းမောင် ရင်မှာ တစ်ခါတစ်ရံကြုံရတတ်သော မြစ်လယ်က လေကြမ်းလို တဝုန်းဝုန်း မြည်ဟည်းနေသည်။ သူ့ကိုယ်သူ အိပ်မက်ထဲက လူတစ်ယောက်လို ထိသမျှ တွေ့သမျှ



အရာအားလုံး လွင့်မျောပေါ့ပါးနေသည်။ သူ့အတွေးထဲမှာ ရှင်ထွေးညိုကလွဲ၍ ဘာဆိုဘာမှ မရှိတော့။ သည်နှစ် ဝါဆိုသင်္ကန်းစီးဖို့ကိုတောင် သူ မတွေးမိတော့ပါ။ သူ့ဘဝမှာ ရှင်ထွေးညို တကယ်ရှိခဲ့ပြီကော။ ရှင်ထွေးညိုသည်ပင် သရဖီပွင့်ကလေး တစ်ပွင့်လား။ သူ့စိတ်ထဲမှာတော့ ရှင်ထွေးညိုက သရဖီပွင့်ထက် လှပါသည်။

"ရှင်ထွေးညိုတစ်ယောက် ငှက်ခတ်သမား လွှန်းမောင်နဲ့ လိုက်ပြေးလို့တဲ့တော်"

ဝါမဝင်ခင်မှာပင် သည်သတင်းက တစ်ရွာလုံးပျံ့နှံ့သွား၏။ ဦးဘမိနှင့် ဒေါ်အေးသွယ်တို့မှာ ခေါင်းမဖော်စတမ်းပင် ရှက်ဒေါသတွေ ဖြစ်ရတော့သည်။

"မိုက်လိုက်တဲ့ သမီးရယ်။ အနေကြီးနေလာပြီးတော့မှ ယူမယ့်ယူတော့လည်း ငှက်ခတ်သမားနဲ့တဲ့လား။ ဖြစ်ရလေ သမီးရယ်"

တစ်ရွာလုံးက စာရင်းမသွင်းသော ကိုလွှန်းမောင်လို လူတစ်ယောက်ကို ရှင်ထွေးညို ချစ်မိသွားခြင်းမှာ မဟာအပြစ်တော်ကြီးတစ်ခုအလား ရွာထဲတွင် ပြောစရာ ဖြစ်နေသည်။ ဦးဘမိကတော့ တွေ့ရာနေရာတွင် နှစ်ဦးစလုံးကို ဓားဖြင့်ပိုင်းမည်ဟု ကြိမ်းသည်။ တစ်လလောက်ကြာတော့ ရှင်ထွေးညိုတို့ ရွာကို ပြန်ရောက်လာခဲ့သည်။ သို့သော် ရွာထဲကိုတော့ မဝင်ရဲ။ ကိုလွှန်းမောင်၏ ဗိမာန် သရဖီပင်ကြီးအောက်မှာ ဖြစ်သလိုပဲ နေခဲ့ကြသည်။

ကိုလွှန်းမောင်အပေါ် ချစ်မိသော ရှင်ထွေးညိုမှာ ကိုလွှန်းမောင်အတွက် စုထားသော ငွေကလေးနှင့် ဘုန်းကြီးကျောင်းသို့ ဆွမ်းတစ်ချိုင့်ပို့ကာ အကြင်လင်မယားဘဝကို မြောက်ခဲ့ရသည်။ မိမိအိမ်တွင် ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



သဘောနှင့်ကိုယ် လက်ဖျားဌွေရှင်ခဲ့သော တောင်သူကြီးသမီး ရှင်ထွေးညိုက ငှက်ခတ်သမား၏ ဇနီးမယားအဖြစ် ငှက်လှေကလေးပေါ်တွင် ရေပက်ခွံကိုင် ဘဝတစ်ဆစ်ချိုး ပြောင်းသွားခဲ့ရသည်။

"မထွေးညို၊ ခင်ဗျား ပင်ပန်းနေပြီလား။ မပေါ့မပါးကြီးနဲ့ လှေပေါ် မလိုက်ခဲ့ပါနဲ့တော့ဗျာ။ ကျုပ် တစ်သက်လုံး သည်လို တစ်ယောက်တည်း ငှက်ခတ်စားလာခဲ့တာပါ။ မထွေးညိုရှိခါမှ ကျုပ်က အချောင်ခိုသလိုတောင် ဖြစ်နေပြီ"

"သည်လိုမပြောပါနဲ့ ကိုလွန်းမောင်ရယ်၊ မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုသလို မဟုတ်လား။ ကျုပ်လိုက်လာတော့ ရေကူပက်ရတာပေါ့။ ပြီးတော့ သီးနှံကလေးတွေ ဖောက်သည်ယူရောင်းရတာပေါ့။ တော်လည်း သက်သာရော၊ ကျုပ်တို့လည်း ငွေစကလေးရရာ ဟုတ်ဖူးလား။ ပြီးတော့ ကျုပ်ရင်ထဲမှာ ရည်မှန်းထားတာကလေးတစ်ခု ရှိသေးတယ်"

"ဘာများလဲ မထွေးညိုရဲ့"

"သြော်... တော့်တစ်သက်မှာ ရှင်မပြုခဲ့ရဘူးလို့ တော် ပြောဖူးတယ်လေ။ ကျုပ်ရင်ထဲ မကောင်းဘူး။ ကျုပ် ကြားဖူးတာကတော့ ရှင်မဖြစ်တဲ့ ယောကျာ်းဟာ မင်္ဂလာမရှိဘူးတဲ့တော်ရဲ့ အဲဒါ"

လှေဝမ်းထဲကရေတွေကို ပက်ထုတ်နေတဲ့ ရှင်ထွေးညိုလက်ထဲက ရေပက်ခွံ ဝါးဆစ်ခြမ်းကလေးကို ကိုလွန်းမောင်က ပြောင်းယူရင်း...

"မထွေးညိုရယ် ကျုပ် ဘာမှ လူရာမဝင်တဲ့ လူတစ်ယောက်ပါ။ ကျုပ်နဲ့ အကြောင်းပါလို့ မထွေးညို အခုလို ဆင်းတောင့်ဆင်းရဲ ဖြစ်နေတာကိုပဲ ကျုပ်က စိတ်မကောင်းတာ။ ဒါကြောင့် ကျုပ် ငှက်ခတ်သမားဘဝနဲ့ ကျေနပ်မနေချင်တော့ဘူး။ မထွေးညိုအတွက် ကုန်ထမ်းရစေတော့ မန္တလေး ဘက်သွားပြီး ကျုပ် အလုပ်လုပ်ချင်တယ်ဗျာ"



"အို... ကိုလွန်းမောင်ရယ်။ ကျုပ်လည်း လုပ်မှာပေါ့တော်။ ဒါပေမယ့် တော့်ကို ဆရာတော်ကျောင်းမှာ တစ်လလောက်ဖြစ်ဖြစ်"

"မထွေးညိုကလည်းဗျာ၊ ဒါချည်းပြောနေတာပဲ။ ကျုပ် ယောကျာ်း တစ်ယောက်ပါဗျာ။ ရည်ရွယ်ချက်တွေ အပြည့်ရှိပါတယ်။ ဒါကလည်း မထွေးညိုကြောင့်ပေါ့။ မထွေးညိုကို ကျုပ် သိပ်ချစ်တယ်။ ကျုပ်ကြောင့် တစ်ရွာလုံးကို မျက်နှာမပြဝံ့ဖြစ်ခဲ့ရတဲ့ မထွေးညိုကို လူတွေက မော့ကြည့်ရတဲ့ဘဝအထိ ရောက်အောင် ကျုပ်က ကြိုးစားဦးမှာပါ။ ကျုပ်ကိုရလို့ မထွေးညို မသိမ်ငယ်စေရဘူး။ လွန်းမောင်ဟာ ငှက်ခတ်သမားဆိုပေမယ့် မယားကိုတော့ လှအောင် ဆင်ချင်သေးတာပေါ့ မထွေးညိုရဲ့။ သည့်အတွက် ကျုပ် ပခုံးထမ်းပါရစေဦး။ ကဲပါ မထွေးညိုရယ် ခင်ဗျား ယောသည့်အထဲကကောင်သာ ယောကျာ်းလေးဖြစ်ပါစေ ဆုတောင်းပါ။ ကျုပ်တို့သားအဖရောပြီး ရှင်ပြုကြတာပေါ့၊ ဟုတ်ဖူးလား"

ရှင်ထွေးညိုမေးစေ့ကလေးကို ဆွဲမော့ပြီး အားနှင့်မာန်နှင့်ပြောတော့ ရှင်ထွေးညိုက ရှက်စနိုးဖြင့် လက်သီးကလေးဆုပ်ကာ သူ့ရင်အုံကို ဖွဖွကလေးထုသည်။ ငှက်လှေကလေးကတော့ ဇရာဝတီကို ကန့်လန့်ဖြတ်ကူးဖို့ ဦးမော့နေသည်။ ကိုလွန်းမောင်က ရေပက်ခွံကိုချပြီး ခတ်ကွင်းကို ပြင်လိုက်သည်။

"သည်တစ်နွေ သီးနှံသိမ်းပြီးရင်တော့ ယောသည့်ငှက်ကို ရောင်းပြီး ကျုပ်တို့ မန္တလေးဘက်ကမ်း ကူးကြတာပေါ့။ ခုပဲ ဝါဆိုဝါခေါင် ရေတိုးတော့မယ်။ သည်ဝါကျွတ်ပေါ့ဗျာနော်"

သို့သော် ဝါမကျွတ်ခင်မှာပင် သူတို့ ရည်ရွယ်ချက်များ ပျက်သုဉ်းသွားရတော့၏။ ကိုယ်ဝန်က ရင့်လာသည်ဆိုတော့လည်း ရှင်ထွေးညိုမှာ ကိုလွန်းမောင်နောက်သို့ မလိုက်နိုင်တော့ပါ။ ညနေချိန်ရောက်တိုင်း ရေဆိပ်

www.burmeseclassic.com



ကိုဆင်း၍ ကိုလွန်းမောင်ကို ကြိုတာကလွဲလျှင် အပြင်မထွက်ဖြစ်တော့။ ကိုလွန်းမောင်မှာလည်း ကမ်းထိပ်က ကြိုနေမည့် ဇနီးကလေးမျက်နှာကို မြင်လိုဇောနှင့် အပြန်ခရီးတွင် ငှက်ကိုသာ တွင်တွင်ခတ်လေတော့သည်။

တစ်နေ့သော အပြန်လမ်းတွင် မိုးရိပ်လေရိပ်ဆင်နေသည့် ကြားမှာပင် ငှက်သမ္ဘန်ကို ဇွတ်ဖြတ်ကူးဖို့ ပြင်သည်။ ခရီးသည်တချို့က တားပါသေးသည်။

"ဖြစ်ပါ့မလား လွန်းမောင်ရ၊ စဉ်းစားဦးနော်"

ကိုလွန်းမောင်ကတော့ ရွာဆီကိုသာရောက်ဖို့ စိတ်စောနေလေသည်။ ဘာပဲဖြစ်ဖြစ် သူ ရွာကိုအရောက်ပြန်ရမည်။

"ဟိုဘက်ကမ်းခြေကို အရင်လွှဲပြီး ကူးလိုက်ရင် ရပါတယ် ဘိုးသာခေါင်ရဲ့၊ လေက ဆင်ရုံဆင်နေတာပါ။ မလာနိုင်သေးပါဘူး။ သည်မြစ်ကြီးနဲ့ ကျုပ် တစ်သက်လုံး လုပ်စားလာခဲ့တာပါဗျာ။ ဟောသည့်မြစ်ကြီးကများ ကျုပ် ငှက်လှေကလေးကို မြှုပ်ပစ်လိမ့်မယ်လို့ ဘယ်တုန်းကမှ ကျုပ် မစဉ်းစားခဲ့မိဖူးပေါင်ဗျာ။ ကံပါလေ ခင်ဗျားတို့ လိုက်ဝံ့တဲ့သူတွေ လိုက်ခဲ့ကြပေါ့။ ကျုပ်ကတော့ ပြန်မှကိုဖြစ်မှာ"

ပြောပြောဆိုဆိုပင် ကိုလွန်းမောင်က တက်နှစ်ချောင်းကို ယှက်ကာ ကမ်းမှခွာဖို့ ပြင်သည်။ ရွာသားတွေကလည်း ရွာကို ရောက်လိုသည့်ဇော၊ ကိုလွန်းမောင်ကို ယုံကြည်သည့်စိတ်တို့ဖြင့် တစ်ဦးတစ်ယောက်မှ ဆင်းမနေရစ်ခဲ့ပါ။ ဆေးလိပ်တိုကို ပါးစောင်မှာခဲရင်း ခတ်တက်နှစ်ချောင်းကို ဖိကာကြွကာဖြင့် တစ်ဖက်ကမ်းရောက်အောင် ကိုလွန်းမောင် ခပ်သွက်သွက် လှော်ခတ်ခဲ့သည်။ လေသံမိုးသံကြားမှပင် တစ်ဖက်ကမ်းနှင့် မလှမ်းမကမ်းသို့ ငှက်လှေကလေး ရောက်ခဲ့ပါသည်။ သို့သော် ပြင်းထန်လှသော လေတစ်ချက် ဆောင့်အတွန်းမှာတော့ လှေကလေးသည် လှိုင်းပေါ်မှာ မြောက်



သွားရင်း ထိန်းမနိုင်သိမ်းမရ တိမ်းမှောက်သွားတော့၏။ ကိုလွန်းမောင်က ခတ်တက်ကို ရေစီးကြောင်းတွင် ကန့်လန့်ခံကာ တားဆီးလိုက်ပါသေးသည်။ လေနှင့်အပြိုင် ထန်နေသော ရေ၏စီးအားကို ခတ်တက်ကလေးနှစ်ချောင်းက မတွန်းလှန်နိုင်ခဲ့ပါ။ ငှက်လှေကလေးသည် မြုပ်မျောမျောသွားကာ လှိုင်းလုံးများကြားဝယ် ငုပ်ချည်ပေါ်ချည်ဖြင့် ကြောက်လန့်တကြားဖက်တွယ်ထားသူများကို ပရမ်းပတာ ခါထုတ်ပစ်လိုက်သည်။ ကံဆိုးချင်တော့ ကျူတောအထက်ဘက်မှ ဝဲကြီးက လှေကလေးကို စုပ်ယူ နှစ်မြှုပ်ပစ်လိုက်တော့၏။ ဝုန်းခနဲ ဝေါခနဲ ရိုက်ဆော်နေသည့် လှိုင်းလုံးကြီးများကြားမှ လူတွေကပါ လူးလိမ့်နေကြသည်။

တချို့က နီးစပ်ရာကမ်းဆီသို့၊ တချို့ကတော့ ကံကြမ္မာက ခေါ်ဆောင်သွားရာ မြစ်ကြမ်းပြင် ချောက်နက်ဆီသို့၊ တချို့ကတော့ လုံးဝပေါ်မလာတော့။ ကိုလွန်းမောင်တစ်ယောက်ကကော။

(၈)

"အမယ်လေး အမေ့၊ အမေ ကိုလွန်းမောင် အား"

"ဟဲ့... ထွေးညို၊ သတိထား... သတိထားလေ။ ညည်း ဘာမှ မကြောက်နဲ့၊ အမေရှန်ရှိတယ်။ ဖွားတော့မယ်၊ ဟုတ်ပြီ"

"သမီး အားတင်းထားနော်။ အမေရှိတယ်။ ညည်းအဖော်တွေလည်း ရှိတယ်"

"ထွေးညို၊ သူငယ်ချင်း ငါတို့ရှိတယ်"

မိုးသံတွေက တဝေါဝေါ ဆူညံနေ၏။ လေတွေက တဝုန်းဝုန်း ဆောင့်တိုးနေ၏။ ရွာကလေးမှာ မင်းဝံတောင်ပေါ်မှ စီးပြိုကျလာသော ချောင်းရေများဖြင့် ဖုံးလွှမ်းလုမတတ် ရှိနေသည်။ ရှင်ထွေးညိုမှာတော့

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး နာကျင်မှုဝေဒနာများဖြင့် မိုးကို အန်တုကာ အားချင်းပြိုင်နေရသည်။ ဟော… ကြည့်စမ်း ငိုသံ။ ရူးရူးဝါးဝါး ကလေးတစ်ယောက်ရဲ့ ငိုသံ။ ဘယ်ကလဲ၊ ဘယ်ဆီကလဲ။

"ဟော… ဟော မွေးပြီ။ မွေးပါပြီတော် မအေးသွယ်ရဲ့"

အမေရှန်က ကလေးကို ကောက်ယူကာ မီးရောင်မှာ ပြလိုက်သည်။ ရှင်ထွေးညိုကတော့ ဘာမှမမြင်ရ။ ဘာမှလည်း မကြားရ။ သူ့ခန္ဓာကိုယ်တစ်ခုလုံး မိုးထဲလေထဲ ပါသွားသလား ထင်မိ၏။

"ရှင်မယ်ရှန် ဘာလေးလဲ၊ ဘာလေးမွေးတာလဲ"

"အဲ… မိန်းကလေးတော့်"

ရှင်ထွေးညို၏ မောက်နေသောရင်အုံမှာ သက်ပြင်းတစ်ချက်ချလိုက်သည်နှင့် လျှော့ကျသွားလေသည်။ ကိုလွန်းမောင် မျှော်လင့်ထားတဲ့ သားကလေး မဟုတ်ဘူးတဲ့လား၊ ကိုလွန်းမောင်ရယ်။ မျက်လုံးကို အတတ်နိုင်ဆုံး အားယူဖွင့်ကာ တံခါးဆီကို လှမ်းကြည့်လိုက်သည်။ ကဲလားတံခါးမှာ ချက်ထိုးထားပြီး ပကတိ ငြိမ်လျက်သား။

"ရှင်ထွေးညို၊ သမီး ရော့… ရော့ သည်နှမ်းထုပ်ကလေး ရှူလိုက်။ စိတ်အေးအေးထားနော် သမီး။ ဘာမှလျှောက်တွေးမနေနဲ့။ ဘုရားတရားမှတ်ပြီး တစ်ရေးပျော်အောင် အိပ်လိုက်ဦး"

အပြင်ဘက်တွင် မိုးစဲသွားပြီ။ စောစောက တဝုန်းဝုန်း တဒိုင်းဒိုင်း ဆူညံနေသော မိုးသံလေသံများ စဲသွားခဲ့ပြီ။ အခန်းထဲမှာတော့ ဘက်ထရီမီးရောင်တစ်စဖြင့် ဖျော့တော့သော အလင်းတို့ ရှိနေသည်။

"ကိုဘမိရေ ကျုပ်တို့ မြေးမကလေး ရပြီတော့်"

"အေး… အေး၊ ဘာလေးဖြစ်ဖြစ်ပေါ့ ရှင်အေးသွယ်ရယ်"

အပြင်ဘက်မှ အဖေနှင့်အမေ့အသံကို ရှင်ထွေးညို ကြားနေရသည်။ အနီးဖြင့် ထွေးထားသော ကလေးကို တစ်ချက်ငုံ့ကြည့်ပြီး မျက်လုံးကို



ပြန်မှိတ်ထားလိုက်သည်။ အဲသည်ညကလည်း အခုလိုပါပဲ။ လေတွေ မိုးတွေသည်းထန်ပြီး သန်းခေါင်လောက်မှာပင် မိုးလေစဲသွားခဲ့သည်။ တစ်ညလုံး စိတ်ပူပြီး မိုးယိုနေသော တဲကလေးထဲမှာ တလူးလူး တလိမ့်လိမ့်ဖြင့် ကိုလွန်းမောင်ကို မျှော်ခဲ့ရသည်။ မိုးစဲတော့လည်း ရောက်လာနိုးဖြင့် တဲအပြင် မှောင်ကြီးထဲကို ထိုးခွဲမျှော်ရပြန်သည်။

ညကြီးသန်းခေါင်နီးတော့မှ လူတချို့ ရွာသို့ ပြန်ရောက်လာပြီး သတင်းဆိုးကို ကြားရတော့၏။ ကမ်းဘက်သို့ရောက်အောင် ကူးခတ်နိုင်ခဲ့ကြသော ဘိုးသာခေါင်တို့တစ်တွေ ပြောပြမှပင် ရှင်ထွေးညိုမှာ ဦးခေါင်းကို တစ်စုံတစ်ရာဖြင့် ထိုးစိုက်ခံလိုက်ရသလို ပြိုလဲကျသွားခဲ့သည်။

"ကိုလွန်းမောင်… ကိုလွန်းမောင်ရော"

အမောတကော မေးသော်လည်း ရှင်ထွေးညိုအတွက် အဖြေမရှိပါ။ ရွာထဲကို တစ်ရှိန်ထိုးပြေးကာ မိဘများရင်ခွင်တွင် အော်ဟစ်ငိုကြွေးခဲ့သည်။

"မငိုပါနဲ့ သမီးရယ်၊ လွန်းမောင် လာမှာပါ။ သူလည်း ဘယ်ကမ်းတင်လို့ တင်နေမှန်းမှမသိတာ။ ညည်းလင်က ရေသူရဲပါအေ့။ မသေနိုင်ပါဘူး"

သည်လိုနှင့် မိုးသာ စင်စင်လင်းသွားခဲ့သည်။ အဖေက ဘာမျှမပြောဘဲ တဘက်တစ်ထည်ကို ခေါင်းပေါင်းကာ ရွာထဲသို့ လျှောက်သွားသည်။ အဖေ ပြန်လာတော့…

"ကျူတောထဲမှာ လွန်းမောင်အလောင်း တွေ့သတဲ့။ ကျူပင်တွေကို ဆုပ်ထားတဲ့ သူ့လက်တွေကို ဘယ်သူမှ ဖြည်လို့မရဘူးတဲ့"

"အို… ကိုလွန်းမောင် သူ… သူ ကျုပ်ဆီ အရောက်ပြန်လာတာ။ သူ… သူ"

www.burmeseclassic.com

www.burmeseclassic.com



ရှင်ထွေးညို သတိမေ့မျောကာ လဲကျသွားလေသည်။ သူ့ထံ အရောက်ပြန်လာသော ကိုလွန်းမောင်ကို သူ ဘယ်လို သွားကြိုရပါမလဲ။ ရှင်ထွေးညို သတိရလာတော့ ကျူတောစပ်ဆီကို အပြေးသွားခဲ့သည်။ ဘယ်သူမှ ဆွဲမရခဲ့။ သို့သော်လည်း ကိုလွန်းမောင်ကား မရှိတော့ပြီ။ အဖေ့စကားအရ ဝါးနှင့်ထိုးကာ ဧရာဝတီမြစ်ထဲသို့ မျှောလိုက်နှင့်ကြပြီ။

"မထွေးညို မသိလို့၊ တစ်ခါတလေ ကျုပ် စိတ်ပျက်လွန်းလို့ ဟောသည့် မြစ်ကြီးထဲတောင် ခုန်ချသေချင်စိတ်တွေ ပေါက်မိပါရဲ့။ ဒါပေမယ့် ကျုပ်ဘဝကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် လုပ်ပေးခဲ့တဲ့ ကျေးဇူးရှင်မြစ်ကြီးက ကျုပ်ကို ရက်ရက်စက်စက် ဝါးမျိုပစ်လိုက်မှာကိုတော့ အကြောက်သားကလားဗျ"

တစ်ချိန်က ရှင်ထွေးညိုကို အမှတ်တရပြောခဲ့သည့် ကိုလွန်းမောင်ရဲ့ စကားသံတွေ။ ရှင်ထွေးညို ဘယ်လိုမှ နားမလည်နိုင်တော့။

"ရက်စက်လိုက်တာ... ရက်စက်လိုက်ကြတာ"

သည်စကားတွေကို ရှင်ထွေးညို ရင်ထဲမှ အထပ်ထပ် အခါခါ ရေရွတ်နေမိသည်။ ကိုလွန်းမောင်ကို ရက်စက်သူဟာ သူချစ်ပါတယ်ဆိုတဲ့ ဧရာဝတီမြစ်ကြီးလား၊ ရှင်ထွေးညိုဆီ အရောက်ပြန်လိုတဲ့ သူ့ရဲ့ ချစ်ခြင်းမေတ္တာတရားလား၊ တစ်ခါမှ သက်န်းမဆည်းလိုက်ရမှုတဲ့ ကိုလွန်းမောင်ရဲ့ အတိတ်ကံလား၊ ဒါမှမဟုတ် သူကိုယ်တိုင်ပဲလား။ ရှင်ထွေးညို ဘာမှ မခွဲခြားတတ်တော့ပါ။

## (၉)

ကျောင်းပေါ်မှ လှမ်းကြည့်လျှင် မြင်မြင်သမျှ စိမ်းသစ်နေသည်။ မိုးရေက ဆေးကြောလိုက်သဖြင့် သစ်ပင်စိမ်းစိမ်းတို့က တောက်ပနေသည်။



မြစ်ဟာတော့ ပကတိငြိမ်လျက်သား။ လူတစ်ယောက်ကို ဝါးမျိုပြီးစ မိချောင်းတစ်ကောင်လို ခပ်ဆန့်ဆန့် စီးဆင်းနေသည်။ မုန်တိုင်းမရှိတော့သော်လည်း မုန်တိုင်း၏ အငွေ့အသက်တွေ ကျန်နေသေးသည်။ မိုးသက်လေက တသုန်သုန်နှင့်။

ကပ္ပိယကြီးကတော့ ပျဉ်ထောင်ပြတင်းဝမှ ရပ်ရင်းက ကျူတောစပ်ကို မြင်နေရသည်။ သီးကင်းတွေ ကြွေနေသည့် သရက်ပင်တောအုပ်ကို မြင်နေရသည်။ သရဖီပင်ကြီးကတော့ မုန်တိုင်းဒဏ်ကို အတော်ခံလိုက်ရပုံရသည်။ ကိုင်း ဖျားကိုင်းနားတွေ မြေပေါ်မှာ ပြန့်ကြဲကျနေသည်။ တချို့မှာ ပင်စည်မှ ကျိုးမထွက်နိုင်သေးဘဲ သည်အတိုင်း တွဲလောင်းဖက်တွယ်ထားဆဲ။ ကျောင်းဝင်းထဲကို ရှင်းလင်းဖို့ ဆွမ်းစားဆောင်ဘေးမှ တံမြက်စည်းကို ယူလိုက်စဉ် ကပ္ပိယကြီး တစ်စုံတစ်ခုကို ဖျပ်ခနဲ သတိရသွားသည်။ သူ့အခန်းထောင့်တွင် ယခုထက်တိုင် ရှိနေသေးသော ကိုလွန်းမောင်၏ ဝါးကျည်တောက်စုဘူးကလေးကို ဖြစ်သည်။

ကိုလွန်းမောင် နေ့စဉ်လိုလို လာလာထည့်သွားခဲ့သော ပိုက်ဆံတွေ။ ရှင်ထွေးညိုနှင့် အိမ်ထောင်ပြုစဉ်ကပင် အသုံးမပြုခဲ့။ အခုတော့ သည်စုဘူးကလေးကိုခွဲဖို့ အချိန်တန်ပြီဟု သူထင်သည်။ ကျောင်းစင်္ကြံမှာ ပုတီးစိပ်ရင်း လမ်းလျှောက်နေသော ဆရာတော်ထံသို့ သွားကာ ဝတ်ချလိုက်သည်။

"အရှင်ဘုရား၊ လွန်းမောင်က တပည့်တော်ဆီမှာ ဝါးကျည်တောက်စုဘူးတစ်ဘူး အပ်ခဲ့တာ ရှိပါတယ်ဘုရား။ သူ သင်္ကန်းဝတ်ဖို့အတွက်လို့ ပြောပါတယ် ဘုရား"

ဆရာတော်က အဝေးကို လှမ်းကြည့်နေသည်။ ဘာကြောင့်ရယ်မသိ။ ကျူတောစပ်က ရေဘဲတွေ ကောင်းကင်ကို ဝေါခနဲ ထပျံသွားသည်။ ကောင်းကင်မှာတော့ မိုးရိပ်တွေ။ မိုးသက်လေက ပိုမိုတိုက်ခတ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"သွားယူစမ်း"

ကပ္ပိယကြီးက အခန်းထဲ အပြေးကလေးဝင်ကာ ဝါးကျည်တောက်စုဘူးကို ယူလာခဲ့သည်။ ကျောင်းထောင့်က ဓားမကိုပါ ယူကာ ဆရာတော်ရှေ့မှပဲ ဝါးကျည်တောက်ကို ခွဲချလိုက်သည်။ သေသေသပ်သပ် ခေါက်ထားသည့် ငွေစက္ကူခေါက်ကလေးတွေ။ ဆရာတော်က ဘာမှမမိန့်တော့ဘဲ ကျောင်းထဲ ပြန်ကြွသွားသည်။ ကပ္ပိယကြီးကတော့ မှိုတက်နေသည့် ငွေစက္ကူတွေကိုကြည့်ရင်း လွန်းမောင်ကို သတိရနေသည်။

"ကပ္ပိယကြီး၊ ဟောသည့် ဝါးကျည်တောက်ကို သိမ်းထားပေးပါဗျာ။ ကျုပ် သင်္ကန်းဝတ်တဲ့ အချိန်ကျမှ ခွဲမယ်။ ကျုပ်ရဲ့ ငှက်ခတ်သမားဘဝကို လက်စသိမ်းတဲ့ တစ်နေ့မှာပေါ့"

လွန်းမောင်ပြောခဲ့ဖူးသည့် စကားတွေ။ ဆရာတော်က သည်ငွေစက္ကူတွေနှင့်ပတ်သက်၍ ဘာမှမမိန့်။ သူ ဘာလုပ်ရမလဲ။ ဘာပဲဖြစ်ဖြစ် သူ ငွေစက္ကူတွေကို တစ်ခုချင်း ဖြေရဦးမည်။ ပြတင်းဝက မိုးသက်လေကြောင့် စက္ကူစတွေ တဆတ်ဆတ် ခုန်နေသည်။ ကောင်းကင်ထက်မှာတော့ မိုးရိပ်တွေ။ မုန်တိုင်းပြန်လာဦးမလား။

ကပ္ပိယကြီးကတော့ ဝါးကျည်တောက် ခွဲလိုက်ရတာကိုပဲ ကိုလွန်းမောင် ရဲ့ အသက်ကြုတ်ဘူးကို ခွဲလိုက်ရသလို ခံစားနေရသည်။

[ကလျာမဂ္ဂဇင်း၊ ၁၉၉၉ နှစ်၊ စက်တင်ဘာ]

❒




www.burmeseclassic.com

www.burmeseclassic.com

# မိုင်နိုး

သည်ကောင်မလေး ကျွန်မတို့အိမ်ရောက်လာတော့ ကြက်တောင်စည်းကလေးနဲ့။ ထိပ်မှာလည်း အပွင့်ရော်ရော် ဂန္ဓမာပန်းဝါဝါကြီးတစ်ပွင့်ပြူးနေအောင် ပန်ထားလိုက်လို့။ မျက်နှာလေး မချွန်မသွယ်မှာတော့ ပေါင်ဒါတွေရိုက်ထားလိုက်တာ ဖွေးလို့။ နားရွက်နဲ့ လည်ပင်းမှာတော့ ဘာမှမရှိပြန်ဘူး။ မျက်နှာကလေးချည်း ပေါင်ဒါတွေ ကွက်လိမ်းလာတော့ ကျွန်မတို့အညာမှာ လယ်နတ်တင်ကဲ့ ပုန်းမကြည်းအိုး မုန့်နှစ်တို့ထားသလိုဖြစ်နေတော့ ပါးတခြား သနပ်ခါးတခြားဆိုသလိုပါပဲ။ တကယ့်ကို ပဲကြီးဟင်းအိုးထဲ မျက်နှာမှောက်ကျထားတဲ့ အတိုင်း။

ဝတ်လာတဲ့ တရုတ်စိုင်းစီအပွင့်ရိုက် ဂါဝန်ရှည်ကြီးကလည်း သတို့သမီးဝတ်စုံလို သမ်တလင်းကို ဒရွတ်တိုက်လို့။ ဖရိုဖရဲ ယိုင်တိယိုင်ရွဲ့နဲ့။ အသားကလေးကတော့ ဖြူရှာပါရဲ့။ နှာခေါင်းပေါက်မှာက နှပ်ချေးဖတ်မည်းမည်းတွေက အတိုင်းသား မြင်နေရတယ်။ တံခါးဝမှာ မျက်တောင်စင်းကြီးနဲ့ လာရပ်နေတော့ ကျွန်မမှာ ဖျပ်ခနဲ လန့်တောင်လန့်သွားမိသေးရဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ အဖေက လွှတ်လိုက်လို့"

"ဘယ်သူက"

"အဖေလေ ဦးမောင်သန်း"

"ဪ... ဦးမောင်သန်း သမီးလား"

ဦးမောင်သန်းဆိုတာ ကျွန်မအိမ်သား မြို့တွင်းသွားရင် စီးနေကျ ဆိုက်ကားဆရာပါ။ ကျွန်မတို့နေတဲ့ မန္တလေး ကန်တော်ကြီး အနောက်ခြမ်း တိုက်တန်းတွေကနေ မြို့ထဲကို သွားချင်ရင် လိုင်းကားတွေရှိပေမယ့် ကျွန်မတို့မှာ ကိုယ်ကြီးလက်ကြီးတွေနဲ့ဆိုတော့ ဖျိုးခနဲ ဖျတ်ခနဲ သွားချင်လို့ အဆင်မပြေလှဘူး။ လိုင်းကားတွေ စောင့်ရတာနဲ့၊ ခရီးစဉ်တစ်လျှောက်လုံး ဝက်ပါထဲ ပတ်ရသလို တစ်ပတ်ကြီးပတ်ရတာနဲ့။ သည်ကြားထဲ ထိုင်စရာ နေရာမရရင် တစ်နာရီလောက် ကားပေါ် မတ်တတ်ကြီး သွေးတောင့်အောင် ရပ်ရသေးတာကလား။ သည်တော့ မြို့ထဲသွားချင်ရင် ဈေးကြီးပေမယ့် ဆိုက်ကား အသွားအပြန် ငှားစီးရတာပေါ့။ ဆိုက်ကားနဲ့ဆိုတော့ ကြိုကြို ကြားကြား လိုရာခရီးပေါက်တာလည်း ပါသလို ကိုယ်သွားချင် ပြန်ချင်တဲ့ အချိန် သွားလို့ပြန်လို့ ရတာလည်း ပါပါတယ်။ ကျွန်မကတော့ အကြောင်း မကြီးရင် အပြင်ရယ်ဘာရယ် သိပ်ထွက်လေ့မရှိသူဆိုတော့ နေသာပေမယ့် ကျွန်မ အိမ်သားကတော့ ဆိုက်ကားတစ်စီး ပုံသေဖောက်သည်ထား၊ သူအား ကိုယ်အား ညှိပြီး သွားလာနေရတာပါ။

ကျွန်မတို့ ဒနီးခင်ပွန်း နှစ်ယောက်စလုံးက စာလေးပေလေး ရေး ကြသူတွေဆိုတော့ အိမ်မှုကိစ္စ ဟာဟီရတွေဘက် သိပ်မလှည့်နိုင်ကြပါဘူး။ မနက်မိုးလင်းရင် နှစ်ယောက်တည်းသာရှိသေးတဲ့ အိမ်ထောင်ပေမယ့် အလုပ်တွေက များသားမဟုတ်လား။ တိုက်ခန်းက နှစ်ခန်းတွဲဆိုတော့ ကျယ်ကျယ်ဝန်းဝန်းတော့ ရှိပါရဲ့။ ဒါပေမယ့် စာအုပ်ဗီရိုကြီးတွေ၊ မဂ္ဂဇင်း



တွေ၊ ဂျာနယ်တွေနဲ့ အခန်းတစ်ဝက်စာလောက် ပြည့်နေတော့ လူတောင် ထမင်းအိုးလေး ထားပါရစေဦး ဆိုသလို နေရတာမျိုးပါ။

မနက်အိပ်ရာထ၊ ကော်ဖီကလေး တစ်ခွက်စီလောက် သောက်ပြီး ရင် သူက တစ်ခန်းလုံး တံမြက်စည်းလှည်း၊ ကျွန်မက သူလှည်းကျင်းပြီးရင် ဖုံခါ၊ အိမ်သန့်ရှင်းရေးလုပ်တာနဲ့တင်ပဲ ချွေးကလေးစို့လာကြပြီ။ ပြီးရင် သူက ရေမိုးချိုး၊ စာရေးစားပွဲ ဟန်းထိုင်နိုင်ပေမယ့် ကျွန်မက မနက်စာ အတွက် မီးဖိုချောင်ဝင်ရပါပြီ။ လျှော်စရာ ဖွပ်စရာကလေး လျှော်ရဖွပ်ရနဲ့ ဘာမှသာမဟုတ်တယ် နေ့တစ်ဝက်ကျိုးချင်ပါကရော။ နေ့ခင်းစာစားပြီး တစ်အောင့်တစ်ဖြုတ် နားလိုက်တာနဲ့တင် နေ့လယ် ဆယ့်နှစ်နာရီ ဒင်ဒင် မြည်တော့တာပဲ။ သည်ကြားထဲ ဈေးသွားရတာမျိုး၊ သတင်းစာတွေ ဂျာနယ်တွေတွဲရတာမျိုး၊ စာအုပ်စင် ရှင်းရတာမျိုးရှိရင် လူမှုရေးအရ မဖြစ်မနေ သွားရတာမျိုးနဲ့ဆိုရင် တစ်နေ့သာ ကုန်ရော ကျွန်မမှာ စာတစ် လုံးမှ ရေးလိုက်ရတယ် မရှိဘူး။

သည်လိုတော့ မဖြစ်ချေသေးဘူးဆိုပြီး ကျွန်မအတွက် ကူဖော် လောင်ဖက်လေးရအောင် ကလေးမကလေးတစ်ယောက်လောက် လိုချင် တယ်ပြောလို့ ဦးမောင်သန်းက သူ့သမီးလေးကို လွှတ်လိုက်တာထင်ပါရဲ့။ ကောင်မလေးက ဖြူဖြူနွဲ့နွဲ့ကလေးပါ။ အသက်က ဆယ့်သုံးလေးနှစ် လောက်တော့ ရှိရောပေါ့။ လက်တိုလက်တောင်းလောက်တော့ အားကိုး ရမယ့်ပုံတော့ ပေါ်ပါရဲ့။

"သမီးနာမည် ဘယ်လိုခေါ်လဲ"

ချက်ချင်း မဖြေသေးဘူး။ ခေါင်းကို လက်နဲ့ဖွပြီး 'မိုးဝေခိုင်' လို့ ဆဆလေးလေးကြီးနဲ့ ဖြေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အလိုတော်... တော်တော်လှတဲ့နာမည်ပါလား။ မိုးတွေဝေပြီး နိုင်နေတာပေါ့ ဟုတ်လား"

"ဟီး... ဟီး"

ကျွန်မက ကျွန်မကို ရွံ့မနေအောင် မြှောက်ပင့်ပြောလိုက်တော့ မျက်လုံးတွေ မှေးနေအောင် တဟီးဟီးနဲ့ရယ်လိုက်သေးတာ။ ကလေးမပုံ အကဲကြည့်ရတာ တစ်မျိုးတော့ တစ်မျိုးပဲလို့တော့ တွက်မိတယ်။ မျက်နှာကလည်း ရှုံ့ချည် ပွချည်နဲ့။

ကျွန်မနဲ့ မိုးဝေခိုင် အမေးအဖြေလုပ်နေတုန်း သူ့အမေ အခန်းပေါက်ဝ ရောက်လာတယ်။ သူတို့က ကျွန်မတို့နဲ့ တစ်တိုက်တည်း နေကြသူတွေပါ။ တဲပေါ်က တိုက်ပေါ်သို့ စိမ်ကိန်းနဲ့ အော်တိုမစ်တစ်တိုက်ခန်းတစ်ခန်း ရထားကြတဲ့သူတွေပေါ့။ သည်တိုက်တန်းတွေက တစ်ထပ်ကို ဆယ်ခန်းနဲ့ လေးထပ်ဆိုတော့ အခန်းလေးဆယ်ရှိတယ်။ အောက်ဆုံး မြေညီထပ်ကို အေ၊ နောက် ပထမထပ်ကို ဘီ၊ နောက် ဒုတိယထပ်ကို စီ၊ အပေါ်ဆုံး ကျွန်မတို့နေတဲ့အထပ်ကတော့ ဒီပေါ့။ မန္တလေးက တိုက်ခန်းအခေါ်အဝေါ်တွေက ရန်ကုန်လို မဟုတ်ဘူး။ တိုက်တွေကကို အဆောင်တစ်၊ အဆောင်နှစ် စသဖြင့် ခေါ်တယ်။ အထပ်တွေကိုကျတော့ ပထမထပ်၊ ဒုတိယထပ် အဲသလို မခေါ်ဘူး။ အေထပ်တဲ့၊ ဘီထပ်တဲ့၊ စီထပ် စသည်ဖြင့် ခေါ်လိုက်ကြတာ များတယ်။ ကျွန်မတို့က အပေါ်ဆုံး ဒီထပ်မှာ အခန်း ၆ နဲ့ ၇ ထိ အလယ်မှင့်ထားတော့ နှစ်ခန်းတွဲကြီးဆိုပါတော့။ မိုးဝေခိုင်တို့က ဘီထပ် အခန်းနံပါတ် ခုနစ်ဆိုတော့ စီတစ်ထပ်ခြားအပေါ် အောက်တစ်တန်းတည်းပေါ့။ ကျွန်မတို့နဲ့ တစ်တိုက်တည်း အပေါ်အောက်တစ်တန်းတည်းဆိုပေမယ့် တစ်ခန်းနဲ့တစ်ခန်း အရောက်အပေါက် မရှိကြသလောက် နည်းကြတယ်။



"ကျွန်မက လိုက်အပ်မလို့ ဆရာမရေ၊ သူ့အဖေက ပြောကာရှိသေး ကျွန်မကို မစောင့်ဘူး။ အပေါ်ထပ် အတင်းပြေးတက်သွားတာလေ"

တစ်ကိုယ်လုံး မီးသွေးမှုန့်အလိမ်းလိမ်းနဲ့ မတင်နွဲ့က သူ့ကိုယ်လုံးမည်းမည်းဖိုင့်ဖိုင့်ကြီးကို အပေါ်ထပ်ရောက်အောင် မနည်းသယ်လာခဲ့ရပုံရတယ်။ မောနေတဲ့အသံနဲ့ ဗလုံးဗထွေး ပြောတယ်။

သူတို့မိသားစုအကြောင်းကလည်း ကျွန်မတို့ သိထားသလောက် စိတ်ဝင်စားစရာတော့ အကောင်းသား။ ဦးမောင်သန်းက ဂေါ်ဝိန်ဘက်မှာ ဆိုက်ကားဂိတ်ထိုးရင်း ဖောက်သည်လည်း ရှာနင်း၊ မီးသွေးအိတ်တွေလည်း တိုက်တယ်။ မတင်နွဲ့က မီးသွေးအိတ်တွေ ဂေါ်ဝိန်ဆိပ်ကမ်းက ဝယ်ပြီး အခန်းမှာ ရွေးချယ်သန့်စင်ပြီး အိတ်လိုက်ရော၊ လက်လီပါ ပြန်ရောင်းတယ်။ သားသမီးက မိုးဝေခိုင် အပါအဝင် ငါးယောက်။ မတင်နွဲ့ရဲ့အမေ ဒေါ်လှစိန်က ကြီးလှပါပြီ။ သို့ပေမယ့် ဂေါ်ဝိန်ဘက်မှာ အဝတ်လေးဘာလေး အငှားလျှော်ဖွပ်ပြီး ဂေါ်ဝိန်မှာပဲ နေလိုက်တာများသတဲ့။ လေးငါးရက် တစ်ခါဆိုသလိုတော့ အခန်းကို ပြန်လာတတ်တယ်။ မြေးတွေကို လွမ်းလို့တဲ့။ မတင်နွဲ့ သားအကြီးဆုံးက သံရည်ကျိုအလုပ်ရုံတစ်ခုမှာ အလုပ်သင်သဘော အပ်ထားသတဲ့။ မိုးဝေခိုင်က ဒုတိယသမီး။ မိုးဝေခိုင် အောက် နို့ညှာနှစ်ယောက်က ဘုန်းကြီးကျောင်းမှာ ကျောင်းတက်။ အငယ် ကောင်ကလေးကို မိုးဝေခိုင်က ထိန်း။ (မရှိသေးစကား) မတင်နွဲ့မှာလည်း ဗိုက်ကလေးနဲ့။

မတင်နွဲ့က လုပုံ ပုံပုံဖီးဖီးကြီးနဲ့ပေမယ့် စကားပြောတော့ သွက်ရဲ့။ မိုးဝေခိုင်အကြောင်းတွေသည်း ပြောလိုက်တာစုံလို့။ သူ့အခန်း ဆင်းကြည့်စေချင်ကြောင်း၊ တံမြက်စည်းလှည်း၊ အဝတ်လျှော် ကောင်းကောင်းတတ်တဲ့အကြောင်း၊ ထမင်းဟင်းချက်တတ်တဲ့အကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဆရာမရော သည်ကလေးမက…"

မတင်နွဲ့က မိုးဝေခိုင် မမြင်အောင် သူ့နားထင်ကို လက်နဲ့ထောက်ပြပြီး လက်ခါပြတယ်။ ဦးနှောက်တော့ သိပ်မပြည့်ရှာဘူးဆိုတဲ့ သဘောပေါ့။ စာလည်း ဟုတ်တိပတ်တိ မတတ်ဘူးဆိုရဲ့။ မိုးဝေခိုင် စာမဖတ်တတ်ဘူးဆိုလို့ ကျွန်မကတော့ ကျောင်းဆရာမပီပီ စာသင်ပေးရဦးမယ်လို့ စိတ်ထဲ တေးထားလိုက်မိတယ်။ မတင်နွဲ့ကတော့ သူ့သမီးကို လခရယ် ဘာရယ် မဟုတ်ပါဘူး။ ဟိုအခန်းလိုလို သည်အခန်းလိုလို ကူးနေတာထက်စာရင် ကျွန်မတို့ဆီထားတော့ ဝတ်ရစားရတာပေါ့လို့ ဆိုတယ်။ ကျွန်မကလည်း ကိုယ့်စိတ်ကူးနဲ့ကိုယ်ပေါ့လေ။ ကျွန်မအတွက် ကူဖော်လောင်ဖက်ကလေး ရပါပကောရယ်လို့ ဝမ်းသာနေမိတာ အမှန်ပါ။

အဲသည်နေ့ကစပြီး မိုးဝေခိုင်တစ်ယောက် ကျွန်မတို့ အခန်းကို မနက်လင်းတာနဲ့ ခေါင်းစုတ်ဖွား၊ မျက်နှာအဆီပြောင်၊ ထဘီတရွတ်တိုက်နဲ့ ပေါက်ချလာတော့တာပါပဲ။

(၂)

မနက် ခုနစ်နာရီလောက်ဆိုရင် မိုးဝေခိုင်တစ်ယောက် ကျွန်မတို့ အခန်းကို ရောက်လာပြီ။ ရောက်လာပုံကိုလည်း ကြည့်ပါဦး။ ခေါင်းက ဆံပင်တွေက ရှုပ်တိရှုပ်ထွေး ကြက်တောင်ပုံ့ထလို့။ မျက်နှာမှာ မျက်ချေးက မပြောင်ချင်ဘူး အဆီတွေပြန်လို့။ အဝတ်အစားကလည်း မသေမသပ် ဖရိုဖရဲ။ လာလာချင်း ဆောက်နဲ့ထွင်းဆိုသလိုပဲ မိုးဝေခိုင်ကို ဘာမှမခိုင်းရသေးဘူး။ ရေချိုးခန်းထဲဝင်ပြီး မျက်နှာပြန်သစ်ခိုင်းရတယ်။ မျက်နှာနဲ့ လက်တွေကို ဆပ်ပြာနဲ့ ဆေးခိုင်းရတယ်။ သွားနဲ့ သွားတိုက်ခိုင်းရတယ်။ နောက်နေ့တွေကျရင် မျက်နှာကို ပြောင်အောင်သစ်ပြီး သနပ်ခါးလူးခဲ့ဖို့



မှာရတယ်။ ခေါင်းကိုလည်း ဆီလူးပြီး သပ်သပ်ရပ်ရပ် ဖြီးခဲ့စီးခဲ့ဖို့ပြောတော့ ခေါင်းညိတ်တယ်။

"မိုးဝေခိုင် အိမ်မှာ တံမြက်စည်းလှည်းတာ သိပ်ကောင်းဆို၊ လှည်းတတ်တယ်ပေါ့"

"တတ်တယ်"

သူ ဖြေတတ်သလိုဖြေပြီး တံမြက်စည်း ကောက်ကိုင်တော့တာပေါ့။ တိုက်ခန်းပေါ်နေကြသူတွေဆိုတော့ တံမြက်စည်းအနတော့ သူ ကိုင်တတ်လည်း တတ်ရှာပါရဲ့။ ဒါပေမယ့် သူ တံမြက်စည်းလှည်းပုံက ဆန်စေ့ပုရွက်ဆိတ်ချီသလိုမျိုး။ ကျွန်မတောင် မျက်စိလည်တယ်။ နောက်ဖေးမီးဖိုချောင်ကစပြီး ရှေ့တံခါးပေါက်အထိ တစ်ခေါက် သပ်သပ် တောက်လျှောက် လှည်းချသွားတယ်။ တစ်ခါ ဘုရားခန်းနဲ့ အလယ်တန်းစာအုပ်ဗီရိုတွေနားလှည်းပြီး ရှေ့ တံခါးပေါက် တစ်ခေါက်သွားပို့ပြန်တယ်။ ပြီးမှ ရှေ့ခန်းဧည့်စားပွဲနေရာကို လှည်းတယ်။ သည်တော့ အမှိုက်တွေက လှည်းပြီးသားနေရာ ပြန်ပြန်ရောက်နေတော့တာပါ။ တံခါးပေါက်နားက တံမြက်စည်းလှည်းလိုက်၊ ပြောင်သွားလိုက်၊ နောက်ထပ်အမှိုက် ရောက်လာလိုက်၊ ပြန်လှည်းလိုက်နဲ့ သုံးလေးခေါက်ထပ် ကျော့နေတာဆိုတော့ ကျွန်မက အမှိုက်ကို တစ်ခါတည်းနဲ့ တံခါးပေါက်အရောက် လှည်းပို့တဲ့နည်းကို သင်ပေးတယ်။

"သည်လို လှည်းရတယ် မိုင်းဝေခိုင်ရဲ့၊ နောက်ကနေ ရှေ့ကို နည်းနည်းစီ ငန်းတိုက်ပြီး သိမ်းသိမ်းသွားရတယ်။ တံခါးပေါက်အရောက် အားလုံး သိမ်းကျုံးစုသွားရတော့ ညည်းလည်း မပင်ပန်းတော့ဘူး၊ အချိန်လည်း မကုန်တော့ဘူး။ သည်မယ် ဆရာမ တစ်ခေါက်လှည်းပြမယ်၊ ကြည့်"

www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ကျွန်မနောက် တကောက်ကောက် လိုက်ကြည့်တယ်။ ပြုံးတယ်။ ခေါင်းညိတ်တယ်။ ဩော်... သည်လိုလား ဆိုတဲ့ပုံ။

ဒါပေမယ့် နောက်ရက်တွေမှာလည်း သည်လိုပဲ သူ့ထုံးစံ လှည်းနေကျ သုံးခေါက်လေးခေါက် ကျော့တာပါပဲ။ ကျွန်မလည်း မဟုတ်သေးဘူး ဆိုပြီး ထပ်ပြတယ်။ မရပါဘူး။ သုံးခေါက် ကျော့မြဲ ကျော့တာပါပဲ။ တစ်ခါတလေ လေးငါးခေါက်တောင် ပြန်နေသေးတယ်။ ထူးဆန်းတာက သူ တံမြက်စည်းသိမ်းပြီဆိုတော့လည်း ပြောင်လို့ သန့်လို့။ အရေးကြီးတာက ပြောင်ဖို့ပါပဲလေလို့ သဘောထားလိုက်ရတော့တယ်။

အမှိုက်လှည်းပြီး ဖုန်ခါတော့ စားပွဲကုလားထိုင်ထက် စာအုပ်တွေ ပိုများတဲ့ ကျွန်မတို့အိမ်မှာ စာအုပ်စင်ကို မနက်တိုင်း ဖုန်ခါရတာ တစ်လုပ်ပါ။ တာပေါင်ရိုးကြီးပေါ်က ခေါင်းထောင်ထလာသမျှ ဖုန်တွေ သဲတွေဆိုတာ တိုက်ခန်းတွေထဲ လုံးဝင်လာပြီး ရှိသမျှ စာအုပ်တွေထဲ ဝင်အောင်းနေကျပါ။ ဒါကိုလည်း လက်စနဲ့ နေ့စဉ် သန့်ရှင်းကြရတယ်။ ကျွန်မက စာအုပ်လေးငါးအုပ်ကို စီနိုင်သလောက် ဖယ်ဖယ်ပြီး စင်ရော စာအုပ်ပါ အဝတ်နဲ့ရိုက်ခါ၊ ပြီးရင် ပြန်ထည့်၊ ပြီးရင် လေးငါးအုပ် ယူ စသဖြင့် သင်ပေးတယ်။ ကျွန်မပြတော့လည်း ဟုတ်လို့။ သူ့ချည်း လုပ်နိုင်းတော့ ကယောင်ကယင်နှင့် မစီတတ်ပြန်ဘူး။ ကျွန်မက ထပ်စီပြတယ်။ သည်လိုနဲ့ပဲ စာအုပ်ဖုန်ခါခြင်းအလုပ်ကို အစအဆုံး ကျွန်မ လုပ်ပြရတယ်။

နောက်တစ်နေ့ ကျွန်မ မပါတဲ့အခါမှာတော့ ထုံးစံအတိုင်း လွဲနေတော့တာပါပဲ။

"မိုးဝေခိုင်ရဲ့ ဒါက စာအုပ်ရဲ့ အနောင့်ခေါ်တယ်။ ဒါက စာအုပ်အပေါ်ပိုင်း။ အပေါ်ပိုင်းကို အပေါ်ထားရတယ်။ အနောင့်က ကိုယ့်ဘက်ကိုထားရတယ်။ ဒါမှ ဆရာမတို့ ရွေးလို့ရမှာပေါ့"



ဒါပေမယ့် မရပါဘူး။ မနက်မနက် စာအုပ်စင်ဖုန်ခါပြီးပြီဆိုလို့ ကျွန်မ သွားကြည့်လိုက်ရင် စာအုပ်တွေက ကပြောင်းတိ ကပြောင်းပြန်။ စာအုပ် အနောင့်တွေကတော့ ဘောတိုက်ဖြစ်တာ ဖြစ်၊ မဖြစ်တာက မဖြစ်။ စာမဖတ်တတ်ရှာလို့ ရည်ညွှန်းစာအုပ်တွေ အတည့်နဲ့ ပြောင်းပြန် မသိတာထား၊ မဂ္ဂဇင်းမျက်နှာဖုံးက ပုံတွေကိုတော့ သူ သိရမှာပေါ့။ ကျွန်မက မဂ္ဂဇင်းအဖုံးပေါ်က ရုပ်ပုံတွေကို ကြည့်ပြီး အတည့်စီဖို့ သင်ရပြန်တယ်။

"သည်မှာကြည့် တွေ့လား၊ ရုပ်ပုံပါတယ်။ ညည်းရုပ်နေသလိုပေါ့။ ခေါင်းက အပေါ်ထားရတယ်။ ကိုင်း... ထောင်ကြည့်စမ်းပါဦး"

ကျွန်မက မဂ္ဂဇင်းတစ်အုပ်ပေးလိုက်တော့ သူက ဖျတ်ခနဲ လှမ်းယူတဲ့ပြီး မျက်နှာဖုံးပုံကို ကြည့်ရင်း ပြုံးပြုံးကြီး လုပ်နေသေးတော့တာပါ။

"အလိုတော် ညည်းက သိလို့လား"

"သိတယ်၊ ထက်ထက်မိုးဦး"

သည်လိုတော့လည်း သိသားပါလား။

"ကိုင်း... အဲသည် ထက်ထက်မိုးဦးကို စာအုပ်စင်ပေါ် တည့်တည့်ထောင်ကြည့်ပါဦး၊ ဆရာမ ကြည့်နေမယ်"

ကျွန်မက ပြောတော့ မိုးဝေခိုင်က မဂ္ဂဇင်းစာအုပ်ကြီးကို ကိုင်ပြီး စာအုပ်စင်ပေါ် သွားထောင်တယ်။ ဇောက်ထိုးကြီး။

"ဟောတော့၊ အဲသလိုဆို ထက်ထက်မိုးဦးက ခေါင်းကြီး အောက်ရောက်နေပြီပေါ့၊ အပေါ်ထားလေ"

အပေါ်ထားဆိုတော့ စာအုပ်ကို အပြားလိုက်ကြီး စာအုပ်စင်ပေါ်တင်ပြန်ပါလေရော။

"မဟုတ်သေးဘူးလေဟဲ့၊ ငါနယ်နော် ဆောတိုက်ထောင်ပြီး တင်ရမှာ။ ပြန်တင်ဦး"

www.burmeseclassic.com



စာအုပ်ကို ဆတ်ခနဲ ကောက်တဲ့ပြီး ပထမတော့ ကြောင်နေသေးတယ်။ ပြီးတော့မှ သားတိုက် အပြားလိုက်ကြီး တင်ချလိုက်တယ်။ စင်ကိုမှီပြီး ထောင်ရမှာလေဆိုတော့ ပထမပုံစံအတိုင်း ဇောက်ထိုးကြီး တင်ပြန်တယ်။ သည်တစ်ခါ ခေါင်းကုပ်ရတာက ကျွန်မပါ။ ဘယ်လိုပြောရမှန်းမသိတာနဲ့ ကိုယ်တိုင်ထပြီး စာအုပ်ကို တည့်တည့်တင်ပြလိုက်တယ်။

"အဲ... ဆရာမ ထားတာလည်း ပြောင်းပြန်ကြီးပဲ"

တဲ့။ သူကတောင် ကျွန်မကို အပြစ်တင်လိုက်သေးပါပကော။ သည်တော့မှ မိုးဝေခိုင်ကို ကျွန်မ ဘယ်လိုသင်ရမယ်ဆိုတာ ခေါင်းထဲ ဖျပ်ခနဲ ဝင်လာတယ်။

"ဟုတ်သားပဲ၊ ဆရာမတောင် ကြောင်သွားတယ်။ အဲသလို ပြောင်းပြန်တင်မှ အဝေးက ကြည့်ရင် တည့်တာနော်။ ဟုတ်လား၊ ကိုင်း ပါအေ သည်တစ်ခါ တင်ကြည့်စမ်း"

ကျွန်မက ပြောင်းပြန်တင်ကြည့်စမ်းဆိုတော့မှ မိုးဝေခိုင်က တည့်သွားလေရဲ့။ ကျွန်မက လက်ခုပ်တီးပြီး အားပေးလိုက်တော့ နောက်ကို လေးငါးလှမ်း ဆုတ်တဲ့ပြီး သူ တင်ထားတဲ့စာအုပ်ကို ဟန်ပါပါ ကြည့်နေသေးတာပါ။ ကျွန်မကိုလည်း ငါလုပ်တာ ဟုတ်ရဲ့သားနဲ့ဆိုတဲ့ ပုံနဲ့ပါ။ သည်ကတည်းက မိုးဝေခိုင်ကို စာအုပ် စီခိုင်းရင်၊ ဖုန်တွေ သန့်ရှင်းခိုင်းရင် ပြောင်းပြန်စီခိုင်းရတယ်။ သည်လိုဆိုတော့လည်း တည့်လို့။ မှားရင် နည်းနည်းပါးပါးပဲ။

ကျောဘက်မှာ ထောက်ပါတဲ့ စားပွဲတင် ဓာတ်ပုံတွေကိုလည်း ဖုန်ခါပြီးတိုင်း ထောက်ကို ကျောပေးထောင်ထောင်သွားလို့ ကျွန်မမှာ လိုက်တည့်ရတာ ခဏခဏပါ။ ပြီးတော့ ကျွန်မ စာရေးစားပွဲပေါ်က



စာအုပ်တွေ၊ ရေးလက်စ စာမူတွေ၊ စာရွက်တွေကို မှောက်လျက်ထပ်သွားလို့ ပြန်လှန်၊ ပြန်တည့် စာမျက်နှာ ပြန်စီရတာမျိုးလည်း ရှိတယ်။ တစ်ခါကလည်း စားပွဲပေါ် အလှတင်ထားတဲ့ ပန်းစိုက်အိုးထဲက ပလတ်စတစ်ရိုးတံနဲ့ ပိုးစပန်းပွင့်ကလေးတွေကို ရေဆေး၊ ပန်းအိုးထဲ ရေထည့်ပြီး ကျွန်မကို ရေလဲထားတယ် ဆရာမလို့ မျက်နှာလုပ်ပြီး လာပြတယ်။

"ဟဲ့... ဒါက ရေမဆေးရဘူး၊ ရေလည်း မထည့်ရဘူး။ ညည်းတော်တော် ရှည်ပါလား" လို့ ငေါက်လိုက်တော့ မျက်စိမျက်နှာပျက်လို့။ ပန်းတွေလည်း ကော်တွေကွာပြီး ပစ်ရတော့တာပါပဲ။ တံမြက်စည်းလှည်းတဲ့ အလုပ်နဲ့ ဖုန်ခါရတဲ့အလုပ်လေး သက်သာသွားပေမယ့် မိုးဝေခိုင်နောက် တကောက်ကောက်လိုက်ရင်း ရွှံ့သမျှ စောင်းသမျှ လွဲသမျှ ချော်သမျှ လိုက်တည့်ရတဲ့အလုပ် ကျွန်မမှာ ပိုလာတော့တာပါပဲ။

တံမြက်စည်းလှည်း ဖုန်ခါပြီးပြီဆိုတာနဲ့ မိုးဝေခိုင်က ကျွန်မ မီးဖိုချောင်ကလေးထဲကို ရောက်လာပြီး ကျွန်မကို ကူပေးတယ်။ အိုးခွက်ပန်းကန်တွေ ဆေးတာတော့ အဟုတ်ပဲ။ ဒါပေမယ့် ကျွန်မက ပန်းကန်ဆေး ဆပ်ပြာဆီသုံးတာဆိုတော့ သူ့မှာ အသစ်အဆန်း ဖြစ်နေတယ်။ ကျွန်မက ညည်းတို့အိမ်မှာ ဘာနဲ့တိုက်တာလဲဆိုတော့ ဆပ်ပြာမှုန့် ရေဖျော်ပြီး သပွတ်အူနဲ့ တိုက်တာတဲ့။ ကျွန်မက ဆပ်ပြာဆီကို ပလတ်စတစ် Sponge ထဲ နည်းနည်းညှစ်ထည့်ပြီး ရေနဲ့ ဖွပြလိုက်တယ်။ အမြှုပ်တွေများလာတော့မှ သည်လိုတိုက်ရတယ်။ သည်လို တစ်ခါထည့်ထားရင် ပန်းကန်လေးငါးချပ်တိုက်လို့ရတယ်လို့ ပြောပြရတယ်။

"သည်ဘူးထဲက အရည်က ဆပ်ပြာမှုန့်ပေါ့၊ သည်ရေမြှုပ်က သပွတ်အူပေါ့။ အတူတူပဲ သိလား"

သူ့ကို နမူနာလုပ်ခိုင်းတော့လည်း ဖြောင့်လို့။ ဆပ်ပြာဆီညှစ်ချ၊ ရေနဲ့ဖွ၊ အမြှုပ်ထ၊ တိုက်တော့။ ဒါကို မိုးဝေခိုင်က သိပ်သဘောကျတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ မတွေ့ဖူးပဲကိုး။ ဒါပေမယ့် နောက်ရက်တွေမှာတော့ မထင်တဲ့ထောင့်က ပြဿနာစပါလေရော။ တစ်လလောက်သုံးရဲတဲ့ ဆပ်ပြာဆီတစ်ဘူးစာဟာ နှစ်ရက်နဲ့ ကုန်သွားလို့ မေးတော့ ဘူးမှောက်ကျလို့တဲ့။ သေသေချာချာ စစ်တော့မှ တစ်ခါညှစ်ရင် လက်တစ်ခုပ်စာ ညှစ်ညှစ်ချနေတာကိုး။ သည်တော့ ပန်းကန်ဆေးတော့မယ်ဆိုလည်း အကြည့်မလွှတ်ရပြန်ပါဘူး။

လျှပ်စစ်မီးလာတဲ့နေ့မှာဆို အကြောင်းမဟုတ်ပေမယ့် မီးမလာလို့ မီးသွေးဖိုနဲ့ချက်ရရင် ကျွန်မမှာ ကရိကထတွေက များလေတော့ မီးဖိုဘေး ထိုင်မိရင် ကုန်းလိုက်ကွလိုက် လိုတိုင်း မထနိုင်လေတော့ဘူး။ သည်တော့ ယောက်မကလေး ဇွန်းကလေးအစ လိုအပ်တာ မိုးဝေခိုင်ကို လှမ်းအယူ ခိုင်းရတယ်။ သူက ခါးကြီးထောက်လို့။

"မိုးဝေခိုင်ရေ စလောင်းဖုံးကလေး ပေးစမ်းပါကွယ်"

ပန်းကန်စင်ပေါ်က စလောင်းဖုံးကို လက်ညှိုးထိုးပြီး ကျွန်မက တောင်းတော့ သူက ဘယ်လိုကြားလို့ ဘယ်လိုနားလည်တယ် မပြောတတ် ဘူး။ ဘေးမှာရှိတဲ့ ရေဇလုံကြီး မ,လာတယ်။ အဲဒါ မဟုတ်ဘူးလေ စလောင်းဖုံးကို ပြောတာဆိုတော့ သူက ရေဇလုံကြီး ပြန်ချပြီး ပြူးပြူးပြာ ပြာနဲ့ ဒယ်အိုးကြီးယူလာတယ်။ ရော... ခက်လိုက်တဲ့ ကလေးမ။ လွယ် တာကို ခက်နေပြန်ပါပြီ။ နားများ လေးနေရောသလား။ ကျွန်မလည်း စိတ်တိုလာတာနဲ့ အော်လိုက်မိတော့တာပါပဲ။

"ဟဲ့... စလောင်းဖုံးလေ၊ စလောင်းဖုံး စလုံးဖောင်း၊ သိပြီလား"

"သြော်... စလောင်းဖုံးလား ဆရာမ၊ သိတယ် သိတယ်"

အဲဒီကျတော့မှ စလောင်းဖုံးကို ဆတ်ခနဲ ယူလာတော့တာပါ။ ပါးစပ်ကလည်း စလောင်းဖုံး စလောင်းဖုံးနဲ့ သူ့ဟာသူလည်း ရွတ်နေသေး ရဲ့။ သည်အကြောင်းကို ကျွန်မ အိမ်သားကိုပြောပြတော့ သူ့မှာလည်း မိုးဝေခိုင် ပြဿနာရှိနေတယ်။



"မနက်တုန်းက တီဗွီကို ဖုန်တွေသုတ်မလို့ မိုးဝေခိုင် စုတ်တံရှာခဲ့ စမ်း ဆိုတာကို ရိုမှတ်ကွန်ထရိုးတွေ ယူလာလို့ အဲဒါမဟုတ်ဘူး စုတ်တံ စုတ်တံ၊ စံတုတ်ကိုပြောတာဆိုတော့မှ သူက သြော်... စံတုတ်လားဆိုပြီး စုတ်တံကြီး ယူလာတာ၊ တစ်မျိုးတော့ တစ်မျိုးပဲ"

သည်လိုဆိုလို့ ဘယ်ဟာကိုမဆို ပြောင်းပြန်မှရတယ်ဆိုတဲ့ သဘော တော့ မဟုတ်ပါဘူး။ သူတည့်ချင်တဲ့နေ့ တည့်နေတာပါပဲ။ မတည့်ချင်တဲ့ နေ့များတော့ ပြောင်းပြန်ပြောမှ တည့်တာများတယ်။ ဘယ်လိုသဘောလဲ ဆိုတာတော့ ကျွန်မတို့လည်း နားမလည်ဘူး။

မိုးဝေခိုင် ပြန်သွားရင် ကျွန်မတို့နှစ်ယောက်မှာ သည်ကလေးမ အကြောင်း ပြောပြောပြီး ရယ်ကြရသလို စိတ်မကောင်းလည်း ဖြစ်ကြရ တယ်။ မိုးဝေခိုင်ဟာ အလုပ်လုပ်ရာမှာ ဘယ်တော့မှ မပျင်းဘူး။ လက် ဆော့ခြေဆော့လည်း မရှိဘူး။ မရိုးမသားလည်း မရှိရှာဘူး။ ဘာပဲခိုင်းခိုင်း မခိုမကပ်လုပ်ရှာတာပါပဲ။ ဒါပေမယ့် သူ့ကိုခိုင်းလိုက်တိုင်း တလွဲတွေ ဖြစ်တတ်လွန်းလို့ ကျွန်မမှာ မပြောရ မဆိုရတဲ့နေ့ကို မရှိသလောက်ပါပဲ။ အထူးသဖြင့် သူလုပ်ပုံကိုင်ပုံတွေ ပြောင်းပြန် ဇောက်ထိုး ဖြစ်နေတတ် တာက ထူးဆန်းနေသလိုပဲ။ တစ်ခါတလေ သူ့ကို စချင်လို့ ကျွန်မတို့က ပြောင်းပြန်တွေ မေးကြည့်ဘယ်။

"ခရီးသမ်း"

"ခရမ်းသီး"

"နင်နင်ပန်"

"နံနံပင်"

"ကိုင်... ဘုအဲ"

ခေါင်းတွေ တွင်တွင်ကုပ်ပြီးမှ "ကြက်ဥ အဖြူ" တဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့တောင် မျက်စိလည်သွားရဲ့။ သူမို့ ကြံကြံဖန်ဖန်။ သူ့ကို ကျွန်မတို့က မိုးခိုင်လို့ ခေါ်ကြတော့ မိဆွေကို မေဆွီခေါ်ကြသလိုပဲ မိုးခိုင်းကို မိုင်နိုးလို့ပဲ ခေါ်ကြတော့တယ်။ သည်တော့လည်း သူက ပြုံးနေတာပါပဲ။ သဘောများကျလို့။

"မိုင်နိုးဆိုတာ ဘာလဲ"

"သမီးနာမည်"

"ဟုတ်ပြီ၊ မိုင်နိုးဆိုတော့ ဘာဖြစ်မလဲ"

"မိုးဝေခိုင်"

ကျွန်မတို့လည်း သူ့ကို မီးစင်ကြည့်ကရတာကလွဲလို့ ဘာမှ မတတ်နိုင်ပါဘူး။ ခိုင်းလို့ရသလောက် ခိုင်း၊ တည့်လို့ရသလောက် တည့်ရုံကလွဲလို့ ဘာလုပ်ပေးရမှန်းလည်း မသိပါဘူး။ ကျွန်မတို့မှာ သည်ကလေးမ ကြီးလာရင် ဘယ်လိုနေရှာပါ့မလဲဆိုတာကို ပူပန်မိကြရတယ်။ သည်လို စံလွဲနေခြင်းသည်ပင် သူ့မှာ တစ်စုံတစ်ရာ စဉ်းစားတွေးခေါ်ပုံ ယိုယွင်းနေရှာတယ်ဆိုတာလောက်တော့ နားလည်ထားကြလေတော့ သူကလေးရဲ့ အနာဂတ်ကြီးပြင်းမှုမှာ ဘာတွေဖြစ်လာနိုင်သလဲဆိုတာလည်း တစ်ဖက်က တွေးကြရတယ်။

(၃)

ကျွန်မတို့အိမ်မှာ စာအုပ်တွေများလွန်းတော့ စာအုပ်ဗီရိုကြီး နှစ်လုံးအပြင် လောလောလတ်လတ် မဂ္ဂဇင်းတွေတင်ဖို့ သစ်သားစင်ကလေး သပ်သပ် လုပ်ထားရတယ်။ တိုက်ခန်းနံရံကို ကပ်ထားတဲ့ ခုံတန်းရှည်ကလေးပေါ့။ မဟေသီ၊ ရွှေအမြုတေ၊ ရနံ့သစ်၊ စတိုင်သစ်၊ နွယ်နီ၊ မိုး၊ Beauty၊ Idea စသည်ဖြင့် မဂ္ဂဇင်းတွေကို သူ့အမျိုးအစားနဲ့သူ အပုံလိုက်



ကပ်ထားရတယ်။ တစ်ခါတလေ ဖတ်ချင်တာရှိလို့ စာအုပ်တွေ ရှာရင်း မွှေရင်းနဲ့ သောကောရောကော ဖြစ်သွားတတ်တော့ မကြာခဏဆိုသလို ပြန်ရှင်းရပြန်ရော။ နေ့လယ်နေ့ခင်း ဘက်ကလေး အားနေလို့ မဂ္ဂဇင်းတွေ စင်တန်းရှည်ပေါ်က ပြန်ချပြီး စီတဲ့အခါ မိုးဝေခိုင်က ကျွန်မကို ကူလေ့ရှိတယ်။ ဒါပေမယ့် မဂ္ဂဇင်းအမည်တွေ သူ မဖတ်တတ်လေတော့ ကျွန်မပဲ ပင်ပန်းတော့တာပါ။ ဒီတော့ စာလုံးဒီဇိုင်းကလေးတွေ ပြရတယ်။ တူရာ တူရာ ထပ်ခိုင်းရတယ်။ မိုးဝေခိုင်က သည်တာဝန်ကို ပေါ့ပေါ့ပါးပါးပဲ ယူတယ်။ တကယ်လုပ်တဲ့အခါကျတော့ တူတာက တူပေမယ့် မဂ္ဂဇင်းတွေက များတော့ ရောကုန်တာပါပဲ။

ဒါနဲ့ ကျွန်မက သည်ဘက်ကနေ ၄တ်တုတ်ထိုင်စီရင်းနဲ့ ဟိုအပုံထပ်၊ သည်အပုံထပ် သူ့ကို လှမ်းပြရတယ်။ မဂ္ဂဇင်းလိုဂို (Logo) နဲ့ စာလုံးသာ မသိတယ်၊ မျက်နှာဖုံးမှာပါတဲ့ မင်းသား မင်းသမီး တော်တော်များများတော့ သူက သိတယ်။ သိဆို သူတို့အခန်းဆောင်က ဒေါ်လှတို့အခန်းကို ညတိုင်း ခနစ်နာရီကား သွားသွားကြည့်တတ်သတဲ့။ ခိုင်သင်းကြည်လည်း သိတယ်။ နန္ဒာလှိုင်လည်း သိတာပဲ။ ကျွန်မ မသိတဲ့ သရုပ်ဆောင်အသစ်ကလေးတွေတောင် သူက သိနေလိုက်သေးရဲ့။ မဂ္ဂဇင်းအမည်မသိတဲ့ မိုးဝေခိုင်ကို ကျွန်မက မင်းသမီးနာမည်ပြောပြီး စာအုပ်စီခိုင်းရတယ်။

"စိုးမြတ်နန္ဒာပုံနဲ့ စာအုပ်ကို သည်အပုံပေါ်တင်၊ အိန္ဒြာကျော်ဇင်ပုံနဲ့ စာအုပ် ဟိုအပုံပေါ်ထပ်၊ ဟိုအင်္ကျီအနီနဲ့ဟာက ဆရာမဆီ ယူခဲ့"

ကျွန်မ မသိတဲ့ မင်းသမီးပုံကျတော့ အင်္ကျီအရောင်ပြောရတာပေါ့။

"ချောရတနာလား ဆရာမ"

"အဲဒါ ချောရတနာတဲ့လား၊ အေး... အေး ဒီယူခဲ့၊ ပါမီတ်ဝမ်းဆက်နဲ့ စာအုပ်ကို ညည်းထမင်းစားတဲ့ လက်နားကအပုံပေါ် တင်လိုက်"

www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင်နာမည် မသိတဲ့ မဂ္ဂဇင်းမျက်နှာဖုံးပုံကို အရောင်နဲ့ ပြောတာပေမယ့် သူက အရောင်တွေ မသိတာလည်း ပြဿနာပါ။ အဖြူ၊ အနီ၊ အနက်လောက်ပဲ သိပုံရတယ်။ ဒါလည်း မသေချာရှာပါဘူး။ သည်တော့ ကျွန်မမှာ မြင်ရာတွေ့ရာ ပြောရတော့ လိုက်လို့မမီ ပြေးပြန်ပြီ ဖြစ်ရတာပါပဲ။

“ဟိုခေါင်းစုတ်ဖွားနဲ့ပုံ သည်မှာထပ်၊ ဆံထုံးနဲ့ပုံယူခဲ့၊ ဆောင်းဘီရှည် ဟိုဘက် သား၊ စကတ်ကွဲ ချထားဦး”

ကျွန်မတို့မို့ စာအုပ်စီရင် အော်ရဟာစ်ရလွန်းလို့ အသံတွေများ ဆူညံလို့။ ကျွန်မနဲ့ မိုးဝေခိုင်က စာအုပ်စီပြီးရင် ကော်ဖီတစ်ခွက်စီ ဖျော်သောက်ရင်း နားတဲ့အခါ သူ ခွဲတမ်းရတဲ့မုန့်ကို မစားဘဲ ဟိုတင် သည်တင် တင်ထားတတ်တယ်။ သူ မစားရက်ဘူး။ သူ့မောင်လေးဖို့ ချန်ထားရှာတာပါ။ ကျွန်မက ဒါကိုစား၊ အိမ်လည်းပေးလိုက်မယ်ဆို တော့မှ စားရှာတယ်။ သူ့မောင်လေးကို သူ တော်တော်ချစ်ရှာတယ်။ ကျွန်မတို့က သူစားစေချင်လို့ ပေးတိုင်း ကျွေးတိုင်း သူ့မျက်လုံးတွေက အိမ်ကို ယူပါရစေလို့ တောင်းပန်နေသလိုပဲ။ သနားစရာပါ။

စာအုပ်စီတဲ့အလုပ်က တော်သေးတယ်။ သတင်းစာတွေ ဂျာနယ် တွေ တွဲတဲ့နေ့ဆိုရင် ကျွန်မမှာ ဘယ်လိုမှကို စိတ်မရှည်နိုင်တော့ပါဘူး။ ဘီလူး နဂါးထွက်ရတော့တာပါ။ ကျွန်မတို့အိမ်မှာ ကြေးမုံသတင်းစာရယ်၊ အားကစား ဂျာနယ်တွေရယ်၊ တခြားဂျာနယ်တော်တော်များများရယ်က နေ့စဉ်လိုလို ရောက်လာတတ်တော့ တစ်ပတ်တစ်ခါ စုတွဲရတာ မသက်သာ လှပါဘူး။ သတင်းစာဆိုရင် နိုင်ငံတကာသတင်းတွေကို သပ်သပ်ခွဲ တွဲတာ ဆိုတော့ နိုင်ငံတကာသတင်းပါတဲ့ စာမျက်နှာကို ဖြတ်ရသေးတာပါ။ မိုးဝေခိုင်က နိုင်ငံတကာသတင်းရယ် ဘာရယ်လို့ မသိလေတော့ ကျွန်မက



သတင်းစာတစ်စောင်ချင်းမှာ ဖြတ်ရမယ့် စာမျက်နှာ ခေါက်ပေး၊ သူက ဓားပါးကလေးနဲ့ သတင်းစာအလယ်ကနေ ထိုးဖြတ်။ ပြီးရင် ရက်စွဲစဉ်ပေး ရပြန်တယ်။ ဒါတွေပြီးမှ နိုင်ငံတကာသတင်းတွေ သပ်သပ်ဖောက်ထွက်၊ ဖိုင်မှာတွဲ။ ကျန်တဲ့သတင်းစာကိုမှ သပ်သပ်ဖောက်ပြီး ဖိုင်မှာတွဲ။ အဆင့် တွေက သုံးလေးဆင့်ကိုး။ ကြားထဲမှာ ကျွန်မများ အလုပ် တစ်ခုခုပေါ်လို့ ထသွားလိုက်မိရင် အားလုံး ချည်လုံး ချေးဆွဲ ဖြစ်ကုန်တော့တာပါပဲ။ ဖြတ်ထားတဲ့ နိုင်ငံတကာသတင်းစာရွက်ကို အုပ်ထဲပြန်ထိုး၊ ကျန်တဲ့ အပိုင်းတွေချည်း စုပုံထားလို့ ကျွန်မမှာ တစ်စောင်ချင်း ရက်စွဲနဲ့ ပြန်လိုက် ရတာမျိုးရှိသလို တစ်ခါတလေ ရှေ့တင်ပဲ ဘယ်လိုမှ အစရှာမရတော့တဲ့ အခါမျိုးလည်းရှိရဲ့။ သတင်းစာကို မှောက်ရက်ကြီးတွဲထားလို့ လေးငါး ခြောက်စောင်လောက် ပြန်ဖြုတ်ပြီး ပြန်တွဲရတာမျိုးကလည်း ခဏခဏ။

သတင်းစာတွဲပြီးရင် ဂျာနယ်တွေကို အားကစားဂျာနယ်နဲ့ တခြား ဂျာနယ်တွေ သူ့ကို ခွဲပြီး ထပ်ခိုင်းရတယ်။ ဒါတော့ အဟုတ်။ ဘောလုံး သမားပုံတွေနဲ့ အားကစားဂျာနယ်တော့ သူက ကောင်းကောင်းသိတယ်။ အားကစားဂျာနယ်တွေကျတော့ အားလုံးစုတွဲတာဆိုတော့ စာစောင်နာမည် ရွေးရတဲ့ပြဿနာ မရှိဘူး။

“ဆရာမ ဘောလုံးကန်တဲ့ သတင်းစာတွေ တွဲလိုက်ရတော့မလား”

ကျွန်မတောင် ကြောင်သွားမိတယ်။ သူ ခွဲပြီးပုံထားတဲ့ ဂျာနယ်တွေ ကို ကျွန်မက ဖောက်စက်နဲ့ ဖောက်ပေး၊ သူက တွဲ။ ကျွန်မကြည့်နေတဲ့ ကြားက ဂျာနယ်တွေ ဇောက်ထိုးတွဲချင် တွဲလိုက်သေးတာပါ။

“ဟဲ့… မိုင်ခိုးရဲ့၊ ပြောင်းပြန်တွဲ ပြောင်းပြန်တွဲ”

လို့ ကျွန်မက ပြောတော့မှ အလိုက်သင့်ပြန်လှန်တာ။ တစ်ခါ တလေ ကျွန်မတောင် ကိုယ့်စကားနဲ့ကိုယ် ဂျာနယ်တွေ ပြောင်းပြန်တွဲမိတဲ့ အခါတောင် ရှိလာတယ်။ မိုင်ခိုးနားနီး မိုင်ခိုး ထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်ဆိုရင်တော့ မိုးဝေခိုင်က မနက်ခင်း ဖိုသီဖတ်သီတက်လာပြီး တစ်ခန်းလုံးကို တံမြက်စည်းလှည်း၊ ဖုန်ခါ၊ ကျွန်မနဲ့အတူ မီးဖိုချောင်ထဲမှာ နည်းနည်းပါးပါး အလိုအချွတ်ကူပြီးရင် အောက်ထပ်က သူ့အခန်း ပြန်ဆင်းသွားတာပါပဲ။ တစ်ခါတလေ ကျွန်မမှာ အဝတ်တွေ လျှော်စရာ များရင်တော့ သူ့ကို ပြန်မလွှတ်သေးဘဲ အကူခိုင်းရတာမျိုးလည်း ရှိရဲ့။ ဒါမျိုးများကျတော့လည်း မညည်းညူရှာပါဘူး။ သူနိုင်သမျှ ကူလျှော် ပေးတယ်၊ လှန်းပေးတယ်။ တစ်ခါတလေတော့လည်း ပေါ့ပေါ့ပါးပါး အဝတ်ကလေးတွေ ပေပြုနေရင် သူ့ဘာသာသူ လျှော်သွားတတ်တယ်။ အဲသည့်အခါမျိုးမှာ ရေချိုးခန်း တစ်ခန်းလုံး ဆပ်ပြာမြှုပ်တွေကို ဖွေးလို့။ အဝတ်တွေ ဆပ်ပြာစင်တယ် မထင်တော့ ကျွန်မကိုယ်တိုင် ဝင်လျှော်ရ ပြန်တယ်။

ကျွန်မတို့ တိုက်တန်းတွေက အနောက်ဘက် မျက်နှာပြုထားတာ ဆိုတော့ တိုက်ဝရန်တာ သံတန်းတွေကို အဝတ်လှန်းချိတ်နဲ့ ချိတ်ပြီး လှန်းရတာမျိုးပါ။ အဝတ်ရေမစင်ရင် အောက်ကို တစ်စက်စက်ကျနေ တတ်တော့ အောက်ထပ်တွေကို အားနာရတာပေါ့။ သည်တော့ အဝတ် လှန်းရင် ကျွန်မ ကိုယ်တိုင်ပဲ တစ်ထည်ချင်း ရေစင်အောင် ညှစ်ပေး၊ အဝတ်ကို ချိတ်မှာ မြဲအောင်ချိတ်ပြီး ကိုယ်တိုင်လှန်းရတယ်။ အဝတ်ဇလုံ ကြီး ဝရန်တာမှာထားပြီး ကျွန်မ အဝတ်လှန်းဖို့ မိုးဝေခိုင်က အဝတ်လှန်း ချိတ်တွေ၊ ညှပ်ပေးယူလာရင် လျှော်ပြီးသားအဝတ်နဲ့ အင်္ကျီချိတ်က ဘယ် တော့မဆို ကွက်တိဖြစ်နေတာ ကျွန်မ အံ့သြနေမိတယ်။ တစ်၊ နှစ်၊ သုံး၊ လေးရယ်၊ နုရယ် ဆယ်ရယ်လို့ ဟုတ်တိပတ်တိ မသိသူက အဝတ် အရေအတွက်နဲ့ ကွက်တိကျအောင် ချိတ်တွေ ယူလာနိုင်တာမို့ပါ။ ကျွန်မက သူ့ကို မသိမသာ မေးကြည့်တယ်။



"အဲ... ဆရာကြီးအင်္ကျီအကွက်ရယ်၊ စွပ်ကျယ်ရယ်၊ ဆရာမ အင်္ကျီအပွင့်ရယ်၊ လက်တိုရယ်၊ ပြီးတော့ အဲ... အနွေးအင်္ကျီရယ်"

သူက ကျွန်မတို့အင်္ကျီတွေကို မှတ်ပြီးယူတာကိုး။ သည်လိုတော့ လည်း သူမှတ်တတ်သားပဲ။ ဒါဖြင့်ရင် လျှော်တာများတဲ့နေ့ကျတော့ကော လို့ မေးစရာရှိတယ်။ များတော့လည်း ချိတ်တွေ ကိုက်နေတတ်တာပါပဲ။ သူဘယ်လို စဉ်းစားသလဲတော့ ကျွန်မလည်း မပြောတတ်ဘူး။ တစ်ခါ တလေ ကျွန်မ မအားလို့ သံတန်းမှာ အဝတ်လှန်းမပေးနိုင်ရင် အင်္ကျီ တွေက အောက်ဘက်ကို ရေတစ်စက်စက်ကျလို့။ လှန်းပုံကလည်း ကြည့်ဦး၊ လျှော်ပြီးသားတွေအားလုံးကို အုတ်ဝရန်တာဘက် မျက်နှာပေးပြီး မှောက် လျက် လှန်းထားတာပါ။ အင်္ကျီအရှေ့ပိုင်းတွေက အတွင်းဘက်၊ အင်္ကျီ နောက်ကျောတွေကို အပြင်ဘက် မျက်နှာပေး လှန်းထားတာလေ။ လုပ် သမျှ ကိုင်သမျှ ဖောက်ထိုးမိုးမျှော်ချည်းဆိုတော့ ကျွန်မ နောက်က ထပ် လိုက်ရတာပေါ့။ လက်လွှတ်ရတယ်လို့ကို မရှိဘူး။

နေ့လယ်နေ့ခင်း ကျွန်မမှာ အလုပ်ရှိတဲ့ရက်ဆိုရင် သူ့ကို နေ့လယ် ကျရင် အပေါ်တက်ခဲ့ဦးနော်လို့ မှာလိုက်ရတယ်။ နေ့လယ်ပိုင်း တက်လာ ရင်တော့ မိုးဝေခိုင်က ကျော့လို့မော့လို့ပါ။ ရေမိုးချိုးပြီး သနပ်ခါးတွေ ခြေဆုံးခေါင်းဆုံး ပိန်းနေအောင် လိမ်းလာလိုက်တာများ သူငယ်တော် ရုပ်ကျလို့။ သူ့ဆံပင် ကုပ်ဝဲကလေးကိုလည်း ခေါင်းလျှော် ဆီလူးပြီး ခေါင်းဖြီးလာလိုက်တာ ဘီးကြောင်းရာ အစင်းအစင်းတောင် မပျက်ရဘူး။ တစ်ခါတလေတော့လည်း ဘာစိတ်ကူးရတယ် မသိဘူး။ ဈေးထဲ ပေါပေါ လောလောရောင်းတဲ့ မိတ်ကပ်ဘူးတွေဝယ်ပြီး မိတ်ကပ်တွေကို တစ်မျက်နှာ လုံး ပြာဟောက်နေအောင် လိမ်းလာတတ်တယ်။ မျက်ခွံပေါ်မှာလည်း စိမ်းစိမ်းပြာပြာအရောင်တွေ ခြယ်လာလိုက်တာ ပြေပြေပြစ်ပြစ် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ နှုတ်ခမ်းနီဆိုးတာများ ကျွန်မ မမြင်ဖူးတဲ့ အရောင်တွေ။ သူကြည့်ရတဲ့ ဗီဒီယိုကားတွေ၊ မဂ္ဂဇင်းထဲက သရုပ်ဆောင်တွေကို အတုခိုးပြီး သူ လုပ်တတ်သလို လုပ်တာဆိုတော့ တစ်မျိုးပြီး တစ်မျိုး မရိုးနိုင်ပေါင်ဆိုတဲ့ အထဲကပါ။ မရမ်းပြာကြီး ဆိုးလာလိုက်၊ ညိုညိုနက်နက်ကြီး ဆိုးလာလိုက်၊ တစ်ခါတလေ လူမမာနှုတ်ခမ်းလို ဖြူဖပ်ဖြူရော်ကြီးတောင် ဆိုးလာလိုက် သေး။ မျက်လုံးအတွင်းရစ်ထဲ အမည်းအနက်တွေ ဆိုးလာတာများလည်း ရှိရဲ့။ နဂို မျက်ခုံးမွေးပါးပါးပေါ်မှာ လခြမ်းလို ကုန်းကုန်းကွေးကွေးကြီး နှစ်ခုကလည်း တစ်ဖက်နဲ့တစ်ဖက် မညီဘူး။

ကျွန်မက သည်အလှပြင်ပစ္စည်းတွေ ညည်း ဘယ်ကရသလဲလို့ မေးတော့ သမီးဘာသာ ဝယ်တာတဲ့။ ကျွန်မက သူဆိုးလာတဲ့ နှုတ်ခမ်းနီ အရောင်တွေကို ဘာရောင်လဲလို့ ဆီးမေးရင် သက်မွန်မြင့် အရောင်တဲ့။ ပပဝင်းခင် အရောင်တဲ့။ ကိုရီးယားမင်းသမီးအရောင်တဲ့။ သူက ဟုတ် ဟုတ်သေးတော့။ တကယ်တော့ အရောင်တွေကို သူမသိဘူး။ အပြာရယ်၊ အဝါရယ် မပြောပြတတ်ရှာပါဘူး။ ကျွန်မက မိတ်ကပ်တွေ နှုတ်ခမ်းနီတွေ နေ့တိုင်း မလိမ်းရဘူး၊ သွားတော့ လာတော့မှ လိမ်းရတယ်။ အိမ်နေရင်း သနပ်ခါးကလေး ညီညီလူးပေါ့လို့ပြောတော့ သူက လက်ခံချင်ပုံ မပေါ်ဘူး။

"သနပ်ခါးလိမ်းတာ မလှဘူး ဆရာမရဲ့၊ မိတ်ကပ်လူးမှ လှတာ"

တစ်ခါတလေ စိတ်ကူးစိတ်ရ လိမ်းခြယ်လာတဲ့နေ့များဆိုရင် သူ့ မျက်နှာကို ကျွန်မ ရဲရဲမကြည့်ဝံ့ဘူး။ မိန်းကလေးသဘာဝ လှချင်ပချင် စိတ်ကလေးရှိတာကို ကျွန်မ မပြောသာပြန်ပါဘူး။ သူ့မိဘများခမျာလည်း စိတ်မှချမ်းသာပါစေတော့ရယ်လို့ ညည်းသဘော လုပ်ထားကြပုံ ပေါ်ပါ တယ်။ ချစ်စရာလည်းကောင်း၊ သနားစရာလည်း ကောင်းပေါ့လေ။



(၄)

မှတ်မှတ်ရရ မိုးဝေခိုင်ကို ကျွန်မ စာစသင်ပေးတဲ့နေ့က ကြာသပ တေးနေ့ပါ။ ကြာသပတေးနေ့မှာ ပညာစသင်ရင် သင်ယူရသူအဖို့ တတ် မြောက်လွယ်တယ်လို့ ကျွန်မတို့အဘက ပြောခဲ့ဖူးလို့ ကြာသပတေး နေ့ကို ရွေးသင်တာပါ။ ရှေးထုံးရှေးနည်းတွေပေမယ့် မိုးဝေခိုင်ကလေးကို စာတတ်စေချင်တဲ့ စိတ်စေတနာကပဲ ကြာသပတေးနေ့ကို ရွေးချယ်စေခဲ့တာ ထင်ပါရဲ့။ ကြာသပတေးနေ့မှာ မိုးဝေခိုင်အတွက် ဗလာစာအုပ် နှစ်အုပ် ရယ်၊ ခဲတံနဲ့ ခဲဖျက်ရယ်၊ ကော်ဖေတံကလေးတစ်ချောင်းရယ် ဝယ်ပေးလိုက် တယ်။ ရှုပါကော်ဖီမစ်ထည့်တဲ့ အိတ်အလွတ်ကြီးကို ထိပ်ကဖောက်ပြီး သူ့စာအုပ်တွေ ထည့်ခိုင်းရတယ်။ ကျွန်မ လုပ်ပေးလိုက်တဲ့ ကျောင်းလွယ် အိတ်ကို သူက သဘောတွေများကျလို့။ မနက်ပိုင်း အိမ်အလုပ်လည်း ပြီးရော ချက်ချင်းပြန်မလွှတ်သေးဘဲ ကျွန်မက နောက်ဖေး ထမင်းစား စားပွဲမှာ မိုးဝေခိုင်ကို စာ စသင်ပေးတော့တာပါ။

ကျောင်းနေခဲ့ဖူးတယ်လို့ ကြားဖူးထားလို့ ညည်း ဘယ်နှစ်တန်း အထိ ကျောင်းနေခဲ့ဖူးသလဲလို့ ကျွန်မကမေးတော့ မိုးဝေခိုင်က လက်လေး ချောင်း ထောင်ပြရင်းနဲ့ နှစ်တန်းအထိ နေခဲ့ဖူးတယ်လို့ ဖြေတယ်။ ကျွန်မ က ကကြီးခခွေး ဆိုပြစမ်းဆိုတော့ ဗျည်း သုံးဆယ့်သုံးလုံးကို ကျောင်းကျောင်း ပြေးလို့။ တစ် နှစ် သုံး လေး ဆိုခိုင်းတော့လည်း တစ်ကနေ တစ်ဆယ် အထိ ရောရောရှုရှုရတယ်။ ကိန်းဂဏန်းအလိုက် လက်ထောင်ခိုင်းတော့ ကယောက်တီ ကယောက်ချာ။ တစ်ဆိုရင် တစ်ချောင်း ထောင်ပြတတ်ပါရဲ့။ ငါးဆိုတော့ သုံးချောင်း ထောင်လိုထောင်၊ လေးဆိုတော့ နှစ်ချောင်းဖြစ်လို ဖြစ်။

'မိုးဝေခိုင်' လို့ သူ့နာမည်ကလေး သူ ဖြောင့်ဖြောင့်ရေးတတ်ပါစေ

www.burmeseclassic.com

www.burmeseclassic.com



တော့ရယ်လို့ နာမည်သုံးလုံးကို ပုံတူကူးနည်းနဲ့ သင်ပေးတော့ ကူးတော့ ရေးတတ်ပါရဲ့၊ မိုးကိုလည်း စမရေးဘူး။ ဝေကိုလည်း မရေးဘူး။ ခိုင်ကို စရေးတယ်။ ရေးတော့လည်း နောက်ဆုံး ငသတ်က စရေးပြီး ဘက်ပြန် ဆုတ်တာပါ။

"ဟဲ့... မိုးဝေခိုင်ရဲ့ မိုးက စရေးမှပေါ့ဟဲ့။ ညည်းနှယ် ဘယ့်နှယ် ငသတ်က စရေးရတာတုန်း"

ကျွန်မက စိတ်မရှည်လေ ကပေါက်တိကပေါက်ချာဖြစ်လေ။ ခြေ တွေရော လက်တွေရော ပါလာလို့ ကျူရှင်ရပ်ရတာလည်း အခါခါပါ။ ကြာတော့လည်း စိတ်မရှည်နိုင်တော့ ပေါင်ဆွဲလိမ်မိတယ်။ သည်တော့ လည်း မျက်ရည်ကလေး တစမ်းစမ်းနဲ့။

စိတ်ရှည်ရှည်ထားပြီး သင်မှပါလေဆိုပြီး ကကြီးကနေ အ အထိ ဗျည်း ၃၃ လုံးကို စက္ကူထူထူတစ်ချပ်မှာ အကွက်ချရေးပေးပြီး သူ့ကို ထောင်ပြထားလိုက်တယ်။ သူ့ဗလာစာအုပ်ထဲမှာ ကျွန်မက ဝလုံးလေး တစ်လုံး ရေးပြတော့ သူက ဝလုံးလို့ဖြေတယ်။ သူ ပိုင်ပိုင်ကြီးသိနေတာ ဆိုတော့ အားရပါးရဖြေတာပါ။ လူကလည်း ပြုံးလို့။

"မိုင်နိုးက တော်သားပဲဟဲ့၊ ဝလုံးကို သိတယ်နော်။ ကဲ... သည်မှာ ကြည့် ဝလုံးလေးနှစ်လုံးကို ပူးရေးပြမယ်။ ဟော... တွေ့လား၊ အဲဒါကို ထဆင်ထူးလို့ ခေါ်တယ်။ ထဆင်ထူး ဆိုစမ်း"

"ထဆင်ထူး"

"ဟုတ်ပ တော်လိုက်တာဟော၊ ကဲ... ဟောသည် ချပ်ကြီးထဲမှာ ထဆင် ထူးလိုက်ရှာစမ်း"

ကျွန်မကမေးတော့ မိုးဝေခိုင်က ကကြီးကို ထောက်လို့ထောက်၊ ရကောက်ကို ထောက်လို့ထောက်နဲ့။ ကကြီးကနေစပြီး လက်ညှိုးနဲ့ ဖြည်း



ဖြည်းထောက် ရှာသွားစမ်းဆိုတော့လည်း ထဆင်ထူးကို ကျော်ချသွားပြန် ရော။ ဟဲ... ကျော်သွားပြီဆိုတော့ နောက်ကို တစ်လုံးချင်း ပြန်ဆုတ်တယ်။ ကကြီးရောက်တဲ့ အထိ။

"ကဲ... ဒါဆို စာအုပ်ထဲကို ထဆင်ထူးတွေ ချရေးစမ်း၊ ပါးစပ်က လည်း ဆိုရေး"

ကျွန်မက စာအုပ်နဲ့ ခဲတံကို သူ့ရှေ့ထိုးပေးတော့ သူက ခဲတံ ကို ဘယ်လက်ကြီးနဲ့ ဆုပ်တဲ့ပြီး ရေးတော့တာပဲ။ ပေတံသားပေးထားတဲ့ မျဉ်းဆောင်း လက်ဝဲဘက်က စမရေးဘဲ စာအုပ်အဖျားကနေ နောက်ပြန်ပြန် ရေးလာတာပါ။ အံ့သြစရာ။ ကျွန်မက သည်နေရာက စရေးလို့ လက် ထောက်ပြတော့ သူက တစ်လုံးရေးပြီး နောက်ကိုပဲ ပြန်ဆုတ်တယ်။

"ဆက်ရေးလို့ မရတော့ဘူး ဆရာမ၊ ဒီက စရေးမှ ရတာ"

မိုးဝေခိုင်ကို ကြည့်ပြီး ကလေးပေါင်း`တစ်သောင်းစာသင်လာတဲ့ ကျွန်မမှာ ကြောင်တောင်တောင်ဖြစ်လို့။ တစ်လုံးပဲရရဆိုပြီး ထဆင်ထူး တစ်လုံးတည်း သင်ပေးလိုက်တာပေမယ့် နောက်နေ့ကျတော့ ထဆင်ထူး ဆိုတာကို သူ မသိပြန်တော့ဘူး။ သည်ပုံအတိုင်းဆို ရှေ့ရောက်မှာမဟုတ်လို့ နောက်တစ်နည်း သင်ရပြန်တယ်။ ကဒ်ထူပြားပေါ်မှာ (က၊ ခ၊ ဂ၊ ဃ၊ င) ကဝဂ်အက္ခရာ ငါးလုံးကိုပဲ လက်နဲ့ထောက်ပြီး သင်လိုက် ပြန်မေးလိုက် နဲ့ တစ်ပတ်လောက်ရှိတော့ ဟုတ်မယောင်ယောင်တော့ ဖြစ်လာပါရဲ့။ နှစ်ရက်လောက်ခြားလို့ ကျွန်မက တစ်လုံးချင်း ရေးပြပြီး ပြန်မေးကြည့် တော့ ဘာတစ်လုံးမှ ဟုတ်တိပတ်တိ မမှတ်မိချင်ဘူး။ ကျွန်မလည်း စိတ်တိုတိုနဲ့ မေးလိုက် မရလိုက် သူ့ကျောကုန်းကို အုန်းခနဲ ထုလိုက်နဲ့ နောက်ဖေးခန်းမှာ ပွက်ပွက်ညံအောင် သင်ပေးနေတော့ ကျွန်မအိမ်သားတွေ လှမ်းအော်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ဟာက ဟမ်းကျူရှင် မဟုတ်ဘူး၊ အုန်းကျူရှင် ဖြစ်နေပြီ။ မထုပါနဲ့ကွာ၊ သူ့မှာ ဉာဏ်မမီတဲ့ဟာကို။ မင်း သင်ပေးလို့ မရပါဘူး"

ကျွန်မအိမ်သားက ပြောတော့ ကျွန်မ ပိုစိတ်တိုသွားတယ်။ ကျွန်မ ကျောင်းဆရာမလုပ်ခဲ့တဲ့ သက်တမ်းတစ်လျှောက်လုံးမှာ သူငယ်တန်းကို အကြိမ်ကြိမ် ကိုင်ခဲ့ဖူးပါရဲ့။ မိုးဝေနိုင်လိုပဲ ပြောင်းပြန် မှန်ထောင်သင်ရတဲ့ ကလေးတွေ တော်တော်များများကိုတောင် စာတတ်အောင် သင်နိုင်ခဲ့ပါလျက်ကနဲ့ မိုးဝေနိုင်ကျမှ အညံ့ခံရရိုးလား။ တစ်နေ့ မိုးဝေနိုင်လည်း စာဖတ်နိုင် ရေးနိုင်ရမှာပေါ့လို့ ကျွန်မ မျှော်လင့်ထားခဲ့တာပါ။ အဲသလို စိတ်စေတနာနဲ့ ဖြစ်ချင်ဇောကို ရှေ့တင်ပြီး သူ့ကို ကျွန်မ စာဆက်သင်ပေးခဲ့တယ်။ ဒါပေမယ့် တစ်လလောက်သာ ကြာသွားတယ်။ မိုးဝေနိုင်ခမျာ စာရယ်လို့ အက္ခရာတစ်ဆစ် ဗျည်းတစ်ဆစ် ဖြစ်မြောက်မလာခဲ့ဘူး။ သူ နဂိုတတ်ထားပြီးသား ဝလုံးကလေး တစ်လုံးတောင် ခမျာ မမေ့လို့ တော်ပါသေးရဲ့လို့ အောက်မေ့ရတော့တာပါပဲ။ သူ့ နာမည်ကိုတော့ နောက်ကနေ ဘက်ပြန်ဖတ်လို့ရအောင် ရေးတတ်ရှာပါရဲ့။ ဒါတောင် အမြဲမှန်တာ မဟုတ်ဘူး။ တစ်ခုမဟုတ် တစ်ခုတော့ လွဲရ ချော်ရမှကိုး။ နောက်ဆုံးတော့ ကျွန်မကိုယ်တိုင် တကယ်ပဲ လက်လျှော့လိုက်ရတယ် ပြောပါတော့။ ကြာသပတေးလည်း မိုးဝေနိုင်ကို မကယ်နိုင်ရှာဘူး။

"စာသင်လို့မရတဲ့ ကလေးတွေ ရှိတယ်ဆိုတာ ကျွန်မ သိပါတယ်။ ဒါပေမယ့် မိုးဝေနိုင်လောက်ဆိုးတာ ကျွန်မ မတွေ့ဖူးဘူး။ သူ့လိုလူမျိုး တကယ့်ကို မကြုံဖူးတာ"

ကျွန်မအိမ်သားကတော့ မိုးဝေနိုင် စိတ်ညစ်ပြီး အိမ်မလာဘဲနေလိမ့်မယ်၊ စာသင်တာ ရပ်လိုက်ပါတော့လို့ ပြောတာကို ကျွန်မ နားထောင်လိုက်ရတော့တာပါပဲ။



စာသင်လို့ မတတ်ရှာတဲ့ မိုးဝေနိုင်ကို အသုံးတည့်ရာ တည့်ကြောင်း တွေတွေရာရာကလေးတွေ သိပါစေတော့ တတ်ပါစေတော့ ဆိုတဲ့သဘောနဲ့ နာရီကြည့်ပုံကြည့်နည်း ကျွန်မ သင်ပေးဖူးတယ်။ တတ်ခဲသုံး တရုတ်တိုင်ကပ် နာရီဝိုင်းကြီးကို နံရံက တက်ဖြုတ်ပြီး စိတ်လက်ရှည်ရှည် ကျကျနန သင်ပေးတာပါ။ နာရီလက်တံနှစ်မျိုး (အရှည်နဲ့ အတို) ကိုက နှစ်ရက်လောက် သင်ယူရတယ်။ နောက်တော့ နာရီရွေ့လျားပုံကို သင်တယ်။ နာရီနဲ့ မိနစ်သဘောကို သင်တယ်။ လက်တံအရှည်ကြီး အပေါ်တည့်တည့်ရောက်ရင် လက်တံအတိုကပြတဲ့ ဂဏန်းအတိုင်း နာရီထိုးပြီလို့ ပြောပြထားတယ်။ နာရီပေါ် အာရုံထားပြီး တစ်လလောက် ပြလိုက် မေးလိုက် သင်လိုက်နဲ့ဆိုတော့ အတော်ကလေး ဟုတ်လာတယ်။

တစ်ရက်တော့ မိုးဝေနိုင်ရဲ့အကဲ စမ်းချင်တာနဲ့ ကျွန်မ နောက်ဖေးမှာ ချက်ပြုတ်နေရင်းက နာရီအကြည့်ခိုင်းလိုက်တယ်။

"ဆရာမ လက်တံအတိုလေးက ကကြီးမှာ လက်တံအရှည်ကြီးက ဝလုံး မှာ"

"အင်... ဘယ်လို၊ အေး... အေး အဲဒါဆိုရင် ဘယ်နှစ်နာရီတုန်း"

"အဲဒါလား၊ အဲဒါ ကကြီးနာရီ ထိုးတာ"

မိုးဝေနိုင်ပြောတော့ ကျွန်မမှာ ရယ်လိုက်ရတာ။ သူကြည့်လာတဲ့ နာရီကို ကျွန်မ သွားကြည့်တော့ သုံးနာရီထိုးဖို့ ဆယ်မိနစ် လိုနေသေးတာကိုး။ သူက သုံး (3) ကို ကကြီးတဲ့။ တစ်ဆယ် (10) ကိုတော့ ဝလုံးတဲ့။ ဒါကို သူပြောချင်သလို ပြောလိုက်တာပါ။ ကကြီးနာရီထိုးတာတဲ့။ နောက်တော့ ကျွန်မတို့ ဖနီးမောင်နှံ နာရီပြောကြရင် ၃ နာရီကို ကကြီးနာရီ၊ ၆ နာရီကို သဝေထိုးနာရီ၊ ၁၀ နာရီကို ဝလုံးနာရီ စသည်ဖြင့် မိုးဝေနိုင်နဲ့နေရတာကို ကျွန်မတို့ ပျော်ချင်ချင်ဖြစ်လာကြတာပါပဲ။ သဘော

www.burmeseclassic.com

www.burmeseclassic.com



ဗဉ်လည်း ဖြစ်ရတယ်။ အထူးသဖြင့် သနားတဲ့စိတ်နဲ့ ချစ်ခင်မိရပါတယ်။ ထမင်းတွေ ဘာတွေလည်း အိမ်မှာပဲ ကျွေးမွေးလွှတ်လိုက်တာမျိုး၊ အဝတ်အစားကလေး ဝယ်ဆင်တာမျိုး၊ ဘုရားပွဲ ကျောင်းပွဲရှိရင် မုန့်ဖိုးပေးတာမျိုး ကျွန်မတို့ဘက်က ဖြည့်ဆည်းရပါတယ်။

နာရီကြည့်တာတင်မကပါဘူး။ မိုးဝေခိုင်ကို ငွေနဲ့ကြေးနဲ့ ပတ်သက်ပြီး တွက်တတ် ချက်တတ်ပါစေတော့လို့ ကျွန်မက စက္ကူအမျိုးအစားတွေ သိအောင်လည်း ကြိုးစားပူးတာလေး ပြောပါရစေဦး။

"ဒါ ဘယ်လောက်တန်လဲ"

"ငါးဆယ်တန်"

နှစ်ဆယ်တန်ကို ငါးဆယ်ပြောနေတာပါ။ ကျွန်မက ဆယ်တန်တစ်ချပ် ကိုင်ပြတော့လည်း ငါးဆယ်ပဲ ပြောပြန်တယ်။ ငါးကျပ်တန်ကိုတော့ ငါးကျပ်လို့ မှန်အောင်ဖြေတတ်ပြန်ရော။ တစ်ရာတန်ကိုတော့ တစ်ဆယ်တဲ့။ ငါးရာတန်ကိုပြတော့ ငါးရာလို့ အသိသား။ တစ်ထောင်တန်ကျတော့ သူ မသိဘူးတဲ့။ နှစ်ခါ သုံးခါလောက် ထပ်ထပ်မေးကြည့်တော့မှ ကျွန်မ သူ့ကို သဘောပေါက်လာရတယ်။ သူက ငါးကျပ်၊ ငါးဆယ်နဲ့ ငါးရာ သည်သုံးမျိုးကိုတော့ ကျွမ်းကျွမ်းကျင်ကျင် သိသားပါလား။ ငါးရာတန်ပြစမ်းဆိုတော့ ငါးရာတန်ကို လွယ်လွယ်ကူကူရွေးပြီး ကောက်ပြတတ်တယ်။ ငါးဆယ်တန်၊ ငါးကျပ်တန်များ ကျတော့လည်း သူ အရွေးမမှားပြန်ဘူး။ ထူးတော့ ထူးဆန်းသလိုလိုပါပဲ။

တစ်ခါတလေ ကျွန်မ မအားလို့ သူ့ကို မနီးမဝေးက ဈေးကလေးဆီ ဈေးဝယ်လွှတ်ရတဲ့အခါမျိုးတွေ ရှိတယ်။ မိုးဝေခိုင်ကို ဈေးလွှတ်ရင်ဘာပဲ ဝယ်ချင်ဝယ်ချင် ငါးဆယ်ဖိုးနဲ့ ငါးရာဖိုး နှစ်မျိုးပဲ မှာလို့ရတယ်။ တစ်ရာဖိုးလိုချင်ရင် ငါးဆယ်ဖိုးနှစ်ခါလို့ မှာရတယ်။ ပါးစပ်က မှာလို့က



တော့ လေးငါးမယ် လောက်ဆိုရင် သူ ဘယ်မှတ်မိပါ့မလဲ။ ကျွန်မက ပြက္ခဒိန်ရွက်ဆုတ်လို့ စာရွက်ပိုင်းကလေးတစ်ပိုင်းပေါ်မှာ မှာချင်တဲ့ပစ္စည်းကို ရုပ်ပုံတွေ ဆွဲပေးရတာပေါ့။ ငါး ငါးရာဖိုးဆိုရင် ငါးတစ်ကောင်ပုံဆွဲပြီးဘေးက ငါးရာဖိုးလို့ ရေးပေးရတယ်။ ဆိတ်သား ငါးရာဖိုးဆိုရင် ဆိတ်သားတုံးပုံ ဆွဲပေးရတာပါ။ ဒါက စာရွက်တစ်ရွက်။

တခြား ဟင်းသီးဟင်းရွက် စာရင်းကိုတော့ စာရွက်တစ်ရွက်တည်းပေါ် တန်းစီပြီး ဆွဲပေးလိုက်လို့ရတယ်။ ချဉ်ပေါင်ရွက်ဆို ချဉ်ပေါင်ရွက်ပုံ၊ ခရမ်းသီးဆို ခရမ်းသီးပုံ၊ အဲသလို ဆွဲပေးပြီး ငါးဆယ်ဖိုးလို့ ရေးပေးရတာပါ။ ကျွန်မမှာ ငါးဆယ်ဖိုးထက် လျော့မှာချင်လို့လည်း မရဘူး။ ပိုမှာချင်ရင်တော့ ငါးဆယ်ဖိုးနှစ်ခါ၊ ပုံကလည်း နှစ်ပုံပေါ့။ ဘဲဥနဲ့ ကြက်ဥဆိုလည်း သည်အသက်အရွယ်အထိ သူ မကွဲဘူး။ ကျွန်မက ဘဲဥလိုချင်ရင် ဘဲဥပုံဆွဲ၊ စာရေးစားပွဲပေါ် ထွန်းထားတဲ့ မီးချောင်းကိုပြပြီး သည်လိုအရောင်နော်ဆိုတော့ သူက ခပ်ပြုံးပြုံးနဲ့ "သိပါတယ် ဆရာမရဲ့၊ ကြက်ဥအဖြူ မဟုတ်လား" တဲ့။ ကြက်ဥ လိုချင်ရင်တော့ ပေါလစ်သုတ်ထားတဲ့ ဆက်တီခုံကို ထိုးပြပြီး သည်လိုအရောင် ကြက်ဥ သိလားဆိုတော့ "သိတယ် ကြက်ဥအနီ" တဲ့။ သည်တော့မှ ကျွန်မ မိုးဝေခိုင်ကို ဘယ်လိုမှာရမယ်ဆိုတာ ကျွန်မ သဘောပေါက်ရတော့တာပါကလား။ ဆယ်လုံးမှာချင်ရင် ငါးလုံး နှစ်ခါနော်လို့ ပါးစပ်ကလည်း မှာလိုက်ရသေးတယ်။

တစ်ခါတလေ ကျွန်မအိမ်သားက မိုးဝေခိုင် ဈေးသွားခါနီး ဆီးပြီး ကျွန်မတို့ ဈေးစာရင်းစာရွက်ကို တောင်းကြည့်ပြီး မိုးဝေခိုင်ကို စချင်လို့ ပြန်မေးတတ်တယ်။

"ဒါကဘာလဲ မိုင်နီး"

ကျွန်မအိမ်သားက ခရမ်းချဉ်သီးပုံကို လက်နဲ့ထောက်ပြီးမေးတော့

www.burmeseclassic.com



မိုးဝေခိုင်က တစ်ချက်ငုံ့ကြည့်ပြီး ဖြေတယ်။ သူက စာရင်းကို သေသေချာချာ ကြည့်လိုက်သေးတာပါ။

"အဲဒါ ကျန်းညင်သီး ငါးဆယ်ဖိုးနှစ်ခါ"

"ဟ ဟုတ်လုချည်လားဟ၊ ဒါကရော"

စာရင်းစာရွက်ပေါ်မှာ လေးထောင့်ဘောင်ခတ်ထားတဲ့ အကွက်ထဲမှာ မိန်းကလေးပုံဆွဲထားတာကို မေးတာပါ။ သစ်သီးသစ်နှံပုံမဟုတ်တော့ နားလည်ပါ့မလားဆိုပြီး မေးတာပါ။ ကျွန်မနဲ့ မိုးဝေခိုင်ကတော့ နှစ်ဦးနှစ်ဝ နားလည်ပြီးသား။ တစ်ထုပ်ချင်းသုံး ထူးရှယ်မဆလာထုပ်ပေါ့။

"အဲဒါက ထက်ထက်မိုးဦး မဆလာ"

ကျွန်မအိမ်သားက သဘောတွေကျလွန်းလို့ ရယ်လိုက်တာမှ။

"ဒါက ဘာသီးတုန်း... ကိုင်း"

"ကျင်းငှားသီး"

"ဘယ်လို"

"ကျင်းငှားသီးလေ၊ ဆရာကြီး မသိဘူးလား။ ခါးတယ်"

ကြက်ဟင်းခါးသီးပုံက ကျွန်မဆွဲတာ သိပ်မတူလေတော့ ကျွန်မအိမ်သားက နားမလည်ဘူးဖြစ်နေတယ်။ မိုးဝေခိုင်က ခါးတယ်ဆိုမှ သူလည်း သဘောပေါက်သွားတော့တာပါ။

"အင်း... တို့အိမ်က ကျောင်းဆရာမလည်း မိုင်ခိုးနဲ့ကျမှ ပန်းချီဆရာမ ဖြစ်မှန်းမသိ ဖြစ်နေပါရောလား။ မင်းဆွဲတဲ့ abstract ပုံတွေကကို မိုင်ခိုး နားလည်တယ်ဆိုမှတော့ အောင်မြင်ပြီပေါ့ကွာ။ စာရေးမစားပါနဲ့တော့ကွာ၊ ပန်းချီသာ ဆွဲပါတော့"

ကျွန်မကို စိတ္တဇပန်းချီပုံဆွဲဆရာမလို့ လှမ်းနောက်လိုက်သေးတာပါ။ ဈေးစာရင်းစာရွက်ရယ်၊ ပိုက်ဆံရယ်ကို ကြွပ်ကြွပ်အိတ်ကလေးနဲ့



ထုပ်ပြီး လက်က ကျစ်ကျစ်ပါအောင် ဆုပ်သွားဖို့ မှာရတာကလည်း အမော၊ ဈေးဆွဲခြင်း တစ်ဖက်၊ ကြွပ်ကြွပ်အိတ်ထုပ်ကလေးတစ်ဖက်နဲ့ တိုက်ပေါ်က ဆင်းသွားတတ်တဲ့ မိုးဝေခိုင်ကတော့ ပွဲသွားကြော့ကြော့ရိုတဲ့အထဲကပါ။ ဈေးသွားရမယ့်နေ့ဆိုရင် ပျော်နေတာပဲ။ တန်းမသွားသေးဘူး။ အောက်ထပ်က သူ့အခန်းကိုဆင်းပြီး အလှပြင်သေးတာပါ။ ဈေးပြန်လာရင်တော့ ဈွေးတွေသံတွေရော၊ ပါလာတဲ့ပစ္စည်း မကိုက်မှာ စိတ်ပူပန်လာရတာရော၊ လေးထပ်တိုက်ကြီးပေါ် တက်လာခဲ့ရတာရော သူ့မှာ ထဘီစွန်တောင်ဆွဲခဲ့ရတော့တာပါပဲ။

မိုးဝေခိုင် ဈေးပြန်လာရင် ပါလာတဲ့ပစ္စည်းနဲ့ ငွေစာရင်းတွက်ရင်းနဲ့ သူ့ကို သင်ရတယ်။ ခရမ်းချဉ်သီးဆို မာမာပြောင်ပြောင်လေးတွေ ဝယ်၊ မန်ကျည်းရွက်ဆို အညွန့်ကလေးတွေ ကော့နေတာကိုဝယ် စသဖြင့်ပေါ့။ သည်ရပ်ကွက်ဈေးကလေးထဲက ဈေးသည်တွေကတော့ ကလေး လာဝယ်တာရယ်လို့ စီးပိုးလွှတ်လိုက်တာ၊ ညစ်လွှတ်လိုက်တာမျိုး မရှိကြပါဘူး။ အထူးသဖြင့် မိုးဝေခိုင်ကို သိနေကြလေတော့ သူ့ဆိုရင် ဈေးသည်တွေက ကျွန်မရေးပေးလိုက်တဲ့ပုံစာ စာရင်းစာရွက်ကလေးယူကြည့်ပြီး အားသူက ဝယ်ခြမ်းပေးလိုက်ကြတာမျိုးလည်းရှိတယ်။ မိုးဝေခိုင်ရဲ့ ဈေးခြင်းကလေးထဲမှာ တစ်ခါတလေ ကျွန်မမှာတာထက် ပိုပါလာတာမျိုးရှိသလို တစ်ခါတလေတော့ လိုချင်တဲ့ပစ္စည်း ပါမလာတဲ့အပြင် ပေးလိုက်တဲ့ငွေပါ ကွာနေတော့တာကလား။ သည်လို တစ်စုံတစ်ရာလွဲနေတာမျိုးရှိရင် ကျွန်မက သူ ဈေးဝယ်တာကို စစ်စစ်ပေါက်ပေါက် မေးရင်း အဖြေရှာယူရတာပါ။ သူ မရိုးမသားမရှိမှန်း ကျွန်မ သိပြီးသားပါ။ မှားပုံမှားနည်းကိုသာ သိချင်တာပါ။ နောက်တစ်ခါ မှန်အောင်တည့်ပေးချင်လို့ စစ်ဆေးရတယ်။

ဒါပေမယ့် မိုးဝေခိုင်က သူ့အတွက် ပေးလိုက်တဲ့ပိုက်ဆံတော့ ဘာတစ်ခုမှမလွဲ ကွက်တိ ဖြစ်နေတတ်ပြန်ရော။ ကျွန်မက ဆယ်ခါရဲ့

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါဆိုသလို မိုးဝေခိုင်အတွက် ကလစ်ကလေး၊ သနပ်ခါးဘူးကလေး၊ နှုတ်ခမ်းနီဘူးကလေး ဝယ်ဖို့ ငွေနှစ်ရာမျိုး သုံးရာမျိုး ထည့်ပေးလိုက်တဲ့နေ့ ဆိုရင် ဒါက သပ်သပ်ဝယ်၊ ဈေးစာရင်းနဲ့ မရောလိုက်နဲ့လို့ မှာရတယ်။ ဒါမျိုးဆိုရင် မှားလာတယ်လို့ ဘယ်တုန်းကမှ မရှိဘူး။ သူက အလှအပ မက်ရှာတာကိုး။ ဈေးစာရင်းသာ မှားဖို့ ရှိမယ်။ အလှအပ ပစ္စည်းတော့ မှားဖို့ မရှိဘူး။ သူ့စာရင်းမေးရင်တော့ သွက်သွက်လက်လက်နဲ့ ချက်ချက် ချာချာ ဖြေနိုင်ရဲ့။

"သနပ်ခါးဘူးက တစ်ရာ၊ နှုတ်ခမ်းနီဘူးက ငါးဆယ်၊ ကျန်တာက ခေါင်းညှပ်ကလစ် နှစ်ချောင်း ဝယ်ခဲ့တယ်"

ခေါင်းမှာလည်း ကော်ကပ်ထားတဲ့ ကလစ်ကြီးတွေက တစ်ဖက် တစ်ချက် ဘိုးလိုးတွဲလောင်းညှပ်သာလိုက်သေး။ ဈေးကဝယ်လာကတည်းက တပ်လာတာလေ။ အဲသလိုနေ့မျိုးဆိုရင် ကျွန်မ ဈေးစာရင်းများတော့ ဘာတစ်ခုမှ မမေးနဲ့တော့၊ ဘာမှကိုမေးလို့မရတာ။ သူ့အလှကုန်တွေကတော့ သူဝယ်နေကျကိုး။ တစ်ခါကလည်း မှာလိုက်တဲ့ ဟင်းသီးဟင်းရွက်တွေ အတော်များများ ပါမလာလို့ ဈေးကို တစ်ခေါက်ပြန်လွှတ်လိုက်တော့ ကြွပ်ကြွပ်အိတ်ကြီးတစ်လုံးအပြည့် မေ့ကျန်ခဲ့တာတွေ ဆွဲပြန်လာတယ်။ မေ့ကျန်တာက သုံးလေးမျိုးပေမယ့် တစ်ခေါက်ပြန်ယူရင် ငါးမျိုး ခြောက်မျိုးလောက် ပါချင်ပါလာတတ်ပြန်ရော။ ဘယ်လိုက ဘယ်လိုဖြစ်သလဲတော့ ကျွန်မလည်း ဉာဏ်မမီတော့ပါဘူး။

အစကတော့ မိုးဝေခိုင်ကို လက်လေးလက်ပေါ့လောက်သာ ဈေးအသွားခိုင်းတာပေမယ့် (မရှိသေ့စကား) ကျွန်မမှာ ကိုယ်လေးလက်ဝန်ကြီးနဲ့ ဖြစ်လာတော့ မိုးဝေခိုင်က ကျွန်မတို့အိမ်အတွက် ပင်တိုင်အဝယ်တော် ဖြစ်လာတော့တာပါပဲ။ သူဝယ်ပြုပေးသမျှ လွဲသည်ဖြစ်စေ ချော်သည်



ဖြစ်စေ အကောင်းလုပ် စားကြရတယ်။ သူ့အကြောင်းသိနေတော့ လွဲနေလည်း မငေါက်ရက်ပါဘူး။ မှန်လာရင် ကျွန်မတို့က လက်ခုပ်လက်ဝါးတီးပြီး 'မိုင်နိုး... မိုင်နိုး' လို့ အော်ကြရင် ပြုံးနေလိုက်တာ အောက်ပြန်ဆင်းသွားတဲ့အထိပဲ။ သီချင်းတအေးအေးနဲ့။ သီချင်းတွေလည်း ရလိုက်တာမှ စုံနေတာပဲ။ ဘယ်လို ဘယ်လို ရနေသလဲတော့ မပြောတတ်ဘူး။

(၅)

မိုးဝေခိုင်ကို အူရန် အရန်ကောလို့ သဘောထားကြတာပေမယ့် မိုးဝေခိုင် အလည်လုပ်လို့ ကျွန်မတို့ လူကြီးတွေ ခံရတာမျိုးကလည်း ရှိသေးတယ်။ မိုးဝေခိုင်တစ်ယောက် ကျွန်မတို့အိမ်ရောက်လာခါစက လခ ရယ် ဘာရယ် မဟုတ်ဘဲ ကျွန်မတို့က ကြုံရင်ကြုံသလို မုန့်ဖိုးပေးတတ်တယ်။ မနက်ခင်း တံမြက်စည်းလှည်း မှန်ခါပြီးရင် တစ်ရာ၊ နှစ်ရာ။ နေ့လယ်ပိုင်းကျတော့လည်း ငါးဆယ်မျိုး တစ်ရာမျိုး ပေးတာပါပဲ။ သည်ကြားထဲ ကျွန်မ အိမ်သားက သူ့စာရေးစားပွဲပေါ် အလွယ်ရှိနေတတ်တဲ့ ငါးဆယ် တစ်ရာဆိုသလို ပေးတတ်သေးတယ်။ ပစ္စည်းတစ်ခုခု ဝယ်ခိုင်းရင်လည်း ပိုတဲ့ပိုက်ဆံ ညည်းပဲယူလိုက်တော့ ဆိုတာမျိုးကလည်း မကြာခဏဆိုတော့ တွက်ကြည့်လိုက်ရင် မိုးဝေခိုင် တစ်လ လေးငါးထောင်လောက်တော့ ရတာပေါ့။ ဒါပေမယ့် လုံးခန့် မရသလိုဖြစ်နေတော့ မအေကို စိုစိုပိုပိုကလေး အပ်နိုင်အောင် လကုန်မှ တစ်လုံးတည်းပေးရင် ကောင်းမယ်လို့ ကျွန်မတို့ စဉ်းစားရပါတယ်။

တစ်ရက်တော့ သူ့အမေက ကျွန်မဆီလာပြီး ဆရာမရယ် မိုးဝေခိုင် ကို မုန့်ဖိုးပေးနေတာတွေ စုထားပေးပါလို့ ပြောတယ်။

"သူရလာတဲ့ ပိုက်ဆံတွေ မသုံးရှာပါဘူး။ ရသမျှ ကျွန်မကို

www.burmeseclassic.com

www.burmeseclassic.com



အကုန်ပေးပါတယ် ဆရာမရယ်။ ဒါပေမယ့် လုံးခန် မစုမိတော့ ဆရာမတို့ကပဲ ပြန်စုပေးထားပါရှင်”

သည်လိုပြောလာလို့ မိုးဝေခိုင်အတွက် မြေစုဘူးကလေးတစ်လုံး ဝယ်ပေးလိုက်တယ်။

“ကဲ… ရော့၊ မိုင်ခိုးအတွက် စုဘူး။ ဆရာမတို့ပေးတဲ့ မုန့်ဖိုးတွေကို သည်စုဘူးကလေးထဲ ထည့်ထည့်သွားနော်။ ပြည့်တော့မှ ဖောက်။ ဘုရားပွဲကျရင် ်ဘက်ကပ်တွေ အဝတ်အစားတွေ ဝယ်ရအောင်လို့”

ကျွန်မက စုဘူးကလေးပေးလိုက်ရင် မိုးဝေခိုင် ဝမ်းသာသွားမှာပဲ ထင်ထားတာ။ သူက စုဘူးကြီးကိုကြည့်ပြီး မထုံတက်သေးနဲ့ ခေါင်းကိုသာ တွင်တွင်ကုပ်နေလေရဲ့။ စုဘူးကြီးကို သိပ်အာရုံရှိပုံမရတဲ့ မိုးဝေခိုင်ကို ကျွန်မ အံ့သြနေမိတယ်။

“ဆရာမ၊ သမီး အမေ့ကိုပဲ ပေးချင်တယ်။ သည်စုဘူးကြီးထဲ မထည့်ချင်ဘူး”

အဲသလိုပြောတော့ ကျွန်မမှာ စိတ်မကောင်းတောင် ဖြစ်သွားမိတယ်။ မအေကို သိတတ်လေခြင်း၊ ညာတာတတ်လေခြင်းရယ်လို့ ခံစားမိရတယ်။ စုဘူးထဲ ပိုက်ဆံထည့်ရတဲ့ အဓိပ္ပာယ်ကိုလည်း သူ သိပုံမရပါဘူး။ သည်တော့လည်း ကျွန်မက သူ့ဆန္ဒလည်းပြည့်၊ စုလည်း စုဖြစ်အောင်လို့ မနက်ပိုင်း ဆရာမတို့ပေးတဲ့ ပိုက်ဆံကို အမေ့ပေး၊ နေ့လယ်ပိုင်းပေးတဲ့ ပိုက်ဆံကို စုဘူးထဲထည့်ဆိုတော့မှ ပြုံးတော့တာပါ။ သည်လိုစီမံရတာက သူ့အမေ မတင်နွဲ့ကလည်း ဝင်သွားသမျှပိုက်ဆံ ပြန်မထွက်ကြေးဆိုသလို မိုးဝေခိုင်အတွက် တစ်ကျပ်တစ်ပြားဖိုးတောင် ဝယ်ပေးဖော်မရတာကို ကျွန်မ သိထားလို့ပါ။ မိုးဝေခိုင်ရဲ့အဘွားကပဲ သူ့မြေးမကလေးကို ဆင်ရှာ ပြင်ရှာတာလို့ ပတ်ဝန်းကျင်ပြောစကား ကြားထားရတာဆိုတော့ ရှဉ်လည်း



လျှောက်သာ ပျားလည်းစွဲသာ လုပ်ပေးရတာပါ။ စုဘူးထဲ တစ်ရက် တစ်ရာလောက်ဝင်ဦးတော့ တစ်လသုံးထောင်လောက်တော့ စုမိမယ်လို့ ကျွန်မ တွက်မိတယ်။

တစ်လလောက်ရှိတော့ သူ့အမေ မတင်နွဲ့ ကျွန်မတို့အခန်းကို ပေါက်ချလာတယ်။ ထုံးစံအတိုင်း တစ်ကိုယ်လုံး မီးသွေးမှုန့်တွေ ကပ်လို့လေ။ မတင်နွဲ့က မီးသွေးဖိုးရှင်းစရာမရှိလို့ သူ့သမီးစုဘူး ဖောက်ပါရစေ ပြောလာတော့ ကျွန်မ ကလေးပိုက်ဆံ မျှော်ကိုးလေခြင်းရယ်လို့ စိတ်တောင် ကသိကအောက် ဖြစ်သွားမိသေး။ ကလေးမုန့်ဖိုးစုတာ ဘယ်လောက်ရှိဦးမှာတုန်း မတင်နွဲ့ရဲ့ဆိုတော့ လေးငါးခြောက်ထောင်လောက်တော့ ရှိရောပေါ့တဲ့။ ကလေးစုတာမှ တစ်လမရှိသေးဘူး၊ ဖြစ်ရပုံများတော့။ စုဘူးခွဲကြည့်လိုက်တော့ ငွေကနှစ်ထောင် ပျော့ပျော့လောက်ပဲရှိရဲ့။

သည်မှာတင် မိုးဝေခိုင်ရဲ့ ရုပ်လုံးက ပေါ်လာတော့တာပါ။ ကျွန်မက မနက်ပိုင်းပေးလိုက်တဲ့ပိုက်ဆံကို သူ့အမေ မပေးတဲ့အပြင် နေ့လယ်ပိုင်းရတဲ့ ပိုက်ဆံလည်း စုဘူးထဲ အကုန်အစင် မထည့်ပေဘဲကိုး။ စုဘူးမထားခင်ကလည်း သည်လိုပဲတဲ့။ မအေကို ပေးတဲ့အခါပေး၊ မပေးတာကများလို့ မတင်နွဲ့က ကျွန်မဆီ စုခိုင်းတာလို့ ပေါ်လာကုန်ရော။ စုဘူးထဲ ပိုက်ဆံမရှိတာကတော့ ကျွန်မတို့နဲ့လည်း ဆိုင်နေပြီလေ။ ကျွန်မတို့ကပဲ ကလေးကို မုန့်ဖိုးမပေးဘဲ ခိုင်းနေသလိုလို ဖြစ်နေတာ မဟုတ်လား။ ကနေ့မနက်မှာတင် နှစ်ရာတောင် ပေးလိုက်သေးတာဆိုတော့မှ မတင်နွဲ့က အောက်ထပ်က မိုးဝေခိုင်ကို ကုန်းအော်ခေါ်တော့တာပါ။ မိုးဝေခိုင်က သုတ်သီးသုတ်ပျာ တက်လာခဲ့ပြီး စုဘူးကွဲလည်းတွေ့ရော မျက်နှာတွေပျက်လို့။ ကျွန်မက အရင်နေ့က ပိုက်ဆံမမေးဘဲ မနက်တုန်းက ပေးလိုက်တဲ့ ငွေနှစ်ရာကိုမေးတော့ သူက ပြုံးပြုံးပျာပျာနဲ့…

www.burmeseclassic.com

www.burmeseclassic.com



"အဲ... ဘာလဲ၊ စုဘူးထဲ ထည့်တယ်လေ" တဲ့။

"ဟဲ့... ဘယ်က စုဘူးထဲ ထည့်ရမှာတုန်း၊ ညည်း ငွေနှစ်ရာကိုင်ဆင်းသွားတာ ဆရာမ မြင်လိုက်တယ်။ မှန်မှန်ပြောရတယ် သမီးရဲ"

ဆိုတော့ သူ စုဘူးထဲထည့်လိုက်တာ ဆရာကြီးတောင် မြင်တယ်လို့ ပြောပြန်ရော။ သည်တော့ ကျွန်မခင်ပွန်းလည်း အမှုတွဲထဲ သူပါလာပြီမို့ မနေသာတော့ သူ မမြင်ကြောင်း ဝင်ရှင်းရတာပါ။ နောက်ဆုံး မဘင်နွဲ့နဲ့ ကျွန်မ နှစ်ယောက် နှစ်ဖက်ညှပ်ပြီး စစ်ဆေးမှပဲ အမှုမှန်ပေါ်တော့တာလေ။ အောက်ဆုံး မြေညီထပ်ဈေးဆိုင်က မုန့်စုံရောင်းတဲ့ ညီအစ်မပါ ကျွန်မတို့ အခန်းပေါ်တက်လာပြီး မိုးဝေခိုင် ငွေပျောက်မှုကြီးကို ကူရှင်းရတဲ့အထိ ပြဿနာက ကြီးကျယ်သွားတော့တာကလား။ သည်တော့လည်း ငြိမ်လို့။

"မိုးဝေခိုင်ဖြင့် နေ့တိုင်း ကျွန်မတို့ဆိုင် မုန့်လာဝယ်စားနေတာ ကြာလှပေါ့။ အိုအိရှိ အာလူးကြော် ရှစ်ဆယ်တန်တွေ၊ ဂျယ်လီ တစ်ရာတန် ဘူးကြီးတွေ ဝယ်စားလို့တောင် ကျွန်မက မုန့်ဖိုးဘယ်ကရတာလဲမေးတော့ အပေါ်ထပ်က ဆရာမတို့က ပေးတာလို့ ပြောတယ်။ ခုနတုန်းကတောင် နေကြာစေ့ တစ်ရာတန်နှစ်ထုပ် ဝယ်သွားသေး"

သည်ထွက်ဆိုချက်လည်း ကြားရော မတင်နွဲ့က မပြောမဆိုနဲ့ မိုးဝေခိုင်ရဲ့ ဆံပင်ဘုတ်သိုက်ကို ဆွဲဆောင့်တော့တာပါပဲ။ သူ ဘယ်လိုမှ ပြေးမလွတ်မှန်းသိတော့မှ မိုးဝေခိုင်က ဝန်ခံတော့တာပါ။ သူ့မောင်လေးကို နေ့တိုင်း မုန့်ဝယ်ကျွေးချင်လို့ အမေ့ကို မပေးတာပါလို့ ပြောတယ်။ ကျွန်မလည်း စိတ်ရှုပ်တာနဲ့ပဲ မိုးဝေခိုင်စုဘူးကိစ္စ သူ့အမေကို လွှဲလိုက်ရတယ်။

"မတင်နွဲ့ရေ ဒါက ကျွန်မတို့ သူ့ကိုပေးတဲ့ မုန့်ဖိုးတွေ။ စုဘူးထဲ သူ့ဟာသူထည့်တယ် ထင်တာပေါ့ရှင်။ သူ့ကိုယုံမိတာ ကျွန်မအမှားပါလေ။ မအေကိုပေးချင်တယ်ဆိုတော့ ဟုတ်ရှာမှာပဲလေဆိုပြီး မနက်တိုင်း



ပေးပေးနေတာ။ မအေးမပေးဘဲ သူ့ဘာသာသုံးနေတယ်လို့ ကျွန်မလည်း မထင်မိဘူး"

မတင်နွဲ့က ကျွန်မတို့ကို တောင်းပန်တယ်။ မိုးဝေခိုင် အလုည့်အပတ်ကို သူ့အမေရော ကျွန်မတို့ရော ခံရတာကို ကျွန်မအိမ်သားကတော့ ပြောလို့မဆုံးဘူး။

"ကလေးဆိုတော့လည်း အပြစ်တင်ရ အခက်သား။ ကိုင်း... မတင်နွဲ့ရေ သည်လိုလုပ်၊ တစ်လတစ်ခါသာ လခသဘောမျိုး ခင်ဗျား လာလာယူပါဗျာ။ မိုးဝေခိုင်ကို မုန့်ဖိုးပေးတာတော့ သူ စားချင်တာ စားပါစေ။ ကလေးသဘာဝပေါ့ဗျာ"

တကယ်တော့ မိုးဝေခိုင်ဟာ သူ့အတွက် သုံးပစ်တာမဟုတ်ဘဲ သူ့မောင်လေးကို ကျွေးချင်တာနဲ့ လုပ်မိတာပါလို့ နောင်မှာ ပြောရှာပါတယ်။ သူ့မောင်လေးကို သူ အင်မတန်ချစ်တာလည်း ကျွန်မ သိတယ်။ မသိ နားမလည်မှုအပေါ် ပုံချလိုက်ရပေမယ့် မတင်နွဲ့ကသာ ကျွန်မတို့ကို မယုံရင် အတော်ခက်မယ့်ကိစ္စပါ။ မိုးဝေခိုင်ကတော့ သူ့အလိမ်ပေါ်သွားလို့ ရှက်ကိုးရှက်ကန်းမျက်နှာ မရှိပါဘူး။ သူ့ကိုယ်ပိုင်ပိုက်ဆံကို သူ့စိတ်ကြိုက် ဆုံးဖြတ်ပြီး သုံးတယ်ဆိုတဲ့ ပုံမျိုးနဲ့ပါ။

မိုးဝေခိုင်ဟာ သည်လို မလိမ့်တစ်ပတ်ကလေးတွေတော့ လုပ်တတ်တယ်။ ကျွန်မက အိမ်မှာ ထမင်း၊ ဟင်းပိုရင် သပ်သပ်ရပ်ရပ်ထည့်ပြီး ပေးလိုက်တာတို့၊ မုန့်ကလေးဘာလေး ကျွေးတာတို့ဆိုရင် ဘယ်တော့မှ သူမစားဘူး။ ယူသွားသမျှ ပါသွားသမျှ သူ့မောင်အငယ်ကလေးကိုပဲ ကျွေးသတဲ့။ ကျွန်မတို့က သူ့ကို စားစေချင်တာပေါ့။ တစ်ခါတလေ သည်မှာပဲစားဆိုပြီး ပေးတဲ့မုန့်ကလေး ကျွန်မ မမြင်အောင် ဟိုနားသွား သည်နားတင်နဲ့ အပြန်ကျမှ ဖွက်ယူသွားတတ်တာမျိုးလည်း ရှိတယ်။

www.burmeseclassic.com



တစ်ခါတစ်ရံ ကျွန်မတို့မိတ်ဆွေတွေက ကျွန်မတို့ မိသားစုအတွက်ရယ်လို့ ဒံပေါက်တို့၊ ထောပတ်ထမင်းတို့ လာပေးကြရင် ကျွန်မတို့ ဇနီးမောင်နှံက သွေးတိုးကြောက်လို့ မစားဖြစ်ကြဘူး။ မိုးဝေခိုင်တို့ကို ခေါ်ပေးရတယ်။ သူ့ချည်း အိမ်မှာကျွေးရင် အင်တင်တင်လုပ်တော့တာပဲ။ ဒါကိုရိပ်မိလို့ ညည်းတို့အိမ်သွားစားချေလို့ ခွင့်ပြုရတယ်။ အိမ်ရောက်တော့ အပေါ်ထပ်မှာစားခဲ့ပြီလို့ ညာပြောပြီး သူ မစားရှာဘူး။ နောက်တစ်နေ့ အပေါ်တက်လာလို့ စားကောင်းလားလို့မေးရင် မိုးဝေခိုင်က "ကောင်းတယ် ဆရာမ၊ ကြက်သားတုံးကြီး သမီးချည်းစားပစ်တာ" လို့ လိမ်ပြောတတ်တယ်။ အငယ်တွေကို ညာတဲ့ ဖြူစင်တဲ့ စိတ်ဓာတ်ကို ကျွန်မ နားလည်ပေမယ့် အမှန်အတိုင်းမပြောတာကိုတော့ ကျွန်မ မကြိုက်လို့ ဆူရငေါက်ရတယ်။ တစ်ခါတလေ ဘာမဟုတ်တာလေးကိုပဲ မဟုတ်ကဟုတ်က လှည့်ပတ်ပြောချင်ပြောနေတတ်တာပါ။ ရှေ့ကဖုံး နောက်ကပေါ်နေတာ မဟုတ်လား။

နေ့လယ်နေ့ခင်းဘက် သရေစာရယ်လို့ စားချင်စိတ် ရှိတဲ့အခါမျိုးမှာ တိုက်တန်းတောင်ဘက်က ရပ်ကွက်ကလေးထဲက မုန့်ပျားသလက်ဆိုင်ကို ကျွန်မတို့က သွားအဝယ်ခိုင်းတတ်တယ်။ မုန့်ပျားသလက် အဖြူရယ်လို့မှာရင် သူက အနီဝယ်လာချင်ရင် ဝယ်လာတာ။ ရိုးရိုးစားတော်ပဲဖြူးရုံပဲ။ ခရမ်းချဉ်သီးတွေ၊ ငရုတ်သီးတွေ မထည့်ခဲ့နဲ့ မှာလိုက်ပေမယ့် ပါချင်ပါလာတတ်တာလည်း ရှိရဲ့။ အဲသည်လို အဝယ်မှားလာခဲ့ရင် တောင်ပြောမြောက်ပြော လျှောက်ပြောတော့တာပဲ။

"မုန့်ပျားသလက်က အဖြူမရတော့ဘူး ဆရာမရဲ့။ စားတော်ပဲကလည်း ကုန်နေလို့တဲ့"

နောက်တစ်ခေါက် သွားဝယ်ခိုင်းရင် အဖြူလည်းရတယ်။ ပဲလည်းရတယ်။ အဲသလို မိုးဝေခိုင်နဲ့ ကျွန်မနဲ့ အမြဲတမ်းလိုလို ပြဿနာတွေ



ရှိခဲ့ပေမယ့် သူကလေးရဲ့ ဖြူစင်တဲ့စေတနာနဲ့ ရိုးသားတဲ့အကျင့်စာရိတ္တကိုတော့ ကျွန်မ အသိအမှတ်ပြုမိပါရဲ့။

ကျွန်မ သမီးကလေးကို ကိုယ်ဝန်ဆောင်ရတဲ့ တစ်ချိန်လုံး ကျွန်မကို အနီးကပ် တောက်တိုမယ်ရ ကူညီခဲ့တာ မိုးဝေခိုင်ပါ။ သမီးကိုယ်ဝန်ခြောက်လလောက်အရမှာ ပိတက်ဆီယမ်အားနည်းလို့ဆိုပြီး ကျွန်မ တစ်ကိုယ်လုံး ပုံကျသွားခဲ့ရတယ်။ ခုတင်ပေါ်မှာတောင် တောင့်တောင့်တင်းတင်းထိုင်လို့ ထလို့ မရတဲ့အခြေအနေဆိုတော့ ကျွန်မ အညစ်အကြေးတွေ၊ ထဘီတွေကအစ သူပဲ ဒိုင်ခံ သန့်ရှင်းလျှော်ဖွပ်ပေးရှာတယ်။ ရွံစရာရယ်၊ အော့စရာရယ်လို့ မတွက်ရှာဘူး။ သီချင်းတအေးအေးနဲ့။ တစ်ကိုယ်လုံးလည်း ရေတွေရွှဲလို့။ ရေချိုးခန်းက တော်တော်နဲ့မထွက်တော့ဘူး။ ကျွန်မ ကြွက်တက်တော့လည်း ဆေးလိမ်းပေးတာမျိုး၊ နှိပ်နင်းပေးတာမျိုးတွေ သူ လုပ်ပေးရှာတယ်။ နေ့စဉ်နဲ့အမျှ အော်လိုက် ဟစ်လိုက်၊ ခေါက်လိုက် ထုလိုက်၊ ရယ်စရာပြောလိုက်၊ ပြောင်လိုက်၊ နောက်လိုက်နဲ့ဆိုတော့ သူကလည်း ကျွန်မတို့အပေါ် အတော်ကလေး ချစ်ခင်လာပုံရတယ်။ ကျွန်မတို့ကလည်း သူ့အပေါ် သံယောဇဉ်တွေ ပိုလာရတော့တာပါ။ မိုးဝေခိုင် နေမကောင်းရင် ကျွန်မတို့က ဆေးခန်းသွားဖို့ ဆေးဖိုးဝါးခ ပေးရတာမျိုး၊ ဆံပင်ရှည်လာရင် ဆံပင်ညှပ်ခပေးပြီး ညှပ်ခိုင်းရတာမျိုး၊ ဘုရားပွဲ ကျောင်းပွဲရှိရင် အဝတ်အစားကလေး ချုပ်ပေးရတာမျိုးကအစ ကိုယ့်အိမ်သူ အိမ်သားတစ်ယောက်လိုပဲ သဘောထားမိပါရဲ့။

တစ်ခါတော့ ကျွန်မက မိုးဝေခိုင်ကို မန်းမြို့ဈေးခေါ်သွားပြီး ရွှေနားကွင်းကလေး ဆုပ်ပေးလိုက်တယ်။ ကုန်ကျရင် ကျပါစေကွာ၊ ဈေးတန်တာလေး ကောင်းကောင်းလုပ်ပေးလိုက်ပါလို့ အိမ်သားကလည်း ခွင့်ပြုတယ်။ ကျွန်မမှာ ကိုယ်လေးလက်ဝန်ကြီးနဲ့တောင် ကိုယ်တိုင်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ရွှေဆိုင်သွားပြီး နားကွင်းကလေးတစ်ရန် လုပ်ပေးလိုက်တာပါ။ သူ့ကို တကယ် ကျေးဇူးတင်မိတာလည်းပါသလို သံယောဇဉ်နဲ့ စေတနာလည်း ပါပါတယ်။ နားကွင်းကလေးက ရွှေသားကွင်းကလေးပေါ်မှာ ကနုတ်ပန်းကလေးတွေ ခတ်ထားပြီး နားကွင်းထိပ်မှာမှ ကျောက်ဖြူကလေးတစ်လုံး မြှုပ်ထားတာပါ။ မိုးဝေခိုင်က အသားကလေး ဖြူတော့ နားကွင်းကလေး ဆင်လိုက်ရင်ပဲ မျက်နှာကလေးက ဝင်းစက်သွားတော့တာပဲ။

"မိုင်နိုးက နားကွင်းကလေးနဲ့ဆိုတော့ ကိုရီးယားမင်းသမီးကလေးလို လှသွားလိုက်တာတော်၊ ရည်းစားတွေဘာတွေ မထားလိုက်နဲ့ဦးနော်"

ကျွန်မက စတော့ သူက ပြုံးပြုံးကြီး ကျေနပ်သွားရာက မချိုမချဉ် မျက်နှာနဲ့ မဲ့ပြလိုက်သေးတယ်။

"ဘယ်တော့မှ မကြိုက်ပေါင်၊ ဝေးသေး"

"အမယ်... ညည်းကို ကိုကိုမောင်က ကြိုက်နေတာဆို၊ ဆရာမ ကြားပါတယ်"

ကျွန်မကနောက်တော့ သူက ဟီးခနဲ တစ်ချက်ရယ်လိုက်သေးတယ်။ ပြီးမှ မျက်နှာပိုးသတ်မရတဲ့မျက်နှာနဲ့ ပြောတယ်။

"ကိုကိုမောင်က ဦးနှောက်မကောင်းဘူး ဆရာမရဲ့။ ယေါင်တောင်တောနဲ့ ကြိုက်ချင်ပေါင်"

ပြေူးက ပြရတယ်ရှိသေး။ ကိုကိုမောင်ဆိုတာ ကျွန်မတို့တိုက်က ပါပဲ။ အသက်သုံးဆယ်ကျော် လေးဆယ်လောက် ရှိရောပေါ့။ သူကလည်း ကယေါက်တိကယေါက်ချာ။ လူပျိုကြီးဆိုတော့ မိုးဝေခိုင်ရဲ့အမေ မတင်နွဲ့က စနေတာ ကျွန်မသိထားလို့ နောက်တာကို မခံချင်ဖြစ်နေတဲ့ မိုးဝေခိုင်ကို ကြည့်ပြီး ကျွန်မဖြင့် ရယ်ချင်လိုက်တာ။ ကိုယ်က ဖောက်တိဖောက်ထိုးပေမယ့် သည်လိုတော့လည်း မိုးဝေခိုင်က အသိသား။ လူ့သဘာဝပဲထင်ပါရဲ့။



နားကွင်းကလေးနဲ့ မိုးဝေခိုင်ကိုကြည့်ပြီး ကျွန်မတောင် ဝမ်းသာမိရတာယ်ဆိုရင် မအေဆိုရင် ဘယ်လောက် ပီတိဖြစ်လိုက်ရှာလေမလဲရယ်လို့ မတင်နွဲ့ကို အခေါ်ခိုင်းပြီး တစ်ခါတည်း ဆင်ပေးလိုက်တယ်။ ရွှေဘောက်ချာပါ တစ်ခါတည်း ပေးလိုက်တာပါ။

"မတင်နွဲ့ရေ၊ နားကွင်းကလေးက တစ်သောင်းငါးထောင် ပေးရတယ်။ ရော့... ဒါက ဘောက်ချာ။ နောင် သူ့အပျိုကလေးဖြစ်လာတော့ ပိုက်ဆံဖြည့်ပြီး ချယ်နားကပ်ကလေး လုပ်ပေးကြတာပေါ့၊ သိမ်းထား"

မတင်နွဲ့ သူ့သမီးကို တပြုံးပြုံးနဲ့ ကြည့်နေတာကို မြင်ရတော့ ကျွန်မ ကြည်နူးသွားရတယ်။ ဒါပေမယ့် ကျွန်မစိတ်ထဲ ဘယ်က ဘယ်လို အတွေးရောက်လာတယ်မသိဘူး။ မတင်နွဲ့ကို ဖျပ်ခနဲ ပြောလိုက်မိတော့တာပါ။ လိုရင် ကလေးစုဘူးဖောက်ဖို့ စိတ်ကူးတဲ့ မအေဆိုတော့ ခေါင်းထဲ ရောက်လာတာနဲ့ တူပါရဲ့။

"ကလေးကို ဆင်ပေးလိုက်တဲ့ နားကွင်းကလေးကိုတော့ မတင်နွဲ့ ပေါင်နှံမစားစေချင်ဘူး။ မတင်နွဲ့တို့ နောက်ထပ် ဆင်နိုင်ဖို့ အခက်အခဲ ရှိနိုင်လို့ပြောတာပါရှင်။ ကလေးနားကွင်းဖြုတ်ရင်တော့ ကျွန်မ စိတ်ဆိုးမှာနော်"

မတင်နွဲ့ ကွယ်ရာမှာလည်း မိုးဝေခိုင်ကို ကြိတ်မှာရပါသေးတယ်။

"မိုင်နိုး၊ ညည်းအမေက နားကွင်းကိုပေါင်ဖို့ ရောင်းဖို့ တောင်းလို့ ရှိရင် ဖြုတ်မပေးနဲ့နော်။ ဆရာမကို လာပြော၊ ဆရာမကိုမပြောဘဲနဲ့ နားကွင်းဖြုတ်ပေးလိုက်ရင် ဆရာမတို့အိမ် လုံးဝ တက်မလာခဲ့နဲ့တော့"

"မပေးဘူး"

မိုးဝေခိုင်ကလည်း သည်အန္တရာယ်ကိုတော့ သူလည်း ဉာဏ်မီသလောက် တွက်ထားပုံရတယ်။ အလှအပမက်ရှာတဲ့ မိုးဝေခိုင်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကတော့ နားကွင်းကလေးတစ်ယမ်းယမ်းနဲ့။ ရွှေအစစ်ဆိုတဲ့ ခံစားမှုတော့ သူ့မှာ ရှိပုံမရဘူး။ နားကွင်းကလေးရလို့ သူ လှလာတာလောက်ပဲ ခံစားမိပုံပါ။

သိပ်မကြာပါဘူး၊ ကျွန်မတွေးထားတဲ့အတိုင်းပဲ မတင်နွဲ့ တစ်ယောက် ကိုယ်လုံးဝဝကြီး တယမ်းယမ်းနဲ့ ကျွန်မတို့အခန်း တက်လာတာပါပဲ။ မျက်နှာကလည်း ပြုံးလို့။ ကျွန်မ ရိပ်မိလိုက်ပြီ။

"ဆရာမရေ ကျွန်မတို့ တိုက်ခန်းက ပေါင်ထားရတာပါ။ အတိုးပေးရမှာနီးလာလို့ မိုးဝေခိုင် နားကွင်းကလေး ခဏပေါင်ချင်လို့ပါ။ မကြာပါဘူး။ မီးသွေးအကြွေးတွေရရင် ကျွန်မ ပြန်ရွေးပေးမှာပါ"

ကျွန်မထင်ထားတာ မှန်နေပြီပေါ့။ တကယ်တော့ သည်ပစ္စည်းက ခဏခေတ္တ ဆင်ထားတာ မဟုတ်ပါဘူး။ ကျွန်မတို့က သဒ္ဓါလို့ပေးပြီးမှတော့ ကျွန်မတို့ပစ္စည်းလည်း မဟုတ်တော့ပါဘူး။ သူ့သမီးပစ္စည်း သူ့ပစ္စည်းဆိုသလို သူတို့သဘောရှိနိုင်ပါပြီ။ ဒါပေမယ့် ကျွန်မက နားကွင်းဖြုတ်တဲ့နေ့ တက်မလာနဲ့ ပြောထားတော့ မိုးဝေခိုင်က နားရွက် အကိုင်မခံဘူး။ သည်တော့ ကျွန်မကို လာတိုင်တည်ရင်း ကျွန်မခွင့်ပြုချက်နဲ့ မိုးဝေခိုင်ကို ဖြုတ်ခိုင်းချင်တဲ့သဘောပေါ့။ ကျွန်မက လုံးဝ ခွင့်မပြုနိုင်ပါဘူး။ ကလေးပစ္စည်းတော့ မထိပါနဲ့ မတင်နွဲ့ရယ်၊ တခြားက ရှာပါ။ ဖွတ်ဖြုတ်ရင်လည်း ကလေးကို ကျွန်မတို့ဆီ မလွှတ်နဲ့တော့ဆိုမှ မတင်နွဲ့လည်း လန့်သွားတယ်။ ကျွန်မကို ဘာမှဆက်မပြောဘဲ ရယ်ကျဲကျဲနဲ့ ပြန်သွားတာပါပဲ။ မိုးဝေခိုင် တက်လာတော့လည်း ကျွန်မ သတိ ထပ်ပေးရပြန်တယ်။

"ဒါပဲနော် မိုင်နီး၊ ညည်းအမေက နားကွင်းဖြုတ်ရင် ဆရာမကို လာတိုင်ရမယ်။ ညည်းကပါ အလိုတူအလိုပါ ဖြုတ်ပေးလို့ကတော့ အသိပဲ"



"မေမေက ဖြုတ်ဖြုတ်နဲ့လုပ်တာ၊ သမီးက နားကို အကိုင်မခံဘူး"

သူကတောင် အကဲဆတ်လိုက်သေးရဲ့။ ဒါပေမယ့် သိပ်မကြာပါဘူး၊ မတင်နွဲ့ ကျွန်မဆီ ရောက်လာပြန်တယ်။

"ဆရာမရေ၊ ကျွန်မညီမကမွေးတဲ့ တူမကလေးက မင်္ဂလာဆောင်လိုက်ချင်လို့ မိုးဝေခိုင်ဆီက နားကွင်းခဏငှားတာ။ အဲဒါ မပေးဘူးလုပ်နေလို့"

မိုးဝေခိုင်ကို လာတိုင်သလိုလိုနဲ့ နားကွင်းဖြုတ်ဖို့ အကြောင်းရှာပြန်ရော။ ကျွန်မကလည်း မတင်နွဲ့သဘောကို သိနေပါပြီ။ နားကွင်းငှားလိုက်တာ ကျပျောက်သွားလို့ ဆရာမရယ်လို့ အစဖျောက်ပစ်ရင် ဝိနည်းလွတ်နိုင်တာ မဟုတ်လား။

"ဘာကိစ္စ ငှားရမှာလဲ မတင်နွဲ့ရဲ့။ လုံးကြီးခဲရ ဆွေမျိုးလည်း မဟုတ်ဘဲနဲ့။ ထားပါတော့၊ ငှားလိုက်လို့ကျပျောက်သွားရင် ဆွေကြားမျိုးကြား အလျော်စားရဖို့ ခက်ပါဘိသနဲ့၊ မငှားပါနဲ့ရှင်။ စိတ်ဆိုးလည်း ဆိုးပေါ့"

ကျွန်မက သည်လိုပြောလိုက်တော့ မတင်နွဲ့လည်း ရှေ့ဆက်မတိုးသာလို့ ပြန်သွားပြန်ရော။ မတင်နွဲ့ သည်လိုလုပ်လုပ်နေတာကို ကျွန်မ အိမ်သားကတော့ ပြောပါတယ်။

"မင်းကွာ နေရင်းထိုင်ရင်း သူများအလုပ် ကိုယ့်အလုပ် အရှုပ်ခံနေတယ်။ လုပ်ချင်ရာ လုပ်စမ်းပါစေကွာ၊ နောက် ကိုယ်မဆင်ချင် မဆင်နဲ့ပေါ့"

သူပြောလည်း ပြောချင်စရာ။ ဒါပေမယ့် မိုးဝေခိုင်နားမှာ ကော်နားကပ်ကလေးကနေ ရွှေနားကွင်းကလေးဖြစ်နေမှတော့ ဘာလို့ ကော်နားကပ် ပြန်တပ်ရမလဲလို့ ကျွန်မက တွေးတာပါ။ မအေက ကိုယ့်သမီး

www.burmeseclassic.com



ကလေး ကိုယ်မဆင်ချင် မယင်ချင်တဲ့အပြင် သူမှုားဆင်ထားတာ တဖြုတ်တည်း ဖြုတ်ချင်နေတာကိုလည်း ခံပြင်းတာပါမှာပေါ့။ နောက်တော့လည်း နားကွင်းကိစ္စ ကျွန်မခေါင်းထဲ မထားတော့ပါဘူး။

ကျွန်မလည်း ဆေးရုံတက်ပြီး သမီးကလေး မွေးဖွားတယ်။ ကျွန်မတို့အိမ်မှာ သာယာတဲ့ ဆည်းလည်းသံကလေး ရောက်လာတဲ့နေ့ကစပြီး မိုးဆေခိုင်ဘက် ကျွန်မ မလှည့်နိုင်တော့ပါဘူး။ ကျွန်မတို့အိမ်က အလုပ်တွေကိုလည်း သူ့ကို တော်တော်လေး မျက်နှာလွှဲနိုင်နေပါပြီ။ ဒါပေမယ့် လုပ်လေသမျှ ဘာမဆို ပြောင်းပြန်ဇောက်ထိုးလုပ်တတ်တဲ့ သူ့အကျင့်ကိုတော့ မိုးဆေခိုင်က ရာသက်ပန် ကိုင်စွဲထားတုန်းပါ။ သူလွဲသမျှ သည်းခံရင်း ပြင်ရင်း သူကလည်း လွဲလျက်ပါပဲ။ ဒါပေမယ့် ကျွန်မသမီးကလေးကိုတော့ ချစ်ရှာတယ်။ ကလေး အညစ်အကြေးတွေလည်း သူပဲ တာဝန်ယူလို့ ကျွန်မမှာ အားကိုးရတယ်။

(၆)

သမီးကလေး ရက်တစ်ရာပြည့်မွေးနေ့လုပ်တော့ ကျွန်မတို့အိမ်မှာ မိုးဆေခိုင်က ဇာတ်လိုက်ပါ။ ကျွန်မ မောင်တွေ၊ ယောက်မတွေ၊ အကူအညီလာပေးကြတဲ့သူတွေ အားလုံးက ဘာလိုချင်လိုချင် သူ့ကို မေးကြရတာကလား။ သမီးကလေးမွေးနေ့မှာ ကရိကထ သိပ်မများတဲ့ စားတော်ပဲပြုတ်၊ ဆီထမင်းနဲ့ ငါးခြောက်ကြော်ကိုပဲ ကော်ဖီနဲ့ ဖက်ပြီး ကျွေးဖို့ ကျွန်မတို့ ဇနီးမောင်နှံ တိုင်ပင်ထားကြတယ်။ ပဲပြုတ်ဆီထမင်းရော၊ ငါးခြောက်ကြော်ပါ အမေတို့အိမ်က ချက်ပြုတ်ကြော်လှော်ပေးကြမှာမို့ ကျွန်မတို့တိုက်ခန်းမှာ အလုပ်တော့ သိပ်မများလှပါဘူး။

အခန်းရှင်းပြီး ကော်ဇောတွေ ခင်းကြ၊ စားပွဲခုံတွေ နေရာချကြ၊



ပုံးဆေါင်းတွေ မှတ်ကြခွဲကြနဲ့ ကျွန်မ တူမကလေးတွေနဲ့ရောပြီး မိုးဝေခိုင်က မျော်နေတော့တာပါ။ အားလုံးက သူ့ခြေသူ့လက်ကိုး။

"မိုးဝေခိုင် အပ်ချည်ဘူးယူခဲ့"

လို့ တစ်ယောက်ယောက်ကတောင်းရင် သူက သဆော်ဆေးဘူးတွေ ယူလာတယ်။ ကျွန်မက "ဟဲ့… အပ်ချည်ဘူးပါဆို၊ အပ်ချည်ဘူး၊ ဦးချည်ဘတ်" ဆိုတော့မှ အပ်ချည်ဘူးကို ယူလာတာမျိုးကတော့ မပျောက်ချင်သေးဘူး။

"စားပွဲခင်းတော့ တစ်ခါတည်း ခင်းထားရအောင်၊ မနက်ကျမှ ပြန်ခါရင်လည်း ရတာပဲ။ မိုးဝေခိုင်၊ စားပွဲခင်းတွေ ဘယ်နားထားတုန်း"

လို့ဆိုရင် အသားပိတ်ဗီရိုကြီး ဆွဲဖွင့်တဲ့ပြီး ခေါင်းအုံးဖုံးတွေ ယူချင်ယူလာတာပါ။ ကြားထဲကနေ ကျွန်မက စကားပြန်ဖြစ်လို့။

"စားပွဲခင်းတွေလေ… စပွင်းခဲ စပွင်းခဲ၊ ဗီရိုထဲမှာ မဟုတ်ဘူး၊ သေတ္တာထဲကြည့်"

ကျွန်မက အဲသလို ပြောင်းပြန်ပြောပြောနိုင်းတာကို ကူညီလုပ်ကိုင်ပေးကြသူတွေက ဝိုင်းရယ်ကြတယ်။ ကျွန်မက သူ့ကို အဲသလိုပြောမှရတာဆိုတော့ အားလုံးက မိုးဝေခိုင်ကို စချင်နောက်ချင်တာနဲ့ပဲ ပြောင်းပြန်တွေ လုပ်လုပ်ပြောကြလို့ တဝါးဝါးပွဲကျနေကြတော့တာပါ။ မိုးဝေခိုင်ကလည်း လူတွေနဲ့ရောပြီး ပျော်လို့။ သမီးရဲ့ ရက် ၁၀၀ ပြည့်မွေးနေ့ပွဲ အထိမ်းအမှတ်နဲ့ ကျွန်မက သူ့ကို ပါတိတ်ဝမ်းဆက် ချုပ်ပေးတယ်။ မိုးဝေခိုင်က အသားဖြူတော့ လိမ္မော်ရောင်လွင်လွင်ကလေးပဲ ဆင်လိုက်တယ်။ ဝတ်ကောင်းစားလှကလေး ဝတ်ရပါစေတော့ရယ်လို့ ဝယ်ပေးတာပါ။ လူတွေကမေးရင် သုံးထောင့်ရှစ်ရာ ပေးရတယ်လို့ ဖြေရတယ်လို့လည်း သင်ထားရတယ်။ အဲဒါ ကျွန်မမောင်တွေက သူ့ကို စချင်တာနဲ့ပဲ ခဏခဏမေးကြတယ်။ သူကလည်း တစ်ခါမေးရင် တစ်ခါ ဖြေတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"မိုးဝေခိုင် ပါတိတ်ဝမ်းဆက်က လှလိုက်တာဗျား၊ ဘယ်လောက်ပေးရသလဲ"

ကျွန်မသင်ထားတဲ့ကြားက သူ့ခေါင်းကို တဗျင်းဗျင်းကုပ် စဉ်းစားတယ်။ မျက်နှာကတော့ သူ့အဝတ်အစားက လှနေလို့သာ လူတွေက မေးတာ နေမှာပဲဆိုတဲ့သဘောနဲ့ ကျေနပ်နေပုံမျိုးပါ။

"အဲ... ရှစ်ထောင့်သုံးရာ"

"ဟာ... များလှချည်လား"

"ဟုတ်ပေါင်၊ သုံးဆယ့်ငါးကျပ်၊ ဟုတ်ပေါင်"

ထပ်မေးလေ ထပ်မှားလေ။ ကြားတော့ မိုးဝေခိုင် ပွဲကျနေကြတာနဲ့ကို အလုပ်အကိုင်တွေ ပျက်ကြလို့။ သမီးရဲ့မွေးနေ့ကတော့ မိုးဝေခိုင်နဲ့တင်ပဲ ပွဲစည်နေပါတော့တယ်။ ကာရာအိုကေဖွင့်ပြီး သီချင်းတွေဆိုကြတော့ မိုးဝေခိုင်က လက်တွေဘာတွေချိုးပြီး ကနေလိုက်သေး။ ပွဲအစကအဆုံး နိုင်သမျှအလုပ်တွေ မနားတမ်းလုပ်ရတာပေမယ့် သူ ပန်းပုံမရဘူး။ သမီးမွေးနေ့ကလေးပြီးသွားတော့ ကျွန်မက မိုးဝေခိုင်ကို ပျော်ရဲ့လားလို့မေးတော့ "ပျော်လိုက်တာမှ သမီးဖြင့် ဒီလို တစ်ခါမှ မပျော်ဖူးဘူး" တဲ့။ ဟုတ်ရှာမှာပဲ။

သမီး ခြောက်လသားလောက်မှာ ကျွန်မတို့ မြို့သစ်ကို ပြောင်းကြရွှေ့ကြဖို့ စီစဉ်ကြတော့လည်း ဘာခံစားမှုမှမရှိသလိုပဲ သူ့ကြည့်ရတာ ပျော်လို့။ ပစ္စည်းတွေ သိမ်းကြဆည်းကြ ထုပ်ကြပိုးကြလုပ်တော့ အိမ်မှာ လာကူညီကြသူတွေက သူ့ကို စကြနောက်ကြကိုး။ မတင်နွဲ့က ကျွန်မတို့ ပြောင်းရင်ရွှေ့ရင် မိုးဝေခိုင်ကိုခေါ်သွားဖို့ ပြောပါသေးတယ်။ ဒါပေမယ့် နေရာသစ်မှာ ဘယ်လို နေရထိုင်ရဦးမယ်မှန်း မသိသေးတာကတစ်ကြောင်း၊ မိုးဝေခိုင်ကို ကျွန်မတို့ ကျွေးရ မွေးရ ဆင်ရပြုရတာ အကြောင်းမဟုတ်



ပေမယ့် သူ့လိုဉာဏ်ရည်မပြည့်ရှာတဲ့ မိန်းကလေးတစ်ယောက်ကို ကျွန်မတို့ မျက်ခြည်မပြတ် စောင့်ရှောက်ဖို့ တာဝန်လေးတာက တစ်ကြောင်းမို့ စိတ်မကောင်းခြင်းကြီးစွာနဲ့ပဲ ထားခဲ့ရတယ်။

ပြောခဲ့သလိုပါပဲ။ မိုးဝေခိုင်ကတော့ ကျွန်မတို့ပြောင်းမှာ ရွှေ့မှာ၊ ကျွန်မတို့နဲ့ ခွဲရခွာရမှာဆိုတဲ့အပေါ်မှာ ဘယ်လိုခံစားချက်မှ ရှိပုံမရပါဘူး။ လူတွေက တရုန်းရုန်းနဲ့ဆိုတော့ ဘာမှန်းညာမှန်းမသိ သူ့ကြည့်ရတာ ပျော်လို့ရွှင်လို့လေ။ ကျွန်မတို့မရှိတော့ရင် သူ ဘာတွေလုပ်လို့ ဘယ်လိုနေရမလဲဆိုတာ ကျွန်မတို့က တွေးပူမိပေမယ့် သူကဖြင့် ဘာအပူအပင်မှ ရှိပုံမရပါဘူး။ 'ဘဝ ဆိုတာ တွေ့ခိုက် ဆုံခိုက် ချစ်ရခင်ရတာမျိုးပါ။ ခွဲခွာရတော့လည်း ပူဆွေးနေစရာ မလိုပါဘူး။ ဒါဟာ လောကသဘောပဲ။ ကျွန်မကတော့ ဒါတွေ ထည့်မစဉ်းစားဘူး' ဆိုတဲ့ပုံနဲ့ပါ။ သည်လို ခံစားမှုမဲ့နေတာကိုပဲ ကျွန်မမှာ ယူကျုံးမရ ဖြစ်ရပါတယ်။

"မိုင်နီး ဆရာမတို့ ပြောင်းတော့မှာမို့ ပျော်နေတာပေါ့လေ"

"ပျော်တယ် ဆရာမ၊ ညီမလေးမွေးနေ့တုန်းကလိုပဲ ဟီး... ဟီး"

တဲ့လေ။ အမှတ်မထင်နဲ့ နားရွက်ပေါ် အုပ်ဖားဖားကြီးချထားတဲ့ မိုးဝေခိုင်ရဲ့ ဆံပင်တွေ လှုပ်ခါသွားတဲ့အခါ ကျွန်မမျက်စိက သူ့နားရွက်တွေဆီ ရောက်သွားတယ်။ မိုးဝေခိုင် နားကွင်းကလေးမှ ရှိသေးရဲ့လား။ ကျွန်မလည်း သည်ဘက်လတွေမှာ ကလေးဗာဟီရတွေနဲ့ အလုပ်တွေ များနေလေတော့ သတိမထားမိတာ ကြာပြီ။

"မိုင်နီး၊ နားကွင်းကလေးရော ပြစမ်း"

ကျွန်မကမေးတော့ ရယ်မောပျော်ရွှင်နေရာက သူ့မျက်နှာ ကွက်ခနဲ ပျက်သွားတယ်။ ကျွန်မက ဆံပင်တွေကို ဖယ်နိုင်းလိုက်တော့ နားမှာ အပ်ချည်ကြိုးကြီးတန်းလန်းနဲ့။

www.burmeseclassic.com

www.burmeseclassic.com



"နားကွင်းကလေး ဘယ်ရောက်သွားတုန်းဟင်"

"အမေလေ အမေ ရောင်းပစ်လိုက်ပြီ"

ကျွန်မကို ပြောရင်းက မျက်ရည်တွေ သွန်ကျလာလေရဲ့။ ကျွန်မကို ဘာလို့မပြောတာလဲဆိုတော့ အမေကပြောရင် ပါးစပ်ကို အပ်နဲ့ထိုးမယ်တဲ့ နားရွက်ကိုလည်း ဆံပင်နဲ့ အုပ်ထားရမယ်တဲ့။ ပြီးတော့ အမေက တိုက်ခန်း ရောင်းပြီးရင် ပြန်လုပ်ပေးမယ်တဲ့။

ကြားကြားချင်းတုန်းကတော့ ကျွန်မမှာ ဒေါသတွေ အရမ်းထွက်သွားမိသေးတယ်။ နောက်တော့လည်း ကျွန်မ ဖြေရတယ်။ အခု မရောင်း တော်ကြာ ရောင်းမယ့်ကိစ္စပဲ မဟုတ်လား။ သူတို့ရဲ့ ဝေဒနာစုံကို ကျွန်မက ဆန်စင်ရာ ကျည်ပွေ့လိုက်နေနိုင်တာမှ မဟုတ်ဘဲကိုး။ သူတို့ကိစ္စနဲ့ သူတို့ အခြေအနေ သူတို့သာ သိတဲ့ကိစ္စ မဟုတ်လား။ ပြီးတော့ ပြောင်းခါနီး ရွှေ့ခါနီး ကျွန်မအမုန်းမထားခဲ့ချင်တာလည်း ပါပါတယ်။ မိုးဝေခိုင်က တော့ မျက်ရည်တွေကို လက်ခုံနဲ့သုတ်ရင်း ရှိုက်နေလေရဲ့။ အလှအပ မက်ရှာတဲ့သူဆိုတော့ နှမြောတာလည်း ပါသလို သူ့အမေ လုပ်ရက်တာကို ဝမ်းနည်းတာလည်း ပါမှာပေါ့လေ။

"ကြာပြီလား"

"ဆရာမ ဆေးရုံတက်တုန်းက ဖြုတ်ရောင်းပစ်လိုက်တာ"

"သြော်..."

တကယ်ဆို ကျွန်မသာ သည်အဖြစ်ကို စောစောသိရင် မိုးဝေခိုင် အတွက် နားကွင်းကလေး ပြန်လုပ်ပေးချင် ပေးဖြစ်မှာပါ။ အခုတော့ ပြောင်းကြရွှေ့ကြမယ့်နေ့ကျမှ သိရတာဆိုတော့ ဘာမှမတတ်နိုင်တော့ ပါဘူး။ နားကွင်းကလေးတင် မကပါဘူး၊ သမီးမွေးနေ့တုန်းကချုပ်ပေးတဲ့ ပါတိတ်ဝမ်းဆက်လည်း မရှိတော့ဘူးတဲ့။ ကျွန်မက ကားထွက်ခါနီးမှာ



မိုးဝေခိုင်အတွက်ဆိုပြီး မုန့်ဖိုး ငါးထောင် ပေးခဲ့တယ်။ သည်ငွေကိုတော့ သူတို့ ဘာလုပ်လုပ် ကျွန်မ ခေါင်းထဲမထည့်ပါဘူး။ မိုးဝေခိုင်ကတော့ သူ့အတွက် ပိုက်ဆံတွေအများကြီးရတာကို အနားရှိတဲ့လူတွေကို ဂုဏ်လုပ် နေလိုက်တာ မျက်နှာကို ပြုံးလို့။

အဲသည်နေ့က ကျွန်မတို့ အိမ်ပြောင်းဖို့ ပစ္စည်းတွေ ကားပေါ် တင်ကြတော့လည်း သူပါ ပစ္စည်းတွေ ဝိုင်းသယ်နေသေးတာပါ။ ကျွန်မတို့ ကားထွက်လာတော့ တိုက်ခန်းရှေ့မှာ နားကွင်း အပ်ချည်ကြိုးတန်းလန်းနဲ့ ကျန်ရစ်ခဲ့တဲ့ မိုးဝေခိုင်ကို ကျွန်မ နောက်ဆုံးမြင်ခဲ့ရတာပါပဲ။ သူက လက်တွေတောင် ပြနေလိုက်သေး။

(၇)

မြို့သစ်ကိုရောက်တော့ ကျွန်မတို့မှာ လက်တိုလက်တောင်း ခိုင်း စရာ မိုးဝေခိုင် ပါမလာတော့ဘူး။ အိမ်မှာ ကိုယ်ခွဲလက်ဖယ် မရှိရတဲ့ အထဲ သမီးကလေးရဲ့ အလုပ်တွေ ကျွန်မမှာ တိုးလာတော့တာပါ။ မနက် လင်းရင် သမီးအတွက် အချိန်တွေ အများကြီးပေးရပြီ။ နောက်ဖေးနောက်ဖီ တည်ရ၊ မျက်နှာသစ်ပေးရ၊ ရေပတ်တိုက်ပေးရ၊ သနပ်ခါးလူးပေးရ၊ အဝတ်အစားလဲပေးရနဲ့ဆိုတော့ မိုးလင်းလို့ ကော်ဖီမသောက်အားသေးဘူး။ သမီးလေးက ကျွန်မကို မလွှတ်တမ်း တွယ်နေလေတော့ တစ်ခါတလေ မနက် ဆယ်နာရီ ဆယ့်တစ်နာရီလောက်မှ ထမင်း ဟင်း ကမန်းကတန်း ချက်စားရတာများတောင် ရှိတယ်။

သူ့အဖေဆိုရင် ခါတိုင်း မိုးလင်းတာနဲ့ စာရေးစားပွဲထိုင်တဲ့သူပါ။ ခုတော့ ကျွန်မက သမီးအိပ်တုန်း ဒါမှမဟုတ် ဖအေနဲ့ ခဏထားပြီး ဈေးကို စက်ဘီးနဲ့ထပြေး။ မီးလာတော့ ပေါင်းအိုးနဲ့ လျှပ်စစ်မီးဖိုနဲ့

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထမင်း ဟင်းချက်နိုင်ပေမယ့် မီးမလာရင် မီးသွေးမီးဖို ကောက်မွေးရတော့တာပါ။ ထမင်းဟင်း ချက်ရတာကလည်း ချဲ့ရင်ချဲ့သလို ကရိကထများတတ်တာ မဟုတ်လား။ ပြီးတာနဲ့ ကလေးကို တစ်ဖက်က ထိန်းရင်း စိမ်ထားတဲ့ အဝတ်တွေ လျှော်ရ၊ ဖွပ်ရ၊ လှန်းရ၊ ခြောက်တော့ မီးပူတိုက်ရ။ ဒါတောင် အိမ်သန့်ရှင်းရေးကို ကျွန်မအိမ်သားက ကူလို့သာပါ။ သည်တော့ သူလည်း ခါတိုင်းလို မိုးလင်းတာနဲ့ စာရေးစားပွဲ မထိုင်နိုင်ဘူး။ ကျွန်မကတော့ သမီးမွေးပြီဆိုကတည်းက စာရေးစားပွဲဆိုတာ ချိုနဲ့လားကွယ် မြွေနဂါးတောင် ကြောက်ဘူးကွယ်ဖြစ်နေတာ ကြာပါပြီ။ စာပေဟောပြောပွဲဖိတ်စာတွေလည်း ငြင်းရတာများလှပြီ။ ကျွန်မအိမ်သား ဟောပြောပွဲလိုက်သွားရင်တော့ ကျွန်မတစ်ယောက်တည်း ခေါင်းချာစိုင်းတော့တာပါပဲ။ ထမင်းဆိုင်က ဝယ်စားရတာ များလှပေါ့။

"မင်း မိုးဝေခိုင် လှမ်းခေါ်ချင် ခေါ်ထားလေ။ တစ်ဖက် အားကိုးရတာပေါ့"

သူကတော့ ပြောပါရဲ့။ ကျွန်မက မခေါ်ဝံ့ဘူး။ အရွယ်ကလေးကလည်း ရောက်နေပြန်ပြီ။ စိတ်ကလည်း 'တော်ရိတော်ရာ' နဲ့ဆိုတော့ မြို့သစ်လို ဈေးမျိုးလွှတ်လို့လည်း မဖြစ်ပြန်ဘူး။ ပြန်မလာမချင်း စိတ်ပူရမှာလေ။ သည်ကြားထဲ သူလွဲသမျှ ချော်သမျှ ပြောင်းပြန်ဓောက်ထိုးတွေ နောက်ကနေ တကောက် ကောက်လိုက်တည့်ရမှာကရှိသေး။

အခုတော့ ကျွန်မလည်း မထူးပါဘူး။ ကလေးတစ်ဖက်နဲ့ ကသီလင်တနိုင်လိုက်ပုံများ ဘာလုပ်လုပ် ပြောင်းပြန်တွေ လုပ်မိ စဉ်းစားမိနေတော့တာပါ။ ကျွန်မအိမ်သားကလည်း ကျွန်မလိုပဲနဲ့ တူပါရဲ့။ တစ်ခါတော့ ပြောတယ်။ ငါ့မှာလည်း ဘာလုပ်လုပ် ပြောင်းပြန် စဉ်းစားနေမိသတဲ့။ ပြောင်းပြန်နဲ့အတူ နေဖန်များတော့ ကျွန်မတို့လည်း ပြောင်းပြန်ဖြစ်ရထင်ပါရဲ့။



တလောတုန်းက စာအုပ်တွေကြားက စာရွက်ကလေးတစ်ရွက် ထွက်ကျလာတယ်။ ခဲတံနဲ့ရေးထားတဲ့ နာမည်တစ်ခုပါ။ ရေးသူက ဘယ်သူရမလဲ။ မိုးဝေခိုင်ပေါ့။

"နိုင်ခဝမိုး" တဲ့။

ကျွန်မ ပြုံးလိုက်မိသေးတယ်။ သတိလည်း ရပါရဲ့။ လွမ်းလည်း လွမ်းပါရဲ့။ မိုင်နီးနဲ့ ကျွန်မတို့ ဘဝတစ်ကွေ့ ခဏကလေး တွေ့ခဲ့ကြပုံပေါ့လေ။

[ရွှေအမြုတေမဂ္ဂဇင်း၊ ၂၀၀၆ ခုနှစ်၊ ဧပြီ၊ မေ၊ ဇွန်]

▢

BURMESE CLASSIC .com

www.burmeseclassic.com